
www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အငြိုးကြီးမားမီးနဂါး



၂

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

# မီးနဂါးဖြင့် အောင်ပွဲဆီသို့

အဒေါ်ချန်နှင့်ကွမ်ယုတို့သည် ခပ်သုတ်သုတ် လျှောက်လာရာ ပြိုင်ပွဲကျင်းပမည့်လွင်ပြင်နှင့် ဝေးရာဆီသို့တဖြည်းဖြည်း ရောက်ရှိလာကြလေတော့၏။ ကွမ်ယုသည် ရှေ့သို့ လှမ်းကြည့်လေ၏။

လှမ်း ကြည့်ခြင်းမှာ သူ၏ဆရာမကိုများ တွေ့မည်လားဟု လှမ်းကြည့်ခြင်း ဖြစ်သည်။ ဆရာမကိုတော့ မတွေ့ရချေ။ သူတို့အား အမာရွတ်ကြီးရှိသော ရုပ်ဆိုးဆိုး၊ ဆံရှည်ရှည်နှင့် လူငယ်တစ်ဦးက လှည့်ကြည့်သည်ကို တွေ့လိုက်ရ၏။

တစ်ခုထူးခြားသည်မှာ ထိုလူငယ်သည် သူကိုင်ထားသည့် မြွေဦးခေါင်းရုပ်ပါသော လမ်းလျှောက်တုတ်ကို မကြာခဏ ကိုင်မြှောက်နေခြင်းပေတည်း။

"ဒီလူဟာ ရုပ်ဆိုးလိုက်တာ လွန်ပါရောပဲ၊ လက်ကလည်း အကြောဆွဲနေတယ်နဲ့တူတယ်"

ထိုလူငယ်၏ သွားပုံလာပုံမှာ အတော်မြန်ဆန်သည်။ အဒေါ်ချန်သည် ထိုလူငယ်နောက်မှ အနေးအမြန် ခြေလှမ်းများဖြင့် လိုက်နေသည်။ ထိုအချိန်တွင် သိုင်းပြိုင်ပွဲသို့ အချိန်နောက်ကျမှ ရောက်လာသော ဟန်ရှင်နှင့်ဟူအင်ချန်တို့သည် သူတို့၏လက်ဝဲဘက်မှ မြင်းစီးလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်မတ်မတ်ကြီးပင် ကွမ်ယုနှင့်တိုးလေတော့သည်။ ကွမ်ယုသည် သူ့သူငယ်ချင်းနှစ်ယောက်ကို လှမ်းမြင်လိုက်သည်။

"ဟေး ... သူငယ်ချင်းတို့ ... ငါ ဒီမှာဟေ့"

ကွမ်ယုက လှမ်းခေါ်လေ၏။

"ဟာ ... ကွမ်ယု ... ကွမ်ယု ... ငါတို့ ကံကောင်းတာပဲ၊ သူနဲ့မှ တည့်တည့်လာတိုးတယ်"

"ဟုတ်ပါရဲ့ ... ကွမ်ယုနဲ့မှ တည့်တည့်လာတိုးရတယ်လို့ သူ့ဆီကို ခုန်းစိုင်းလိုက်စမ်း"

ဟန်ရှင်က ပြောလိုက်လေ၏။ ကွမ်ယု၏ လှမ်းခေါ်သံကြောင့် အဒေါ်ချန်သည် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ဟဲ့ ... ကွမ်ယု ... မင်း ဘယ်သူတွေကို လှမ်းခေါ်လိုက်တာလဲ"

"အဒေါ်ချန်ကလည်း မြင်ရဲ့သားနဲ့ မေးနေပြန်ပြီ"

"အေး ... ငါမြင်လို့ မေးနေရတာပေါ့။ သခင်မလေး ယီတာက အရေးကြီးတဲ့ကိစ္စကို ပြောချင်လို့ ဘယ်သူမှမရှိတဲ့ အရှေ့ဘက်တောင်ခြေကို ခေါ်ထုတ်တာ၊ ငါတို့က တပ်ထောင်တာဗိုလ်ထုနဲ့သွားလို့ ဖြစ်မလားဟဲ့ ... လူမိုက်ရဲ့"

ကွမ်ယုက ...

"ကိစ္စမရှိပါဘူး ...အဒေါ်ချန်"

"သူတို့ ကွင်းကိုသွားပစေပေါ့၊ ငါတို့ ပြန်ရောက်ရင်လည်း တွေ့မှာပဲ"

"ဆရာမနဲ့တွေ့တဲ့အခါ ကျွန်တော် ဒီကိစ္စကို ရှင်းပြလိုက်ပါ့မယ်၊ ကျွန်တော့်တာဝန်ထားပါ"



"ဟိုကျရင် တွေ့လိမ့်မပေါ့၊ ငါတစ်ခုတော့ ပြောထားမယ်နော်"

"ပြောပါဗျာ"

"မင်းသူငယ်ချင်းတွေကို ခေါ်တဲ့ကိစ္စဟာ မင်းတာဝန်ပဲနော်၊ ငါနဲ့မဆိုင်ဘူး။ သခင်မ‌ မေးရင် ငါနဲ့မဆိုင်ကြောင်း မင်း ရှင်းပြရမယ်"

"ဟုတ်ကဲ့ပါဗျာ ... ကျွန်တော်ရှင်းပြပါ့မယ်"

"ကဲ ... မြန်မြန်လျှောက်၊ အချိန်လင့်လို့ မဖြစ်ဘူး၊ မင်းသူငယ်ချင်းတွေက မြင်းနဲ့ပဲ၊ မကြာခင် တို့ကို မီလာကြမှာပဲ"

ကွမ်ယုသည် အဒေါ်ချန်နောက်မှ ခပ်သုတ်သုတ် လိုက်သွားရသည်။ တောအုပ်၏ ချုံပင်များတစ်ဖက်တွင် မျက်နှာအမာရွတ်နှင့် ရုပ်ဆိုးဆိုးလူငယ် လမ်းလျှောက်နေသည်ကို တွေ့လိုက်ရလေ၏။

သူသည် မြေခေါင်းတုတ်ကောက်ကို ဆွဲယမ်းကာ စိတ်တိုစွာ စကြံလျှောက်နေသည်။ ကွမ်ယုတို့ ရောက်သွားသောအခါ ထိုလူငယ်က လှမ်းစကားပြော၏။ အသံမှာ သူ၏ဆရာမအသံ ဖြစ်နေသည်။

"ရှင် ... ဘာကြောင့် ရှင့်သူငယ်ချင်းတွေကို လှမ်းခေါ်လိုက်တာလဲ'

ကွမ်ယုမှာ အံ့အားသင့်သွား၏။ သူသည် သိုင်းလောကသားမဟုတ်ပေ။ သိုင်းလောက၏ထူးခြားသော ပြင်ဆင်မှုများကို သူမတွေ့ကြုံဖူးသေးပေ။

"မင်း ... မင်းဘယ်သူလဲ"

လူငယ်က ...

"ကျွန်မ ယီတာပဲ၊ ရုပ်ဖျက်ထားတာ၊ ကဲ ... အဲ[illegible]ထား၊ ကျွန်မမေးတာ အရင်ဖြေ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယု သက်ပြင်းချလိုက်သည်။ သူ့ဆရာမနှင့် တွေ့လိုက်ရ၍ အားတက်သွား၏။

"ဆရာမ ရောက်လာပြီပေါ့၊ ကျွန်တော် ဝမ်းသာလိုက်တာ"

"ဝမ်းသာတာ နောက်ထား၊ ကျွန်မမေးနေတာကို ဖြေဦး"

"ကျွန်တော် ဘာသဘောနဲ့မှ ခေါ်တာမဟုတ်ပါဘူး၊ တော်ကြာ သူတို့ ပြိုင်ပွဲကွင်းမှာ သွားပြီး ကျွန်တော့်ကိုမတွေ့ရင် ပြန်သွားမှာစိုးလို့ ကျွန်တော်က လှမ်းခေါ်လိုက်တာပါ"

ရုပ်ဖျက်ထားသော ယီတာက သက်ပြင်းချလိုက်၏။

"ဟင်း ..."

အဒေါ်ချန်သည် စိတ်ပူပင်စွာ စောင့်ကြည့်နေလေ၏။

ကွမ်ယုသည် အလွန်ရိုးအသော လူငယ်ဖြစ်ကြောင်း အဒေါ်ချန် တစ်စတစ်စ ရိပ်မိလာ၏။

"ရှင် တော်တော်ခက်တာပဲ ကွမ်ယု၊ ဒီဟန်ရှင်ဆိုတဲ့ မိန်းကလေးကို ရှင် သံယောဇဉ် မဖြတ်နိုင်ရင်တော့ နောင် အနာဂတ်မှာ ရင်လေးစရာတွေ ဖြစ်လာလိမ့်မယ်"

သခင်မယီတာသည် ရှေ့အနာဂတ်ကို မြင်နေသည့်အလား လေးလေးနက်နက် ပြောနေလေ၏။

"ကဲပါလေ ... ဒါတွေဟာ အခုတွေးစရာ မဟုတ်ပါဘူး၊ ဒီတော့ အခုတွေးစရာ အလုပ်ကိုပဲ ပြောကြတာပေါ့၊ ရှင့် သူငယ်ချင်းတွေ ရောက်လာရင် ခပ်လှမ်းလှမ်းမှာ နေပါစေ၊ သူတို့ကြားလို့ မဖြစ်ဘူး"

ထိုအချိန်မှာပင် ဟူအင်ချန်နှင့် ဟန်ရှင်တို့သည် အနီးသို့ ရောက်လာကြလေ၏။ ကွမ်ယုက ...



"သူငယ်ချင်းတို့ ရောက်လာကြပြီလား"

"အေး ..."

ဟူအင်ချန်က ဖြေသည်။ ဟန်ရှင်ကတော့ ရုပ်ဆိုးဆိုး လူငယ်အား အကဲခတ်သည်။ ကွမ်ယုက ...

"မင်းတို့ ခပ်လှမ်းလှမ်းကို သွားကြဦး၊ ငါဒီမှာ အရေးကြီးတဲ့ ကိစ္စ တိုင်ပင်စရာရှိလို့ တိုင်ပင်ရဦးမယ်"

ဟူအင်ချန်က ...

"အဲဖြင့် ငါတို့ ဟိုးသစ်ပင်ကြီးအောက်က စောင့်နေမယ် ပြီးရင် ငါတို့ကို ခေါ်လိုက်ပေါ့"

"အေး ..."

ဟူအင်ချန်နှင့် ဟန်ရှင်တို့သည် မြင်းများကို ဇက်လှည့်ကာ စီးသွားကြ၏။ အတော်ဝေးဝေး သစ်ပင်ကြီးတစ်ပင်အောက် ရောက်သောအခါ မြင်းပေါ်မှဆင်းပြီး နားနေကြသည်။ သခင်မလေးယီတာသည် ဟန်ရှင်တို့ကို လိုက်ကြည့်နေသည်။ သူတို့ မြင်းပေါ်မှ ဆင်းပြီးသောအခါ စတင်စကားပြောသည်။

"အခု ကျွန်မ ကြိုတင်ရောက်နေတာဟာ အကြောင်းရှိတယ်၊ သိုင်းသမားတွေကြားမှာ ဘာထူးခြားချက်တွေများ ရှိမလဲလို့ ကျွန်မ ဝင်မွှေနှောက် လှေ့လာနေတာ"

ကွမ်ယုက...

"ဆရာမ ဘာကို တွေ့သလဲဟင်"

"မဆိုးပါဘူး၊ သတင်းတော့ရပါတယ်၊ ဒီလူတွေထဲမှာ ရှင် အရေးထားရမယ့်သူ လေးဦးပဲရှိတယ်၊ တစ်ဦးက ကွန်[illegible]ဖုး နောက်တစ်ဦးက နှင်းတောင်ချန်ပီး၊ နောက်တစ်ဦးက အ[illegible]ဝါရှူးနဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်သုံးဖက် ချီအီးတို့ပဲ"

"ဟုတ်ကဲ့...ကျွန်တော် အသေအချာ မှတ်ထားပါတယ် ဆရာမ"

"သူတို့ တိုက်ခိုက်ပုံကို ပြောမယ် ... သေသေချာချာ နား ထောင်ပါ"

"ဟုတ်ကဲ့"

"နှင်းတောင် ချန်ဗီးက ရေခဲလက်ဝါးကို အသုံးပြုတဲ့အတွက် သူနဲ့ရင်ဆိုင်တဲ့အခါမှာ ရှင့်ရဲ့ နှလုံးလမ်းကြောင်းကို အမြဲကာကွယ် ထားရမယ်၊ ရေခဲလက်ဝါး ဘယ်လောက်သုံးသုံး ဘယ်လိုသုံးသုံး နှလုံး လမ်းကြောင်းထဲကို အဝင်မခံရင် ရှင်နိုင်ပြီ"

"ဟုတ်ကဲ့"

သခင်မလေးယီတာသည် ကွမ်ယုအား ခန္ဓာကိုယ်အတွင်းရှိ သွေးလည်ပတ်ပုံ၊ သွေးလမ်းကြောင်းများအား လိုအပ်သလို ထိန်း ချုပ်နိုင်အောင် လွန်ခဲ့သော ရက်သတ္တပတ်ကပင် အပြင်းအထန် လေ့ ကျင့်သင်ကြားပေးခဲ့ပြီးပြီ ဖြစ်၏။

"နောက်တစ်ယောက်က လက်သုံးဖက် ချီအီး"

"ဟုတ်ကဲ့"

"လက်သုံးဖက် ချီအီးကိုလည်း ရှင်သတိထားရမယ်၊ သူ ရွှေ ခြသေ့်ခါးပတ် နှစ်ခုရထားခဲ့တာ လွယ်လွယ်နဲ့ရခဲ့တာ မဟုတ်ဘူး၊ ဒီပြိုင်ပွဲမှာ အဲဒါ ထူးခြားချက်ပဲ၊ ရွှေခြသေ့်ခါးပတ်နှစ်ခု ရပြီးတဲ့လူတွေ ဟာ ဘယ်သူမှ ဝင်မပြိုင်ကြတော့ဘူး။ အခုတော့ ထူးခြားနေတယ်၊ ရွှေခြသေ့်ခါးပတ်နှစ်ခုရထားတဲ့ လက်သုံးဖက်ချီအီးကတော့ ဝင်ပြိုင် နေတယ်"



"သူ့မှာ စိတ်ကူးတစ်ခုခုရှိမှာဖို့လို့နေမှာပေါ့"

"မသိနိုင်ဘူးလေ၊ ဘာစိတ်ကူးလဲဆိုတာ မသိနိုင်ဘူး။ သူ့ကို သတိထားဖို့က သူဟာ လက်နှစ်ဖက် တိုက်ခိုက်နေပေမယ့် သူ့မှာ လျှို့ဝှက်တဲ့ တတိယ လက်တစ်ဖက်ရှိနေတယ်လို့ နာမည်ကြီးတယ်"

"အဲဒါ ဘယ်လိုလဲဆရာမ၊ သူ့ရဲ့ တတိယလက်ဆိုတာဟာ ဘာလဲ"

"ကျွန်မ ရှင်းပြမယ်၊ ချီအီးရဲ့ပရိယာယ်ကို ကျွန်မရှင်းပြမယ်၊ သူဟာ သမားရိုးကျ တိုက်ကွက်တွေမှာ လက်ယာတစ်ဖက်တည်းကို သာ အသုံးပြုတိုက်ခိုက်တတ်တယ်၊ ဒါပေမဲ့ အားလုံးက သူနဲ့ လက် တစ်ဖက်တည်းနဲ့ တိုက်တာကို မြန်ဆန်လွန်းတော့ လက်နှစ်ဖက်နဲ့ တိုက်တာလို့ပဲ ထင်ကြတယ်၊ အဲဒီ လက်တစ်ဖက်တည်းနဲ့တိုက်တာ ကို ရန်သူအလူးအလဲ ခံနေရချိန်မှာ သူ့ရဲ့ လက်ဝဲလက်က ရန်သူရဲ့ ဟာကွက်ကို အမြန်ဆုံးရှာပြီး အမြန်ဆုံး တိုက်ခိုက်လိုက်တာပဲ၊ သူ့ရဲ့လက်ဝဲလက်နဲ့အတူ ဓား တစ်ချောင်း ဝှက်လာပြီး သူနဲ့ယှဉ်ပြိုင် နေသူရဲ့ ရင်ထဲကိုဝင်သွားပြီး ဝိညာဉ်ကိုခြွေသွားတာပဲ၊ အဲဒီ လက်ဝဲ လက်ရဲ့ ပွဲသိမ်းတိုက်ကွက်ကို တတိယလက်လို့ အထင်မှားကြတယ် လေ၊ သူ့ရဲ့ အနက်ရောင်ဓားဟာ သူ့ဝိညာဉ်ကို ခြွေပြီးတာနဲ့ ချက်ချင်း ပြန်ပျောက်ကွယ်သွားတာပဲ ... အဲဒါ မှတ်ထားဖို့ပဲ ကွမ်ယု"

"ဩော်...ဒါကြောင့် သူ့ကို လက်သုံးဖက် ချီအီးလို့ခေါ်တာ ကိုး"

"ဟုတ်တယ် ... တကယ်တော့ လက်နှစ်ဖက်တည်းပါ၊ သူ တိုက်ခိုက်တာ မြန်လွန်းလို့ လက်သုံးဖက်နဲ့ တိုက်ခိုက်တယ်လို့ ထင် ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ခပ်ဆိုးဆိုးလူငယ်ပုံစံ ရုပ်ဖျက်ထားသော လူငယ်သည် တစ်စုံတစ်ခုကို နားစွင့်လိုက်သည်။ ထို့နောက် လျင်မြန်စွာ ခုန်ထွက်သွားပြီး လက်ထဲ၌ ကိုင်ထားသော မြွေခေါင်းတုတ်ကောက်ဖြင့် ချုံတစ်ခုကို ရိုက်ချလိုက်သည်။ မြွေခေါင်းတုတ်ကောက်မှာ အံ့သြစရာကောင်းလှသည်။ တုတ်ကောက်သည် ဓားတစ်ချောင်းကဲ့သို့ ဖြစ်နေ၏။ ချုံပင်များကို အလွန်ထက်မြက်လှသော ဓားတစ်ချောင်းနှင့် ခုတ်ဖြတ်ပစ်သလို တိခနဲပြတ်ကျသွား၏။ ထိုချုံပင်များနောက်ကွယ်တွင်တော့ လူတစ်ယောက် ပေါ်လာလေသည်။

ထိုသူသည် ချုံပင်များ နောက်ကွယ်၌ မည်သည့်အချိန် ပုန်းနေမှန်းမသိပေ။ ထိုသူကား အရှူး 'အရူး' ပေတည်း။ အရူးသည် နောက်ကျွမ်းပစ် ခုန်ထွက်သွားပြီး ...

"ယီတာရေ ... မင်းရဲ့ ရှာဖွေတွေ့ရှိချက်တွေဟာ သွေးထွက်အောင် မှန်သဟော့၊ တစ်ချက်မကျန် မှန်တယ်"

သူသည် အော်ပြောပြီး လျှာကိုတစ်လစ် ထုတ်ပြနေ၏။

သခင်မယီတာသည် ဒေါသနှင့် အော်လိုက်သည်။

"အရူးနော် ... ကျွန်မနဲ့ဝေးဝေးမှာ နေပါလို့ ပြောထားတယ် မဟုတ်လား။ တော်ကြာ ကျွန်မ အဆိုးမဆိုနဲ့"

သူသည် မြွေခေါင်းတုတ်ကောက်ဖြင့် အရူးကို လှမ်းချိတ်လိုက်သည်။ အရူးသည် လက်ကလေးကာပြီး ကြောက်ရွံ့သလို လုပ်ပြသည်။ ထို့နောက် နောက်ကျွမ်းပစ်ကာ ချုံပင်များအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။ သခင်မ ယီတာသည် စိတ်လှုပ်ရှားနေသည်။ ဒေါသဖြစ်နေသည်။ ဤသည်မှာ အရူး ပုန်းအောင်းပြီး သူမပြောနေသည့် စကားကို ချောင်းနားထောင်၍ ဖြစ်ပေမည်။ သူမ



စကားပြောသောအခါ လေသံသည် ဆတ်တောက် ဆတ်တောက် ဖြစ်နေလေသည်။

"ကွမ်ယု ... ရော့"

သူသည် တစ်စုံတစ်ခုကို လှမ်းပေးလိုက်သည်။

"ရှင် ဒီဝတ်ရုံကြီးကိုဝတ်ပြီး ယှဉ်ပြိုင်ရမယ်"

ကွမ်ယုသည် ဝတ်ရုံကြီးကို ကျေနပ်နှစ်သိမ့်စွာ ကျောပေါ်တွင် လွှမ်းခြုံလိုက်သည်။ ဝတ်ရုံပေါ်တွင် အပြာရောင်နဂါးမြီးသည် ကြီးမားစွာ ပေါ်လွင်လျက်ရှိသည်။ ယီတာက ...

"အောင်ပွဲအထိမ်းအမှတ်အဖြစ် ဝတ်ရုံပေါ်မှာ အပြာရောင်နဂါးကြီးကို ပုံဖော်ထားတယ်"

ကွမ်ယု ကျေနပ်နှစ်သိမ့်စွာ ပြောသည်။

"ဆရာမက အသေးစိတ်ကို စီစဉ်လာတာပဲနော်၊ ကျေးဇူးတင်ပါတယ် ဆရာမ"

ထိုအချိန်တွင် ဟူအင်ချန်နှင့် ဟန်ရှင်တို့လည်း ကွမ်ယုတို့ရှိရာသို့ လျှောက်လာနေကြပေပြီ။ ယီတာသည် စကားကိုဖြတ်ပြီး ဟန်ရှင်ကို မျက်မှောင်ကုတ် ကြည့်နေသည်။

ဟန်ရှင်သည် ရုပ်ခပ်ဆိုးဆိုး လူငယ်ကို ယီတာဖြစ်မှန်း မသိချေ။ ဟူအင်ချန်၊ ကွမ်ယုနှင့် ဟန်ရှင်တို့သည် ယခုမှ သိုင်းလောကနှင့် ထိတွေ့သူများ ဖြစ်သည်။ သိုင်းလောက၏ လျှို့ဝှက်ချက်၊ ပရိယာယ်၊ ရုပ်ဖျက်မှုတို့ကို မသိကြ ချေ။

"ဒီမှာ ... ရှင်က ဘယ်သူလဲ"

ရုပ်ဖျက်ထားသော ယီတာကို မေးလိုက်သည်။ ယီတာက အသံကိုလည်း ဖျက်ကာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် ရုပ်ဆိုး မားချားအိုလို့ခေါ်တယ်"

ဟူအင်ချွန် အံ့ဩသွားသည်။

"ဘာ...ဘာပြောတယ်၊ မင်းနာမည် မားချားအို...ဟုတ်လား"

"ဟုတ်တယ်"

"မားချားအိုဆိုတာ သုံးပြည်ထောင်ခေတ်က ဗိုလ်ချုပ်ကြီး ငါးဦးထဲက တစ်ဦးရဲ့အမည်ပဲ၊ ဘယ့်နှယ့် တိုက်တိုက်ဆိုင်ဆိုင်"

ရုပ်ဖျက်ထားသော ယီတာက ...

"နာမည်ဆိုတာ လူတိုင်းမှာရှိတာပဲ၊ လူတွေဟာ နာမည် အမျိုးမျိုးပေးကြတယ်၊ နာမည်တူ လူတူ ရှိမှာပေါ့၊ ကျုပ်နာမည်က တော့ ရုပ်ဆိုး မားချားအိုပဲ၊ ဘယ်က ဗိုလ်ချုပ်တွေလဲ ... သူတို့ နာမည်ကို ကျုပ်မသိဘူး"

သူမသည် ဒေါသသံဖြင့် ပြောလိုက်သည်။ ဟန်ရှင်သည် နာမည်နှင့်ပတ်သက်၍ ဘာမျှမပြောတော့ပေ။ သူမ အောင်ပွဲခံနဂါး ရုပ်နှင့်ပတ်သက်၍ လက်ညှိုးထိုးညွှန်ပြီး ပြောသည်။

"အောင်ပွဲအထိမ်းအမှတ် နဂါးရုပ်က အရောင်မှားနေတယ် မားချားအို"

သခင်မ ယီတာသည် အံ့အားသင့်သွား၏။

"ဟာ...ဘယ့်လို ... အရောင်မှားနေတယ် ... ဟုတ်လား၊ အရောင်မှန်က ဘယ်လိုလဲ"

ဟန်ရှင့်က ...

"အရောင်မှန်က အစိမ်းရောင်ပဲ"

ရုပ်ဖျက်ထားသော ယီတာက ဟားတိုက်လိုက်၏။ သူမ အလွန်သဘောကျသွားပုံရ၏။



"အပြာရောင်နဂါးထက် အစိမ်းရောင်နဂါးက အောင်ပွဲခံနိုင် တယ်ဆိုတာ ကျုပ် လက်ခံနိုင်ပါတယ်၊ ဒါပေမဲ့ နဂါးရဲ့ အရောင်မှန် ကို ရွေးဖို့မလိုဘူး။ အရောင်သုံးရောင် ညီညွတ်ရမယ်၊ အမှတ်အသား တစ်ခုပါရမယ်၊ အဲဒါတွေကို တော်ရုံတန်ရုံလူ မသိနိုင်ဘူး၊ နဂါး အကြောင်း နောကျေနေအောင် သိထားတဲ့လူသာ သိနိုင်တယ်၊ ခင်ဗျားလည်း မသိဘူး ကျုပ်လည်း မသိဘူး၊ ဒါကြောင့် အောင်ပွဲ အထိမ်းအမှတ်ကို ကျုပ် အပြာရောင် ရေးဆွဲလာတာပေါ့"

ယီတာသည် ယောက်ျားကလေးပမာ ရုပ်ဖျက်ထားသဖြင့် ယောက်ျားကလေးနှင့်တူအောင် ပြောဆိုလိုက်သည်။ ဟန်ရှင်က မထေ့တထေ့ပြုံးကာ ...

"ကျွန်မက နဂါးရဲ့ အရောင်မှန်တွေကို သိပါတယ်"

"ဘာ ... မင်းသိတယ် ... ဟုတ်လား ... သိရင် ပြောစမ်း"

"နဂါးရဲ့ကိုယ်လုံးက အစိမ်းရောင်"

"ဒါတော့ လူတိုင်းသိတယ်"

"အမောက်က အပြာရောင်"

"မှန်တယ်လို့ ထင်တယ်"

"အမြီးက အနက်ရောင်"

သခင်မ ယီတာသည် ပါးစပ်ပိတ်သွား၏။ အတန်ကြာ အောင် တွေဝေစဉ်းစားနေတော့၏။ ထို့နောက် သက်ပြင်းချလေ၏။

"အင်း ... ဖြစ်နိုင်တယ်၊ ကဲ ... အမောက်မှာ ဘာအမှတ် အသားရှိသလဲ၊ အဲဒါက အရေးကြီးတယ်ကွ"

ဟန်ရှင်က သူမ့ချုပ်ယူလာသည့် ဝတ်ရုံကြီးကို ချောက် ကျောအိတ်ထဲမှ ထုတ်ယူပြီး ဖြန့်ချပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သခင်မယီတာသည် ဝတ်ရုံပေါ်မှ နဂါးအရုပ်ကြီး၏ ဦးခေါင်းကို လှမ်းကြည့်လိုက်၏။

"ဟင် ... နေတံဆိပ်ပါလား"

"ဟုတ်တယ် ... သူ့ရဲ့အမောက်မှာရှိတဲ့ တံဆိပ်က နေပဲ၊ သူဟာ အောင်ပွဲအထိမ်းအမှတ်ဖြစ်တဲ့ မီးနဂါးပဲ"

ယီတာက ဖြည်းညင်းစွာပြောသည်။

"အင်း ... ဟုတ်တယ်၊ ဒါဟာ မီးနဂါးအစစ်ပဲ၊ ကျွန်မဟာ ငယ်ငယ်တုန်းက မြင်ခဲ့ဖူးတယ်၊ ဘယ်အရွယ်လောက် မြင်ခဲ့ဖူးတာလဲဆိုတာ မမှတ်မိခဲ့ဘူး။ အခု မီးနဂါးကို မြင်မှ ပြန်အမှတ်ရလာတယ်၊ အင်း ... လေးငါးနှစ်သမီးလောက်က ဖြစ်လိမ့်မယ်လို့ ထင်တယ်၊ ဒါကြောင့် ကျွန်မအသိဉာဏ်ထဲ စွဲမနေတာပေါ့၊ အိပ်မက်လိုလို ဝိုးတဝါး ဖြစ်နေတယ်"

သူမသည် အတိတ်ကို ပြန်တွေးနေ၏။ ထို့ကြောင့် အသုံးအနှုန်းများကိုလည်း မေ့လျော့သွားသည်။ ကျွန်မဟူ၍ ပြန်လည်သုံးနှုန်းသွားမိသည်။ ထိုအခါ အလွန်အကင်းပါးသော ဟန်ရှင်က သူမကို ရိပ်မိသွားလေ၏။

"ရှင်ဟာ ရုပ်ဖျက်ထားတဲ့ ယီတာ မဟုတ်လား"

သူမသည် ဘုရင့်သမီးတော်ဖြစ်သည်ဆိုသည့် အချက်ကို အသိမခံပေ။ သူမသည် ဝန်ခံလိုက်၏။

"ဟုတ်တယ် ... အကြောင်းရှိလို့ ရုပ်ဖျက်ထားတာ"

"ကဲ ... ယီတာ"

သူမသည် ဝတ်ရုံကြီးကို ဖြန့်ကိုင်လိုက်၏။

"ရှင်မြင်တဲ့အတိုင်းပဲ၊ ဒါဟာ အရောင်မှန်အသွေးမှန်တဲ့



မီးနဂါးဝတ်ရုံပဲ၊ ဒါက ကွမ်ယုအတွက် ပိုသင့်တော်ပါတယ်"

ယီတာသည် တစ်ချက်လွှတ် အမိန့်ဖြင့် ငြင်းပယ်နိုင်သည်။ သို့သော် မငြင်းပယ်ချေ။

"ဟုတ်တယ်၊ ကဲ ကွမ်ယု ... ကျွန်မပေးထားတဲ့ဝတ်ရုံ ချွတ်လိုက်ပါ၊ သူ့နဂါးရုပ်ပုံက အားလုံး အရောင်မှန်တယ်၊ အမှတ်အသားမှန်တယ်၊ မီးနဂါးရုပ်ပုံပဲ၊ မီးနဂါးရုပ်ပုံနဲ့ ပြိုင်ပွဲဝင်မှ ရှင် အောင်နိုင်လိမ့်မယ်၊ အဲဒီဝတ်ရုံ ရှင့်အတွက် ပိုပြီး သင့်တော်တယ်"

သခင်မ ယီတာက အဆုံးအဖြတ်ပေးလေ၏။ ကွမ်ယုသည် သခင်မယီတာ၏ အဆုံးအဖြတ်ကို လိုက်နာလေ၏။ ဤပွဲမှာ သူ့ပွဲမဟုတ်ချေ။ အကယ်စင်စစ် သခင်မပွဲဖြစ်၏။ သခင်မယီတာက အစစအရာရာ အားလုံးစီစဉ်နေသည်။

ဟန်ရှင်သည် သူ့ဝတ်ရုံကို ယီတာက လက်ခံလိုက်သောအခါ သခင်မယီတာကို ကျေးဇူးတင်သွားသည်။ သူမ လက်မခံလျှင်လည်း သူမသည် ဤဝတ်ရုံနက်ကြီးကို ပိုက်ပြီး ပြန်ရုံသာရှိသည်။

"အခုလို အမှန်အတိုင်း အဆုံးအဖြတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ယီတာ"

သူမသည် အလေးအနက်ပြောလေ၏။

"ရပါတယ်"

ယီတာက ထိုမျှသာပြောသည်။ သူမသည် သူ့ပခုံးတွင် ချိတ်ထားသော ကျောက်စိမ်းလက် ကိုင်ရှိ။ ကျောက်စိမ်းဓားအိမ်နှင့် ဓားကိုဖြုတ်ယူ၍ ကွမ်ယုအား လှမ်းပေးလိုက်၏။ ဤဓား၏ တန်ခိုးကို ကွမ်ယုကဲ့သို့ သိုင်းလောကကို ဝင်ရောက်မည့်လူငယ်များ မသိချေ။

◙◙◙

www.burmeseclassic.com

www.burmeseclassic.com



## (၃၀)

အဖိုးအနှုဠ ထိုက်တန်သော ရှေးဟောင်းဓားတစ်လက် ဖြစ်သည်။ သိုင်းလောကသည် ထိုဓားကို ငမ်းငမ်းတက် လိုချင်ကြသည်။ သို့သော် ပိုင်ရှင်ကို ကြည့်ရသေးသည်။ ပိုင်ရှင်ကား သခင်မယီတာ ဖြစ်နေသည်။ ကွမ်ယုသည် ဓား ကို လှမ်းယူလိုက်ပြီး ...

"ဆရာမ ... ကျွန်တော်က ဒီလက်နက်နဲ့ သိုင်းပြိုင်ပွဲကို ဝင်ရမှာလား"

ယီတာက ခေါင်းခါပြသည်။

"ကျွန်မသင်ပေးထားတဲ့ပညာက လက်နက်သုံးစရာ မလိုပါဘူး။ ဒီဓားက ရှင့်ပခုံးမှာ သိုင်းလွယ်ထားရုံပဲ"

ကွမ်ယု အံ့ဩသွားသည်။

"ဆရာမ ... ဒီဓားကို ကျွန်တော် သုံးစရာမလိုဘူး ... ဟုတ်လားဟင်"

"ကွမ်ယု ... ရှင်မသိပါဘူး။ ရှင်ဟာ အခုမှ သိုင်းလောကထဲ ဝင်စလူဖြစ်တယ်၊ သိုင်းလောကဟာ ပရိယာယ်၊ မာယာဝေဝုစ် အလွန်များတယ်၊ ရှင့်မှာ ကျောက်စိမ်းဓားတစ်ချောင်း ရှိနေတယ်ဆိုတာ အများမြင်အောင် ပြထားတာ၊ ဒါ ပရိယာယ်တစ်မျိုးပဲ၊ ဒီအကြောင်းကို ရှင် နောက်မှသိလိမ့်မယ်၊ ကဲ ... ကျွန်မပြောတဲ့အတိုင်းသာလုပ်ပါ"

ကွမ်ယုသည် မငြင်းတော့ချေ။ ကျောက်စိမ်းဓားကို သိုင်းလွယ်လိုက်သည်။ သခင်မယီတာသည် ဟူအင်ချန်နှင့် ဟန်ရှင်



တို့ကို ကွယ်ဝှက်မနေတော့ချေ။ သူတို့လည်း သူတို့သူငယ်ချင်းကို နိုင်စေချင်ပေလိမ့်မည်။

"ရှင့်ကို အရေးအကြီးဆုံးအချက်ကိုပြောမယ်၊ သေသေချာချာမှတ်ထားပါ"

ကွမ်ယုက ခေါင်းညိတ်လိုက်၏။

"သိုင်းပြိုင်ပွဲ ဝင်နေတဲ့အခိုက်မှာ ရှင်ဟာ ကျွန်မပြောမယ့် အသံနိမ့်စကားကို နားစွင့်ထားပါ၊ ဒီစကားပြောနည်းနဲ့ ကျွန်မ ညွှန်ကြားတဲ့အတိုင်း ရှင်လိုက်လုပ်ရုံပဲ၊ တိတိကျကျတော့ လုပ်ဆောင်ရလိမ့်မယ်၊ ကျွန်မပြောတာကို လိုက်နာဖို့ တုံ့နှေးနေရင်တော့ ရှင်သေမှာပဲ"

"ဗျာ ... ဆရာမ"

"ဗျာတွေ ... ဆရာမတွေ လုပ်မနေနဲ့၊ စင်ပေါ်မှာ ရှင့်လှုပ်ရှားမှုတစ်ချက်ဟာ အသက်တစ်ချောင်းပဲ၊ ဒါကြောင့် ကျွန်မက ဒါလုပ်ဆိုရင် တိတိကျကျလုပ်၊ ဒါ မလုပ်နဲ့ဆိုရင် လုံးဝမလုပ်နဲ့၊ အသက်နဲ့ ကိုယ်နဲ့ မြဲပြီး အောင်ပွဲခံချင်တယ်ဆိုရင်တော့ ကျွန်မညွှန်ကြားတဲ့ အတိုင်း တစ်သဝေမတိမ်း နားထောင်ပါ"

ထိုအချိန်တွင် သူတို့သည် မောင်းထုသံများကို ကြားလိုက်ရတော့သည်။

'ဒူ ... ဟူ ... ဟူ'

'ဒူ ... ဟူ ... ဟူ'

"ဟော ... သိုင်းပြိုင်ပွဲစဖို့ အချိန်ရောက်ပြီ၊ အချက်ပေးနေကြပြီ၊ ရှင်တို့အားလုံး ပြိုင်ပွဲစင်မြင့်ရှိရာကို သွားကြပေတော့၊ ကျွန်မ ရှင်တို့နောက်က လိုက်ခဲ့မယ်၊ ဟိုကျရင် ကျွန်မကို ရှာစရာမလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှင်တို့အနီးမှာ အမြဲရှိနေမယ်"

သခင်မယီတာက အမိန့်ပေးလိုက်လေ၏။ ထိုအခါ ကွမ်ယု က ဦးဆောင်လျက် သိုင်းပြိုင်ပွဲဆီသို့ ဦး ဆောင်ချီတက်တော့သည်။ ကွမ်ယုနံဘေးတွင် အဒေါ်ချန်သည် ကပ်နေပြီး ဟူအင်ချန်နှင့်ဟန်ရှင် တို့က မြင်းများကိုဆွဲ၍ နောက်မှ လိုက်ပါသွားကြသည်။

သခင်မလေးယီတာကမူ သူတို့အားလုံးကို စိမ်းစိမ်းကြည့်၍ ကျန်နေရစ်ခဲ့လေ၏။ စည်းကမ်းထိန်းသိမ်းရေးမှူးသည် သိုင်း သမားသစ် တန်ကျင်ရိနှင့် မိတ်ဆက်ပေးပြန်၏။ တန်ကျင်ရိသည် ကွမ်ယုကဲ့သို့ပင် ယခုနှစ်မှ စင်ရောက်ယှဉ်ပြိုင်သော သိုင်းသမား ဖြစ်သည်။

"တန်ကျင်ရိကွ ... တန်ကျင်ရိ"

ပရိသတ်ကြီးကား ကြက်နှစ်ကောင်ခွပ်သကဲ့သို့ ဝိုင်းဝန်း အားပေးနေကြ၏။

"ကဲ ... စတိုက်နိုင်ပြီ"

စည်းကမ်းထိန်းသိမ်းရေးမှူးသည် သိုင်းသမားနှစ်ယောက် ကို မျက်နှာချင်းဆိုင် လွှတ်ပေးလိုက်၏။ သိုင်းသမားနှစ်ယောက်တို့ သည် ပြင်းထန်စွာ တိုက်ခိုက်ကြလေတော့သည်။

ပထမအချီနှင့် ဒုတိယအချီများတွင် သိုင်းသမားဟောင်း ပိုအိကို သိုင်းသမားသစ် တန် ကျင်ရိက ဦးဆောင်ထိုးသတ်နေလေ၏။

တန်ကျင်ရိသည် ပိုအိကို ကြမ်းပေါ်တွင် လိမ့်နေအောင် ထိုးချနိုင်သည်။ ပရိသတ်အများစုသည် သိုင်းသမားလက်သစ် တန်ကျင်ရိကို လက်ခုပ်လက်ဝါးတီး၍ အားပေးကြလေ၏။

တတိယအချီ ပြန်လည်ထိုးသတ်သောအခါ ပြိုင်ပွဲသည်



အားလုံးကို ဖမ်းစားထားနိုင်လေ၏။ ဝါရင့်သိုင်းသမားကြီးများနှင့် အတွေ့အကြုံနည်းသော သိုင်းသမားများ၏ ပြိုင်ပွဲအပေါ် စိတ်ဝင် စားပုံဝင်စားနည်း မတူပေ။ သူတို့၏အမြင်များမှာ ဆန့်ကျင်ဘက် ဖြစ်နေ၏။ ကွမ်ယုသည်လည်း ပြိုင်ပွဲကို စိတ်ဝင်စားနေ၏။

သူ၏စိတ်ထဲတွင် ပိုအိကို နားမလည်နိုင်အောင် ဖြစ်နေ သည်။ သူတို့နှစ်ယောက် တိုက်ခိုက်နေစဉ် တန်ကျင်ရိ၏ ဟာကွက် နှင့် မိုက်မဲမှုများကို ကွမ်ယု များစွာတွေ့ရှိခဲ့ရသည်။ ပိုအိကဲ့သို့ သိုင်းသမားလက်ဟောင်းကြီးတစ်ဦးမှာ ထိုဟာကွက်များကို အဘယ် ကြောင့် မတွေ့မြင်ပါသနည်း။ ထိုအခွင့်အရေးများကို ပိုအိသည် အမိအရယူပြီး တိုက်ခိုက်ပါက တန်ကျင်ရိ ရှုံးနိမ့်သွားပေမည်။ တစ်ခါတစ်ရံတွင် တန်ကျင်ရိ၏ လေးလံသောတိုက်ကွက်များကို ရှောင်တိမ်းနိုင်သော်လည်း သူသည် မရှောင်တိမ်းချေ။ အထိခံသည်။ ထို့အပြင် ပိုအိသည် စင်မြင့်ကြမ်းပြင်ပေါ်တွင် လိုအပ်သည်ထက်ပို၍ လူးလိမ့်ပြနေသည်။ ဒါကို ကွမ်ယု မကျေနပ်ချေ။

"ဘာလဲ ... ပိုအိက ဘာအကွက်တွေများ သိနေသလဲ မသိဘူး"

ကွမ်ယုသည် ထိုသို့တွေးနေမိလေ၏။ တတိယအချီ တိုက်ပွဲ စသောအခါတွင်မူ ပိုအိ၏ အမူအရာသည် တစ်မျိုးပြောင်းနေလေ၏။

ပိုအိက တန်ကျင်ရိကို စူးစူးစိုက်စိုက်ကြည့်ပြီး ခက်ထန်စွာ ပြောလိုက်လေ၏။

"တန်ကျင်ရိ ... မင်းငါ့ကို ဒူးထောက်တောင်းပန်ပြီး ခေါင်းညွှတ် ခံရင် မင်းအသက်ကို ငါချမ်းသာခွင့်ပေးလိုက်မယ်၊ ကဲ ... တန်ကျင်ရိ အမြန်ဆုံး ဒူးထောက်တောင်းပန်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အတွင်းအားကို အကုန်ထုတ်ပြီး ပြောခြင်းဖြစ်၍ သူ့အသံသည် ဟိန်းထွက်နေလေ၏။ တန်ကျင်ရိသည် ပထမတွင် အံ့အားသင့်နေ၏ ထို့နောက် ဟားတိုက်ရယ်မောလေတော့၏။

"ပိုအိ ... ခင်ဗျား အတော်ရယ်စရာကောင်းတဲ့လူပဲ၊ ပထမ အချီနဲ့ ဒုတိယအချီ အချီနှစ်ချီစလုံးမှာ ကျုပ်တိုက်ကွက်အောက်မှာ ခင်ဗျား ပြားပြားမှောက်နေတာ ဘယ်လိုပြောမလဲ၊ ခင်ဗျား အခုလို အထက်စီးလေသံနဲ့ပြောတော့ ရယ်စရာဖြစ်နေတာပေါ့၊ ဘာလဲ ... ခင်ဗျားက သိုင်းပညာနဲ့ပြိုင်တော့ ခင်ဗျားနိုင်ပုံမပေါ်တာနဲ့ ဒီလို လိမ့်လုံးညာလုံး၊ ဟိတ်လုံးဟန်လုံးတွေသုံးပြီး ကျုပ်ကို အနိုင်ယူချင် လို့လား၊ ခင်ဗျားပရိယာယ်ကို ကျုပ်မြင်တယ်ဗျ၊ သိုင်းပြိုင်ပွဲမှာ ဒီလို ပရိယာယ်တွေနဲ့ အနိုင်ယူဖို့ မကြိုးစားပါနဲ့၊ ကျုပ်က ခံနေရရင်တော့ ခင်ဗျားပြောသလို ဟုတ်တာပေါ့၊ သိုင်းပညာနဲ့ပဲ ကျုပ်ကို နိုင်အောင် ကြိုးစားပါ"

ပိုအိက စုတ်သပ်လိုက်သည်။

"အတော်မိုက်တဲ့ တန်ကျင်ရိပဲ၊ ကဲ ... ကျုပ်လက်သီးကို ကြည့်၊ မင်းရင်ဘတ်ကို လက်သီးလာမယ်၊ မင်းရှောင်နိုင်ရင် ရှောင်ပေ တော့၊ မရှောင်နိုင်ရင် သေပေတော့၊ ငါကပြောပြီးမှ ထိုးတာကွ"

တန်ကျင်ရိက ပထမအချီနှင့် ဒုတိယအချီတွင် သူက ဦး အောင်နိုင်ထားသဖြင့် ပိုအိကို ပမာမခန့်ကြည့်နေ၏။ ပိုအိ၏ လက်သီးသည် အလွန်နှေးကွေးစွာ ဝင်လာသဖြင့် ဤလက်သီးမျိုး အသုံးပြုလျှင် ပိုအိအတွက် အသက်ဆယ်သက် အပိုဆောင်ထားလျှင် ပင် မလုံလောက်ဟု တန်ကျင်ရိ ယူဆလိုက်သည်။ သို့သော် လက်သီး သည် ရင်ဝနားသို့ရောက်သည်နှင့် အလွန်လျင်မြန်သော အရှိန်



အဟုန်ဖြင့် တိုးဝင်လာသည်။ တန်ကျင်ရိသည် ထိတ်လန့်သွားပြီး နောက်သို့ ခုန်ရှောင်လိုက်သော်လည်း အချိန်မမီတော့ပေ။ ပိုအိပြော သည့်အတိုင်း သူ့လက်သီးသည် တန်ကျင်ရိ၏ရင်ဝသို့ အုန်းခနဲ ထိမှန် သွားလေတော့သည်။ တန်ကျင်ရိ၏ခန္ဓာကိုယ်သည် လေထဲသို့ လွင့်စဉ်သွားကာ မြေပေါ်သို့ လွင့်ကျသွားလေ၏။

"ဟာ ... "

ပရိသတ်ကြီးထံမှ အာမေဍိတ်သံများ ထွက်လာတော့ သည်။

"ပိုအိကွ ... ပိုအိ"

"တန်ကျင်ရိ ... ထချပါတော့လား"

အော်ဟစ်သံများ ဆူညံသွားသည်။ တန်ကျင်ရိသည် အတန်ကြာမှ လူးလဲထလာနိုင်သည်။ ဒီက

"ဝေါ့"

သူသည် သွေးတစ်ပွက် အန်ချလိုက်လေသည်။

"ဟေ့ ... တန်ကျင်ရိ ... ငါ့လက်သီးချက်ကို ထိသွားပြီ မဟုတ် လား။ ဒူးထောက်လိုက်စမ်း"

ပိုအိက အံကြိတ်၍ ပြောလိုက်လေ၏။ တန်ကျင်ရိသည် ဒယီးဒယိုင်ဖြင့် ပိုအိရှိရာသို့ လျှောက်လာသည်။

"ငါ မရှုံးသေးဘူး ပိုအိ"

သူသည် မရှုံးသေးဘူးဟူ၍သာ ပြောနေသည်။ လူကတော့ မဟန်နိုင်တော့ပေ။ ပိုအိ၏လက်သီးချက်သည် ပြင်းထန်လှ၏။ တော်ရုံတန်ရုံလူဆိုလျှင် ထိုလက်သီးချက်ဖြင့် အသက်ထွက်သွားနိုင် သည်။ ပိုအိသည် တန်ကျင်ရိဆီသို့ တိုးကပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်သီးအရသာတော့ မြည်းစမ်းကြည့်ပြီးပြီ၊ လက်ဝါးစောင်း အရသာကို မြည်းစမ်းကြည့်"

ပိုအိ၏ လက်ဝါးစောင်းသည် လျှပ်လက်သလို တန်ကျင်ရိ အပေါ်သို့ ကျသွား၏။

'ဒုတ် ...'

"အား ..."

တန်ကျင်ရိသည် အသံနက်ကြီးဖြင့် အော်လိုက်ပြီးနောက် ရှေ့သို့ ဒူးထောက်ကျသွားလေ၏။ တန်ကျင်ရိ၏ လက်ယာလက်သည် သွင်သွင်ကျိုးသွားလေပြီ။ မလှုပ်နိုင်တော့ပေ။ ပိုအိက ...

"တန်ကျင်ရိ ... ဒူးထောက်လိုက်စမ်း"

တန်ကျင်ရိသည် အံကြိတ်လိုက်၏။ သူ့ပါးစောင်မှ သွေးများစီးကျလာ၏။

"မင်း ... မင်းရှေ့မှာ ဘာ ... ဘာဖြစ်လို့ ဒူးထောက်ရမှာလဲ၊ ပြိုင်ပွဲကို ဝင်ကတည်းက အသေခံပြီး ဝင်လာတာကွ၊ ငါ ... ဒါ ဒူးမထောက်ဘူး။ အညှံ့မခံဘူး။ အသေခံမယ်"

ပိုအိသည် လက်ညှိုးနှင့်လက်ခလယ်ကို ထောင်လိုက်၏။

"တန်ကျင်ရိ ... ငါ့လက်ချောင်းကလေးတွေကို ကြည့်စမ်း။ မင်းအသည်းနှလုံးကို သတိထားပြီး ကာကွယ်ပေတော့"

ပိုအိက ပြောပြီး ရှေ့သို့ တိုးလာလေ၏။ ထိုအခါ ကွမ်ယုသည် အတွင်းအားထုတ်ပြီး အော်ဟစ်လိုက်လေ၏။

"ပိုအိ ... ခင်ဗျား ဘာမှမလုပ်နဲ့၊ ခင်ဗျား ရပ်ထားလိုက်စမ်း"

ပိုအိ၏လှုပ်ရှားမှု ရပ်တန့်သွား၏။ ကွမ်ယု ဆက်ပြောလေ၏။



"သိုင်းပညာအရ ခင်ဗျား အနိုင်ရနေပြီ၊ ဘာဖြစ်လို့ ခင်ဗျား သူ့ကို သတ်ချင်ရတာလဲ၊ ခင်ဗျား သွေးဆာနေတာပဲ၊ နောက်ဆုတ်လိုက်ပါ"

ပိုအိသည် အော်နေသူကို လှမ်းကြည့်၏။ ကွမ်ယုကို မြင်လိုက်ရသည်။ စည်းကမ်းထိန်းသိမ်းရေးမှူးများသည် အလံနီများကို တဖျပ်ဖျပ် ခါယမ်းနေလေ၏။ စည်းဝင်းအပြင်မှ လူများသည် စည်းဝိုင်းအတွင်းရှိနေသူများကို မည်သည့်နည်းနှင့်မျှ မနှောင့်ယှက်ရပေ။ သူ့ဘာသာ သတ်ချင်လျှင်သတ်၊ မျက်စိဖောက်ချင်လျှင်ဖောက်၊ ခြေလက်များကို ရိုက်ချိုးချင် ရိုက်ချိုး ကြိုက်သလိုလုပ်နိုင် ခွင့်ရှိသည်။ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူတိုင်းသည် သူတို့ရှုံးနိမ့်လျှင် ဤသို့ဖြစ်မည်ကို လူတိုင်းသိကြသည်။ သဘောတူ၍ အားလုံး ပြိုင်ပွဲဝင်ကြခြင်းဖြစ်သည်။ ရှုံးနိမ့်သူကို ဖေးမကူညီရန် အကြောင်းမရှိပေ။ ပိုအိက

"ကွမ်ယုဆိုတာ မင်းလား"

"ဟုတ်တယ် ... ကျုပ် ကွမ်ယုပဲ"

"မင်း ဘာဖြစ်လို့ ဝင်စွက်ဖက်တာလဲ"

"ကျုပ် စွက်ဖက်တာ မဟုတ်ဘူး၊ ခင်ဗျား သွေးဆာပြီး သတ်မှာစိုးလို့ ဝင်တားတာ"

"ဟား ... ဟား မင်းတားရင် မင်းအစွမ်းကို ကြည့်ရမှာပေါ့၊ ကဲ ... တန်ကျင်ရိရဲ့အသက်ကို မင်းတောင်းဆိုတဲ့အတိုင်း ငါ ခွင့်လွှတ်လိုက်မယ်၊ တန်ကျင်ရိရဲ့ ကိုယ်ခန္ဓာကို မင်းမိအောင် ဖမ်းပေတော့"

သူသည် အတွင်းအားထုတ်လျက် တန်ကျင်ရိ၏ ခန္ဓာကိုယ်ကို ကွမ်ယုထံသို့ ပစ်ပေါက်လိုက်၏။

⊡⊡⊡

www.burmeseclassic.com

www.burmeseclassic.com



## (၃၁)

## တောင်သုံးလုံးခြသေ့်သရုပ္ပ သိုင်းပြိုင်ပွဲ

ကွမ်ယုသည် အတွင်းအားထုတ်ပြီး တန်ကျင်ရှိ၏ခန္ဓာကိုယ်ကို ပေါ့ပါးစွာ ဖမ်းယူလိုက်သည်။ ထိုအခါ ...

ကွမ်ယု၏နားတွင်းသို့ ယင်ကောင်တစ်ကောင် တဝီဝီဖြင့် မြည်သကဲ့သို့ စကားသံများ ကြားလာရလေ၏။ ယီတာက အသံနိမ့် စကားပြောခြင်းဖြင့် သူ့အား ဆက်သွယ်ခြင်းဖြစ်သည်။

"ကွမ်ယု ... ရှင် တော်တော်ခက်ပါလား။ ဘာဖြစ်လို့ သူများကိစ္စထဲ ဝင်ရှုပ်ရတာလဲ၊ စည်းဝိုင်းအတွင်းက လူတွေကို အပြင်ကလူက ဘာမှ စွက်ဖက်ခွင့် မရှိဘူးဆိုတာ ရှင် မသိဘူးလား။ ကျွန်မရှင့်ကို ပြောထားဖူးတာပဲ၊ ကဲ ... ရှိစေတော့၊ တန်ကျင်ရှိကို အခေါ်ချွန်လက်ထဲ အမြန်အပ်လိုက်ပါ။ တန်ကျင်ရှိဟာ အတွင်းဒဏ်ရာရနေတယ်၊ အသက်အန္တရာယ် အတော်နီးနေပြီ၊ သူတို့ပြိုင်ပွဲစည်းအတွင်းမှာ လွှတ်ပေးလိုက်ရင် သူသေမှာ မုချပဲ၊ အခုတော့ ရှင့်ကြောင့် သူ အသက်ရှင်သန်ခွင့်ရတော့မယ်၊ ဒါပေမဲ့ ရှင့်အခြေအနေ ဘယ်လိုဖြစ်ဦးမယ် မသိဘူး။ သူ့ကို အခေါ်ချွန် ဆေးကုပေးလိမ့်မယ်၊ အခေါ်ချွန်လက်ထဲသာ ထည့်လိုက်"

ကွမ်ယုလက်ထဲတွင် တန်ကျင်ရှိသည် သတိလစ်မေ့မြောသွားသည်။ သူ့ဒဏ်ရာမှာပြင်းထန်လှ၏။ ကွမ်ယုသည် တန်ကျင်ရှိကို



အခေါ်ချွန်လက်ထဲသို့ ထည့်ပေးလိုက်၏။

"ဆရာမက ပြောတယ် ... တန်ကျင်ရှိကို အခေါ်ချွန်လက်ထဲ ထည့်လိုက်တဲ့၊ အခေါ်ချွန် ကုပေးလိမ့်မယ်တဲ့"

အခေါ်ချွန်မှာ သခင်လေး ယီတာထံမှ အမိန့်ရပြီးလေပြီ၊ သူသည် တန်ကျင်ရှိကို ပွေ့ယူလိုက်၏။ ဟန်ရှင်က ...

"အခေါ်ချွန် ... လိုအပ်ရင် ကျွန်မမြင်းကို သုံးနိုင်ပါတယ်"

သူမသည် အခြေအနေကိုသိ၏။

ထို့ကြောင့် ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"ကျေးဇူးပဲ ကလေးမ၊ ဒီလူကို ကယ်ဖို့ မင်းမြင်းကို ယူသွားမှဖြစ်မယ်၊ ငါသူ့ကို ထမ်းပြေးနိုင်ပေမယ့် ခရီးကဝေးလွန်းအားကြီးတယ်"

"ယူသွားပါ အခေါ်ချွန်၊ ကျွန်မက ကိစ္စမရှိပါဘူး။ ဟူအင်ချွန်ရဲ့မြင်းလည်း ရှိတာပဲ"

အခေါ်ချွန်သည် တန်ကျင်ရှိကို မြင်းပေါ် မှောက်တင်လိုက်၏။ သူမသည် အသက်ကြီးလှလေပြီ။ သို့ရာတွင် ပေါ့ပါးရာတွင် လူငယ်များက မမီချေ။ ထို့နောက် မြင်းကို ဒုန်းစိုင်းစီးသွားလေတော့သည်။ မကြာမီ အခေါ်ချွန်သည် အားလုံး၏မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

သိုင်းပြိုင်ပွဲကြီးတစ်ခုလုံးသည် ကွမ်ယုနှင့် စည်းကမ်းထိန်းသိမ်းရေးမှူးများမှာ ထိပ်တိုက်တွေ့ကြလေပြီဟုသိကာ အလွန် စိတ်ဝင်စားသွား၏။ စည်းကမ်းထိန်းသိမ်းရေးမှူးများသည် ကွမ်ယုအား မည်သို့ အရေးယူလေမည်နည်း။

◻◻◻

www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

## သတ်ပွဲ၊ တိုက်ပွဲ

သိုင်းပြိုင်ပွဲ စည်းကမ်းထိန်းသိမ်းရေးမှူးတစ်ယောက်သည် ကွမ်ယုကို လာခေါ်၏။

"မင်း ခဏလိုက်ခဲ့ပါ"

ကွမ်ယုသည် စည်းကမ်းထိန်းသိမ်းရေးမှူးများ၏ စကားကို မငြင်းဆန်ရဲဘဲ လိုက်သွားရလေ၏။

စည်းကမ်းထိန်းသိမ်းရေးမှူးများ သည် သူတို့ရှေ့၌ ကွမ်ယုကို ထိုင်စေသည်။

"မင်းနာမည် ကွမ်ယုလား"

"မှန်ပါတယ် ခင်ဗျာ"

"မင်းကို ငါတို့ အခုပြောမယ့် စည်းကမ်းကို အကုန်လုံးသိအောင် ထုတ်ပြန်ထားတာပဲ၊ ဒါပေမဲ့ ငါတို့ ထပ်ပြောမယ်၊ ယှဉ်ပြိုင်နေသူနှစ်ဦးဟာ စည်းဝိုင်းထဲက စင်မြင့်ပေါ်မှာ တိုက်ခိုက်နေတုန်း အပြင်သူ ဘယ်လူမဆို ဝင်ရောက်အကြံပေးခြင်း၊ နှောင့်ယှက်ခြင်း၊ အော်ဟစ်တားမြစ်ခြင်း၊ ခြိမ်းခြောက်ခြင်း မပြုရဆို တဲ့စည်းကမ်းဟာ ငါတို့ထုတ်ပြန်ထားတဲ့ စည်းကမ်းပဲ၊ ဒီစည်းကမ်း ကိုမင်းသိတယ် မဟုတ်လား"

"သိပါတယ် ခင်ဗျာ"



"ငါတို့ အံ့သြတယ်၊ မင်း သိလျက်နဲ့ ဘာကြောင့် ဒီကိစ္စမှာ ဝင်ရင်ရတာလဲ"

ကွမ်ယု သက်ပြင်းရှိုက်လိုက်သည်။

"ဆရာကြီးတို့ အမြင်ပါပဲ ခင်ဗျာ၊ တန်ကျုရိဟာ ရှုံးနေပါပြီ၊ ရှုံးနေတဲ့လူကို အသေသတ်မယ်ဆိုတာတော့ အဓိပ္ပာယ်မရှိပါဘူး။ ဒီအပြုအမူဟာ သွေးဆာနေတဲ့ အပြုအမူပါပဲ၊ ကျွန်တော့်စိတ်ထဲမှာ လူတစ်ယောက် အဓိပ္ပာယ်မရှိဘဲ သေဆုံးသွားမှာကို မတားမြစ်ဘဲ မနေနိုင်လို့ ဝင်တားမြစ်မိတယ် ခင်ဗျာ"

"အဲဒါ မင်းမှားတယ်၊ ဒီပြိုင်ပွဲမှာ ရှုံးနိမ့်သွားရင် အသေခံရမယ်ဆိုတာကို ပြိုင်ပွဲဝင်တဲ့လူတိုင်းကို အသိပေးထားတယ်၊ အသေမခံချင်ရင် ဝင်မပြိုင်နဲ့ပေါ့၊ တန်ကျင်ရိဟာ ရဲရဲတောက်တဲ့ သိုင်းသမားပါ၊ သူ ဒူးမထောက်ဘူး။ အသေခံမယ်လို့ ပြောနေတာပဲ၊ ဒီကိစ္စမှာ ပိုအိက မကျေနပ်ကြောင်းတိုင်ကြားရင် မင်း ဒီပြိုင်ပွဲလုပ်တဲ့ နေရာကနေ အဝေးကို ထွက်ခွာသွားရလိမ့်မယ်၊ အဲဒီအခါမှာ မင်း ပြိုင်ပွဲဝင်ခွင့်ပါ ဆုံးရှုံးသွားလိမ့်မယ်၊ နောင်လည်း ဘယ်တော့မှ ပြိုင်ပွဲကို ဝင်ရမှာ မဟုတ်တော့ဘူး"

"အခု ပိုအိက မကျေနပ်ကြောင်း တိုင်ကြားပါသလား ခင်ဗျာ"

ထိုမေးခွန်းကို စည်းကမ်းထိန်းသိမ်းရေးမှူးများအားလုံးက မကျေနပ်ကြချေ။

မျက်နှာထားများ တင်းမာသွားကြသည်။

သူတို့အားလုံးသည် ကွမ်ယုကို တင်းမာစွာ စိုက်ကြည့်နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို အချိန်တွင် ကွမ်ယု၏နားဝ၌ ယီတာ၏အသံကလေးကို ကြားရလေ ၏။

"ကွမ်ယု ရှင် ဘယ်လိုမေးလိုက်တာလဲ၊ ဒီအချိန်မှာ ရှင်ဟာ လွန်နေတဲ့လူ၊ သူတို့ကို ထပ်တွန့်မေးခွန်းထုတ်ခြင်း၊ ပြဿနာရှာခြင်း မပြုသင့်ဘူး။ စည်းကမ်းထိန်းသိမ်းရေးမှူးအားလုံးကို တောင်းပန်လိုက်"

ကွမ်ယုသည် စိတ်မသက်မသာ ဖြစ်သွား၏။

ယီတာကို ပရိသတ်ထဲ ရှာဖွေသော်လည်း အရိပ်အယောင်မျှ မတွေ့ရချေ။

သူသည် စည်းကမ်းထိန်းသိမ်းရေးမှူးများကို မတောင်းပန်လိုပေ။ သို့သော် သူသည် သက်ပြင်းချလိုက်လေ၏။

"စည်းကမ်းထိန်းသိမ်းရေးမှူးများ ခင်ဗျာ ... ကျွန်တော့် မေးခွန်းကို ပြန်လည်ရုပ်သိမ်းပါတယ်၊ သိုင်းပြိုင်ပွဲရဲ့ စည်းကမ်းချက်များကို ဖျက်လိုဖျက်ဆီး ပြုလုပ်လိုတဲ့ ရည်ရွယ်ချက်မရှိပါဘူး။ ဒါပေမဲ့ ဖောက်ဖျက်သလို ဖြစ်ခဲ့မိခဲ့တဲ့အတွက် အနူးအညွတ် တောင်းပန်ပါတယ် ခင်ဗျာ"

ကွမ်ယုသည် ရိုသာစွာဖြင့် တောင်းပန်လိုက်သည်။

ထိုအခါ ကျမှ စည်းကမ်းထိန်းသိမ်းရေးမှူးများ၏ တင်းမာသော မျက်နှာများသည် ပြေလျော့သွားကြလေ၏။

စည်းကမ်းထိန်းသိမ်းရေးမှူးချုပ်က ...

"ကွမ်ယု ... မောင်ရင်ဟာ သိုင်းလောကကို အခုမှ စဝင်ပုံရတယ်၊ အတွေ့အကြုံနည်းသေးတဲ့အတွက် စိတ်ဓာတ်နိုင်မာမှု မရှိဘူး။ ဒါကြောင့် သိုင်းပြိုင်ပွဲတွေကို မောင်ရင်မကြည့်ဘဲနေဖို့ လိုလိမ့်မယ်၊



သိုင်းပြိုင်ပွဲတွေအကြောင်းကို မင်းသိအောင် အနည်းအကျဉ်းပြောပြမယ်၊ သိုင်းပြိုင်ပွဲတွေမှာ အနိုင်ရတဲ့လူတွေအနေနဲ့ သူတို့အနိုင်ရတဲ့လူတွေကို သူတို့ကြိုက်သလို လုပ်နိုင်ခွင့်ရှိတယ်၊ အဲဒါတွေကို မင်းမြင်ရင် အခုလို မခံချင်စိတ်ပေါ်ပြီး တားမြစ်ဦးမှာပဲ၊ တားမြစ်ရင် ပြဿနာပေါ်မှာပဲ၊ ဒါကြောင့် သိုင်းပြိုင်ပွဲတွေကို မောင်ရင်မကြည့်ဘဲ နေဖို့လိုမယ်"

စည်းကမ်းထိန်းသိမ်းရေးမှူးချုပ်က ဆက်ပြော၏။

"ဟိုရှေ့က မြက်ခင်းပြင်ပေါ်မှာ သွားထိုင်ပါ၊ နောက်ကျောပေးပြီးထိုင်ပါ၊ မျက်စိမှိတ်ထားပါ၊ မောင်ရင့်အလှည့်ရောက်ရင် ကျုပ်တို့အကြောင်းကြားမယ်၊ ဒါဟာ သိုင်းပြိုင်ပွဲစည်းကမ်းကို ဖောက်ဖျက်တဲ့အတွက် အသက်သာဆုံးပေးတဲ့ အပြစ်ပဲ"

ကွမ်ယုမှာ မည်သို့မျှ ငြင်းခုံမရတော့ပေ။ ငြင်းလျှင် သူ ပြိုင်ပွဲဝင်ရမည် မဟုတ်တော့ချေ။ ထို့ကြောင့် စည်းဝိုင်းထိပ် မြက်ခင်းပြင်၌ ကျောပေး၍ ထိုင်လိုက်ရ၏။

သူ့အား သိုင်းစည်းကမ်းထိန်း သိမ်းရေးမှူးချုပ်က အတွင်းအားများ လေ့ကျင့်နေရန် အကြံပေးသော်လည်း သူသည် အတွင်းအား မလေ့ကျင့်နိုင်ပေ။

အမှတ်နှစ်ပြိုင်ပွဲမှာ ဓားနှစ်လက် လီတင်နှင့် ကြင်စစ်ရိလျို တို့၏ တိုက်ပွဲဖြစ်၏။ နှစ်ယောက်စလုံး ထိပ်သီးသိုင်းသမားများ ဖြစ်ကြသည်။ စည်းကမ်းထိန်း သိမ်းရေးမှူး ကြေညာနေသည်ကို သူ အားလုံး ကြားနေရသည်။

"ငါ ဒီလို အပြစ်ပေးခံရတာ သိပ်နာတာပဲ၊ သူတို့တိုက်ပွဲကို မကြည့်ရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယုသည် မျက်စိကို စုံမှိတ်ထားရ၏။

သို့သော် ... သူသည် အာရုံဖြင့် တိုက်ကွက်များကို ဖော်ကြည့်နေသည်။

သူသည် လေတိုးသံများကို ကြားရခြင်း၊ မာန်သွင်းအော်ဟစ်သံများကို ခန့်မှန်းခြင်းဖြင့် တိုက်ကွက်အားလုံးကို မြင်နေရသကဲ့သို့ ဖြစ်နေ၏။

"အင်း ... ဒီအတိုင်းဆိုရင်တော့ ကြင်စင်ရိလျှံ အနိုင်ရမှာပဲနဲ့တူတယ်"

သူခန့်မှန်းသည့်အတိုင်း ကြင်စစ်ရိလျှံ အနိုင်ရသွားသည်။

ရိလျှံ၏ လက်နက်ပုန်းများက ဓားနှစ်လက် လီတင်၏ ဓားများကို မြေပေါ်သို့ ကျသွားစေခဲ့၏။

သို့သော် ကြင်စစ်ရိလျှံသည် ဓားနှစ်လက် လီတင်ကို အသေမသတ်ပါ။ ဤအဖြစ်မျိုးလည်း အများအပြား ရှိပါသည်။

သတ်သည့်အဖြစ်သို့ ရောက်သွားတဲ့အခြေအနေမှာ ဆိုးဆိုးရွားရွား သွေးဆူသွားရန် ဖြစ်ပါသည်။ ကွမ်ယုမှာ မျက်စိကို စုံမှိတ်ထားရသည်။ လုံးဝ မကြည့်ရက်ပါ။

ဤသို့ဖြင့် အမှတ်သုံးပြိုင်ပွဲလည်း ပြီးစီးသွားပါသည်။

အမှတ်သုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူများထဲတွင် သံစူးချွန်ကိုင် ချွန်မင်းက အနိုင်ရရှိသွားပါသည်။

အမှတ်လေးပြိုင်ပွဲကား နှင်းဆီနီလူချောင်နှင့် သံကွန်ယက် တန်တင်းလျှောင်တို့ တိုက်ပွဲ ဖြစ် သည်။

ထိုတိုက်ပွဲတွင် သံကွန်ယက် တန်တင်းလျှောင်က အနိုင်ရရှိသွားသည်။ အမှတ်ငါးပြိုင်ပွဲ စတော့မည်။



အမှတ်ငါးပြိုင်ပွဲမှာ ကွမ်ယုနှင့် အသားဝါစူးတို့၏ ပွဲစဉ် ဖြစ်သည်။ စည်းကမ်းထိန်းသိမ်းရေးမှူး တစ်ဦးက ကွမ်ယုကို လှမ်းပြောလေသည်။

"ကွမ်ယု ... မင်းရဲ့ အပြစ်ဒဏ် ပြီးဆုံးသွားပြီ စင်ပေါ်တက်ပေတော့"

ကွမ်ယုသည် ဟင်းခနဲ သက်ပြင်းချလိုက်သည်။ သူပြိုင်ပွဲဝင်ရပေတော့မည်။

စည်းကမ်းထိန်းသိမ်းရေးမှူးသည် ကွမ်ယုအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ခင်ဗျားတို့အားလုံး ကြားသိပြီးကြတဲ့ ကွမ်ယုဆိုတာ သူပါပဲ ခင်ဗျာ"

ကွမ်ယု မဟုတ်မခံစိတ်နှင့် ရက်စက်ကြမ်းကြုတ်ခြင်း မရှိသော စိတ်ဓာတ်တို့အား ပရိတ်သတ်ကြီးမှာ သိရှိပြီးဖြစ်သဖြင့် ကွမ်ယုအား အုတ်အော်သောင်းတင်း အားပေးကြလေ၏။

"ကွမ်ယု ... ကွမ်ယု"

"ကွမ်ယု ... တွေ့သမျှလူကို အပြတ်လုံ့ကွ"

စည်းကမ်းထိန်းသိမ်းရေးမှူးသည် အသားဝါစူးကိုလည်း ပရိသတ်များနှင့် မိတ်ဆက်ပေးသည်။ အသားဝါစူးကိုကား သူ့မိတ်ဆွေအချို့မှတစ်ပါး မည်သူမျှ အားမပေးကြချေ။

ထို့နောက် ကွမ်ယုနှင့် အသားဝါစူးကို ဆိုင်ပေးလိုက်လေသည်။ အသားဝါစူးသည် ကွမ်ယုအား လှည့်ပတ်ပြေးနေသည်။

"ဟေ့ ကွမ်ယု ... မင်းငါ့ကို လာတိုက်စမ်းပါ၊ ငါ မင်းရဲ့တိုက်ကွက်ကို သိချင်တယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



အသားဝါစူးသည် အနားဖျားကို သွေးထားသည့် ရွှေဒင်္ဂါးပြား တစ်ပြားကို လက်နက်ပုန်းအဖြစ် အသုံးပြုပြီး ကွမ်ယုအား ပစ်ခတ်လေ၏။ တစ်ချက်တည်းနှင့် အသေပစ်ခတ်ခြင်းဖြစ်သည်။

ကွမ်ယုသည် လဲကျသွား၏။ ငွေဒင်္ဂါးပြားသည် သူ့အား ထိသွားလေ ပြီလော။

အသားဝါစူးသည် လက်မြှောက်အော်ဟစ်ရင်း စင်ပေါ်၌ လှည့်ပတ်ပြေးလွှားနေ၏။ ပရိသတ်ကြီးသည် ငြိမ်ကျသွား၏။

သူတို့ အားပေးနေသည့် ကွမ်ယုသည် လဲကျသွားလေပြီ။

"ကွမ်ယု ... ကွမ်ယု ... ရှင် ဘယ်လိုဖြစ်တာလဲ"

ဟန်ရှင်၏ စိုးရိမ်တကြီး အော်သံသည် ထွက်ပေါ်လာလေ၏။ ထူးခြားချက်ကား ယီတာ၏အရိပ်အယောင်ကိုပင် မမြင်ရခြင်းပေတည်း။

အသားဝါစူးသည် ကွမ်ယုအား ခုန်ကျော်သွား၏။

သူခုန်သွား စဉ် ကွမ်ယု၏ခန္ဓာကိုယ်သို့ မြားတို့သုံးစင်းကို ပစ်ခတ်၍ ထွက်သွား သည့် မြားတို့သည် ကွမ်ယု၏ ဝမ်းဗိုက်ဆီသို့ ပြေးဝင်သွားသည်။

ကွမ်ယု၏ လက်တစ်ဖက်သည် ဝမ်းဗိုက်ဆီသို့ ပြေးဝင်လာသည့် မြားတံများကို ဆတ်ခနဲ ဆုပ်ကိုင်ဖမ်းယူလိုက်သည်။

ထို့နောက် ဝုန်းခနဲ ခုန်ထလာလေ၏။

ကွမ်ယုသည် လက်ထဲမှ မြားတံများကို ပစ်ချလိုက်၏။ ပါးစပ်ထဲမှ ငွေဒင်္ဂါးပြားကို ထွေးထုတ်ပစ်လိုက်၏။

အသားဝါစူး ပစ်လွှတ်ခဲ့သည့် ငွေဒင်္ဂါးပြားကို ကွမ်ယုက သွားဖြင့် ကိုက်ဖမ်းထားခြင်းဖြစ်သည်။



သာမန်ပရိသတ်ကတော့ ကွမ်ယု ဘာလုပ်သည်ကို မသိကြပေ။ အဆင့်မြင့် သိုင်းသမား ပရိသတ်က လက်ခုပ်လက်ဝါးတီး၍ ကွမ်ယုကို အားပေးကြသည်။

"ကွမ်ယုကွ ... ကွမ်ယု၊ တစ်ယောက်တည်းရှိတယ်"

"အသားဝါစူးကို ချပစ်စမ်း"

"ဒီ အောက်လမ်းသိုင်းသမားကို ရှင်းထုတ်ပစ်စမ်း"

အသားဝါစူးနှင့် ကွမ်ယုသည် ရင်ဆိုင်တွေ့ကြလေ၏။

အသားဝါစူးသည် လက်နက်ပုန်းမျိုးစုံကို ကိုင်ဆောင်ထားသူဖြစ်၏။ ကွမ်ယုသည် အသားဝါစူးထံမှ ရွှေအပ်လက်နက်ပုန်း၊ သံစလက်နက်ပုန်းများကို လုယူနိုင်လိုက်သည်။

လက်နက်ပုန်းဘုရင် အသားဝါစူးသည် ခြေစုံရပ်ကာ ကွမ်ယုကို ဦးသုံးကြိမ်ညွှတ်၏။ သူ အရှုံးပေးပါပြီဆိုသည့်သဘောတည်း။ ကွမ်ယု ခေါင်းညိတ်ပြသည်။ အသားဝါစူးသည် စင်မြင့်ပေါ်မှ ဆင်းသွားလေသည်။

စည်းကမ်းထိန်းသိမ်းရေးမှူးသည် ကွမ်ယု အနိုင်ရကြောင်း ကြေညာလေ၏။ ပြိုင်ပွဲငါးပွဲ ယှဉ်ပြိုင်ပြီးသောအခါ ညနေစောင်းသွားပြီဖြစ်၍ ပြိုင်ပွဲကို တစ်နေ့တာ ရပ်နားလိုက်၏။

စည်းကမ်းထိန်းသိမ်းရေးမှူးများသည် ကွမ်ယုအား သွားလိုရာ သွားခွင့်ပြုလိုက်သည်။ ထိုအခါကျမှ ကွမ်ယု ဟင်းချနိုင်တော့သည်။

ကွမ်ယုသည် ဟန်ရှင်နှင့် ဟူအင်ချန်တို့ကိုခေါ်ကာ အ[illegible] ချန့်ဆောက်လုပ်ထားသည့် ယာယီတဲအိမ်ကလေးဆီသို့ ရောက်လာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟူအင်ချန် ... ဟန်ရှင် ... ငါ့ဆရာမက ဒီပြိုင်ပွဲအတွက် အစစ အရာရာ ကြိုတင်ပြင်ဆင်ထားတာကွ၊ ငါတို့တည်းခိုဖို့ တဲအိမ်တောင် ဆောက်ထားတာ"

"ဟန်ကျတာပေါ့ကွာ"

ဟူအင်ချန်က ပြောလိုက်လေ၏။ ဟန်ရှင်ကတော့ ဘာမျှ မပြောပေ။

သူတို့သည် တဲအိမ်ရှိရာ အရှေ့ဘက်တောင်ခြေသို့ လျှောက်လာခဲ့ကြသည်။ တဲကလေးအတွင်း၌ သခင်မ ယီတာသည် ကြိုတင်ရောက်နှင့်နေသည်။

သခင်မယီတာသည် အားလုံးကို ကြိုတင်ပြင်ဆင်ထားသည် ဖြစ်ရာ အစားအသောက်များလည်း အဆင်သင့်ပင်။ သို့သော် ရိက္ခာစိုများ မဟုတ်ချေ။ ရိက္ခာခြောက်များ ဖြစ်သည်။

သို့သော် ဟန်ရှင်က သစ်သီးများ ယူလာခဲ့ရာ အားလုံးသည် ကြိုက်နှစ်သက်ရာကို ယူငင်စားသောက်ကြသည်။

အိပ်စက်ချိန်၌ ကွမ်ယုနှင့် ဟူအင်ချန် အတူအိပ်သည်။

သခင်မလေး ယီတာနှင့် ဟန်ရှင်တို့ အတူအိပ်ကြသည်။

သခင်မလေး ယီတာသည် ညအချိန်မျိုး၌ သူ့အတွက် တံသီးတသန့် လုပ်မနေချေ။ ဖြစ်သလိုအိပ်နိုင်သည်။

သို့သော် ယီတာနှင့် ဟန်ရှင်တို့သည် ကျောခိုင်း အိပ်စက်ကြ၏။ တစ်ဦးနှင့်တစ်ဦး လုံးဝ စကားမပြောကြချေ။

သခင်မလေးယီတာသည် ပြိုင်ပွဲအတွေ့အကြုံနှင့် ပတ်သက်ပြီး ကွမ်ယု၏ ခံစားချက်ကို မေးသည်။ ဟန်ရှင်ကလည်း တစ်ခါတစ်ခါ ဝင်မေးသည်။ ထို့နောက် တိတ်ဆိတ်သွားကြလေတော့၏။



ဟူအင်ချန်သည် ကွမ်ယုအရင် အိပ်ပျော်သွားသည်။ ဟူအင်ချန်မှာ ဝသူဖြစ်၍ အလွန်ဟောက်သည်။

"ဒီကောင့်ဟောက်သံက ကျားဟိန်းသလိုပဲ"

ကွမ်ယု၏ မှတ်ချက်ချသံကြောင့် ယီတာနှင့် ဟန်ရှင်တို့ ပြုံးမိကြသည်။

သို့သော် ဘာမျှတော့ မပြောကြပေ။ မကြာမီ ကွမ်ယုလည်း အိပ်ပျော်သွားလေ၏။

ယီတာနှင့် ဟန်ရှင်တို့နှစ်ဦးမှာ တော်တော်နှင့် အိပ်မပျော်ကြချေ။ မည်သည့်အိပ်မက်များ မက်နေကြသည်မသိ။

ယီတာနှင့် ဟန်ရှင်တို့မှာ အိပ်ပျော်နေရင်း သက်ပြင်းများ ချမိကြသည်။

နံနက်လင်းသောအခါ ယီတာနှင့်ဟန်ရှင်တို့ ပြိုင်တူလိုလိုပင် နိုးလာကြသည်။ သူတို့သည် စားစရာများကို ပြင်ဆင်ကြသည်။

ထူးခြားသည်မှာ သခင်မလေး ယီတာသည် သာမန်ဆင်းရဲ သူတစ်ဦးကဲ့သို့ အလုပ်လုပ်ခြင်းပေတည်း။

သူတို့သည် ကွမ်ယုနှင့် ဟူအင်ချန်တို့ကို နှိုးကြသည်။

အားလုံး မျက်နှာသစ်ပြီး စားစရာ သောက်စရာများကို ကိုယ်စီကိုယ်င ကောက်ယူစားသောက်ကြသည်။

ဟူအင်ချန်သည် သူ့အထုပ်ကြီးထဲမှ အိုးတစ်လုံးကို ထုတ်လိုက်သည်။ ဝါးရွက်စိမ်းအရက် ...။

ထိုဝါးရွက်စိမ်းအရက်မှာ နှစ်တစ်ရာမျှကြာအောင် မြေအောက်တွင် မြှုပ်နှံထားသည့်အရက်ဖြစ်သည်။ အလွန်ဈေးကြီးသော အရက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သိပ်ကောင်းတဲ့အရက်ပါလား သူငယ်ချင်း၊ ငါ ကျေးဇူးတင်တယ်"

ဟူအင်ချန်က ...

"ကျေးဇူးတင်စရာမလိုပါဘူးကွာ၊ မင်းက သိုင်းပြိုင်ပွဲမှာ မင်းစွမ်းရည်ကို မြင်ရတော့ ငါတို့ မင်းအစား ဂုဏ်ယူမိကြတယ်၊ အခုလို ဂုဏ်ပြုအရက်တိုက်ခွင့် ရတာကိုလည်း ငါ ကျေနပ်လှပါပြီ၊ မင်း ဒီလိုစွမ်းဆောင်နိုင်အောင် သင်ကြားပေးတဲ့ မင်းဆရာမကိုလည်း ဂုဏ်ပြုထိုက်ပါတယ်၊ ဆရာမ ... ဆရာမအတွက် ဂုဏ်ပြုအရက်ပါ ခင်ဗျား"

ဟူအင်ချန်က လေးစားစွာပြော၏။

သခင်မ ယီတာက တစ် ချက်မျှ ပြုံးလိုက်ပြီး ...

"ဟူအင်ချန် ... ရှင်က ကျွန်မကို ဆရာမအဖြစ် အသိအမှတ် ပြုလိုက်ပြီလား"

ဟူအင်ချန်သည် ခေါင်းညိတ်လိုက်လေ၏။ သူသည် ဟန်ရှင် ကို တစ်ချက်မျှကြည့်လိုက်ပြီး ...

"ဆရာမလို့ ကျွန်တော် တစ်သက်လုံး ခေါ်သွားပါမယ် ခင်ဗျာ"

ဟန်ရှင်သည် မသိကျိုးကျွန်ပြုနေ၏။ ယီတာက ...

"ဒီနေ့ သိုင်းပြိုင်ပွဲကို စောစော ကျင်းပဖြစ်လိမ့်မယ်၊ ကျွန်မ စည်းကမ်းထိန်းသိမ်းရေးမှူးတွေဆီမှာ စုံစမ်းပြီးပြီ၊ ကဲ ... အားလုံး စားသောက်ပြီးရင် ပြိုင်ပွဲလွင်ပြင်ကို သွားကြရအောင်"

သူတို့အားလုံးသည် တောင်သုံးလုံး ပြိုင်ပွဲလွင်ပြင်သို့ ထွက် လာကြသည်။



ကွမ်ယုကို လေးလေးစားစား နှုတ်ဆက်ကြသော သိုင်း သမားများကို တွေ့သောအခါ ဟူအင်ချန်နှင့် ဟန်ရှင်တို့ ဂုဏ်ယူမိကြ သည်။

စည်းကမ်းထိန်းသိမ်းရေးမှူးအချို့သည်ပင် ကွမ်ယုအား လာ ရောက်စကားပြောကြသည်။

သခင်မ ယီတာကား သူတို့အနီး၌ မရှိတော့ချေ။

ရုပ်ဆိုးဆိုးလူငယ်အဖြစ် ရုပ်ဖျက်ထားပြီး မနီးမဝေး၌ ရပ်ကြည့်နေသည်။

ကွမ်ယုသည် သိုင်းသမားအချို့တိုက်သည့် ဂုဏ်ပြုအရက် များကို မလွှဲမရှောင်သာ သောက်ရသည်။

ထိုအခါ ယီတာ၏ တိုးညင်းသော စကားသံက သူ့နားထဲသို့ တိုးဝင်လာလေသည်။

"ကွမ်ယု ... ရှင် အရက်တွေကို အရမ်းမသောက်နဲ့၊ သူတို့ ကတော့ တိုက်မှာပဲ၊ တစ်ငုံလောက်ပဲ သောက်၊ သူတို့တိုက်သမျှ အရက်တွေ သောက်မယ်ဆိုရင် ရှင် ဘယ်နည်းနဲ့မှ ပြိုင်ပွဲကို ယှဉ်ပြိုင် နိုင်မှာ မဟုတ်ဘူး"

ကွမ်ယုသည် ထိုအခါကျမှ ပြိုင်ပွဲကို သတိရလေသည်။

မှန်သည်။

စင်မြင့်ပေါ်တွင် မူးနေပြီး တစ်ဖက်လူ တိုက်ခိုက်သမျှ ခံနေရပါက လူရယ်စရာဖြစ်တော့မည်။

အရက် အလွန်အကျွံသောက်ပါက အောင်ပွဲမဖြစ်ဘဲ ရှုံးပွဲ ဖြစ်သွားတော့မည်။

ကွမ်ယုသည် ဂုဏ်ပြုမှုများ၌ ယစ်မူးမနေတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းရှောင်ထွက်လာကာ လူရှင်းသည့် မြက်ခင်းတစ်နေရာတွင် သွားထိုင်နေတော့သည်။

ဟူအင်ချန်နှင့် ဟန်ရှင်တို့မှာ ကွမ်ယုနောက် တကောက်ကောက်လိုက်နေကြရာ သူထိုင်သောအခါမှ အနားရကြတော့သည်။

သိုင်းသမားများသည် ဥဒဟိုလျှောက်သွားနေကြသည်။

ယီတာသည် တစ်နေရာရာတွင် ရှိပေလိမ့်မည်။

ထိုနေရာမှာလည်း ကွမ်ယုကို လှမ်းမြင်ရသည့် နေရာဖြစ်လိမ့်မည်။ ကွမ်ယု၊ ဟူအင်ချန်နှင့် ဟန်ရှင်တို့ စကားပြောနေကြစဉ် အဒေါ်ချန်ကို တွေ့လိုက်ရသည်။

"ဟာ ... ဟိုမှာ အဒေါ်ချန်၊ တန်ကျင်ရိနေကောင်းသွားပြီနဲ့ တူတယ်"

အဒေါ်ချန်သည် ကွမ်ယုအား လက်မြှောက်ပြပြီး လူကြားထဲမှ တိုးဝှေ့ ဝင်ရောက်လာလေသည်။

ကွမ်ယုက ...

"အဒေါ်ချန် ... တန်ကျင်ရိ နေကောင်းသွားပြီလား"

"အင်း ... ကောင်းသွားပါပြီ၊ ဟိုမှာ အနားယူခိုင်းထားတယ်၊ အဲဒါက အရေးမကြီးပါဘူး၊ မင်းရဲ့ပြိုင်ပွဲ အခြေအနေပြောစမ်းပါဦး"

"အဒေါ်ချန်က ကျွန်တော့်ကို စိတ်မချဘူးလား"

"ဘယ်စိတ်ချပါ့မလဲကွယ်၊ မင်းက ဒီသိုင်းပြိုင်ပွဲကို ပေါ့ပေါ့ကလေး မှတ်နေသလား၊ သိုင်းလောကဆိုတာ အင်မတန် ပရိယာယ်ကြွယ်တယ်ကွယ့်၊ အမြဲတမ်း သတိထားနေနိုင်မှ တန်ကာကျတာ၊ သိုင်းသမားကောင်းတွေရဲ့ အသက်ဟာ သတိပဲကွယ်"

အဒေါ်ချန်က လေးနက်စွာ သတိပေးသည်။



သူမသည် သိုင်းလောကဏ္ဍ ကျင်လည်ခဲ့ဖူးသူ မဟုတ်ပါလား။

ကွမ်ယုက ...

"ကျွန်တော့်ကို ခုလို ဂရုတစိုက်နဲ့ လေးလေးနက်နက် သတိပေးတဲ့အတွက် အဒေါ်ချန်ကို ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ အဲ ... အဒေါ်ချန် သတိပေးထားတဲ့အချက်ကို ကျွန်တော် အမြဲမပြတ် နှလုံးသွင်းထားပါမယ်"

ကွမ်ယုသည် အဒေါ်ချန်ကို လေးစားစွာ ဂါရဝပြုလိုက်သည်။ ထိုအချိန်တွင် မည်းမည်းကျစ်ကျစ် ပိန်ပိန်ပါးပါး တစ်ယောက်သည် ကွမ်ယုထံသို့ ရောက်ရှိလာသည်။

သူသည် အရက်ခွက်ကို ကိုင်ထားသည်။

"သူရဲကောင်း ကွမ်ယု ... ခင်ဗျားရဲ့အစွမ်းကတော့ အံ့မခန်းပါပဲဗျာ၊ ခင်ဗျားကို ဂုဏ်ပြုအရက် တစ်ခွက်လောက်တိုက်ပြီး ဂုဏ်ပြုပါရစေ"

သူသည် အရက်ခွက်တစ်ခွက်ကို လှမ်းပေးလိုက်သည်။

ကွမ်ယုသည် အရက်ခွက်ကို ရိုသေစွာ လှမ်းယူလိုက်သည်။

ထိုလူကိုလည်း ကျေးဇူးတင်စွာ လှမ်းကြည့်သည်။

ထိုလူ၏အကြည့်ကတော့ အေးစက်စက်ပင်။

"ကျေးဇူးတင်ပါတယ်ဗျာ"

ကွမ်ယုသည် အရက်ခွက်ကို မော့သောက်ရန် ဟန်ပြင်လိုက်လေသည်။ အဒေါ်ချန်က ...

"ဟဲ့ ကွမ်ယု ... သူများဂုဏ်ပြုတဲ့ အရက်ကိုချည်း ကိုယ်က သောက်နေလို့ ဖြစ်မလားကွယ့်၊ ကိုယ်လည်း အရက်နဲ့ပြန်ပြီး ညှိခံဦးမှပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်နားရောက်နေသော အရက်ခွက်ကို လှမ်းဆွဲလိုက်သည်။

သူသည် အနီးပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်၏။ ဟူအင်ချန်က အလိုက်သိသည်။

"အဒေါ်ချန် ... ကျွန်တော့်မှာ ဝါးရွက်စိမ်းအရက်ပါတယ်"

"ပါရင် ပေးစမ်းပါကွယ်"

ဟူအင်ချန်သည် အရက်တစ်ခွက်ကို ငှဲ့ထည့်ပေးလိုက်သည်။

အဒေါ်ချန်သည် ဟူအင်ချန်ပေးသော အရက်ခွက်ကို ညာဘက်လက်ဖြင့် လှမ်းယူပြီး ကွမ်ယုလက်ထဲမှ အရက်ခွက်ကို ဘယ်ဘက်လက်ဖြင့် ယူလိုက်သည်။

ထို့နောက် အရက်နှစ်ခွက်ထဲမှ အရက်များကို ရောစပ်လိုက်၏။

ထို့နောက် ...

တစ်ခွက်စီ၌ တစ်ဝက်စီထည့်ပြီး ပိန်ပိန်မည်းမည်းကျစ်ကျစ် လူအား လှမ်းပေးလိုက်၏။

"တို့ကလည်း ဧည့်သည်ကို အရက်နဲ့ ပြန်ဧည့်ခံပါရစေဦး၊ သောက်လိုက်ပါနော်၊ ဝါးရွက်စိမ်းအရက်ဆိုတာ နာမည်ကျော်ကွယ့်"

ထိုလူက ...

"ကျေးဇူးတင်ပါတယ် အဒေါ်ချန်၊ ကျွန်တော် ဒီနေ့တစ်နေ့လုံး အရက်တွေသောက်ခဲ့ရတာများလွန်းလို့ ဘယ်နှစ်ခွက်မှန်းတောင် မသိတော့ပါဘူး"

"အမယ်လေး ... တစ်ခွက်တစ်ဖလားကိုများကွယ်၊ နောက်ပြီး အရက်က တစ်ဝက်တည်းပါ"



"သည်းခံပါ အဒေါ်ချန်၊ ကျွန်တော် အရက်သောက်တာ များနေလို့ တစ်ဝက်မပြောနဲ့ တစ်စက်ကလေးတောင် မသောက်နိုင်တော့ပါဘူး၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ ... ကွမ်ယုရေ ပြိုင်ပွဲကွင်းထဲမှာ တွေ့ကြတာပေါ့ကွာ၊ ကျူပ်သွားဦးမယ်"

ကွမ်ယုက အံ့အားသင့်နေ၏။

"နေပါစေ ... နေပါစေ"

"နေပါဦးလေ ... စကားစမြည်လေး ဘာလေးပြောကြသေးတာပေါ့"

"နေပါစေ ... နေပါစေ၊ ဟိုမှာ ကျူပ်မိတ်ဆွေတွေနဲ့ ချိန်းထားတာ ရှိသေးလို့ သွားလိုက်ပါဦးမယ်နော်"

"ဟား ... ဟား ... ဟား"

အဒေါ်ချန်က အော်ဟစ် ရယ်မောလိုက်သဖြင့် ဟူအင်ချန်၊ ဟန်ရှင်နှင့် ကွမ်ယုတို့သည် အဒေါ်ချန်အား လှည့်ကြည့်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## (၃၃)

## အဆိပ်ဘုရင်

ကွမ်ယုက လှမ်းမေးလိုက်သည်။

"အဒေါ်ချုန် ဘာဖြစ်လို့ ရယ်နေရတာလဲ"

အဒေါ်ချုန်က ...

"ဒီအရက်ခွက်နှစ်ခွက်ထဲက တစ်ခွက် ကုန်အောင်သောက်နိုင်တဲ့လူရှိရင် အဒေါ်ချုန် တစ်သက်လုံး ကျွန်ခံလိုက်ချင်ပါတယ်ကွယ်"

ကွမ်ယုက ...

"ဘာဖြစ်လို့လဲ အဒေါ်ချုန်၊ အရက်တစ်ခွက်ကို ကုန်အောင်သောက်တာ ဘာများခက်တာမှတ်လို့"

"ဘာခက်လို့လဲ ဟုတ်လား။ သောက်တာကတော့ မခက်ပါဘူး။ သေတာကတော့ ခက်တယ်"

အဒေါ်ချုန်သည် အရက်များကို မြက်ခင်းပေါ်သို့ လောင်းချပစ်လိုက်၏။ အရက်နှင့်ထိသော မြက်ပင်များသည် ချက်ချင်း ညှိုးကျသွားသည်။ အရက်များသည် အငွေ့တလူလူ ထွက်လာ၏။

"ဟင် ... ဘယ်လိုဖြစ်တာလဲ"

အဒေါ်ချုန်က ရယ်မောလိုက်၏။

"ဒီအရက်ထဲမှာ အပြင်းထန်ဆုံးအဆိပ် ပါတယ်ကွယ့်၊ မင်းဝမ်းထဲကို ဒီအရက် ဝင်သွားတာနဲ့ အူပြတ်၊ အသည်းကြေသွားမယ်"



"အိုး ... ဒီလူဟာ ရက်စက်လှချည်လား။ သူနဲ့ ကျွန်တော်ဟာ ရန်သူလည်း မဟုတ်"

"ရက်စက်တာဟာ သူ့ရဲ့ မူလသဘာဝပဲ"

"သူက ဘယ်သူလဲဟင်"

"အဆိပ်ဘုရင် ဖုံရှင်းကျုန်ဆိုတာ သူပေါ့"

"ဘုရား ... ဘုရား ... ရက်စက်လှချည့်၊ လူတစ်ယောက်ကို သွေးအေးအေးနဲ့ လာလုပ်ကြတာပဲ"

"သူတို့အဖို့ လူတစ်ယောက်ကို သတ်တယ်ဆိုတာ ထမင်းစားရေသောက်ပဲလေ"

"ဒီ အဆိပ်ဘုရင် ဖုံရှင်းကျုန်က သိုင်းပြိုင်ပွဲမှာ တရားမျှတစွာ မယှဉ်ပြိုင်ဘဲနဲ့ ဘာဖြစ်လို့ အခုလို ကောက်ကျစ်ရတာလဲ မသိဘူး"

အဒေါ်ချုန်က ...

"ပြိုင်ပွဲဆိုတာ စည်းဝိုင်းထဲမှာတင် ရှိတာမဟုတ်ဘူး။ ဘဝရဲ့ အချိန်တိုင်းမှာလိုလို ပြိုင်ပွဲဆိုတာရှိနေတယ်၊ သိုင်းသမားဖြစ်လာရင် အမြဲသတိရှိနေရမယ်ဆိုတာကို အဆိပ်ဘုရင် ဖုံရှင်းကျုန်က လက်တွေ့ပြသလိုက်တာပဲ ကွမ်ယု"

အဒေါ်ချုန်က လေးနက်စွာ ဆက်ပြောသည်။

"မင်းပါးစပ်ကနေ သတိကို နှလုံးသွင်းထားပါမယ်လို့ ပြောခဲ့တယ်၊ လက်တွေ့မှာတော့ ငါသာ မတားရင် အဆိပ်အရက်ကို မင်းသောက်ချပြီးပြီ၊ ကံအားလျော်စွာ မင်းအနားမှာ ငါရောက်နေလို့ပေါ့၊ ငါမရောက်ရင် သူ့ကိုလည်း မင်းမသိဘူး။ အဆိပ်ခတ်ထားတာကိုလည်း သိမှာမဟုတ်ဘူး။ ငါကတော့ သူ့ကို အဆိပ်ဘုရင်မှန်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိနေတော့ သူ ပေးလိုက်ကတည်းက မရှိးဘူးဆိုတာ သိနေတယ်"

အဒေါ်ချွန်က ...

"ငါပြောတဲ့စကားတွေကို မင်း သေသေချာချာ မှတ်ထားကွမ်ယု ... ဒါတွေဟာ ငါ့အတွေ့အကြုံတွေနဲ့ ယှဉ်ပြီး ပြောတဲ့သင်ခန်းစာ စကားပါ။ မင်းကိုယ်မင်း သိုင်းသမားလို့ ခံယူလိုက်တာနဲ့ တစ်ပြိုင်နက် မင်းအတွက် မိတ်ဆွေတစ်ယောက်မှ မရခင် မင်းမှာ ရန်သူတစ်ရာလောက် ဝိုင်းဝိုင်းလည်နေလိမ့်မယ်၊ သိုင်းသမားတစ်ယောက်ဖြစ်လာတာနဲ့ အမှု တစ်နေ့ထက်တစ်နေ့ အသက်ရှင်သန်ဖို့ ပိုပြီးခက်ခဲလာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရန်သူတွေက ဘေးမှာ ဝိုင်းဝိုင်းလည်နေတာကိုး။ အေးကွယ် ... မင်းဟာ ဒီသိုင်းပြိုင်ပွဲ စင်မြင့်ပေါ်တက်လိုက်ပြီဆိုတာနဲ့ သိုင်းသမားတစ်ယောက်ပါလို့ ကြေငြာလိုက်တာပဲ၊ သိုင်းသမားတစ်ယောက်ဟာ ဘဝတစ်လျှောက်လုံး ကိုယ့်အသက်ကိုယ် သတိနဲ့ စောင့်ရှောက်ရပါတယ်၊ အဒေါ်ချွန် ပြောချင်တာကတော့ ဒါပါပဲကွယ်"

ထိုအခါ ဟန်ရှင်က ဝင်ပြောလာလေ၏။

"အဒေါ်ချွန်ပြောတဲ့စကား မှန်တယ်ကွမ်ယု၊ ရှင်ဟာ သိုင်းပြိုင်ပွဲ စင်မြင့်ပေါ် အခုမှ စတက်တာပါ။ ခရီးမကျုံသေးပါဘူး၊ ဒီတော့ ပြိုင်ပွဲကို ရှင်ဆက်မပြိုင်ပါနဲ့တော့၊ ကျွန်မတို့ပြန်ကြမယ်၊ လူသာမန်ဘဝဟာ အင်မတန်လွတ်လပ် ပျော်ရွှင်စရာကောင်းပါတယ်၊ သိုင်းသမားကတော့ အဒေါ်ချွန်ပြောသလို အမြဲတမ်းသတိထားနေရတယ်၊ အဲဒီတော့ ပျော်စရာအချိန် ဘယ်မှာရှိတော့မလဲ၊ ရှင့်အမှားကို အမြန်ပြင်ပါ။ ကဲ ... ကျွန်မတို့ သိုင်းလောကကို ကျောခိုင်းပြီး ပျော်စရာကောင်းတဲ့ အရပ်သားဘဝကို ပြန်သွားကြမယ်"



ဤသည်မှာ မလွယ်ကူပါ။

ကွမ်ယုသည် ယမန်နေ့ကတည်းက သိုင်းပိုးဝင်သွားပြီဖြစ်ပါသည်။

စင်မြင့်ပေါ်၌ လှုပ်ရှားခဲ့ရသဖြင့် သွေးရဲသွားပြီ ဖြစ်ပါသည်။

ဟန်ရှင်ပြောသလို နောက်ဆုတ်ရန် သူ အတော်ကြီး စဉ်းစားရပါသည်။

ထိုစဉ် သူတို့အနီးသို့ ရုပ်ဖျက်ထားသော သခင်မလေး ယီတာ ရောက်ရှိလာသည်။

သူမသည် အဒေါ်ချွန်ပြောသည့်စကားကိုလည်း ကြားသည်။

ဟန်ရှင်ပြောသည့်စကားကိုလည်း ကြားသည်။

သို့သော် သူမသည် ဟန်ရှင်ပြောသည့်စကားကို ချေပလိုသည်။

သူမသည် ဟန်ရှင်နှင့်စကားမပြောသဖြင့် အဒေါ်ချွန်ကိုသာ ပြောရတော့သည်။ ယီတာက ...

"အဒေါ်ချွန် ... ကွမ်ယုကို ဘာတွေ ပြောလိုက်သလဲ၊ အဒေါ်ချွန်ကို သတိပေးပါရစေ၊ လူတစ်ယောက်ရဲ့ စေတနာ ဝေဒနာတွေဟာ လူတစ်ယောက်ရဲ့ဘဝကို နစ်နာ ဆုတ်ယုတ်တတ်ရာရောက်စေတယ်၊ တစ်ခါတစ်ရံ လူတစ်ယောက်ရဲ့ တိုးတက်မှုပါ ပိတ်ပင်ရာရောက်စေတယ်၊ လူ့ဘဝဆိုတာ တော်တော်ထူးဆန်းတယ်၊ ကျရာဘဝမှာ ဖြစ်သလိုနေမယ်၊ ရောင့်ရဲမယ်ဆိုရင်တော့ ဘာမှ အပူအပင်မရှိတော့ဘူး၊ စိတ်ဆင်းရဲစရာလည်း မရှိတော့ဘူးပေါ့၊ ဒါပေမဲ့ အဲဒီလိုရောင့်ရဲတဲ့သူ ဘယ်နှစ်ယောက်ရှိသလဲ၊ လက်ချိုး ရေတွက်ပြစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ယီတာသည် အေးအေးဆေးဆေး မေးလိုက်သည်။

"အဲဒီလူတွေ ရှိတော့ရှိပါတယ် ... ရှားတယ်၊ လူဆိုတဲ့လူက တော့ ဘဝကို တစ်ဆင့်ထက်တစ်ဆင့် မြင့်အောင်ကြိုးစားနေကြတာ ပဲ၊ ဒါကြောင့်လည်း လောကကြီး တိုးတက်လာတာပေါ့၊ တစ်ခုတော့ ရှိတယ် ... တက်ရတဲ့ လှေကားထစ်တွေဟာ အမြဲတမ်း အဆင်မပြေ ဘူး၊ တစ်ခါတစ်ရံ တက်ရခက်အောင် မြင့်မားမတ်စောက်နေတတ် တယ်၊ ဒါမျိုးကိုလည်း ကုတ်ကပ်တက်ရတာပဲ၊ တစ်ခါတစ်ရံ အဲဒီမတ် စောက်တဲ့ လှေကားထစ်တွေကို တက်ရတဲ့အခါမှာ အသက်အန္တရာယ် လည်း ရှိတယ်၊ အခက်အခဲလည်း ရှိတယ် ... ဒါ ထုံးစံပဲ၊ ဒါ သဘာဝပဲ၊ ကဲ ကွမ်ယုရေ ... သိုင်းပြိုင်ပွဲစနေပြီ၊ စည်းကမ်းထိန်းသိမ်းရေးမှူးတွေ ဟာ ရှင့်နာမည်ကို တကြော်ကြော်ခေါ်နေကြပြီ၊ ရှင့်ဘဝတိုးတက်မှု ဟာ ဒီစင်မြင့်ပေါ်မှာရှိတယ်၊ အဲဒီစင်မြင့်ပေါ်က အောင်မြင်မှုတွေကို ရှင် တိုက်ခိုက်ယူရမှာပဲ၊ မတိုက်ခိုက်နိုင်ရင်တော့ ရှင်ရှုံးပြီ၊ ကဲ ... စင်မြင့်ရှိရာကို အမြန်ဆုံး သွားပေတော့"

ကွမ်ယု၏စိတ်ဓာတ်များသည် တဖွားဖွား တက်ကြွလာ သည်။ သူ့ဆရာမစကားများသည် သူ့ကို သွေးသစ်လောင်းပေးသကဲ့ သို့ရှိသည်။

"ဟုတ်ကဲ့ ... ဆရာမ"

ကွမ်ယုသည် ယီတာ၏စကားအတိုင်း ဘဝတိုးတက်မှု ရှာဖွေရန် ပထမခြေလှမ်းအဖြစ် စင်မြင့်ရှိရာသို့ ပြေးသွားလေတော့ ၏။

ဟန်ရှင်မှာ ငေးမောရင်း ကျန်ရစ်ခဲ့သည်။

ကွမ်ယုသည် စင်ပေါ် ပြေးတက်သွားသည်။



စင်မြင့်ပေါ်၌ အဆိပ်ဘုရင် ဖုန့်ရှင်းကျန်သည် မားမားကြီး ရပ်ပြီး ကွမ်ယုအား စောင့်မျှော်နေလေသည်။

သူသည် လှေကားထစ်များကို နင်းရင်း ...

"ငါဟာ ဆင်းရဲတယ်၊ ငါ့ဘဝဟာ နိမ့်ကျတယ်၊ ငါဟာ လူရာ မဝင်ဘူး၊ ငါ့ကိုယ်ငါ ကြိုးစားရမယ်၊ ငါ့ဘဝကို မြှင့်တင်ရမယ်၊ ဟန်ရှင် ပြောသလို လူသာမန်ဘဝမှာ ရောင့်ရဲနေရင် ငါဟာ ငမွဲပဲ ဖြစ်နေမှာ ပေါ့၊ ငါ့ဘဝရဲ့ အောင်ပွဲတွေကို တွန်းလှန်တိုက်ခိုက်ပြီး အရယူရမယ်၊ အခက်အခဲဟူသမျှကို ငါတွန်းလှန်ဖြိုဖျက်သွားရမယ်"

သူသည် စိတ်ထဲမှ ကြုံးဝါးရင်း လှေကားထစ်များကို တစ် ထစ်ချင်း နင်းတက်လေသည်။ ကွမ်ယုသည် စင်မြင့်ပေါ်သို့ ရောက်သောအခါ လက်နှစ်ဖက်ကို မြှောက်လိုက်ရန် ကောင်းကင်သို့ မျှော်ကြည့်လေ၏။ သူ့အကြည့်က ကြောဝဠာကို ထုတ်ချင်းခတ် ထိုးဖောက်သွားသည်။

"ငါ ... ငါ ... ငါ့ဘဝကို တိုးတက်အောင် လုပ်ရမယ်"

ထိုအသံများသည် သူ့နားထဲသို့ ထပ်ခါတလဲလဲပဲ့တင်ထပ် ပြီး တိုးဝင်တော့သည်။

"ဟမ်း ... "

ကွမ်ယုသည် ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်၏။

အတွင်းအားများရော အသိဉာဏ်များရော ပေါင်းစပ် အော်ဟစ်လိုက်သည့် အသံသည် ပြိုင်ပွဲတစ်ခုလုံးအား တုန်ဟည်း သွားစေပြီး ဆဝက်တိုင်သွားလေသည်။ သူသည် အဆိပ်ဘုရင် ဖုန်ရှင်းကျန်အား ကြည့်လိုက်သည်။

ဖုန်ရှင်းကျန်ကို သူသည် သေသေးကလေး မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ရှင်းကျုန် တိုက်ခိုက်မည့်အရာများသည် ရှင်သေမင်း၏ အဆိပ်အရွက်များ ဖြစ်ပါစေ သူ့ရိုက်ချိုးပစ်မည်၊ ရှင်းပစ်မည်ဟူသော သူ့ အသိသာ သူ့ရင်ခွင်ထဲ လွှမ်းမိုးပါ၏။

သူသည် ဖုန်ရှင်းကျုန်ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။ သူ့အကြည့်၊ သူ့ခွန်အား၊ သူလျှောက်လှမ်းပုံတို့မှာ တွေ့သမျှကို နင်းခြေအမှုန့်ကြိတ်သွားမည့် ပုံဟန်ရှိသည်။

ဖုန်ရှင်းကျုန် လန့်သွားသည်။ သူသည် အလိုလို သိမ်ငယ်သွားသည်။ ထိုစဉ် ကွမ်ယုသည် တစ်လှမ်းချင်း ရှေ့တိုးလာလေ၏။

ခြသေ့်တစ်ကောင်သည် သားကောင်အားတွေ့ပြီး ဖမ်းဆီးမည်ဟု ရှေ့သို့တိုးလာသကဲ့သို့ ရှိနေသည်။ ကွမ်ယုသည် ခြသေ့်တစ်ကောင်ကဲ့သို့ သားကောင်ကို ပုတ်လိုက်မည်လော၊ ဖုန်ရှင်းကျုန်၏ရင်ဝကို ထွင်းဖောက်၍ သွားမည်လောဟု အားလုံးသည် တထိတ်ထိတ်နှင့် စောင့်ကြည့်နေလေသည်။

"ခင်ဗျား ဘယ်ကိုပြေးမလဲ၊ ကျုပ်လက်ထဲက လွတ်အောင် ပြေးစမ်း"

ကွမ်ယုသည် အော်ဟစ်လိုက်သည်။

သူ့အော်သံသည် ပြိုင်ပွဲလွင်ပြင် တစ်ခုလုံးကို တုန်ဟည်းသွားစေသည်။ ဖုန်ရှင်းကျုန်သည် ဆတ်ခနဲ တုန်သွားသည်။

သူသည် သူ့စိတ်ခတ်များကို အထပ်ထပ် မြှင့်တင်နေ၏။

သို့သော် တင်၍မရပါ။ စိတ်ခတ်များသည် ပြိုကွဲကျဆင်းနေပါသည်။ သူသည် ကွမ်ယုကို ကြောက်လန့်လာပါသည်။

ကွမ်ယုသည် သူ့အား ဖိကြိတ်ညှစ်သတ်တော့မည်ဟု တဖြည်းဖြည်း အထင်ရှိလာသည်။



အဆိပ်ဘုရင် ဖုန်ရှင်းကျုန်သည် သူ့စိတ်ကို အစိုးမရတော့ချေ။ သူသည် တဖြည်းဖြည်း နောက်ဆုတ်ရာမှ လှည့်ပြေးလေတော့သည်။

သူသည် စင်မြင့်ပေါ်မှ ခုန်ချသည်။ ပရိတ်သတ်ကို ထွင်းဖောက်ပြေးသည်။ နောက်ဆုံး တောင်သုံးလုံးလွင်ပြင်နှင့် ဝေးသထက်ဝေးရာသို့ ထွက်ပြေးသွားလေတော့သည်။

ကွမ်ယုသည် အံ့အားသင့်လျက် ကျန်ရစ်သည်။ သူ၏ စိတ်အင်အား အထူးကြီးမားနေသည်ကို ကွမ်ယု သတိမပြုမိချေ။

သူသည် သူ့အား ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးသည့် အဆိပ်ဘုရင် ဖုန်ရှင်းကျုန်ကိုသာ ငေးကြည့်နေလေတော့သည်။

"ဒီပြိုင်ပွဲမှာ တစ်ဖက်ယှဉ်ပြိုင်သူ အဆိပ်ဘုရင် ဖုန်ရှင်းကျုန်ဟာ ကွမ်ယုကို မယှဉ်ပြိုင်ရဲဘဲ ထွက်ပြေးသွားပါပြီ၊ ဒါကြောင့် ကွမ်ယုဟာ ဒီပြိုင်ပွဲမှာ အနိုင်ရသူ ဖြစ်သွားပါပြီ"

စည်းကမ်းထိန်းသိမ်းရေးမှူးက အော်ဟစ်ကြေညာလိုက်သောအခါ အုန်းအုန်းထအောင် ကွမ်ယုအား အားပေးအော်ဟစ်ကြလေတော့သည်။

သို့သော် ထိုလက်ခုပ်သံများကို ကွမ်ယုသည် မကြားတော့ချေ။ ထိုလက်ခုပ်သံများသည် ချက်ချင်း ဆဲဆိုအော်ဟစ်သံများ၊ ရန်လိုသောအသံများအဖြစ် ပြောင်းလဲသွားလေ၏။

တကယ်တော့ အော်ဟစ်သံ၊ အားပေးသံများ ရှိနေသည်သာ ဖြစ်ပါသည်။

သူ့ အမြင်ပြောင်းလဲသွားသဖြင့်သာ အော်ဟစ်အားပေးသံများကို ဆဲဆိုသံ၊ ရန်လိုသံများအဖြစ် ကြားလိုက်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုသော အမှားကလေးကို လုပ်လိုက်လျှင် ဤပရိတ်သတ်ကြီးထံမှ အားပေးသံများအစား ဆဲဆိုသံများကိုသာ ကြားရမည် မဟုတ်ပါလား။

သူသည် လက်ခုပ်သံများကို သတိနှင့် နားထောင်နေလိုက်သည်။

လူအများ၏ စိတ်သဘောနှင့် သိုင်းသမားတစ်ဦး ခံယူရမည့် အသိအမြင်များအကြောင်း ရှင်းပြခဲ့သော အဒေါ်ချန်နှင့် ဘဝ၏တိုးတက်ရာလမ်းကြောင်းပေါ်သို့ တွန်းတင်ပေးခဲ့သော သခင်မလေး ယီတာတို့အား အလွန်ပင် ကျေးဇူးတင်မိတော့သည်။

"အင်း ... အဒေါ်ချန်လည်း ကျေးဇူးရှင်ပဲ၊ ဆရာမလည်း ကျေးဇူးရှင်ပဲ"

အဒေါ်ချန်ပြောတာလည်း မှန်သည်။ ယီတာပြောတာလည်း မှန်သည်။

အမြဲသတိထား။

ဘဝကို တိုးတက်သထက် တိုး တက်အောင်လုပ်။

လူ့ဘဝဆိုသည်မှာ ရှေ့သို့တိုးတက်နေရန်သာ ဖြစ်တော့သည်။

▣▣▣



## (၃၄)

## တောင်ကျွန်းသိုင်းဆရာကြီး

ထိုနေ့ပြိုင်ပွဲ နှစ်ဆယ့်တစ်ပွဲကို ရောက်သောအခါ ကွမ်ယု၏အလှည့်ကို ပြန်ရောက်လာပြန်၏။

ကွမ်ယုသည် နင်းတောင်လီလင်းနှင့် ရင်ဆိုင်ရပေလိမ့်မည်။ သူ့နားထဲ၌ ယီတာ၏အသံကို ကြား လိုက်ရသည်။

"ကွမ်ယု ... ရှင် အရက်နည်းနည်းမူးနေတယ်၊ ဟိုလူ ဒီလူ တစ္စတ်စွပ်တိုက်တာကို ရှင်သောက်နေတာကိုး။ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ပါ"

ယီတာ၏စကားကို နားမထောင်ဘဲ ကိုယ်ထင်သလို လုပ်ရှားမည်ဟု စိတ်ကူးမိ၏။ ယီတာသည် နေရာတကာ၌ ချုပ်ချယ်နေသည်ဟု ထင်မိသည်။

ထိုသို့ ယီတာကို ဆန့်ကျင်၍ တွေးတောနေခြင်းကပင် မိမိ အနည်းငယ် မူးနေပြီဖြစ်ကြောင်း ကွမ်ယု သတိပြုမိသည်။

သတိ ...။ အစဉ်မပြတ် သတိထားရသည့် သတိ။

အဒေါ်ချန် ပြောသည့်အတိုင်း သတိထားမှ ဖြစ်မည်။ သူသည် မိမိကိုယ်ကို ပြန်ထိန်းချုပ်ရလေ၏။

နင်းတောင် လီလင်းသည် ရိုးစင်းသော တိုက်ကွက်များဖြင့် စတင်တိုက်ခိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုရိုးစင်းသော တိုက်ကွက်များထဲတွင် အကွက်ငယ်များ ပါရှိနေသည်။

အဓိကအချက်မှာ နှင်းတောင်လီလင်းသည် ရိုးစင်းသော တိုက်ကွက်ထုတ်တိုင်း များပြားလှသည့် အကွက်ငယ်များ ပါရှိနေခြင်းပင်တည်း။ မည်သို့ပင်ဖြစ်စေ ... ကွမ်ယုသည် သူ့ရင်ဝကိုသာ အကာအကွယ် ပြုထားသည်။

သခင်မလေး ယီတာသည် နှင်းတောင်လီလင်း၏ ရိုက်ချက်အထိမခံရန် ရင်ဝကို အကာအကွယ်ပြုထားရမည်ဟု သွန်သင်ခဲ့သည် မဟုတ်ပါလား။

နှင်းတောင်လီလင်းသည် ဘယ်ဘက်က ရိုက်လိုက်၊ ညာဘက်က ရိုက်လိုက်ဖြင့် အမျိုးမျိုးရိုက်နေသည်။

သူရိုက်တိုင်း အလွန်ပြင်းထန်သည့် အအေးအငွေ့အသက်များ ခံစားနေရသဖြင့် ရေခဲလက်ဝါးဆိုသည်မှာ ဤအရာပင် ဖြစ်မည်ဟု ကွမ်ယု ရိပ်မိလေ၏။

ကွမ်ယုသည် နှင်းတောင်လီလင်း၏ရိုက်ချက်များကို ပြန်လည်မခုခံချေ။ အမြဲတမ်းသာ ခုန်ရှောင်နေလေ၏။ ထိုသို့ ခုန်ရှောင်ရင်း နလုံးလမ်းကြောင်းကို ကာကွယ်နေရသည်။

နှင်းတောင်လီလင်းသည် မထင်မှတ်သော တိုက်ကွက်ကို ထုတ်လိုက်လေ၏။ သူသည် ရှေ့သို့လက်ထောက်ပြီး တစ်ပတ်ကျွမ်းဆက်ကာ ဆက်ကာ ထိုးလိုက်သည်။ သူ၏ခြေနှစ်ချောင်းဖြင့် ကွမ်ယု၏လည်ပင်းကို ကြက်ခြေခတ် သိမ်းညှပ်၍ ဖမ်းရန်ကြိုးစားသည်။

ကွမ်ယုသည် ထိုတိုက်ကွက်ကို မရှောင်တတ်သကဲ့သို့ ဖြစ်နေ၏။



ထို့ကြောင့် သူသည် နောက်သို့လှည့်ချလိုက်ပြီး ကျွမ်းပစ်လိုက်သည်။ ထိုအခါ ကွမ်ယုသည်လည်း ကြမ်းပြင်ကို လက်ထောက်လျက် နှင်းတောင်လီလင်းကဲ့သို့ ကင်းမြီးကောက်ထောင်လျက်ရှိနေတော့၏။

ထို့ကြောင့် နှင်းတောင်လီလင်း၏ ခြေညှပ်တိုက်ကွက်ဒဏ်မှ ကွမ်ယုသည် ယာယီလွတ်မြောက်သွားတော့သည်။

သို့သော် ပန်းနှံ၌ လွယ်ထားသော ကျောက်စိမ်းဓားကလည်း ကျလာသည်။ ဝတ်ရုံကြီးကလည်း ပုံကျလာသည်။ ဝတ်ရုံကြီးသည် ကွမ်ယုအား အကြီးအကျယ် အနှောင့်အယှက် ပေးနေတော့၏။

ကွမ်ယုသည် မြေပြင်တွင် ပြန်ရပ်နိုင်ရန် ကြိုးစားသည်။

သို့သော် နှင်းတောင်လီလင်းသည် ကင်းမြီးကောက်ပုံစံနှင့်ပင် ဆက်တိုက်နေသဖြင့် ကွမ်ယုမှာလည်း ကင်းမြီးကောက်ပုံစံဖြင့်ပင် ရှောင်တိမ်းနေရ၏။ အတန်ကြာမှ နှင်းတောင်လီလင်းသည် မတ်တတ်ထရပ်သည်။

ကွမ်ယုလည်း ထိုအခါကျမှ မတ်တတ်ရပ်နိုင်တော့သည်။

နှင်းတောင်လီလင်းမှာ သူ၏ အအေးဓာတ် အတွင်းအားကို တစ်ဆင့်ပြီးတစ်ဆင့် တိုးထုတ်နေလေရာ ပတ်ဝန်းကျင်တစ်ခုလုံး အေးစိမ့်နေ၏။

နှင်းတောင်လီလင်းသည် လေထဲသို့ မြောက်တက်သွားပြီး ကွမ်ယုအား ခုန်ကန်လိုက်၏။ ထိုတိုက်ကွက်မှာ နှင်းတောင်လျှပ်ပန်းနွယ် တိုက်ကွက်ပင်တည်း။

ကွမ်ယုသည် ရှောင်တိမ်းရုံဖြင့် မလုံလောက်တော့သဖြင့် ခြေကန်ချက်ကို လက်ဖြင့် တွန်းဖယ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နင်းတောင်လီလင်း၏ လက်ရိုက်ချက်များသည် ဆက်တိုက် ကျရောက်လာသည်။

ထိုအခါ လက်ဖဝါး ချင်း ဆိုင်ရိုက်မိသွားသလို ဖြစ်သွားသဖြင့် နင်းတောင်လီလင်း၏ ကိုယ်တွင်းမှ အအေးဓာတ်များသည် ကွမ်ယု၏ကိုယ်တွင်းသို့ စီးဝင်လာတော့သည်။

ကွမ်ယုသည် အတွင်းအားထုတ်၍ ပြန်လည်ကာကွယ်ရ တော့၏။ ထို့နောက် ကွမ်ယုသည် လက်ဝဲလက်ဖြင့် နင်းတောင် လီလင်းအား ရိုက်ထုတ်လိုက်၏။ သို့သော် နင်းတောင်လီလင်းသည် သူ၏ညာလက်ဖြင့် ဆီးခံလိုက်၏။

'ဖတ် ... '

လက်ချင်း ပူးကပ်သွားကြသည်။

ထိုအချိန်တွင် ကွမ်ယုသည် ယီတာအော်သံကို လွန်စွာ တောင့်တမိသည်။ ယီတာက နင်းတောင်လီလင်းအား မည်သို့ အနိုင် တိုက်နိုင်မည်ကို ညွှန်ကြားပေးစေလိုသည်။

သို့သော် ယီတာထံမှ မည်သည့်အသံမှ သူ မကြားရချေ။

ကွမ်ယုသည် နင်းတောင်လီလင်းအား မည်သို့ တိုက်ခိုက်ရ မည်မှန်း မသိဘဲ ဖြစ်နေစဉ် သူ့ဦးခေါင်းကို စုတ်တံသဖွယ် သဘော ထားပြီး လီလင်းအား ဦးခေါင်းနှင့် တိုက်ချလိုက်၏။

ဤသည်မှာ ကွမ်ယု၏မမျှော်လင့်သော တိုက်ကွက်ဖြစ် သည်။

'ဝုန်း ... ' "အား ... "

နင်းတောင်လီလင်းသည် အသံနက်ကြီးဖြင့် အော်ဟစ်လျက် တစ်ဖက်သို့ လွင့်စဉ်လဲကျသွားလေ၏။



ကွမ်ယုမှာ နောက်ကျွမ်းပစ်လျက် ကြမ်းပြင်ပေါ်၌ ခန့်ထည် စွာ ရပ်နေတော့သည်။

နင်းတောင်လီလင်းမှာ မမျှော်လင့်သော တိုက်ကွက်တစ်ခု ကြောင့် အရှုံးပေးသွားရသည်။

သူသည် ဒယီးဒယိုင်ထရပ်ပြီး ကွမ်ယုအား အရှုံးပေး ကြောင်း အချက်ပြသည်။

ပရိသတ်ကြီးသည် ကွမ်ယုအား တစ်ခဲနက် အားပေးကြ တော့သည်။

"ကွမ်ယုကွ ... ကွမ်ယု"

"လူသစ်ကလေး ကွမ်ယုကွ"

"မီးနဂါး ကွမ်ယုကွ"

အချို့က ကွမ်ယုဝတ်ဆင်ထားသော မီးနဂါးဝတ်ရုံကို အစွဲပြု ကာ မီးနဂါးကွမ်ယုဟု နာမည်ပေးကြလေ၏။

"မီးနဂါး"

"မီးနဂါး ကွမ်ယု"

ထိုအသံများသည် သောင်းသောင်းညံနေသည်။

ကွမ်ယုသည် ပရိတ်သတ်ကြီးအား လေးဘက်လေးတန် ဂါရဝပြုလေ၏။

ထိုစဉ် ...

ပရိသတ်တွင်းမှ အသံတစ်သံ ထွက်ပေါ်လာသည်။

ထိုအသံသည် ကြည်လင်ပီသလှပြီး အလွန်နူးညံ့လှသဖြင့် အတွင်းအားကောင်းသူတစ်ဦး၏အသံဖြစ်ကြောင်း လူတိုင်းသိကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



"မီးနဂါး ကွမ်ယု ... မင်းရဲ့ကျောမှာရှိတဲ့ မီးနဂါးနဲ့ မင်းရဲ့ ပခုံးပေါ်မှာ သိုင်းလွယ်ထားတဲ့ ကျောက်စိမ်းဓားဟာ အလွန်လိုက်ဖက်လှတယ်၊ ဒါပေမဲ့ မင်းတိုက်တဲ့အထဲမှာ ကျောက်စိမ်းဓားကွက် တစ်ကွက်မှ ပါတာမတွေ့ရဘူး။ မင်းရဲ့ ဓားကွက်ကို မြင်ရမလားဆိုပြီး ငါစောင့်ကြည့်နေတယ်၊ မင်း တစ်ခါမှ ထုတ်မသုံးဘူး။ မင်း ဘယ်လိုအခြေအနေမျိုးကျမှ ကျောက်စိမ်းဓားကို ထုတ်သုံးရမှာလဲ"

ကွမ်ယုသည် ပရိသတ်ထဲကို လှမ်းကြည့်လိုက်၏။

သူ့အား မေးခွန်းထုတ်နေသူမှာ အရပ်အမောင်းကောင်းခြင်း၊ ကိုယ်လက်ကြံ့ခိုင်ခြင်း၊ မေးရိုးလေးထောင့်ကျခြင်း၊ ဥပမိရုပ်ကောင်းခြင်း၊ စူးရှတောက်ပသော မျက်လုံးများရှိသည့် လူကြီးတစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ကွမ်ယု၏ စိတ်ထဲ၌ ဤလူကြီးသည် ထူးခြားလှသည်ဟု ထင်မိ၏။ သို့သော် သူ မည်သို့ အဖြေပေးရမည်မှန်း မသိဖြစ်နေသည်။

သူ တွေးတောနေစဉ်မှာပင် စည်းကမ်းထိန်းသိမ်းရေးမှူးများအားလုံးသည် ဝုန်းခနဲထရပ်ပြီး ထိုလူကြီးအား လက်ဖမိုးယှက်လျက် ဦးညွှတ်ဂါရဝပြုကြလေ၏။

"တောင်ကျွန်းသိုင်းဆရာကြီး လီယူမာ ... ကျန်းခံ့သာလို့မာပါစ ခင်ဗျာ"

ထိုအခါ ပရိသတ်ကြီးသည် လှုပ်လှုပ်ရွရွ ဖြစ်သွားလေတော့၏။ လာရောက်ကြည့်ရှုသူများတွင် သိုင်းသမားများစွာ ပါဝင်ရာ လီယူမာအား ထရပ်ပြီး အလျှိုလျှို ဂါရဝပြုနေကြတော့သည်။

ကွမ်ယုမှာ အံ့ဩသွားသည်။



သူသည် တောင်ကျွန်းသိုင်းဆရာကြီးလီယူမာကို မကြားဖူးပေ။ သူ၏ဆရာမ ယီတာကလည်း ပြောမထားပေ။ သို့သော် စည်းကမ်းထိန်းသိမ်းရေးမှူးများနှင့် ပရိသတ်ထုကြီးက ဤမျှ အလေးအမြတ်ထားနေကြောင်း သူတွေ့ရသောအခါ သူသည် ဆရာကြီးကိုကြည့်၍ တုန်လှုပ်နေတော့သည်။

ဆရာကြီးက သူ့အား ထိပ်တိုက် မေးခွန်းထုတ်နေသည် မဟုတ်ပါလား။

"ကွမ်ယု ... ရှင် ဘာလုပ်နေတာလဲ၊ ဆရာကြီးလီယူမာကို ဦးညွှတ်ဂါရဝပြုလိုက်လေ"

ယီတာ၏အသံသည် ကွမ်ယု၏နားဝ၌ အလွန့်အလွန် တိုးညင်းစွာ ထွက်ပေါ်လာ၏။

သူ့အသံမှာ စိုးရိမ်တုန်လှုပ်မှုများ ရှိနေကြောင်း ကွမ်ယု သိသည်။

သူသည် စောစောကပင် ဆရာကြီး လီယူမာအား တုန်လှုပ်နေမိရာ ယခု ဦးညွှတ်နိုင်းသောအခါ လေးစားစွာ ဂါရဝပြုမိလေ၏။

"ဆရာကြီး လီယူမာရဲ့ မြင့်မားတဲ့ သိုင်းပညာကို ကျွန်တော် ကွမ်ယု ဂါရဝပြုပါတယ်ခင်ဗျာ၊ ဆရာကြီးနဲ့ခုလို ဆုံတွေ့ရတဲ့အတွက် ကျွန်တော် ဝမ်းသာလှပါတယ်ခင်ဗျာ"

တောင်ကျွန်းသိုင်းဆရာကြီး လီယူမာ၏ မျက်နှာတွင် အပြုံးရိပ်တစ်ခု ပေါ်ပေါက်လာ၏။ သူသည် ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ကောင်းပြီကွမ်ယု၊ မင်းကို သိုင်းပြိုင်ပွဲ ပြီးဆုံးတဲ့အထိ ငါစောင့်နေမယ်"

သူ့စကားကို ကွမ်ယု နားမလည်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လေးစားစွာပင် ပြောလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျ ... စောင့်နေပါ ဆရာကြီးခင်ဗျာ"

သူသည် ဦးညွှတ်လိုက်လေ၏။

စည်းကမ်းထိန်းသိမ်းရေးမှူးချုပ်သည် တောင်ကျွန်းသိုင်းဆရာကြီးအား ဦးညွှတ်ဂါရဝပြုရင်း လှမ်းပြောလိုက်သည်။

"ဆရာကြီး ခင်ဗျာ ... ဒီသိုင်းပြိုင်ပွဲဟာ သိုင်းလောကကြီး သိုင်းပညာရပ် မြင့်မားဖို့ပဲ ဖြစ်ပါတယ်ခင်ဗျာ၊ အခုလို ဆရာကြီး ကြွရောက်အားပေးချီးမြှင့်တဲ့အတွက် ကျွန်တော်တို့အားလုံးကပဲ ဝမ်းမြောက် ဂုဏ်ယူနေပါတယ်၊ တစ်ဆိတ် ခင်ဗျာ ... ဆရာကြီးအနေနဲ့ ဧည့်သည်တော်များ ထိုင်နေတဲ့နေရာကို ကြွရောက်အားပေးပြီး ကြည့်ရှုပါလို့ ကျွန်တော်တို့ စည်းကမ်းထိန်းသိမ်းရေးမှူးများက ဖိတ်ကြားအပ်ပါတယ် ခင်ဗျာ"

"ကျုပ် ဒီကကြည့်လို့လည်း ရပါတယ်"

"မဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့ဟာ အထူးဧည့်သည်တော်တွေအတွက် ဒီမှာ ထိုင်ခုံတွေ အထူးစီစဉ်ထားပါတယ်၊ ဆရာကြီး အဲဒီနေရာက ကြည့်ရင်လည်း ရပါတယ်၊ ကျွန်တော်တို့ဟာ သိုင်းလောကကြီး သိုင်းပညာရပ် မြင့်မားဖို့ တစ်တပ်တစ်အား ကူညီနေတဲ့ လူတွေပါ၊ ဆရာကြီး အထူးဧည့်သည်တော်တွေထိုင်တဲ့ နေရာလာပြီး ချီးမြှင့်အားပေးတယ်ဆိုရင် ကျွန်တော်တို့ အတိုင်းမသိ ဝမ်းသာ အားတက်ရမှာပါ"

စည်းကမ်းထိန်းသိမ်းရေးမှူးချုပ်သည် စကားကို လိမ္မာပါးနပ်စွာ ပြောတတ်လေ၏။

"အိမ်း ... ဒီလိုဆိုတော့လည်း လာရတာပေါ့"



တောင်ကျွန်းသိုင်းဆရာကြီးလီယူမာသည် ဖိတ်ကြားချက်ကို လက်ခံလိုက်ပြီး ဧည့်သည်တော်များ ထိုင်နေရာသို့ ရောက်လာလေတော့၏။

သူသည်ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ပြိုင်ပွဲကို လာရောက်ကြည့်ရှုသည့် ပရိသတ်ကြီးမှာ တောင်ကျွန်းသိုင်းဆရာကြီး လာရောက်ကြည့်ရှုအားပေးသည်ကို သိလိုက်ကြရသောအခါ ပို၍ ငြိမ်ဝပ်သွားလေတော့သည်။

စည်းကမ်းထိန်းသိမ်းရေးမှူးတစ်ဦးက ကြောင်ငေးရပ်ကြည့်နေသော ကွမ်ယုနားသို့ ကပ်လာပြီး တီးတိုးပြောလေသည်။

"မောင်ရင်လေး ကွမ်ယု ... စင်မြင့်ပေါ်က ဆင်းတော့လေ"

ထိုသို့ သတိပေးသံကြားသောအခါမှ အတွေးလွန်နေသော ကွမ်ယုသည် စင်မြင့်ပေါ်မှ ခပ်သုတ်သုတ် ဆင်းသွားတော့သည်။

သူသည် ဝမ်းသာရွှင်ပျစွာ စောင့်နေကြသည့် အဒေါ်ချန်၊ ဟန်ရှင်နှင့် ဟူအင်ချန်တို့ရှိရာသို့သွားသည်။

ဟူအင်ချန်က ကွမ်ယုအား ဖက်လဲတကင်း ကြိုဆိုလေသည်။

◘◘◘

www.burmeseclassic.com

www.burmeseclassic.com



## (၃၅)

# သိုင်းလောက၏ မိးနဂါး

ထိုနေ့က ကွမ်ယုတို့ ပြိုင်ပွဲပြီးနောက် သိုင်းပြိုင်ပွဲငါးပွဲ ဆက်လက်ကျင်းပသည်။

ကွမ်ယု သတိထားရမည်ဟု သခင်မယီတာ ပြောခဲ့သည်။

ကွန်ယန့်ဖူး အနိုင်ရရှိသည်။ လက်သုံးဖက်ချီအီးလည်း အနိုင်ရရှိသည်။ လက်တစ်ဖက်တည်းနှင့် အနိုင်တိုက်နိုင်ခြင်းပေတည်း။

ထို့ကြောင့် ချီအီး၏ ပြိုင်ဘက်များသည် အသက်မသေသဲ ရှုံးနိမ့်ရုံ ရှုံးနိမ့်သွားခြင်းပေတည်း။

ကွန်ယန့်ဖူးနှင့်ချီအီးတို့ အနိုင်ရလာခြင်းမှာ ကွမ်ယုအတွက် မကောင်းပေ။ သူတို့သည် ကွမ်ယုကို ကြီးစွာသောအန္တရာယ် ပြုကြလိမ့်မည်။

ဝါရင့်သိုင်းသမားကြီးအချို့သည် ချီအီး နိုင်သည့်ကိစ္စနှင့် ပတ်သက်၍ မှတ်ချက်ချကြသည်။

"ဒီကနေ့ သိပ်ထူးခြားတယ်၊ ချီအီးက တတိယလက်ကို အသုံးမပြုဘူး။ တိုက်ပွဲကို သွေးမလွှမ်းဘဲနဲ့ အနိုင်ယူသွားတာကွ"

ထိုနေ့က သိုင်းပြိုင်ပွဲကို ညနေခင်း၌ စောစောအနားပေးလိုက်၏။



ပြိုင်ပွဲ ပွဲစဉ် အတိုးအလျှော့မှာ စည်းကမ်းထိန်းသိမ်းရေးမှူးတို့၏ အလုပ်ပင်။

ကွမ်ယုတို့အားလုံးသည် ယာယီတဲသို့ရောက်ရှိကြ၏။ ထုံးစံအတိုင်း သခင်မလေးယီတာသည် ကြိုတင်ရောက်ရှိနေလေ၏။

ကွမ်ယုသည် ယီတာကိုတွေ့လျှင် အရေးတကြီး မေးမြန်းတော့သည်။

"ဆရာမ ... တောင်ကျွန်းသိုင်းဆရာကြီးလီယူမာက ပြိုင်ပွဲပြီးရင် တွေ့မယ်ဆိုတဲ့သဘောက ဘာသဘောလဲ ဆရာမ"

ယီတာမှာ ခေါင်းရှုပ်ဟန်ဖြင့် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေ၏။ သူမသည် ကွမ်ယု၏အမေးကိုလည်း မဖြေရချေ။

ကွမ်ယုမှာ သူ့ဆရာမ၏ပုံစံကိုကြည့်ပြီး ထပ်မံမမေးရဲတော့ချေ။

ကျန်လူများသည် ကွမ်ယု၏တိုက်ကွက်အကြောင်း ထုတ်ဖော်ချီးကျူးနေကြ၏။

အခေါ်ချိန်ကမူ အလိုက်သိစွာ ဘာမျှဝင်မပြောချေ။

သူ့သခင်မ စိတ်ရှုပ်နေသည် မဟုတ်ပါလော။

ဟူအင်ချန်နှင့်ဟန်ရှင်တို့သည် ထူးခြားစွာ ရောက်ရှိလာသော တောင်ကျွန်းသိုင်းဆရာကြီး လီယူမာအကြောင်း ပြောဆိုနေကြ၏။

ယီတာကတော့ အဝေးသို့ မျှော်ငေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယနေ့သို့ ဆိုက်ရောက်လာပေပြီ။ တတိယမြောက်နေ့ကား နောက်ဆုံးနေ့ပေတည်း။

ထိုနေ့တွင် ပင်လယ်တံငါသိုင်းသမား ချန်ဖီးက သေမင်းလက် အကြူးနှင့် ငွေပုဆိန်အပွားတို့ကို အနိုင်ရကာ ဗိုလ်စွဲသည်။

နောက်တစ်ပွဲတွင် လက်သုံးဖက် ချီအီးက ကျင်းလူစွမ်းနှင့် ငါးမန်းနီချွမ်းတို့ကို အနိုင်ရခဲ့သည်။

နှစ်ပွဲစလုံးတွင် သွေးမစွန်းခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အများအမြင်တွင် ကွမ်ယုသည် လက်နှစ်ဖက်သာ အသုံးပြုခဲ့သောကြောင့်တည်း။

ဤသို့ဖြစ်ရခြင်းမှာ ချီအီးနှင့်ယှဉ်ပြိုင်သော လူများညံ့၍ ဖြစ်သည်။

အကြိတ်အနယ် ယှဉ်ပြိုင်လျှင် ချီအီးသည် လက်သုံးဖက်ကို အသုံးပြုမည် ဖြစ်သည်။ ထို့ကြောင့် ပွဲကြမ်းများမှာ ကွမ်ယုအတွက် ဖြစ်လာလေတော့၏။

ကွမ်ယုသည် ခါးကုန်းတင်လျှံကို ပထမပွဲအဖြစ် ရင်ဆိုင်ရ၏။ ခါးကုန်းတင်လျှံသည် ဖားပြုပ်ကြီးတစ်ကောင်နှင့် တူလှသည်။

တင်လျှံ၏ ဖားပြုပ်သိုင်းကွက်များက ကွမ်ယု၏ခါးနှင့် ခါးအောက်ပိုင်းကို တိုက်ခိုက်ဖြို့ခွင်းလျက် ရှိသည်။

ကွမ်ယုသည် လက်ဝါး၊ လက်ဝါးစောင်း၊ တံတောင်တို့ကို အသုံးပြုသော်လည်း တင်လျှံသည် ဖားပြုပ်ကြီးတစ်ကောင်ပမာ မတုန်မလှုပ် ကြုံ့ကြုံ့ခံနေလေ၏။

ကွမ်ယု၏ တိုက်ကွက်များမှာ ဂ[illegible]၊ ကျောကုန်းကိုသာ အထိများသည်။ တင်လျှံသည် ပို၍ပင်တိုက်ခိုက်နိုင်လာသည်။



နောက်ဆုံးတွင် ယီတာက အသံနိမ့်စကားပြောခြင်းဖြင့် ကွမ်ယုအား ညွှန်ကြားရသည်။

"ကွမ်ယု ... သူ့ရဲ့ ကျောကုန်းကို မတိုက်နဲ့၊ ရင်ဘတ်နဲ့ ဝမ်းဗိုက်ကို တိုက်၊ ရင်ဘတ်နဲ့ ဝမ်းဗိုက်မှာ သူ့အားနည်းချက် ရှိတယ်၊ ရင်ဘတ်နဲ့ ဝမ်းဗိုက်ကို ထိအောင်တိုက်"

ကွမ်ယုသည် ယီတာ၏အကြံပေးချက်အတိုင်း တင်လျှံ၏ ရင်ဘတ်နှင့် ဝမ်းဗိုက်ကို တိုက်ခိုက်တော့၏။

တင်လျှံသည် ထိုနေရာများကို အထိမခံနိုင်ချေ။ အရှုံးအမူး ကာကွယ်ရတော့၏။

ကွမ်ယုသည် တင်လျှံ၏ရင်ဘတ်ကို ပတ်ခြေတစ်ချက် ကန်သွင်းလိုက်၏။

'ဝုန်း ...'

"အင့်"

တင်လျှံ ကာကွယ်လိုက်သော်လည်း ခြေကန်ချက်သည် ပြင်းထန်စွာဝင်လာ၏။

ထို့နောက် ကွမ်ယု၏ ခြေကန်ချက်များသည် တင်လျှံ၏ ရင်ဘတ်ကို ဆက်တိုက်ကျရောက်လာတော့၏။

တင်လျှံ၏အားနည်းချက်မှာ ထိုနေရာ၌ပင်ရှိရာ နောက်ထပ် သုံးချက်မျှ ကန်ပြီးသောအခါ တင်လျှံ အရှုံးပေးရလေတော့၏။

စည်းကမ်းထိန်းသိမ်းရေးမှူးက ကြေညာသည်။

"ကွမ်ယုနိုင်တယ် ... တင်လျှံ ရှုံးတယ်"

နောက်တစ်ပွဲတွင် ကွန်ယန့်ဖူးနှင့် ကွမ်ယု ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲကား မှတ်တမ်းတင်လောက်သည့်ပွဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့် ပရိသတ်များ အသည်းတထိတ်ထိတ် ရင်တဖိုဖို အားပေးရသောပွဲလည်းဖြစ်သည်။

"ကွမ်ယုကွ ... ကွမ်ယု"

"မီးနဂါးကွမ်ယု အရှုံးမပေးနဲ့ကွ"

ပရိသတ်များသည် ရုပ်ရည်တည်ကြည်ချောမောသော ကွမ်ယုကို အပြတ်အားပေးကြသည်။

ယမန်နေ့က သူ၏စိတ်ဓာတ် ကောင်းမွန်မှုများကိုလည်း ပရိသတ်ကြီး တွေ့ခဲ့ပြီးပြီမဟုတ်ပါလား။

ကွန်ယန့်ဖူးနှင့်ကွမ်ယုတို့သည် စင်မြင့်ပေါ်၌ ရင်ဆိုင်တွေ့ကြလေ၏။

သည်တွင် အမြော်အမြင်ကြီးစွာဖြင့် ကျောက်စိမ်းဓား ဆင်ယင်ပေးခဲ့သည့် ယီတာကို ကျေးဇူးတင်ဖို့ ဖြစ်လာသည်။

"ကျုပ် ခင်ဗျားကို တစ်ခုပြောချင်တယ်"

ကွန်ယန့်ဖူးက ပြောလေ၏။

"ပြောပါ ... ဘာပြောမလို့လဲ"

"ခင်ဗျားပခုံးပေါ်က ဓားအကြောင်းလေ"

"ဓား ... ဘာဖြစ်သလဲ"

"ကျုပ်တွေ့ဖူးတဲ့ ခုနှစ်လှာ ကျောက်ဖြတ်ဓား မှတ်တယ်၊ အင်း ... ဒီဓားချက်ကို ခံနိုင်တဲ့ သိုင်းသမားတော့ ကျုပ် မမြင်ဖူးသေးဘူး။ ဒီဓားရဲ့စွမ်းပကား တော်တော်ကြီးမားပါတယ်၊ ဓားအားကိုးနဲ့ ဆိုရင်တော့ ခင်ဗျားကို ကျုပ်မပြိုင်တော့ပါဘူး။ အရှုံးပေးလိုက်ပါတယ်၊ အကယ်၍ ခင်ဗျားက တရားမျှတမှုကို လက်ခံတယ်ဆိုရင်တော့ ကျုပ်တို့နှစ်ယောက် အတွင်းအားပြိုင်ကြတာပေါ့"



ကွမ်ယု တွေဝေသွားသည်။

သူသည် ဓားမြင်ရုံနှင့် အရှုံးပေးသူတစ်ဦးကို တွေ့လိုက်ရသဖြင့် ဓား၏အစွမ်းကို အံ့သြသွားသည်။

သို့သော် သူသည် လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်လေသည်။ အတွင်းအားချင်း ယှဉ်ပြိုင်မည်ဆိုသည့်သဘောပင်။

ကွမ်ယု၏နားတွင်းသို့ တုန်ယင်နေသော ယီတာ၏ အသံကလေး ဝင်လာသည်။

"ကွမ်ယု ... ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာကြောင့် ကွန်ယန့်ဖူးရဲ့ စိန်ခေါ်မှုကို လက်ခံလိုက်တာလဲ၊ ကျွန်မ ရှင့်ကို ဒီဓားကို အလှတပ်ဖို့ ပေးလိုက်တာ မဟုတ်ဘူး၊ ဓားကိုမြင်ပြီး လူတချို့ အရှုံးပေးနိုင်တယ်ဆိုတာမြင်လို့ ဒီဓားကိုပေးလိုက်တာ၊ ရှင်ဟာ အတော်ခက်ပါလား"

ကွမ်ယု မသိမသာ ခေါင်းခါပြသည်။

ကွမ်ယုသည် သိုင်းလောကထဲ ဝင်စပြုသူဖြစ်၍ ပရိယာယ်ဖြင့် အနိုင်မယူချင်ပေ။

ကျောက်စိမ်းဓားမြင်ရုံဖြင့် တစ်ဖက်လူ အရှုံးပေးသွားမည်ကို သူ မလိုလားပေ။ ထို့ကြောင့် ကွန်ယန့်ဖူး၏ စိန်ခေါ်မှုကို လက်ခံလိုက်ခြင်း ဖြစ်လေ၏။

သူတို့သည် လက်ဝါးချင်းဆိုင်ပြီး ရပ်နေကြ၏။ သူတို့သည် အတွင်းအားထုတ်၍ စတင်ပြိုင်ကြတော့သည်။ သူတို့သည် မျက်စိမှိတ်ထားကြသည်။ အတွင်းအား ထုတ်ကြလေတော့သည်။

ကွမ်ယုသည် စိတ်ကို တည်ငြိမ်စွာထားပြီး သွေးလည်ပတ်မှု အပေါ်သာ အာရုံစိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကွမ်ယုကွ"

"ကွန်ယန့်ဖူးကွ"

အော်ဟစ်သံများသည် တဖြည်းဖြည်းပပျောက်သွားလေသည်။ အတွင်းအား စိုက်ထုတ်ခြင်းအပေါ် အာရုံစိုက်ထားသဖြင့် အသံများ မကြားရတော့ခြင်း ဖြစ်သည်။

ကွမ်ယုရော ကွန်ယန့်ဖူးပါ တဖြည်းဖြည်းချွေးများ ထွက်လာ၏။ တစ်ကိုယ်လုံး စိုရွှဲသည်အထိ ဖြစ်လာသော်လည်း သူတို့သည် သူတို့ကိုယ်သူတို့ သတိမထားမိကြချေ။

သူတို့ကိုယ်ခန္ဓာထဲမှ အပူဓာတ်များ တထောင်းထောင်းထနေသည်ကိုသာ သူတို့ အာရုံနစ်မြုပ်နေကြပေသည်။ သူတို့သည် အပြင်၌ ဖြစ်ပျက်နေသည်တို့ကို လုံးဝဂရုမစိုက်မိတော့ချေ။

ညနေစောင်းသွားပြီ။ အချိန်ကြာမြင့်ခဲ့ပြီ။

ကွန်ယန့်ဖူး၏ခြေများ တဆတ်ဆတ်တုန်နေသည်မှာ အတော်ကြာခဲ့ပြီ။

ယခု ခြေဖျားတင်မကတော့ပေ။ ဒူးများပင် တဆတ်ဆတ်တုန်လာနေပေပြီ။

ကွန်ယန့်ဖူး၏မျက်နှာ အလွန်သွေးဆုတ်နေသည်။ လူသေကဲ့သို့ မျက်နှာဖြူရော်နေလေ၏။

သိုင်းသမားများသည် အတွင်းအားချင်း ယှဉ်ပြိုင်ရန် အလွန်ဝန်လေးကြသည်။

အဘယ်ကြောင့်ဆိုသော် အတွင်းအားချင်း ယှဉ်ပြိုင်မှုသည် ရင်ဆိုင်သူနှစ်ဦးစလုံးကို အတွင်းဒဏ်ရာဖြင့် သေဆုံးစေနိုင်သလို ရှုံးနိမ့်သူမှာ သာ၍ အသက်ရှင်နိုင်ခဲသည်။



အတွင်းအားချင်း ယှဉ်ပြိုင်ခြင်းအလုပ်ကို သိုင်းသမားများသည် မတတ်သာသောအခါမှ ပြုလုပ်ကြသည်။

ယခု ကွန်ယန့်ဖူးမှာ ဘာစိတ်ကူးပေါက်သည်မသိ အတွင်းအားချင်း ယှဉ်ပြိုင်သောအလုပ်ကို လုပ်လာသည်။

ကွမ်ယုကတော့ သိုင်းသမားအသစ်ဖြစ်၍ အဆုံးစွန်ယှဉ်ပြိုင်မှုကို မသိပေ။ ကွန်ယန့်ဖူးသည် သိလျက်နှင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ကွမ်ယုသည် သိုင်းသမားအသစ်ဖြစ်၍ အတွင်းအား မပြည့်ဝသေးဟု ထင်နေသည်လား မသိနိုင်ပေ။

ကွမ်ယုသည် အခြေအနေအားလုံးကို ဥပေက္ခာပြုကာ အတွင်းအားကို တစ်ဆင့်ချင်းထုတ်နေ၏။ သူ အတွင်းအားထုတ်နေခြင်းမှာ အဆင်ပြေသည်။ ယခုအထိ အတွင်းအားထုတ်ခြင်းကိစ္စတွင် သူ့ကိုယ်သူ ခန္ဓာကိုယ်က ဘာမျှ ဒုက္ခမပေးသေးပေ။

ကွန်ယန့်ဖူးမှာ တစ်စစအရေးနိမ့်လာသည်။ အတွင်းအားယှဉ်ပြိုင်သူတို့တွင် ချွတ်ယွင်းချက်တစ်ခုရှိ၏။

ရှုံးနိမ့်သူသည် မိမိရှုံးနိမ့်မည်ကို သိရှိနိုင်သော်လည်း အနိုင်ရသူက မိမိအနိုင်ရရှိပြီကို မသိချေ။ အလွန် အတွေ့အကြုံရင့်သည့် သိုင်းသမားများသာ သိနိုင်ကြသည်။

အထူးသဖြင့် ကွမ်ယုကဲ့သို့ အတွေ့အကြုံမရှိသော သိုင်းသမားမှာ ပို၍ပင် မသိနိုင်ချေ။ ထို့ကြောင့် သူအတွင်းအားများကို ဆက်တိုက်ထုတ်နေခြင်း ဖြစ်သည်။

ဤပုံစံအတိုင်းဆိုပါက ကွန်ယန့်ဖူးတစ်ယောက် အတွင်းအား ပျောက်ဆုံးကာ နောက်ဆုံး၌ အသက်ပျောက်ရပေတော့မည်။ ကွန်ယန့်ဖူး၏တစ်ကိုယ်လုံး တုန်ခါနေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များမှာ လုံးဝ အသံမထွက်တော့ပေ။ ဖြစ်ပေါ်လာမည့်အခြေအနေကို ရင်ထိတ်စွာ စောင့်ကြည့်နေကြလေတော့သည်။

ယီတာ၏ စိုးရိမ်မှုလွှန်နေသောအသံက ကွမ်ယု၏နားဝသို့ ပေါ်လာ၏။

"ကွမ်ယု ... ရှင်သတိထား၊ ရှင် အနိုင်ရနေပြီ၊ ရှင့် အတွင်းအားကို အရှိန်သတ်တော့၊ တစ်ဖက်လူ ကတုန်ကယင်ဖြစ်နေပြီ၊ ရှင့်အတွင်းအားကိုမှ အရှိန်မသတ်နိုင်ရင် ကွန်ယန့်ဖူးသေလိမ့်မယ်"

ကွန်ယုသည် သတိပြန်ဝင်လာ၏။

သို့သော် သူ နောက်ကျနေပေပြီ။ အရှိန်သတ်၍ မရတော့ပေ။ တစ်ရှိန်ထိုးတက်နေသော အတွင်းအားကို ရပ်တန့်၍ မဖြစ်နိုင်ပါ။ အတွင်းအား ရပ်ဆိုင်းလိုက်ပါက သူပင် ဒုက္ခိတဖြစ်သွားနိုင်သည်။

ကွမ်ယုသည် တုန်လှုပ်လာလေ၏။ သူသည် သိလျက်နှင့် တစ်ဖက်လူကို အသက် မသေစေလိုပေ။

သို့သော် မိမိဒုက္ခိတဖြစ်မည်ကိုလည်း စိုးရိမ်မိသည်။

နောက်ဆုံး ကွမ်ယု ဆုံးဖြတ်လိုက်သည်။ မိမိ ဒုက္ခိတဖြစ်လိုက ဖြစ်စေတော့။ အတွင်းအားထုတ်ခြင်းကို ရပ်ဆိုင်းပစ်လိုက်သည်။

ထိုစဉ် ကွမ်ယု၏နားတွင်းသို့ အသံတစ်သံဝင်လာ၏။ ထိုအသံကား အသံညြစာပြည့်ဝလှသည်။

"ကွမ်ယု ... နေဦး။ မင်းရဲ့ အတွင်းအားတွေ ပြန်ရုပ်သိမ်းနိုင်အောင် ငါလာကူမယ်"

တောင်ကျွန်းသိုင်းဆရာကြီး လီယူမာ၏အသံနှင့်အတူ ဆရာကြီး၏ခန္ဓာကိုယ်သည်လည်း လေပွေတစ်ခုလို ဝေ့ဝဲလွင့်မြောက်ပြီး စင်မြင့်ပေါ်သို့ ခုန်တက်လာလေသည်။



သူသည် ကွမ်ယု၏ နောက်ကျောသို့ ခုန်ပျံရောက်ရှိလာသည်။ ဆရာကြီး လီယူမာ၏ လက်များသည် ကွမ်ယု၏ကျောပြင်သို့ လာရောက်ထိကပ်လေ၏။

"ကွမ်ယု ... မင်းအတွင်းအားတွေ ပြန်ရုပ်သိမ်းတော့"

ဆရာကြီးလီဆူမာသည် ကွမ်ယု၏ အတွင်းအားများကို ထိန်းကျောင်းပေးလေတော့သည်။

အခြေအနေအရပ်ရပ်ကို ကွမ်ယု ထိန်းသိမ်းသွားနိုင်ပြီ။ သူသည် အခက်အခဲမရှိဘဲ သူ့အတွင်းအားများကို ပြန်လည်ရုပ်သိမ်းနိုင်လိုက်၏။

ကွမ်ယုသည် ကွန်ယန့်ဖူးနှင့် လက်ချင်းခွာလိုက်၏။

ကွန်ယန့်ဖူးသည် ပျော့ခွေကာ မြေပြင်သို့ လဲကျသွားသည်။ ကွမ်ယုသည်လည်း ဟန်နိုင်မည်မဟုတ်ပါ။

သူ့အတွင်းအားများကို အားကုန်ထုတ်ရသဖြင့် သူလည်း အတွင်းအား ကုန်ခန်းသွားပါသည်။

သို့သော် သူ လဲမကျချေ။

အကြောင်းမှာ တောင်ကျွန်းသိုင်းဆရာကြီး လီယူမာက သူ့ကျောပြင်အား လက်ဝါးကပ်လျက် အတွင်းအား ဖြည့်သွင်းပေးနေသောကြောင့်ပေတည်း။

သိုင်းလောကအတွင်း အလွန့်အလွန် ရင်းနှီးသူများမှအပ အတွင်းအား ဖြည့်သွင်းမကူညီတတ်ကြချေ။

ယခု တောင်ကျွန်းဆရာကြီး လီယူမာက အတွင်းအား ဖြည့်သွင်းပေးခြင်းမှာ ကွမ်ယု၏စိတ်ဓာတ်ကို နှစ်မြို့က်သဘောကျသောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလူငယ်သာ သိုင်းလောကၥ် အသက်ရှည်ရှည်နေရလျှင် သိုင်းလောကကို စောင့်ရှောက်သူတစ်ဦး ဖြစ်လာလိမ့်မည်ဟု သူယုံကြည်ပေသည်။ ထို့နောက် လီယူမာသည် သူ၏ထိုင်ခုံရှိသည့် နေရာသို့ ပျံဝဲခုန်ဆင်းသွား၏။ အားအင်ကုန်ခန်း၍ လဲကျသွားသော ကွန်ယန့်ဖူးသည် အတန်ကြာမှ ဒယီးဒယိုင်ဖြင့် ပြန်ထလာနိုင်၏။

သူသည် ကွမ်ယုကိုကြည့်ကာ ဦးညွှတ်လိုက်သည်။ သူသည် လှိုက်လှဲစွာ ပြောလိုက်သည်။

"ကျုပ် ကျေကျေနပ်နပ်ကြီး အရှုံးပေးပါတယ်ဗျာ"

ပရိသတ်ကြီး၏ ဩဘာသံများ တစ်ကွင်းလုံး လျှံသွားတော့သည်။

"မီးနဂါးကွ ... မီးနဂါး"

"မီးနဂါး ကွမ်ယုကွနော် ... တစ်ယောက်တည်းရှိတယ်"

ကွမ်ယုသည် ပရိသတ်ကြီးရှိရာ လေးဘက်လေးတန်ကို ဦးညွှတ်ဂါရဝပြုနေလေ၏။ ပရိသတ်၏မေတ္တာကို ခံယူနေသည်။

ပရိသတ်ကြီးမှာ တဝေါဝေါနှင့် အားပေးနေရာ အတော်ကြာမှ အရှိန်ကျသွား၏။ ထိုအချိန်တွင် စင်မြင့်ပေါ်သို့ လက်သုံးဖက် ချီအီး ခုန်ပျံဝင်ရောက်လာလေ၏။ လက်သုံးဖက် ချီအီးက ...

"ကွမ်ယု ... မင်းရဲ့အောင်ပွဲအတွက် ဘဝင်မြင့်မနေနဲ့"

ချီအီးသည် အသားလွတ် ဝင်ကြိမ်းခြင်းဖြစ်သည်။

ကွမ်ယု မှာ အံ့အားသင့်သွား၏။ ချီအီးက ...

"ငါက မင်းနဲ့တွေ့ချင်နေတာ၊ မင်းက ကံကောင်းပြီး ပွဲစဉ်တိုင်း ငါနဲ့လွဲသွားတယ်၊ ငါနဲ့တွေ့ရင်တော့ မင်းမချောင်ဘူး၊ အခုဆိုရင် မြေကျင်းထဲမှာ အိပ်စက်နေရလောက်ပြီ"



သူသည် ကွမ်ယု၏ အပြောကို မစောင့်ဘဲ သူကချည်း နိုင်လိုမင်းထက် ပြောနေတော့၏။

"ကျုပ်က ... "

ကွမ်ယုမှာ ဘာမျှမပြောတတ်ဘဲ ဖြစ်နေသည်။

ချီအီးက သူ့အား အသားလွတ် ဝင်ကြိမ်းမောင်းနေသည် မဟုတ်ပါလော။

ချီအီး၏ မျက်လုံးများထဲ၌ မနာလိုဝန်တိုမှုများကို တွေ့ရသည်။ ချီအီး မနာလိုဝန်တိုမှု ဖြစ်နေသည်မှာ အကြောင်းရှိ၏။

အကြောင်းကား ဤသို့တည်း။ ယခု ဤနှစ် တောင်သုံးလုံး ခြသေ့်သရဖူသိုင်းပြိုင်ပွဲ၌ အနိုင်ရသူသုံးယောက်ကို ရွှေခြသေ့်ခါးပတ် သုံးခု ချီးမြှင့်မည် ဖြစ်လေ၏။

ယခု ဆုရသူများကို ရွေးချယ်ပြီးသွားလေပြီ။

ထိုသူများမှာ တံငါသိုင်းသမား ချန်ဗီး၊ လက်သုံးဖက် ချီအီးနှင့် ကွမ်ယုတို့ဖြစ်ကြလေ၏။

ထိုအထဲတွင် တံငါသိုင်းသမား ချန်ဗီးနှင့် ကွမ်ယုတို့မှာ လူသစ်များ ဖြစ်ကြသည်။ လက်သုံးဖက် ချီအီးမှာ ဤပြိုင်ပွဲ ပွဲစဉ် တစ်လျှောက်တွင် အထူးချွန်ဆုံးဖြစ်သည်။

ရွှေခြသေ့်ခါးပတ်သုံးခု ရဖူးသော သိုင်းသမားဖြစ်သည်။

ရွှေခါးပတ်သုံးခု ရဖူးသူဖြစ်သဖြင့် ပရိသတ်သည် သူ့အား အလွန်စိတ်ဝင်စားရမည်၊ အလွန်အားပေးရမည်ဟု သူမြင်သည်။

သို့သော် ယခုအဖြစ်က ဤသို့မဟုတ်။

သူ့အား စိတ်မဝင်စားသည့်ပြင် လူသတ်သမား ထွက်သွား ... စသဖြင့် အော်ဟစ်ကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဓိကအချက်မှာ ယခင်နှစ်များက ပြိုင်ပွဲနှစ်ဆက်စလုံးတွင် သူသည် ပြိုင်ဘက်များကို အသေသတ်ခဲ့ဖူးသောကြောင့် ဤသို့သော သိုင်းသမားကို ပရိသတ်သည် မချစ်ခင်ကြပေ။

ရှုံ့ကြောက်ကြီး ဖြစ်နေတတ်သည်။ ပရိသတ်သည် ချီအီးကို ကျိတ်၍မုန်းနေကြသည်။ ချီအီးသည် ထိုအချက်ကို ရိပ်မိသောကြောင့် ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ဘက်များကို အသေမသတ်ဘဲ သတိထား၍ ယှဉ်ပြိုင်ခဲ့ပေသည်။

ချီအီး၏ရည်ရွယ်ချက်မှာ သိုင်းသမားပရိသတ်၏ ချစ်ခင်မှုကို ရရှိစေရန် ဖြစ်သည်။

ယခုတော့ သူလိုလားသောအရာများကို ကွမ်ယုက လုယူသွားချေပြီ။

ပြိုင်ပွဲစကတည်းက ပရိသတ်၏နှုတ်ဖျားနှ် ကွမ်ယု ... ကွမ်ယုဟု တစ်ယုတည်း ယုနေကြသည်။

ထို့ကြောင့် သူသည် စိတ်မထိန်းနိုင်ဘဲ ပေါက်ကွဲသွားခြင်း ဖြစ်တော့သည်။ ကွမ်ယုက ...

"ချီအီး ... ခင်ဗျားနဲ့ ကျုပ်ဟာ ရန်သူတွေလည်း မဟုတ်ဘူး စည်းကမ်းထိန်းသိမ်းရေးမှူးတွေက တွဲချပေးလိုက်တဲ့ ပြိုင်ဘက်တွေလည်း မဟုတ်ဘူး၊ ခင်ဗျားဟာ ကျုပ်ကို အကြောင်းမဲ့ လာစော်ကားနေတာပဲ၊ ခင်ဗျားပြောတဲ့ စကားတွေကို ခင်ဗျား ပြန်ရုပ်သိမ်းပါ"

လက်သုံးဖက် ချီအီးက ...

"ပြန်မရုပ်သိမ်းတော့ ဘာဖြစ်သလဲကွ၊ မင်းကို စော်ကားနေတာ မဟုတ်ဘူးကွ၊ မင်း ငါနဲ့တွေ့ရင် ရှုံးကို ရှုံးရမယ်၊ နောက်ဆုံး မသာလောင်း ဖြစ်ရမယ်ကွ"



သူသည် ရန်စကား ပြောဆိုလေတော့၏။ ကွမ်ယုသည် ပြတ်သားစွာ ဆုံးဖြတ်ချက်ချလိုက်သည်။ လက်သုံးဖက်ချီအီးနှင့် တိုက်ရန်ပေတည်း။

"ချီအီး ... ခင်ဗျားအပြော သိပ်ကြီးမနေနဲ့၊ ဘယ်သူ မသာလောင်း ဖြစ်မယ် မဖြစ်ဘူး သိရအောင် ကျုပ်တို့ ယှဉ်ပြိုင်ကြည့်ကြတာပေါ့"

ပြိုင်ပွဲကွင်းပြင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွားသည်။ သူတို့၏စကားသံများကသာ တုန်ဟည်း အသံထွက်နေသည်။ အားလုံး ကြားကြရသည်။ ထိုစဉ် ပရိသတ်ထဲမှ ရုပ်ဆိုးဆိုး လူငယ်တစ်ဦး ထလာလေသည်။

"ကွမ်ယု ... ချီအီးကို နောင် သုံးနှစ်ကြာမှ ပြန်ဆုံမယ်လို့ ပြောပြီး စင်မြင့်ပေါ်က ဆင်းခဲ့ပါ၊ ရှင်ဟာ အတော်မိုက်မဲတာပဲ၊ အခု ရှင် အတွင်းအားတွေ အကုန်ထုတ်ပြီး ယှဉ်ပြိုင်ခဲ့ပြီးပြီ၊ ဒါကို နောက်တစ်ပွဲ ထပ်တိုက်မလို့လား။ ဒီလိုအလုပ်မျိုးကို ဘယ်လူကောင်းကမှ မလုပ်ဘူး။ ရှင် ဆင်းခဲ့ပါ"

ပရိသတ်အားလုံး၏ သဘောထားကလည်း ဤအတိုင်းသာ ဖြစ်သည်။ လက်သုံးဖက် ချီအီးနှင့်တော့ ကွမ်ယုကို ရင်မဆိုင်စေလိုပေ။

လက်သုံးဖက် ချီအီးကို ကောက်ကျစ်ယုတ်မာသူ ဖြစ်သည်ဟု ပရိသတ်အများစုက ယုံကြည်ထားကြ၏။

ကွမ်ယုက ဤသို့မဟုတ်ချေ။ တောင်ကျွန်းသိုင်းဆရာကြီး လီယူမာ အတွင်းအားများ ဖြည့်သွင်းပေးခဲ့ခြင်းကို ယီတာ မ[illegible]သော ဤသို့တားမြစ်နေခြင်း ဖြစ်သည်ဟု သူ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကျွန်းသိုင်းဆရာကြီး လီယူမှာ အတွင်းအား ဖြည့်သွင်းကူသွားကြောင်း ယီတာသိလျှင် ဤသို့တားမြစ်မည် မဟုတ်ဟု သူယုံကြည်သည်။

သူ့အနေဖြင့်ကလည်း ချီအီး၏ စော်ကားမှုကို ခံနေရသဖြင့် ထိုစော်ကားမှုကို တုံ့ပြန်ရပေမည်။

ချီအီး၏ စော်ကားမှုကို သူခံလိုက်လျှင် သုံးနှစ်လုံးလုံး ချီအီး လက်မထောင်ပေတော့မည်။

စည်းကမ်းထိန်းသိမ်းရေးမှူးများသည် တညီတညွတ်တည်း ထလိုက်ကြ၏။

"ကွမ်ယု ... သူ့ကိုပြောလိုက်ပါ၊ နောက်သုံးနှစ်ကျမှပြန်တွေ့မယ်လို့"

"မပြောဘူး၊ သူစော်ကားနေတာကို ဆရာကြီးတို့ မကြားကြဘူးလား၊ ကျွန်တော်က ခေါင်းငုံ့ခံနေရမလား"

"မဟုတ်ဘူး၊ မင်း အတွေ့အကြုံနုသေးတယ်၊ ငါတို့က မင်းအတွက်ပြောတာ"

"သူစော်ကားတာကို ကျွန်တော် ခံနေရမှာလားဗျာ"

စည်းကမ်းထိန်းသိမ်းရေးမှူးများသည် ချီအီးအား လှမ်းပြောလိုက်၏။

"ချီအီး ... ခင်ဗျားစိတ်ထား မမှန်ဘူး၊ ဒီသူငယ်ဟာ အတွေ့အကြုံ အင်မတန်နုနယ်လှတယ်၊ နောက်ပြီး ခင်ဗျားဟာ ရွှေခြသေ့်ခါးပတ်သုံးခု ရတော့မယ့်လူပါ၊ အတွေ့အကြုံများပြီး ရင့်ကျက်ပါတယ်၊ ဘာဖြစ်လို့ ဒီသူငယ်ကို တက်ပြီး ရန်စရတာလဲ၊ ခင်ဗျားအပြုအမူဟာ အင်မတန် ရှက်ဖို့ကောင်းတယ်ဗျ"



"ကျုပ်က စိန်ခေါ်သူ မဟုတ်ဘူးဗျ၊ သိုင်းသမားချင်း ထိကပါး ရိကပါးတော့ ပြောကြတာချည်းပဲ၊ ဒါက အဆန်း မဟုတ်ပါဘူး၊ သူက ခံနိုင်ရည်မရှိဘူး၊ ကျုပ်ကို ပြန်စိန်ခေါ်တာပဲ၊ သူစိန်ခေါ်နေတာ ကျုပ်က ငြင်းလိုက်ရင် ရွှေခြသေ့်ခါးပတ်သုံးခုရထားတဲ့ဂုဏ် ပျက်ရောပေါ့ဗျာ"

ထိုအခါ ကွမ်ယုသည် စည်းကမ်းထိန်းသိမ်းရေးမှူး အားလုံးကို တောင်းပန်လိုက်သည်။

"လူကြီးမင်းများခင်ဗျာ ... လူကြီးမင်းများကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အတွေ့အကြုံနုနယ်တာလည်း မှန်ပါတယ်၊ ယခု ယှဉ်ပြိုင်တာဟာ ကျွန်တော့်အတွေ့အကြုံနုနယ်လို့ ယှဉ်ပြိုင်တာ မဟုတ်ပါဘူး၊ ကျွန်တော့်ကို သူ စော်ကားတဲ့အတွက် ယှဉ်ပြိုင်တာပါ၊ ဒီပြိုင်ပွဲကို ယှဉ်ရင် ကျွန်တော် သေချင်လည်း သေသွားပါလိမ့်မယ်၊ သေပါစေခင်ဗျာ ... သေပါစေ၊ ကျွန်တော်ဟာ သူ့လို စော်ကားတဲ့လူကို အသေခံပြီး ယှဉ်ပြိုင်သွားတယ်လို့ သိုင်းလောကသမိုင်းမှာ စာတင်ရစ်ပါလိမ့်မယ်၊ ဒီလူကိုတော့ ကျွန်တော်ယှဉ်ပြိုင်ရမှာ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် ကျေးဇူးပြုပြီး နောက်ဆုတ်ပေးကြပါ"

ရုပ်ဖျက်ထားသော ယီတာသည် သူရုပ်ဖျက်ထားသည်ကို သတိမရတော့ပေ။

ရှေ့သို့ တိုးထွက်လာပြီး အော်ဟစ်သည်။

"ကွမ်ယု ... ရှင့်ကို ကျွန်မ အမိန့်ပေးနေတယ်၊ ရှင် စင်မြင့်ပေါ်က ဆင်းခဲ့ပါ"

ကွမ်ယုသည် ယီတာဘက်သို့ လက်အုပ်ချီလိုက်သည်။

"ခွင့်လွှတ်ပါတော့ ဆရာမ၊ ဆရာမရဲ့အမိန့်ကို မနာခံတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော့်မှာ တယ်လောက် အပြစ်ကြီးလေးတယ်ဆိုတာကို ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ သူ့ဓော်ကားမှုဒဏ်က ဆရာမရဲ့ အမိန့်ကို မနာခံတဲ့အပြစ်ထက် ကျွန်တော့်ရင်ကို ပိုနာစေပါတယ်၊ ဒီပွဲကို ကျွန်တော်အသေခံပြီး ယှဉ်ပြိုင်ပါတော့မယ် ဆရာမ"

သူ စကားပြောသောအခါ ပရိသတ်များသည် ကွမ်ယု ခံစားနေရသည့် ဝေဒနာကို မျှဝေ ခံစားသွားကြလေတော့သည်။ သူတို့သည် ကွမ်ယုအတွက် စိတ်ထိခိုက်သွားကြသည်။

"ရှင် ...ကျွန်မ,ပြောနေတာ မကြားဘူးလား"

"ခွင့်လွှတ်ပါ ဆရာမ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါတော့"

ယီတာလည်း မည်သို့မျှ မတတ်နိုင်တော့ပေ။ ယီတာ၏ ပါးပြင်ထက်သို့ မျက်ရည်များ စီးကျလာ၏။ စိုးရိမ်သော မျက်ရည်လား၊ ဒေါသမျက်ရည်လား မသိနိုင်ပေ။

တောင်ကျွန်းဆရာကြီး လီယူမာကမူ ခေါင်းတညိတ်ညိတ်နှင့် ကြည့်နေလေသည်။ ကွမ်ယုက ...

"ကဲ ... ကျူပ်ဘက်ကတော့ အဆင်သင့်ဖြစ်ပါပြီ၊ ဘယ်သူတွေ ဘာပြောပြော ... ကျူပ်က ခင်ဗျားနဲ့ယှဉ်ဖို့ ဆုံးဖြတ်ပြီးပြီ၊ ခင်ဗျားက ကျူပ်ကို မသာဖြစ်မယ်လို့ ပြောခဲ့တယ်၊ အဲဒီမသာဟာ ခင်ဗျားလား၊ ကျူပ်လားဆိုတာ အခု ကြည့်ရအောင်"

လက်သုံးဖက်ချီအီးသည် ထောင်းခနဲ ဒေါသထွက်သွားသည်။ သူသည် ကွမ်ယုရှိရာသို့ ခုန်ဝင်ပြီး သူ့လက်နှစ်ဖက်ကို သိုင်းကွက်ခင်းလေသည်။

လက်လှုပ်ရှားမှုမှာ လျှင်မြန်လှသဖြင့် လက်သုံးဖက်ပမာထင်မှတ်ရသည်။ ကွမ်ယုသည် မျက်လုံးကို စုံမှိတ်လိုက်သည်။



သူသည် ယီတာသင်ပေးသည့် ပညာများကို အိတ်သွန်ဖာမှောက် အသုံးချပေတော့သည်။

ချီအီး၏ တိုက်ကွက်များကို အကြားအာရုံဖြင့် သတိပြုမိအောင် မျက်လုံးစုံမှိတ်လိုက်ခြင်း ဖြစ်သည်။

ကွမ်ယု မျက်စိမှိတ်လိုက်သည်ကို ချီအီးနှင့် ပရိသတ်များ အားလုံး တွေ့လိုက်ကြရသည်။

"ဟင် ..."

"သူဘယ်လိုလုပ်တာလဲ"

"သေသွားမှာပေါ့၊ ချီအီးကို ဒီလို ပေါ့ပေါ့လုပ်လို့ မရဘူး"

ဝေဖန်သံများ ကျွက်ကျွက်ညံသွားသဖြင့် ပရိတ်သတ်များသည် အချင်းချင်း မေးမြန်းကြသည်။

ကွမ်ယု မျက်စိမှိတ်ပြီး ရင်ဆိုင်သည်ဟု သိရသောအခါမှ ပွေ့မြင်ရသည့် ပရိသတ်များသည် ဟယ်ခနဲ ဟာခနဲ ဖြစ်သွားကြလေတော့သည်။

"မဖြစ်ဘူး ဒီလိုဆိုရင် ကွမ်ယုသေလိမ့်မယ်"

ပရိသတ်အချို့သည် ညည်းတွားကြလေသည်။ လက်သုံးဖက် ချီအီး၏ အံ့ဩမှုကတော့ အထွတ်အထိပ်သို့ ရောက်သွားသည်။

သူလိုလူမျိုးကို မျက်စိမှိတ်ရင်ဆိုင်ခြင်းမှာ သူ့အား မထီမဲ့မြင် စော်ကားခြင်း ဖြစ်သည်ဟု ယူဆပြီး လွန်စွာဒေါသထွက်လေတော့သည်။

ပရိသတ်ထဲမှ အချို့ကမူ ကွမ်ယု၏သတ္တိကို ချီးကျူးကြသော်လည်း အများကမူ မိုက်မဲသော ကွမ်ယုဖြစ်သည်ဟု ဝေဖန်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီအီးသည် ဒေါသဖြစ်နေသဖြင့် တိုက်ကွက်မျိုးစုံဖြင့် တိုက်ခိုက်တော့သည်။ ထူးဆန်းသည်မှာ ကွမ်ယုသည် သူ့တိုက်ကွက်မျိုးစုံကို မျက်စိမှိတ်လျက် ရှောင်တိမ်းနိုင်ခြင်းပေတည်း။

"ဒီကောင် တကယ် မျက်စိမှိတ်ထားတာပဲ၊ ဒါတောင် လွတ်အောင် ရှောင်နိုင်တယ်၊ သိကြရောပေါ့ကွာ"

သူသည် အလွန်ပြင်းထန်သည့် တိုက်ကွက်များဖြင့် တိုက်ခိုက်တော့၏။

ကွမ်ယုသည် ဒေါသဖြစ်နေသည်မှန်သော်လည်း မျက်စိမှိတ်ပြီး အာရုံကို ထိန်းထားရသဖြင့် ဒေါသကို မထွက်နိုင်တော့ချေ။

ရန်သူတည်းဟူသော အာရုံသာ သူ၏စိတ်ဝိညာဉ်၌ တည်ရှိနေလေ၏။

ချီအီးသည် မည်သို့ပင်တိုက်တိုက် ကွမ်ယုအား မနိုင်နိုင်ဘဲရှိနေသည်။ မနိုင်လေ သူ ဒေါသပိုထွက်လေဖြစ်လာသည်။

နောက်ဆုံးတွင် သူ၏နာမည်ကျော် တတိယလက်ကို ထုတ်သုံးလေတော့သည်။ ချီအီး၏တတိယလက်ကား အလွန်မာကျောထက်မြက်သည့် ဓားနက်တစ်ချောင်းသာတည်း။

ထိုဓားနက်သည် ကွမ်ယု၏ နှလုံးသားဆီသို့ မမြင်နိုင်သော အရှိန်အဟုန်ဖြင့် တိုးဝင်လာသည်။

ကွမ်ယုသည် ဓားကို မြင်တွေ့ရန်မလိုပါ။

အဘယ်ကြောင့်ဆိုသော် သူသည် မျက်စိ မှိတ်ထားသူ မဟုတ်ပါလော။ မျက်စိဖွင့်ထားသူသာ တိုက်ကွက်အမျိုးမျိုးကို ကြည့်ရမည်ဖြစ်သည်။ ကွမ်ယုက ကြည့်ရန်မလိုပါ။

'ဗို ... '



ဓားတစ်ချောင်း တိုးဝင်လာသည့်အသံကို အကြားအာရုံ၌ သိလိုက်ရ၏။ သူသည် မျက်စိမှိတ်ထားသော်လည်း သူ့အမြင်အာရုံ၌ သူ့ရင်ဝဆီသို့ တိုးဝင်လာသော ဓားကို မြင်လိုက်ရသည်။

ကွမ်ယုသည် ဓားကို လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်ကာ အတွင်းအားဖြင့် ဖိချိုးလိုက်၏။

'ဖြောင်း ... '

ဓားမှာ ဓားရှည်မဟုတ်ပေ။ ဓားတိုဖြစ်၏။ ဓားတိုဆိုသည်မှာ ချိုးရန်ခက်လှသည်။

သို့သော် ကွမ်ယု၏လက်တွင် ဓားသည် ကျိုးသွားလေသည်။ ကွမ်ယု၏အတွင်းအား ကုန်ဆုံးနေပြီဟု ထင်ထားသည့် သိုင်းသမားကြီးများသည် သူတို့အထင် မှားသွားလေပြီဟု ခန့်မှန်းသိလိုက်ကြ၏။

ကွမ်ယုကား အတွင်းအားများ မကုန်ဆုံးလေတကား။ ချီအီး၏ ဝိညာဉ်ဓားသည် ဖြောင်းခနဲ ကျိုးသွားလေပြီ။

လက်သုံးဖက်ဟု နာမည်ကျော်ခဲ့သော ချီအီး၏တတိယလက်သည် ကျိုးသွားခဲ့လေပြီ။

'ခွပ် ... '

လျှပ်ပြက်သကဲ့သို့ လျင်မြန်လှစွာ ကွမ်ယုသည် ထိုဓားကျိုးဖြင့် ချီအီးအား ပြန်ထိုးစိုက်လိုက်၏။

ဓားကျိုးသည် ချီအီး၏ဝမ်းဗိုက်သို့ ထိုးစိုက်မိသွား၏။ ဝင်မြင့်ပေါ်၌ သွေးများ ရဲခနဲ ကျသွားသည်။

လူချင်းခွာလိုက်သည်နှင့် ချီအီးသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။ ချီအီးသည် ဒဏ်ရာကို လက်ဖြင့်ဖိ၍ ပြန်ထ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့ခါးပတ်နှစ်ခုကို ခက်ခက်ခဲခဲဖြုတ်ယူပြီး ကွမ်ယုရှေ့သို့ ပစ်ချလိုက်၏။

ခါးပတ်နှစ်ခုသည် ပြောင်လက်တောက်ပနေသည်။

ချိုအီးက ...

"ငါ မင်းကို ရှုံးတယ်၊ ဒါပေမဲ့ တစ်နေ့ကျရင်တော့ မင်းနဲ့ ပြန်တွေ့ဦးမယ်လို့ ငါ့ဘက်က ဆန္ဒပြုတယ်"

ကွမ်ယုသည် မျက်လုံးဖွင့်ကြည့်လိုက်၏။ မျက်စိပိတ်ထားသည့် မြင်ကွင်းအတိုင်း ဖြစ်နေသည်။

ကွမ်ယုက အေးစက်စွာ ပြောလိုက်၏။

"ရတယ် ... ကြိုက်တဲ့အချိန် ကြိုက်တဲ့နေရာမှာ ပြန်တွေ့နိုင်တယ်"

ချိုအီးသည် စင်မြင့်ပေါ်မှ အလဲလဲအပြိုပြိုဖြင့် ပြေးထွက်သွားလေတော့၏။

ပရိသတ်သည် သူ့အား ရှုံ့ရှာစွာကြည့်နေသည်။ မည်သူကမျှ ဩဘာပေးခြင်း မရှိပေ။

သူ ထွက်သွားသောအခါမှ ကွမ်ယုအား တစ်ခဲနက် ဩဘာပေးကြလေတော့၏။

"မိုးနဂါးကွ ... မိုးနဂါး"

မိုးနဂါးက သိုင်းလောကဌ် ပေါ်ထွက်လာလေပြီ။

▣▣▣



## (၃၆)

## အကောင်းဆုံးရွေးချယ်ခြင်း

ကွမ်ယုသည် တောင်သုံးလုံးခြင်္သေ့သရုပ်ဖော်ပွဲတွင် အနိုင်ရခဲ့သည်။ ဤပြိုင်ပွဲမှာ သုံးနှစ်တစ်ကြိမ် ကျင်းပသည့်ပွဲ ဖြစ်သဖြင့် သိုင်းလောကသားများ စိတ်ရှည်လက်ရှည် စောင့်ရသည့်ပွဲဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲတွင် သိုင်းသမားသုံးဦး ဆုရရှိကြသည်။

ယခုနှစ်တွင် ကွမ်ယုနှင့် ပင်လယ်တံငါသိုင်းသမား ချန်ဖီးတို့ နှစ်ဦးအပြင် လက်သုံးဖက် ချိုအီးပါ ရွှေခြင်္သေ့ခါးပတ်ကိုရရှိကြသည်။

သို့သော် နှစ်ဦးကသာ ရွှေခြင်္သေ့ခါးပတ်ကို လက်ခံယူကြသည်။ လက်သုံးဖက်ချိုအီးမှာ ရွှေခြင်္သေ့ခါးပတ်ကို လက်ခံမယူသည့်အပြင် သူ ပထမနှစ်ကြိမ်က ရရှိထားသည့် ရွှေခြင်္သေ့ခါးပတ်နှစ်ခုကိုပင် စွန့်လွှတ်သွားသေးသည်။

ထို့ပြင် သူသည်လည်း ပြိုင်ပွဲကျင်းပရာ ကွင်းပြင်၌ မရှိတော့ချေ။ ကွမ်ယုသည် ချိုအီးပစ်ထားခဲ့သည့် ရွှေခါးပတ်နှစ်ခုကို ပြိုင်ပွဲစည်းကမ်းထိန်းသိမ်းရေးမှူးများထံသို့ ပြန်လည်ပေးအပ်လိုက်သည်။ ပြိုင်ပွဲစည်းကမ်းထိန်းသိမ်းရေးမှူးများကလည်း ရွှေခါးပတ်နှစ်ခုကို ပြန်လက်ခံလိုက်သည်။

"သူဟာ ဒီရွှေခါးပတ်နှစ်ခုကို ပြန်ပစ်ချခဲ့တာဟာ ပြိုင်ဘက်ချိုမြင့်တဲ့ ဗိုလ်ဆိုတဲ့ ဘွဲ့ထူးကို ပစ်ပယ်တာနဲ့ အတူတူပါပဲ၊ ချုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူစွန့်ပစ်ခဲ့တဲ့ဘွဲ့ကို ပြန်သိမ်းယူရမှာပေါ့"

စည်းကမ်းထိန်းသိမ်းရေးမှူးတစ်ဦးက ထိုသို့ပြောဆိုသည်။

သိုင်းပြိုင်ပွဲနေ့၏ အောင်ပွဲခံညကို ပြိုင်ကွင်းအတွင်း၌ ကျင်းပကြသည်။ အောင်ပွဲခံညမှာ အလွန်ပျော်စရာကောင်းသည်။

ဤပြိုင်ပွဲတွင် အနိုင်ရသွားသည့် ကွမ်ယုနှင့် ပင်လယ်တံငါ ချန့်ဖီးကို ဂုဏ်ပြုချီးကျူးသည့်အနေဖြင့် စားကောင်းသောက်ဖွယ်ရာများနှင့် အရက်ကောင်းများကို အိတ်သွန်ဖာမှောက်ထုတ်၍ ဧည့်ခံကြတော့သည်။

ပြိုင်ပွဲကျင်းပသည့်နေရာ၌ မီးပုံကြီးလေးပုံကို ဖိုထားကြသည်။ ထိုမီးပုံတစ်ပုံမှာ သေးသေးကွေးကွေးမဟုတ်ချေ။ မီးလျှံများသည် တဲအိမ်တစ်လုံးလောက် တဟဲဟဲ တောက်လောင်နေသည်။ ထိုမီးပုံမျိုးလေးပုံကို ဖိုထားခြင်းဖြစ်သည်။

မီးပုံကြီးများ၏ အလင်းရောင်ကလည်း လင်းထိန်လျက်ရှိနေသည်။ ထိုမီးပုံများကို ဝိုင်းရံလျက် အစားကောင်းအသောက်ကောင်းများကို တည်ခင်းဧည့်ခံကျွေးမွေးကြသည်။

ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုသူများတွင် သိုင်းသမားများသာမက သိုင်းပညာကို စိတ်ပါဝင်စားသူများလည်း လာရောက်ကြည့်ရှုအားပေးကြသည်။ ထိုအထဲတွင် အလွန်ချမ်းသာကြွယ်ဝသူများလည်း ပါရှိကြသည်။

သူတို့သည် အစားကောင်း အသောက်ကောင်းများကို အပြိုင်အဆိုင် ဆက်လက်ကျွေးမွေးကြရာ သိုင်းပြိုင်ပွဲပြီးနောက် အစားကောင်း အသောက်ကောင်း ပြိုင်ပွဲကြီးကို ဆက်လက် ကျင်းပသကဲ့သို့ ဖြစ်နေတော့၏။



ပြိုင်ပွဲသုံးကြိမ် ကိုးနှစ်ဆက်တိုက် အကောင်းဆုံးအရက်အဖြစ် အသိအမှတ်ခံထားရသည်မှာ 'လူချမ်းမြို့စား ရန်ကျိုကျို' ၏ နှင်းအရက်ပင် ဖြစ်သည်။

အစားကောင်းကတော့ သုံးနှစ်တစ်ကြိမ် ဗိုလ်ပြောင်းလဲခဲ့သည်။ ကျန်ခဲ့သောသုံးနှစ်က အကောင်းဆုံးအစားအစာမှာ 'ကောင်းကင်ဥယျာဉ်' ခေါ် ငုံးဟင်း ဖြစ်သည်။

ထိုဟင်းကို လူဝကြီး 'ကျိုပင်အန်'က ချက်ပြုတ်ကျွေးမွေးခဲ့ခြင်း ဖြစ်သည်။ ယခုလည်း ချက်ပြုတ်ကျွေးမွေးသူများက ဟင်းအမျိုးမျိုးကို ချက်ပြုတ်ကျွေးမွေးကြပြန်သည်။

ထိုဟင်းများထဲမှ အကောင်းဆုံးဟင်းတစ်မျိုးကို ရွေးကြမည်ဖြစ်သည်။ ပြိုင်ပွဲအနိုင်ရသူများကလည်း 'အောင်ပွဲအရက်' နှင့် 'အောင်ပွဲအစားအစာ' ကို ပြန်လည် ဧည့်ခံကျွေးမွေးကြရပြန်သည်။

ပင်လယ်တံငါသိုင်းသမား ချန့်ဖီးက 'ပင်လယ်ထဲက ရတနာများ' ဟူသော အမည်ဆန်းဖြင့် ပင်လယ်ထဲမှ ရေသတ္တဝါအမျိုးမျိုးကို ချက်ပြုတ်စီမံပြီး ဧည့်ခံလေသည်။

သူ၏လက်ရာများမှာ ထူးဆန်းလွန်းလှသဖြင့် ဧည့်သည်များသည် လက်ဖျားခါကြရလေသည်။ ကွမ်ယုအတွက်မူ သခင်မယီတာ အထူးယူဆောင်လာသော အရက်များနှင့် ဧည့်ခံရန်ရှိသည်။ သခင်မယီတာက အဒေါ်ချွန်အား ...

"အဒေါ်ချွန်...ကျွန်မယူလာတဲ့အရက်တွေကို ဧည့်ခံလိုက်ပါ"

သခင်မ ယီတာ၏အမိန့်ကြောင့် အဒေါ်ချွန်သည် ပါလာသည့် အရက်အိုးများကို အကုန်ထုတ်၍ ဧည့်ခံလေ၏။ အဒေါ်ချွန် အရက်အိုးများကို ဖွင့်လိုက်သည်နှင့် အရက်နံ့သည် ပတ်ဝန်းကျင်တစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



လွမ်းခြုံသွားတော့သည်။

အရက်အမည်မှာ 'နတ်ပြည်မွှေး' အရက် ဟူသတည်း။

သခင်မယီတာညွှန်ခံသော အရက်ကို သိုင်းသမားများသည် တစ်ခွက်စီသောက်ပြီးနောက် စိတ်အာရုံများ အလွန်ပေါ့ပါးရွှင်လန်းသဖြင့် အချို့ ကခုန်ကြသည်။ အချို့က တီးမှုတ်ကြသည်။

ခိုက်ရန်ဖြစ်သူကား မရှိချေ။ အရက်သောက်ပြီး ပျော်ရွှင်မြူးတူးကြသူများသာ ရှိလေသည်။ ထိုအောင်ပွဲခံညသည် သိုင်းသမားများအတွက် လွန်စွာ ပျော်ရွှင်စရာကောင်းလှသည်။ သိုင်းပြိုင်ပွဲသို့ လာသူမှန်သမျှ စတုဒိသာကျွေးမွေးပွဲသို့ တက်ရောက်ကြသူများပမာ အကုန်စား၊ အကုန်သောက်ခွင့်ရကြသည်။

ထိုသို့ ရယ်မောပျော်ရွှင်နေကြသူများတွင် တောင်ကျွန်းသိုင်းဆရာကြီး လီယူမာလည်း ပါဝင်လေ၏။ ဆရာကြီးသည် အရက်အမျိုးမျိုးကို မြည်းစမ်းကြည့်နေလေသည်။

'ကိုရုပ်ဆိုး မားချားအို' အသွင် ရုပ်ဖျက်ထားသော ယီတာ၏ မျက်နှာပေါ်တွင်လည်း ပျော်ရွှင်မှုအပြည့် ရှိနေလေသည်။ သူမမှ မပျော်ရွှင်လျှင် အဘယ်သူပျော်မည်နည်း။ သူ့တပည့် ကွမ်ယုသည် အောင်ပွဲခံ ဗိုလ်စွဲခဲ့ပြီ မဟုတ်ပါလော။

သူမမျက်နှာ၌ ဂုဏ်ယူမှုတည်းဟူသော အမှုအရာသည် မဖုံးကွယ်နိုင်၊ ပေါ်လွင်နေပေသည်။

ဟန်ရှင်ကလည်း သူချုပ်လုပ်လာသည့် မီးနဂါးဝတ်ရုံအတွက် ဂုဏ်ယူနေသလို ဟူအင်ချန်ကလည်း သူငယ်ချင်းကွမ်ယု၏ ပခုံးဖက်ကာ ဂုဏ်ယူဝံ့ကြွားစွာ လျှောက်သွားနေလေသည်။

တခြားသိုင်းသမားများကလည်း ကွမ်ယုအား နှုတ်ဆက်



သလို နတ်ရုပ်တု၌ ဆက်ထားသည့်ပန်း၌ တွယ်ထားသည့် ပိုးကောင်ကဲ့သို့ ဟူအင်ချန်သည်လည်း မျက်နှာပွင့်လန်းနေလေ၏။

ကွမ်ယုသည် သိုင်းလောက၏ နာမည်ကျော်ကြားသော သိုင်းသမားများစွာကို သိကျွမ်းခွင့်ရရှိလေ၏။ နာမည်ရှိ သိုင်းသမားများကလည်း ကွမ်ယုကို တန်းတူရည်တူ သဘောထားဆက်ဆံကြသည်။ ဤအခွင့်အရေးမှာ တောင်သုံးလုံးခြသေ့်သရဖူဗိုလ်လုပွဲ၌ ဗိုလ်စွဲသောကြောင့်သာ ဖြစ်ပေသည်။ အားလုံးပင် ပျော်နေကြပါ၏။

အလွန် ပြုံးရယ်ခဲလှသော အဒေါ်ချန်၏မျက်နှာတွင်လည်း ပြုံးပန်းများဝေနေသည်။ ယီတာ၏ရှေ့သို့ တောင်ကျွန်း ဆရာကြီး လျှောက်လာလေသည်။

ဆရာကြီး လီယူမာက ...

"ယီတာ ... ခုနစ်လွှာကျောက်စီဓားကို ပြန်အပ်မလား မအပ်ဘူးလား"

သူသည် အေးစက်စက်လေသံဖြင့် မေးလေ၏။ ယီတာက သက်ပြင်းချလိုက်သည်။

"ကွမ်ယု ... ခဏလာပါဦး"

ကွမ်ယုနှင့် ဟူအင်ချန်သည် လူကြားထဲသို့ လှည့်လည်သွားလာနေသဖြင့် ယီတာက လှမ်းခေါ်လိုက်ရသည်။

ကွမ်ယုသည် ယီတာရှိရာသို့ လျင်မြန်စွာ လျှောက်လာသည်။ တောင်ကျွန်းသိုင်းဆရာကြီး လီယူမာကိုတွေ့သောအခါ သူသည် လမ်းဖမိုးယှက်၍ ဂါရဝပြုလိုက်လေ၏။

"ကွမ်ယု ... ရှင့်ပခုံးပေါ်ကဓားကို ဖြုတ်လိုက်စမ်း။ ဖြုတ်ပြီးရင် ဆရာကြီးကို ရိုရိုသေသေပေးလိုက်"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယုသည် သခင်မယိတာနှင့် တောင်ကျွန်းဆရာကြီးတို့ မည်သို့ အဆက်အစပ်ရှိသည်ကို မသိချေ။

သို့သော် ကျောက်စိစားကို ပန်းမှဖြုတ်ယူပြီး ဆရာကြီး လိယူမာအား ရှိသေစွာပေးကမ်းလေ၏။ ဆရာကြီးလိယူမာသည် ကျောက်စိစားကို လှမ်းယူလိုက်သည်။

ကွမ်ယုကို တစ်ချက်ပြုံးပြသည်။ ကွမ်ယုကလည်း ဂါရဝပြုသည်။ သူ့မျက်နှာသည် ယိတာဘက်သို့ ပြန်လှည့်သွား၏။ မျက်နှာထား တည်သွား၏။

"မင်းရဲ့သခင်မျက်နှာကို ထောက်ထားပြီးတော့ ကျောက်စိစားခိုးသွားတဲ့အပြစ်ကို ခွင့်လွှတ်လိုက်မယ်၊ သိုင်းလောကမှာ စိတ်ထင်တိုင်း လျှောက်လုပ်လို့ ရမယ်မထင်နဲ့၊ နောက်နောင်တော့ ပြတ်ပြတ်သားသား အရေးယူမှာကို မင်းသတိထားပါ၊ အဲဒီအခါကျမှ ငါတို့ကို အဆိုးမဆိုနဲ့"

ယိတာက ...

"ဆရာကြီး လိယူမာရှင့် ..."

"မင်း ဘာများပြောချင်သေးလို့လဲ"

"ဆရာကြီးစကားကို ပြင်ပြောစေချင်ပါတယ်၊ ကျွန်မဟာ ဆရာကြီးစားကို ခိုးယူခဲ့တာ မဟုတ်ပါဘူး"

လိယူမာ ခေါင်းယမ်းလေသည်။

"ခိုးတာနဲ့ အတူတူပါပဲ ယိတာ၊ ကျွန်းပေါ်မှာ ငါမရှိတဲ့အချိန်ကို မင်း တမင်ရွေးပြီး လာခဲ့တာပဲ"

"ကျွန်မက ဆရာကြီးမရှိတာကို ဘယ်လိုလုပ်သိပါ့မလဲကွယ်"



"မင်း စကားကို ကတ်ပြောမနေနဲ့၊ ဒီလို ပြောမယ်ဆိုရင် မင်းနဲ့ငါနဲ့ ပြောစရာ မရှိတော့ဘူး"

"ဆရာကြီး မရှိပေမယ့် ကျွန်းပေါ်မှာ ကျွန်းစောင့်ကြီးမော်လိုင်း ရှိနေတာပဲ"

"ဟာ ... မော်လိုင်းက မင်းရဲ့ သိုင်းပညာကို အထင်သေးခဲ့တာဟ၊ သူဟာ သူ့ကိုယ်သူ ဘဝင်မြင့်နေခဲ့တယ်၊ အဲဒါကြောင့် မင်းရဲ့ အဆိပ်မြားဒဏ်ကို သူခံလိုက်ရတာပေါ့"

ဆရာကြီး လိယူမာက ဆက်ပြောသည်။

"ဪ ... သတိရတုန်း မော်လိုင်းကိစ္စ ပြောရဦးမယ်၊ မော်လိုင်းကိုယ်ထဲက အဆိပ်မြားတွေကိုတော့ ငါထုတ်ပေးလိုက်ပါပြီ၊ ဒါပေမဲ့ သူ့သွေးကြောထဲက အဆိပ်တွေကိုတော့ ငါ စင်ကြယ်အောင် လုပ်ပေးလို့ မရဘူး ဖြစ်နေတယ်၊ အကယ်၍ မော်လိုင်းသေသွားရင် မင်းကို မော်လိုင်းနည်းတူ ခံစားသေဆုံးအောင် ငါဆောင်ရွက်ပေးပါ့မယ်လို့ မော်လိုင်းကို ကတိပြုထားခဲ့ရတယ်"

ယိတာ မျက်နှာပျက်သွားသည်။

"အခုလည်း မော်လိုင်းဟာ နေ့စဉ် မချိမဆံ့ ဝေဒနာ ခံစားနေရတယ်၊ မင်း ဘာပြောချင်သလဲ"

ယိတာက မေးလိုက်သည်။

"ဆရာကြီးလိယူမာက မော်လိုင်းသေရင် တကယ်ပဲ ကျွန်မကို သတ်မှာလားဟင်"

မော်လိုင်းဟာ ငါ့တပည့် အကြီးဆုံးဆိုတာကို မင်း မသိဘူးလား"

"ကျွန်မ မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... သူဟာ ငါ့တပည့်တွေထဲမှာ အကြီးဆုံးတပည့်ပဲ၊ ငါဟာ အခု တော်ရုံတန်ရုံတပည့်တွေကိုလည်း လက်မခံခဲ့ဘူး"

"ကောင်းပါပြီ၊ ဒီလိုဆိုရင် မော်လိုင်းအတွက် ကျွန်မ အဆိပ်ဖြေဆေး ပေးလိုက်ပါမယ်"

"အေး ... ကောင်းတယ်"

"ကျွန်မ တစ်ခုပြောချင်ပါတယ်၊ ကျွန်မသုံးတဲ့ အဆိပ်ဟာ ကျွန်မရဲ့ကိုယ်ပိုင်အဆိပ်ပါ။ ဒါကို ဆရာကြီး သိမယ်လို့ ထင်ပါတယ်"

"သိတယ်"

"ကျွန်မ ဖြေဆေးမပေးရင် မော်လိုင်းအတွက် မွေ့လင့်ချက် မရှိဘူးဆိုတာကို ဆရာကြီး သိပါလိမ့်မယ်"

"ဒါလည်း သိတယ်"

"ဒါဆိုရင် မော်လိုင်းက ကျွန်မကို ကလဲ့စားမချေပါဘူးလို့ ကတိပေးပါ။ ကျွန်မ ကြောက်လို့တော့ မဟုတ်ပါဘူး။ မော်လိုင်း ကလဲ့စား ချေလာရင် ကျွန်မကလည်း အစွမ်းကုန်ခုခံရမှာပဲ၊ ဒီတစ်ခါ ဘယ်သူသေမလဲ ဘယ်သူရှင်မလဲဆိုတာ မပြောနိုင်ပါဘူး၊ ကျွန်မ ရှင်ရင် ဆရာကြီးနဲ့ နောက်တစ်ကြိမ် ထိပ်တိုက်ရင်ဆိုင်ရတော့မယ်၊ ဒါကြောင့် ကျွန်မက ရှေ့လမ်းကြောင်း ကြိုတင်ရှင်းလင်းထားတာပါ"

ဆရာကြီး လီယူမာ ခေါင်းညိတ်သည်။

"ကောင်းပြီ၊ မော်လိုင်းက မင်းကို ကလဲ့စား မချေစေရဘူးလို့ ငါ ကတိပေးတယ်"

ဆရာကြီး လီယူမာက ကတိပြုလိုက်သောအခါ ယီတာက လီယူမာ၏ နောက်ကျောဘက်သို့ လှမ်းကြည့်ပြီး ...

"အဒေါ်ချွန် ဆရာကြီးလီယူမာကို အဆိပ်ဖြေဆေးပေးလိုက်ပါ"



ဆရာကြီးလီယူမာသည် သူ့နောက်ဘက်သို့ ဖျတ်ခနဲ ကြည့်လိုက်သည်။ သူ့အကြည့်သည် သူ အန္တရာယ်အနေအထားသို့ ရောက်ရှိနေသလားဟု ဆန်းစစ်သည့်အကြည့် ဖြစ်သည်။

အဒေါ်ချွန်သည် မည်သည့်အချိန်က သူ့နောက်ကျောသို့ ရောက်ရှိနေသည် မသိချေ။ သူနှင့် မလှမ်းမကမ်းတွင်ရပ်ကာ သူ့အား အလွန်အေးစက်သောအကြည့်ဖြင့် စိုက်ကြည့်နေလေသည်။

ဆရာကြီးလီယူမာ တုန်လှုပ်သွားသည်။ အဒေါ်ချွန်၏ အနေအထားသည် သူမသိဘဲ သူ့အား အန္တရာယ်ပြုနိုင်သော အနေအထားတွင် ရှိနေပေသည်။

သူသည် ယီတာ့ကို ပေါ့ပေါ့ဆဆပင် သဘောထားမိခဲ့သည်။ မြွေပွေးကို ငယ်သည်ဟု သဘောထားမိလျှင် ထိုမြွေခဲ၍ သေဆုံးတတ်သည်ဟူသော စကားကို အမှတ်ရလိုက်မိသည်။

ယီတာ့ကို အထင်မသေးသင့်ကြောင်း ဤအဖြစ်က လီယူမာအား သင်ခန်းစာပေးလိုက်လေ၏။

ထိုစဉ် အဒေါ်ချွန်၏နောက်ဘက် အမှောင်ရိပ်ထဲမှ အသံတစ်သံ ထွက်လာ၏။

"မစိုးရိမ်ပါနဲ့ လီယူမာရဲ့၊ ဒီမိန်းမ နောက်ဘက်မှာ ငါ ရှိနေပါတယ်၊ သူ ငါရောက်နေတာကို မသိပါဘူးကွ၊ သူ တစ်ချက်လှုပ်လိုက်တာနဲ့ ငါက သူ့ကို ဦးအောင်အုပ်လိုက်မှာပါကွ"

အဒေါ်ချွန်၏မျက်နှာပေါ်၌ ထိတ်လန့်မှု အထင်းသားပေါ်လာသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏နောက်၌ အရှင်လူ မည်သည့်အချိန်ကာလက ရောက်ရှိနေမှန်း သူမ မသိသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်သည် ...။ သူမ လှုပ်ရှားလိုက်သည်နှင့် အရူးက အဒေါ်ချုန်ကို ခုန်အုပ်နိုင်သည်။

အဒေါ်ချုန်သည် မည်သို့မျှ လှုပ်ရှားခွင့်ရလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် မြေမြေချင်း မြေမြင်သော အဒေါ်ချုန် ထိတ်လန့်သွားခြင်း ဖြစ်သည်။

သူမသည် သူ့သခင်ယီတာကို တောင်းပန်သောအကြည့်ဖြင့် ကြည့်လိုက်လေ၏။ ယီတာက ...

"အဒေါ်ချုန် ရှင့် အတော်ပေါ့ဆတာပဲ၊ အရူး ... ရှင့်ကို ကျွန်မ ဘယ်လိုပြောထားသလဲ၊ ကျွန်မတို့ကို မနှောင့်ယှက်ပါနဲ့လို့ ကျွန်မပြောထားတယ် မဟုတ်လား။ အတန်တန် ပြောထားလျက်နဲ့"

ယီတာသည် အရူးပေါ် နိုင်ကွက်ရှိထားပုံရသည်။ အရူးသည် အမှောင်ရိပ်ထဲမှ ရယ်ဖြဲဖြဲနှင့် ထွက်လာလေတော့၏။

သူ၏အဝတ်အစားများမှာ ဖိုသီဖတ်သီနှင့် ဖြစ်နေပါသည်။ အရူးက ...

"ငါသူငယ်ချင်း လီယူမာကို လာနှုတ်ဆက်တာပါ။ နင့်ဆိုင် လုံးလုံး နှောင့်ယှက်တာ မဟုတ်ပါဘူး"

သူသည် ဆရာကြီးလီယူမာထံသို့ ထွက်လာလေ၏။ အဒေါ်ချုန်လည်း ရှေ့သို့ ထွက်လာသည်။

"သခင်မ အဆိပ်ဖြေဆေး ဘယ်နှစ်လုံး ပေးလိုက်ရမလဲ"

ယီတာက ...

"သုံးလုံးဆိုရင် လုံလောက်ပြီ"

အဒေါ်ချုန်သည် ဆရာကြီးလီယူမာ လက်ထဲသို့ အဆိပ်ဖြေဆေးသုံးလုံး ထည့်ပေးလိုက်လေ၏။



ဆရာကြီးသည် အဆိပ်ဖြေဆေးလုံးများကို သိမ်းဆည်းလိုက်ပြီး အရူးအား လှမ်း၍ နှုတ်ဆက်လေ၏။

"သူငယ်ချင်း အရူး ... ငါ့ကျွန်းပေါ်ကို လာလည်ပါဦး"

ဆရာကြီးလီယူမာသည် အရူးကို ပွေ့ဖက်၍ နှုတ်ဆက်သည်။ အရူးတစ်ယောက်ကို ဆရာကြီးလီယူမာအနေဖြင့် ဤသို့ဆက်ဆံရန်မသင့်ဟု အခြားသူများ ပြောကြလိမ့်မည်။

သို့သော် အရူး၏အရည်အချင်းကို ဆရာကြီးလီယူမာက မြင်ထားသည်။ အရူးက ...

"ငါရဲ့ သိုင်းပညာကို အမွေပေးဖို့အတွက် မြေပြန့်မှာ ငါ့ကို တပည့်ခံမယ့်သူကို လိုက်ရှာနေတာကွ၊ မြေပြန့်သိုင်းလောက တစ်ခုလုံးလည်း နှံ့နေပါပြီကွာ၊ ငါ့ဆန္ဒပြည့်ဝမှ မင်းကျွန်းကို အလည်လာခဲ့မယ်၊ အဲဒီမှာ အသီးအနှံတွေ ပေါရဲ့လား"

ဆရာကြီးလီယူမာက ...

"ပေါသမှ သိပ်ပေါပေါ့ကွာ၊ မင်းစားချင်တဲ့ အသီးအနှံမှန်သရွေ့ အကုန်ရစေရမယ်"

ထိုစဉ် အရူးသည် ကွမ်ယု၏နောက်နားတွင်ရှိသော ယောကျ်ားကလေးပမာ ဝတ်စားထားသည့် ဟန်ရှင်ကို လှမ်းကြည့်သည်။ ဟန်ရှင်ကလည်း အရူးလှမ်းကြည့်သည်ကို မြင်လေသည်။ သူမကို တပည့်အဖြစ် ခံယူစေလိုကြောင်း အရူး၏အကြည့်များက ပြောကြားနေ၏။ သူမသည် နှုတ်ခမ်းကိုကိုက်လျက် တွေဝေစဉ်းစားနေလေတော့၏။ အရူးက ...

"ဘယ်လိုလဲ ကလေးမ ... ငါ့ရဲ့ သိုင်းပညာအမွေကို မယူချင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှင်သည် တွေးတောနေလေ၏။ အရူးက ဆက်ပြောသည်။

"ငါ့ဘဝတစ်လျှောက်လုံးမှာ ဘယ်တပည့်တစ်ယောက်မှ မရှိဘူး။ မင်းသာ ငါ့တပည့်အဖြစ်ခံယူရင် ငါ့ဘဝမှာ မင်းဟာ ပထမဆုံးနဲ့ နောက်ဆုံး ငါ့တပည့်ဖြစ်ပြီ"

ဟန်ရှင်သည် ကွမ်ယုအား သိုင်းလောကမှထွက်၍ ပြင်ပလောက၌ အေးအေးဆေးဆေး နေထိုင်ရန် နားချခဲ့သည်။ ကွမ်ယုက လက်မခံခဲ့ချေ။ ယခုမူ သူ့ကိုလည်း အရူးက သိုင်းလောကတွင်း ဝင်ရန် ဆွဲဆောင်နေလေပြီ။ ကွမ်ယုတောင် သိုင်းလောကတွင်း ဝင်လျှင် သူမကော ဘာကြောင့် မဝင်နိုင်ရမည်နည်း။

ဟန်ရှင်သည် ဆုံးဖြတ်ချက်ချလိုက်လေ၏။

"ကျွန်မ ဘဘဆီမှာ တပည့်ခံလိုက်ပါပြီ"

ဟန်ရှင်သည် အရူးရှေ့၌ ဒူးထောက်ထိုင်ချပြီး ဦးသုံးကြိမ်ချ ရှိခိုးကန်တော့လေ၏။ ဆရာကြီး လီယူမာက ...

"ကောင်းတယ် ... ကလေးမ၊ မင်း အင်မတန်မှ ကံကောင်းတယ်၊ ငါ့သူငယ်ချင်း အရူးဟာ အရူးကြီးပုံသဏ္ဌာန်နဲ့ ဒေသအနှံ့ တောတောင်အနှံ့ လှည့်လည်သွားလာပြီး သူ့ဘဝတစ်လျှောက်လုံး သိုင်းပညာကို ရှာဖွေဆည်းပူးနေခဲ့တာ ကြာပါပြီ၊ သူ့ဆီမှာ သိုင်းပညာ မည်ရွေ့မည်မျှ အဆင့်ရှိနေပြီဆိုတာကို တို့များ ဘယ်သူမှ မခန့်မှန်းနိုင်ကြဘူး၊ ငါ့စိတ်ထင်ပြောရရင် သူဟာ ငါတို့ထက်တောင် သာလွန်နေပြီလား မသိနိုင်ဘူး။ မင်းဟာ အရူးရဲ့တပည့် ဖြစ်ခွင့်ရတာ အင်မတန် ကံထူးတယ်၊ သိုင်းလောကမှာ အရူးလိုလူမျိုးကို လူထူးလူဆန်းလို့ ခေါ်ကြတာပဲ"



ယီတာက မကြည်သာသော မျက်နှာနှင့် လှမ်းကြည့်နေလေ၏။ အရူးက ...

"ကဲ ငါ့တပည့် ဟန်ရှင် ... ဆရာ့ကို ခွင့်ပြုပါဦး။ အခုအချိန်ကစပြီး နောက်သုံးရက်ပြည့်တဲ့နေ့မှာ မင်းကို ဆရာ လာဆုံမယ်၊ အဲဒီတော့မှ မင်းကို သိုင်းပညာ စ,သင်ပေးမယ်၊ လီယူမာပြောတဲ့ စကားတွေကို အဟုတ်ထင်မနေနဲ့၊ သူ ပြောချင်ရာပြောတာ၊ ကဲ ... ငါသွားမယ်"

သူသည် လေပွေဝဲတစ်ခုလို လေထဲသို့ နောက်ကျွမ်းပစ်သွား၏။ မှောင်ရိပ်ထဲသို့ ကျရောက်ပျောက်ကွယ်သွားသည်။

ဆရာကြီးလီယူမာသည် ကွမ်ယုဘက်သို့ လှည့်လိုက်၏။

"ကွမ်ယု ... မင်းဟာ စိတ်နှလုံးကောင်းရှိတဲ့လူငယ်ဆိုတာ ငါ မြင်ရုံနဲ့သိတယ်၊ မင်းဟာ ဖြူစင်လှတယ်၊ ရေကောင်းရေသန့်ပေမယ့် သူစိမ်းဆင်းရတဲ့နေရာကို လိုက်ပြီး အရောင်ပြောင်းရတယ်ဆိုတဲ့ သဘောကို ငါနားလည်လို့ ဒီစကားကို ငါ ပြောတာ၊ မင်းကို ငါ သတိတစ်ခုပေးခဲ့မယ်"

ကွမ်ယု ဦးညွှတ်ကာ ...

"ဆုံးမပါ ခင်ဗျာ"

"မင်းကို ပောဒီကျောက်စိမ်းဓား ဘယ်သူပေးထားတာလဲ"

"ကျွန်တော့်ဆရာမ ယီတာပေးထားတာပါ"

"အကယ်၍ ယီတာက ဒီဓားအိမ်ကဓားကို ဆွဲချွတ်နိုင်းရင် မင်း ချွတ်ပေးမှာလား"

"ဟုတ်ကဲ့ ... ချွတ်ပေးပါ့မယ်ဗျာ၊ ဒါပေမဲ့ ဆရာမက ချွတ်နိုင်းပါဘူး။ လွယ်ထားဖို့သာ ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟောဒီဓားကို ဆွဲချွတ်လိုက်တာနဲ့ ဓားအိမ်က အဆိပ်အပ် ခြောက်ဆယ့်လေးချောင်း၊ ထွက်လာအောင် စီစဉ်ထားတယ်၊ တုံးခနဲလဲကျသေဆုံးသွားလိမ့်မယ်"

"သိပ်ကြောက်စရာကောင်းပါလား"

"ဟုတ်တယ် ... ဒီဓားကို မင်းကို လွယ်ရုံတင် လွယ်ခိုင်းထားတဲ့ ယီတာလည်း ဒီလျှို့ဝှက်ချက်ကို မသိဘူး၊ ဒီလျှို့ဝှက်ချက်သိမှသာ ဓားအိမ်က ဓားကို အန္တရာယ်ကင်းရှင်းစွာနဲ့ နှုတ်ယူနိုင်တယ်၊ ယီတာ ဒီလျှို့ဝှက်ချက်ကို မင်းမသိဘူး၊ ငြင်းချင်သေးသလား"

ယီတာက ခပ်ပြတ်ပြတ်ပြောသည်။

"ကျွန်မ မငြင်းပါဘူး"

"ကွမ်ယု ... မင်း သေသေချာချာမှတ်ထားပါ၊ ယီတာ့ဆီမှာ မဖွင့်ရသေးတဲ့ ဓားနဲ့တူတဲ့အရာတွေ အများကြီးရှိသေးတယ်၊ ဒါတွေ ငါပြောရင် အများကြီးပဲ၊ ဒါပေမဲ့ ဥပမာပြောရဦးမယ်၊ သူ့ဆီမှာ မသုံးစွဲဖူးသေးတဲ့ သိုင်းပညာ၊ မသုံးစွဲရသေးတဲ့ အားတိုးဆေးတွေ ဆိုတာပဲ၊ ယီတာဟာ အရာရာကိုစမ်းသပ်တယ်ဆိုတာကိုတော့ ငါ ပြောဝံ့တယ်၊ ဘာစမ်းသပ်နေသလဲဆိုတာတော့ ငါ သေသေချာချာ မသိဘူး၊ အဲဒီသူ့စမ်းသပ်ချက်တွေဟာ အန္တရာယ်များတာကိုတော့ ငါသိတယ်၊ မင်းဟာ ယီတာရဲ့အစမ်းသပ်ခံတဲ့သတ္တဝါတစ်မျိုးဖြစ်နေလိမ့်မယ်၊ မင်းကိုယ်မင်း ဆင်ခြင်နိုင်အောင် ငါ သတိပေးတာပဲ"

ကွမ်ယုက ...

"ဆရာကြီးရဲ့စကားကို လေးစားပါတယ်၊ ကျေးဇူးလည်း တင်ပါတယ် ဆရာကြီး၊ သို့သော် ကျွန်တော့်ဆရာမ ခိုင်းတာတွေကို ကျွန်တော် အကုန်လုပ်မှာပါ၊ ဓားတောင်ကို တက်ဆိုရင်လည်း



ကျွန်တော် တက်မှာပါ၊ မီးပင်လယ်ကိုဖြတ်ဆိုရင်လည်း ကျွန်တော် ဖြတ်မှာပါ၊ ကျွန်တော့်ဆရာမက အန္တရာယ်ကို ရင်ဆိုင်စေချင်လည်း ကျွန်တော် ရင်ဆိုင်မှာပါ ခင်ဗျာ၊ ဆရာမကျေးဇူးတွေဟာ ကျွန်တော့် အပေါ်မှာ များလှပါတယ်"

ဆရာကြီးလီယူဓာက ...

"ကောင်းပြီလေ၊ ကျုပ်က မောင်ရင့်စိတ်ထားကို လေးစားလို့ ကျုပ်သိထားသမျှ တာဝန်ရှိတဲ့အတိုင်း သတိပေးပြီးပြီ၊ ကျန်တဲ့ အပိုင်း သတိထားဖို့ မထားဖို့ကတော့ မောင်ရင့်အပိုင်းပဲလေ၊ ကဲ ... ကျုပ်ကို ခွင့်ပြုကြပါဦး၊ ကျုပ်လည်း တောင်ကျွန်းကို အမြန်ဆုံး ရောက်အောင် ပြန်ရဦးမယ်၊ အခု စကားပြောနေတာတောင် တော်တော်အချိန်ဖြုန်းရာ ကျနေတယ်၊ ကျွန်းမှာ အခုဆိုရင် မော်လိုင်းတစ်ယောက် အဆိပ်ပို့တဲ့ဝေဒနာနဲ့ လူးလိမ့်နေရပြီ"

သူသည် စကားဆုံးသည်နှင့် လှည့်ထွက်သွားလေတော့သည်။ မကြာမီ လူလုံးပျောက်သွားသည်။ သူသည် အမှောင်ထုထဲသို့ တိုးဝင်သွားခြင်းဖြစ်သည်။ ဟန်ရှင်က ကွမ်ယုအား ကြည့်ပြီးပြောသည်။

"သိုင်းလောကသားတစ်ယောက်ဖြစ်လာရင် အင်မတန် သတိထားနိုင်မှ တော်ကာကျမယ်၊ ရှင်ဟာ အစစအရာရာ ယုံကြည်မှုကို ရှေ့တန်းတင်လွန်းတယ်၊ ယုံကြည်မှုကို ရှေ့တန်းမတင်ပါနဲ့ အရာရာကို စဉ်းစားပြီးမှ ဆောင်ရွက်ပါ"

ကွမ်ယုသည် သူ့ဆရာမအပေါ် ယုံကြည်လွန်းသည်။ ဤသို့ ယုံကြည်ရန်မသင့်ဟု အဓိပ္ပာယ်ရှိရှိ ပြောခြင်းဖြစ်ပါသည်။

သူမသည် ပြောပြီးသည်နှင့် ယီတာကိုမျက်စောင်းထိုးကြည့်လေ၏။ ယီတာကား အလွန်ပါးနပ်သူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်ဆို နားရွက်က မီးတောက်သူဖြစ်၏။ သူ့အား စောင်းမြောင်းပြောမှန်း သိသည်။ သူက မဲ့ပြုံး ပြုံးသည်။

"ရှင်ဟာ သိုင်းလောကသားတစ်ယောက် မဟုတ်သေးပါဘူး။ သိုင်းလောကထဲ ဝင်မယ့်သူပါ။ ကျွန်မဟာ သိုင်းလောကသားတစ်ဦးပါ။ သိုင်းလောကအကြောင်း ရှင့်ထက် ပိုသိပါတယ်၊ ရှင်က မိကျောင်းမင်းရေခင်းပြနေတယ်၊ ကျွန်မက ဒီရေအကြောင်း၊ လှိုင်းအကြောင်း၊ မြစ်ပြင်အကြောင်း အကုန်သိနေတယ်၊ ကွမ်ယုဟာ ကျွန်မရဲ့တပည့်ပါ။ ကျွန်မ တာဝန်ရှိပါတယ်၊ ရှင် စိုးရိမ်မနေပါနဲ့၊ ရှင်သာ အရူးအမူးလက်ချက် မမိအောင်ကာကွယ်ပါ"

ဟန်ရှင်မှာ ယီတာကို ဆန့်ကျင်ချင်လွန်း၍သာ ပြောလိုက်ခြင်း ဖြစ်ပါသည်။ ယီတာက အချက်ပိုင်ပိုင် ပြန်ပြောသောအခါ ဘာမျှ ပြန်မပြောနိုင်တော့ပါ။ ဟူအင်ချန်က ဟန်ရှင်ကိုသတိပေးလိုက်သည်။

"ဟန်ရှင် ... ညဥ့်လည်းအတော်နက်နေပြီ၊ နင် အိပ်သင့်ပြီ"

ဟူအင်ချန်က ဤစကားကို မပြောချင်ပါ။ သို့သော် သခင်မ ယီတာနှင့် ဟန်ရှင်တို့ အချီအချ ငြင်းခုံနေမည်စိုး၍ ဤစကားကို ပြောလိုက်ခြင်း ဖြစ်ပါသည်။

စကားလမ်းကြောင်းလွှဲလိုက်ခြင်း ဖြစ်ပါသည်။ ထိုအခါ ယီတာ၏အကြည့်သည် ဟူအင်ချန်အပေါ်သို့ ပြောင်းလဲသွားလေ၏။

"ဒီမှာ ဟူအင်ချန် ... ရှင် ကျွန်မဆီမှာ တပည့်ခံမယ်လို့ ပြောထားတယ်၊ အဲဒါ ဒီည ဆုံးဖြတ်ပေတော့၊ တပည့်ခံမယ် မခံဘူး ဆိုတာ ယတိပြတ် ဆုံးဖြတ်ပေတော့"

ဟူအင်ချန်သည် ဟန်ရှင်ကို ကွက်ကြည့်ကွက်ကြည့် လုပ်ကာ ...



"ကျွန်တော် ... ကျွန်တော်"

"ဘာလဲ ... တပည့်အဖြစ် ခံမလား၊ မခံဘူးလား"

သူသည် ယီတာရှေ့၌ ဒူးထောက် ထိုင်ချလိုက်သည်။

"ဆရာမဆီမှာ ကျွန်တော် တပည့်အဖြစ် ခံယူဖို့ ဆုံးဖြတ်ထားပါတယ်"

သူသည် ဦးညွှတ်၍ ပြောလိုက်လေ၏။

ဟန်ရှင်က မဲ့သည်။ ယီတာက အောင်နိုင်သောအပြုံးဖြင့် ပြုံးသည်။

"ကောင်းပြီ ဟူအင်ချန် ... ကျွန်မဟာ ကွမ်ယုကို ဘယ်လို သင်ပေးခဲ့သလဲ ... တွေ့လား၊ ရှင့်ကို ကျွန်မရဲ့ ဒုတိယမြောက်တပည့် တစ်ဦးအဖြစ် အသိအမှတ်ပြုလိုက်ပြီ၊ ရှင်ဟာ အစ်မရဲ့တပည့်ထက် တော့ အမြဲသာနေစေရမယ်"

သူမက ဝင့်ဝါစွာပြောသည်။ ဟန်ရှင်သည် နေသေးသပ ချုံထဲက ရှိုးသွေးလို့ တမြမြ ဟူသော စကားပုံအတိုင်း ...

'အခုတော့ ပြောဦးပေါ့၊ ငါ သိုင်းပညာသင်ပြီးမှ သိစေမယ်' ဟူ၍ ရင်ထဲမှ ပြောနေမိသည်။ ဟူအင်ချန်သည် ယီတာနှင့် ဟန်ရှင်တို့ကို အတူမနေစေလိုသဖြင့် ...

"ဟန်ရှင် ... ဟိုဘက်မှာ အစားကောင်းအသောက်ကောင်း တွေရှိတယ်၊ တို့ သွားစားကြရအောင်"

ဟန်ရှင်သည် ကွမ်ယုအား တစ်ချက်ကြည့်ကာ ဟူအင်ချန်နှင့် လိုက်ပါသွားတော့၏။ ယီတာ၏မျက်နှာ လွဲနေသည်။ ဟန်ရှင်လှည့် မကြည့်ပေ။

ဤမိန်းကလေးနှစ်ဦးကား ကွမ်ယုအတွက် တအောင်းစေး

www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်ချေးပမာ တစ်ဦးနှင့်တစ်ဦး ကြည့်မရတော့ပေ။ ကွမ်ယုက ဘာမျှမသိချေ။

သူသည် သိုင်းလောကအတွင်းသို့ ဝင်ရန်သာ စိတ်စောနေလေ၏။ ထိုည သန်းခေါင်ယံအချိန်လွန်သောအခါ သိုင်းသမားအားလုံးသည် အကောင်းဆုံး အောင်ပွဲခံအစားအစာနှင့် အကောင်းဆုံး အောင်ပွဲခံအရက်ကို ရွေးချယ်ပေးကြလေသည်။

အကောင်းဆုံး အစားအစာမှာ ဟင်းအမယ်ပေါင်းငါးဆယ့်ကိုးမျိုးထဲမှ တစ်မျိုးကို ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

ဟင်းကား တံငါသိုင်းသမားချန်ဖီး၏ ပင်လယ်ထဲက ရတနာများဖြစ်ကြောင်း အားလုံးက တညီတညာတည်း သဘောတူကြလေ၏။

ချန်ဖီးမှာ ရွှေခြသေ့်ခါးပတ်ရသည့်အပြင် အကောင်းဆုံး ဟင်းလျာစီစဉ်သူအဖြစ်လည်း နာမည်ရရှိသွားလေ၏။

အကောင်းဆုံးအရက်ကား ယိတာချေ့ခံသည့် 'နတ်ပြည်မွှေး အရက်' ကို ရွေးချယ်ကြသည်။ ပြိုင်ပွဲကျင်းပရာ ကွင်းအတွင်း ရောက်ရှိလာသူအားလုံးကို နတ်ပြည်မွှေးအရက်ကို မသောက်သူ မရှိချေ။ ထိုသို့ ရွေးချယ်ပြီးသောအခါ သိုင်းသမားများသည် ချန်ဖီးနှင့်ကွမ်ယု၏အမည်ကို အော်ဟစ်ကြွေးကြော်ကာ လူစုခွဲကြလေတော့၏။

ကွမ်ယုတို့လူစုလည်း စည်းကမ်းထိန်းသိမ်းရေးမှူးများကို နှုတ်ဆက်ပြီး ပြန်သွားကြလေ၏။

◙◙◙



## (၃၇)

## အတတ်ပညာလမ်းခွဲ

ဟန်ရှင်သည် ဟူအင်ချန်၏အိမ်သို့ ရောက်မလာသဖြင့် ဟူအင်ချန်သည် ဟန်ရှင်၏အိမ်သို့ လိုက်လာလေ၏။ ဟန်ရှင်၏ဖခင် ဟန်ချီအီက ဟူအင်ချန်ကို ပြုံးရွှင်စွာ ဆီးကြိုသည်။

"ဟော့ ဟူအင်ချန် ... မင်းအဖေ နေကောင်းရဲ့လား"

ဟူအင်ချန်က လက်ဖမိုးယှက်၍ ဂါရဝပြုလိုက်၏။

"နေကောင်းပါတယ် ခင်ဗျာ၊ ဦးကော နေကောင်းပါရဲ့လား"

"ကောင်းပါ့ကွယ် ... မင်းသူငယ်ချင်း ဟန်ရှင်တစ်ယောက်တော့ ပန်းခြံထဲမှာ ရှိလိမ့်မယ်"

ဟန်ချီအီသည် သူ၏ အိမ်ဖော်တစ်ယောက်ကို လှမ်းခေါ်လိုက်၏။

"ဟော့ ...အလွမ် ...အလွမ်"

"လာပါပြီ ခင်ဗျာ"

"လာစမ်း ... ငါ့တူကြီးကိုခေါ်ပြီး ဟန်ရှင်ဆီ လိုက်ပို့လိုက်စမ်း"

ဟူအင်ချန်သည် အိမ်ဖော်အလွမ်နှင့် လိုက်ပါသွားလေသည်။ ပန်းခြံထဲသို့ရောက်သောအခါ ဟူအင်ချန်က အလွမ်အား ပြန်လွှတ်လိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်တော့၊ ငါဘာသာ ငါသွားရှာမယ်"

အလွမ်သည် ဦးညွတ်ပြီး ထွက်ခွာသွားလေတော့၏။

ဟူအင်ချန်သည် ကြီးမားသော ခြံကျယ်ကြီးအတွင်း ဟာန်ရှင်ကို လိုက်လံရှာဖွေရလေတော့၏။

ဟာန်ရှင်သည် ခရမ်းရောင် စံကားပန်းပွင့်များ ဝေနေသည့် စံကားပင်အောက်တွင် ရှိနေသည်။ သူမသည် ကျောက်သားကို ထွင်းထုပုံဖော်ထားသော ထိုင်ခုံပေါ်၌ထိုင်လျက် ငေးမောနေသည်။

ဟာန်ရှင်သည် ဟူအင်ချန်လာသည်ကို သိရှိ၏။ သို့သော် မသိကျိုးကျွန် ပြုနေလေ၏။ ဟူအင်ချန်က သူမရှေ့တွင် လာရပ်ပြီး...

"ဟာန်ရှင် ... မင်း တို့ကို စိတ်ကောက်နေသလား။ ဘာတွေ စိတ်ကောက်နေတာလဲ"

ဟာန်ရှင်က မော့ကြည့်၏။ သူမ၏မျက်လုံးထဲတွင် ရီဝေမှုများ ပြည့်လျှမ်းနေလေသည်။

"ရှင် ... ဆရာမယိတာဆီမှာ ကျွန်မထက် သိုင်းပညာသာအောင် ရှင်သွားပြီး ကြိုးစားသင့်ပါတယ်၊ ဘာကြောင့် ကျွန်မဆီကို လာရတာလဲ"

"ဩော် ... မင်းက ယိတာ့ဆီမှာ ငါ တပည့်ခံခဲ့တဲ့အတွက် စိတ်ဆိုးနေတာကိုး"

"စိတ်ဆိုးတာ မဟုတ်ပါဘူး၊ ကျွန်မတို့နှစ်ယောက် သဘာဝချင်း မတူတော့ဘူးဆိုတာ သိနေလို့ စိတ်မကောင်းဖြစ်နေတာ"

ဟူအင်ချန်သည် ထိုစကားကို ကြားသောအခါ စိတ်ထိခိုက်သွားလေသည်။ ထို့ကြောင့် သူသည် ဟာန်ရှင်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတော့၏။



ထို့နောက် တုံ့ခနဲရပ်လိုက်ကာ ဟာန်ရှင်ကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။

"နေပါဦး ဟာန်ရှင် ... မင်းကို မေးပါရစေဦး ... ကွမ်ယုံဟာလည်း ယိတာတပည့်ပါပဲ၊ ကွမ်ယုကိုတော့ စိတ်မဆိုးဘဲနဲ့ ငါ့ကိုမှ ဘာကြောင့် စိတ်ဆိုးရတာလဲ"

ဟာန်ရှင်က ပြန်မဖြေချေ။ ဟူအင်ချန်သည် ခံစားချက်အပြည့်ဖြင့် ဆက်လက်ပြောဆိုနေလေ၏။

"နောက်တစ်ခု ငါပြောချင်တာရှိတယ်၊ ကွမ်ယုက ယိတာ့ဆီမှာ အဆင့်မြင့်သိုင်းပညာတွေ တတ်မြောက်ခဲ့ပြီးပြီ၊ မင်းက အဖွားဆီမှာ မကြာခင် ပညာသင်ယူရတော့မယ်၊ အဲဒါ ငါတစ်ယောက်တည်းမှာ သင်ပေးမယ့်သူမရှိဘဲ အထီးကျန် ဖြစ်နေခဲ့တာကိုတော့ ကွမ်ယုရော မင်းရော စာနာမှု လုံးဝမရှိဘူး။ ကွမ်ယုကလည်း ဟူအင်ချန်အတွက် ငါ့ဆရာကို ပြောပေးမယ်ဆိုတဲ့စိတ် မရှိဘူး။ မင်းကလည်း အဖွားဆီမှာ ပညာသင်ကြားဖို့ ပြောမပေးဘူး။ အဲဒီမှာ ယိတာက သူ့ဆီမှာ တပည့်ခံမလားလို့မေးလို့ ငါက သူ့တပည့်အဖြစ် ခံယူလိုက်တယ် ... အဲဒါ အပြစ်လား"

ဟာန်ရှင်ထံမှ ဘာသံမျှ ထွက်မလာပေ။ ဟူအင်ချန်၏ မျက်နှာမှာ ရဲတက်လာသည်။

"ဖြေလေ ဟာန်ရှင် ... ငါမေးတာတွေ ဖြေလေ"

ဟာန်ရှင်သည် သက်ပြင်းချပြီး ထရပ်သည်။ ဟူအင်ချန်ကို ကျောခိုင်းလိုက်သည်။

သူမသည် စံကားပင်မှ ပန်းကလေးတစ်ပွင့်ကို ခူးယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ဟူအင်ချုန်၊ ဒီပန်းကလေးကို ကျွန်မကိုယ်စား သိမ်းဆည်းထားပါတော့၊ ရှင်က ယီတာဆီမှာ သိုင်းပညာအကုန်အစင် တတ်မြောက်အောင်သင်ပါ၊ ကျွန်မက အဘဖူးဆီမှာ သိုင်းပညာကို အကုန်အစင် တတ်မြောက်အောင် သင်မယ်၊ ကျွန်မတို့နှစ်ယောက် သိုင်းပညာတွေ ကုန်စင်အောင် တတ်မြောက်တဲ့နေ့မှာ တောင်သုံးလုံးလွှင်ပြင်မှာ ပြန်ဆုံကြမယ်၊ အဲဒီအခါမှာ ရှင်က ဒီစကားပန်းကို ယူခဲ့ပါ၊ အခု ရှင့်ကို ကျွန်မ စိတ်မဆိုးတော့ဘူး၊ ယီတာ့ဆီမှာ ရှင် တပည့်ခံတာကို ဘယ်လိုမှ မခံစားရတော့ဘူး"

ဟူအင်ချုန် အံ့ဩသွားသည်။

"ထူးဆန်းလှချည်လား ဟန်ရှင်၊ ဒီစကားတွေကို မင်း ဘာကြောင့် ပြောရကာလဲ"

"ကျွန်မကို ရှင် မေးခွန်းထုတ်မနေသင့်တော့ဘူးလေ၊ ကျွန်မဘက်က ရှင့်အပေါ် စိတ်မဆိုးတော့ဘူးဆိုရင်ပဲ လုံလောက်နေပါပြီ"

ဟန်ရှင်သည် သူမ ခူးလာသည့် စံကားပန်းကလေးကို ကျောက်စားပွဲပေါ်သို့ တင်လိုက်သည်။

"ရှင်ပြန်တော့ ဟူအင်ချုန်၊ ရှင့်ကို နှင်လွှတ်တယ်လို့ မထင်ပါနဲ့၊ ကျွန်မ ဒီနေ့ သိပ်နေမကောင်းဘူး၊ ကျွန်မအခန်းထဲမှာ သွားနားနေမယ်"

ဟန်ရှင်သည် စကားဆုံးသည်နှင့် ချာခနဲလှည့်သွားကာ အိမ်ကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

ဟူအင်ချုန်သည် ဘာစကားမျှ မပြောနိုင်ဘဲ ငေးငိုင်ကြည့်နေမိတော့သည်။ သူသည် အတန်ကြာမှ သတိဝင်လာလေသည်။ သူသည် ခရမ်းရောင် စံကားပွင့်ကလေးကို ကျောက်စားပွဲပေါ်မှ



ကောက်ယူလိုက်သည်။ သူသည် အမိုပွာယ်ကင်းမဲ့သော မျက်လုံးများဖြင့် စံကားပွင့်လေးကို ကြည့်နေသည်။

"ဟန်ရှင် ပြောတဲ့စကားတွေကို ငါ ဘာမှနားမလည်ပါလား"

သူသည် တိုးတိုးပြောမိသည်။ သူသည် ခေါင်းငိုက်စိုက်ချပြီး ထိုနေရာမှ ထွက်လာခဲ့၏။

◙

ဟူအင်ချုန်သည် ယီတာထံမှ သိုင်းပညာကို အလွန်ကြိုးစား၍ သင်ယူသည်။ ဟန်ရှင်သည် မတွေ့ရသည်မှာ အတော်ကြီး ကြာခဲ့ပေပြီ။ ဟန်ရှင်နှင့် တွေ့ရန်မှာ သူ့အနေဖြင့် သိုင်းပညာကို ကုံလုံပြီးမြောက်အောင် သင်ကြားရပေလိမ့်မည်။ သို့မှသာ ဟန်ရှင်နှင့် တောင်သုံးလုံးလွှင်ပြင်၌ ပြန်လည်တွေ့ဆုံရမည် မဟုတ်ပါလား။

ထိုအချက်ကြောင့် သူ့အနေဖြင့် သိုင်းပညာကို အစွမ်းကုန် လေ့ကျင့်နေခြင်း ဖြစ်သည်။ သူသည် ယီတာဆီမှ သိုင်းပညာ အကုန်အစင် တတ်မြောက်ပါက ဟန်ရှင်နှင့်လည်း တွေ့ရမည်။

ထို့ပြင် ကွမ်ယုထက်လည်း သိုင်းပညာ သာလွန်လို၏။ ထိုတွန်းအားက သူ့ကို မရပ်မနား လေ့ကျင့်နေရန် အမြဲလှုံ့ဆော်နေလေသည်။ သို့သော် ယီတာသည် ဟူအင်ချုန်ကို သိုင်းပညာပေးဝေမှု အလွန်နှေးကွေးခဲ့သည်။ ယီတာ၏အချိန်အားလုံးလိုလိုပင် ကွမ်ယု နှင့်သာ ကုန်လွန်နေသည်။

ဟူအင်ချုန်မှာ လွန်စွာ အားမလိုအားမရ ဖြစ်ရပေလေ၏။ သူသည် ညအိပ်ချိန်ကလေးမှလွဲ၍ ဆရာမယီတာ၏ သိုင်းပညာများ

www.burmeseclassic.com

www.burmeseclassic.com



ကို လေ့ကျင့်နေခဲ့သည် မဟုတ်ပါလော။

သူကြိုးစားသလောက် ဆရာက သူ့အပေါ် ပညာဆက်မပေးသောအခါ သူသည် ဝမ်းနည်းအားငယ်စိတ် ဖြစ်ပေါ်မိလေသည်။

ယီတာသည် သူ့ကို လုံးဝ ဂရုမစိုက်ပါတကား။

ဟူအင်ချန်သည် သိုင်းကွက်များကို ရှေ့တက်ခွင့်မရသောအခါ လုံးဝအအားမနေဘဲ တတ်မြောက်ခဲ့သည့် သိုင်းကွက်များကို ထပ်ပြန်တလဲလဲ ကြိမ်ဖန်များစွာ လေ့ကျင့်လေရာ သူ တတ်မြောက်ပြီးသော သိုင်းပညာများသည် သွေးသားထဲသို့ စိမ့်ဝင်သွားပြီး အလွန့်အလွန် ကျွမ်းကျင်သိမ်မွေ့လာလေသည်။

'သိုင်းပညာ၏ အလွန်နက်ရှိုင်းသော လမ်းခွဲတစ်ခု' ကို ဟူအင်ချန်သည် သူ့ဘာသာ တွေ့ရှိလိုက်ရတော့သည်။ သိုင်းကွက်များ အဆင့်မြင့်မြင့် တတ်မြောက်ခြင်းသည် သိုင်းပညာအားလုံး၏ မူလပန်းတိုင် ဖြစ်သည်။

သို့သော် သိုင်းကွက်များကို အဆင့်မြင့်တတ်မြောက်ရုံဖြင့် ပညာရပ်၏သဘောမှာ ပြီးဆုံးခြင်းသို့ ရောက်သည် မဟုတ်၊ အစသာ ရှိသေးသည်။

မိမိ တတ်မြောက်ထားသည့် အဆင့်မြင့်သိုင်းပညာကို လက်တွေ့အသုံးချရင်းဖြင့် အတွေ့အကြုံ ရင့်ကျက်လာကာ မိမိအတွက် လိုက်ဖက်သော သမ္မာအဆင့်သို့ရောက်မှ ပညာရှင် ဖြစ်လာရသည်။

ဟူအင်ချန်ကို ယီတာသည် သိုင်းပညာရပ်အသစ်များ တက်မပေးချေ။



ထိုအခါ သူသည် သင်ပြီး တတ်ပြီးသော သိုင်းပညာရပ်များကို အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ဖန်များသောအခါ သိုင်းပညာများသည် အလွန်သိမ်မွေ့လျက် 'သိုင်းကွက်တစ်ကွက်တည်းမှာပင် ခွန်အား၏ အတိုးအဆုတ်၊ အစိတ်အပိုင်းများ၏ အနှေးအမြန်၊ သိုင်းကွက်အတွင်းရှိ ပရိယာယ်ပိုင်းနှင့် အစစ်အမှန်ပိုင်း၊ သိုင်းကွက်တစ်ကွက်နှင့်တစ်ကွက် ချိတ်ဆက်ကူးပြောင်းမှု စသည်တို့အား အနုစိတ် သိရှိလာပြီး လိုအပ်သလို နိုင်နင်းစွာ ကူးပြောင်းတိုက်ခိုက်နိုင်စွမ်း ရှိလာသည်။

မိုးကြိုးလျှပ်စစ်ကဲ့သို့ ပူလောင်ပြင်းထန်လှသော တိုက်ကွက်များကိုပင် တိမ်စိုင်ကလေးလို နူးညံ့လှပအောင် ပြုပြင်ထိန်းသိမ်းလျက် တိုက်ခိုက်နိုင်လေပြီ။

ဤအရည်အသွေးကိုပင် သမ္မာဟူ၍လည်းကောင်း၊ ပညာရှင်ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကြောင်း ဟူအင်ချန် သိရှိသဘောပေါက်လာလေသည်။

ဟူအင်ချန်လိုလူမျိုးမှာ မရှိမဟုတ်။ တစ်သောင်းမှာတစ်ယောက်၊ တစ်သိန်းမှာ တစ်ယောက် ရှိလေသည်။ ရှိတော့ရှိသည် ... ရှားသည်ဟု ဆိုရပေမည်။

မိမိသည် 'သိုင်းပညာ၏ အလွန်နက်ရှိုင်းသော လမ်းခွဲတစ်ခု' ကို ပေါက်မြောက်အောင်မြင်ခဲ့ကြောင်း မည်သူ့ကိုမျှ အသိမပေးရန် ဟူအင်ချန် ဆုံးဖြတ်လိုက်သည်။ သူသည် ဒူးတစ်ဖက်ပင် လက်တစ်ဖက်မြောက်သော တိမ်ခွင်းတိုက်ကွက်ကို လေ့ကျင့်နေ၏။

သူသည် အာရုံထဲ နစ်မြောနေသဖြင့် နားထဲတွင် လေလှိုင်းသံ တဝုန်းဝုန်း ထနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ယီတာသည် အဒေါ်ချန်နှင့်အတူ သူ့ထံသို့ တူရူလျှောက်လာနေလေ၏။ ဟူအင်ချန်သည် ယီတာတို့လာသည်ကို မြင်သည်နှင့် မပြီးဆုံးသေးသော တိုက်ကွက်ကို ချက်ချင်း လျှော့ချလိုက်သည်။

သူကစားနေသည့်တိုက်ကွက် အစအဆုံးကို ယီတာနှင့် အဒေါ်ချန်တို့ တွေ့မြင်သွား၍ မဖြစ်သေးပေ။

အဒေါ်ချန်သည် ဟူအင်ချန် သိုင်းကွက်လေ့ကျင့်နေသည်ကို ကြည့်ပြီး မဲ့လိုက်၏။

"မင်းကစားနေတာ တိမ်ခွင်းတိုက်ကွက် မဟုတ်လား၊ ပျော့လှချေလား။ ဒီတံတောင်ကို ဟောဒီလို ပင့်မှပေါ့ကွယ်"

အဒေါ်ချန်သည် ပြောပြောဆိုဆို ဟူအင်ချန်၏တံတောင် တစ်ဖက်ကို လက်ဖဝါးနှင့် ပင့်ရိုက်ပြီး မြှုပြင်ပေးလိုက်လေသည်။

ဟူအင်ချန်မှာ လူငယ်တစ်ယောက်သာ ဖြစ်လေရာ သူ့အား ရှိုးနှိမ်သည့်စကားကို ကြားသောအခါ ထောင်းခနဲ ဒေါသထွက်သွားလေ၏။ အဒေါ်ချန်၏လက်ဖဝါးအထိတွင် သိမ်မွေ့သော သိုင်းကွက် တစ်ကွက်ဖြင့် ပြောင်း၍ ဆီးကြိုလိုက်၏။

'ဖတ် ...'

"ဟင် ..."

လက်ဖဝါးမှတစ်ဆင့် အဒေါ်ချန်၏ခန္ဓာကိုယ်ကို အင်အား တစ်ခုက တွန်းထုတ်ပစ်လိုက်သဖြင့် အဒေါ်ချန်မှာ နောက်သို့ ခြေနှစ်လှမ်းဆုတ်သွားရသည်။ ယီတာပင် အံ့အားသင့်သွားရသည်။

ဟူအင်ချန်သည် ဒေါသအလျောက် ပညာကို ထုတ်လိုက်မိသော်လည်း ထုတ်ပြီးမှ သူ့အမှားကို မြင်မိလေ၏။ သူသည် ထိုပညာ



ကို ထုတ်မပြဟု ဆုံးဖြတ်ထားသည် မဟုတ်ပါလား။

သူသည် သိုင်းကွက်များကို လျှော့ချလိုက်သည်။ အချိန်မီ သိုင်းကွက်များကို လျှော့ချနိုင်သဖြင့် ယီတာ မရိပ်မိလိုက်ချေ။

"မတော်တဆဖြစ်သွားတယ်နဲ့ တူပါတယ် အဒေါ်ချန်"

ယီတာက ပြောလိုက်၏။ အဒေါ်ချန်သည် မည်သို့ သူ့အား တွန်းဖယ်လိုက်သည်ကို မျက်မှောင်ကြုတ်၍ စဉ်းစားနေသေး၏။

သို့သော် ဟူအင်ချန်၏ပုံစံမှာ အလွန်ညံ့ဖျင်းသော သိုင်းသမားတစ်ယောက်ပုံစံအတိုင်းသာ တွေ့မြင်ရသဖြင့် အထင်သေးသောစိတ်များ လွှမ်းမိုးသွားရသည်။

"အင်း ... ဟုတ်လိမ့်မယ် သခင်မ၊ ကျွန်မကိုယ်တိုင် ခပ်ပေါ့ ပေါ့လုပ်လိုက်လို့ ဒီလိုဖြစ်ရတာ ထင်ပါတယ်၊ ကဲ ... လာရင်းကိစ္စက မင်းကို လာခေါ်တာပဲ ဟူအင်ချန်၊ မင်း သိုင်းလေ့ကျင့်နေတာတွေကို ရပ်လိုက်ပေတော့"

အဒေါ်ချန်က အမိန့်ပေးလိုက်၏။ ယီတာက ...

"ဟူအင်ချန် ... မြေခုနစ်ကောင်ကျောင်းတိုက်ကို လိုက်သွားပါ၊ ဟိုမှာ အဒေါ်ချန်က ကျွန်မကိုယ်စား ရှင့်ကို ညွှန်ကြားချက်တွေ ပေးလိမ့်မယ်၊ အဲဒီညွှန်ကြားချက်တွေကို တိတိကျကျ လိုက်နာပါ"

ယီတာနှင့်အဒေါ်ချန် လိုက်လာသည်မှာ ဟူအင်ချန်၏ မြို့တွင်းတစ်နေရာ ဖြစ်သည်။ သူတို့မြို့၏အနောက်ဘက်တွင် အဆောက်အအုံ အလွတ်တစ်လုံးရှိရာ ဟူအင်ချန်သည် ထိုအဆောက်အအုံကို သူသိုင်းလေ့ကျင့်ရာ ခန်းမအဖြစ် အသုံးပြုလေ၏။

သူသည် သူဌေးသားတစ်ဦးဖြစ်ရာ သူ့မြို့တွင်း၌ စိတ်ကြိုက် သုံးစွဲခွင့်ရသည်။ သူ၏ဖခင်ကလည်း ခွင့်ပြုထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယိတာသည် ဟူအင်ချန်ထံသို့ တစ်ပတ်တွင် တစ်ရက်ကျ လာရောက်ပညာသင်ပေးသည်။ သူ မလာသည့်အခါတွင်လည်း သူမ၏ ပကာတိရုပ်ရည်ဖြင့် လာရောက်ခြင်း မဟုတ်ချေ။

ရုပ်ဆိုးသည့်အသွင်ဖြင့် အမြဲတမ်းရုပ်ဖျက်၍ လာပေသည်။ သူ့အား သခင်မယိ တာက မြွေခုနစ်ကောင်ကျောင်းတိုက်သို့ ခေါ်ဆောင်ပေပြီ။ ယိတာက ...

"ရှင် အခုပဲလိုက်သွား။ ရှင့်ကို အဒေါ်ချန်က ဦးဆောင်ခေါ်သွားလိမ့်မယ်"

သူ မြွေခုနစ်ကောင်ကျောင်းတိုက်သို့ ခေါ်ယူခံခြင်းမှာ သိုင်းပညာ တိုးမြှင့်ရန်ဖြစ်လိမ့်မည်ဟု ဟူအင်ချန် တွေးမိလေ၏။ ထို့ကြောင့် စိတ်ဓာတ်တက်ကြွစွာဖြင့် အဒေါ်ချန်နောက်သို့ လိုက်ခဲ့သည်။

ခြံပြင်တွင် မြင်းကိုးကောင်ကသော ရထားလုံးကြီးသည် အဆင်သင့် ရောက်ရှိနေ၏။

"ကဲ ... ရှင်တို့ သွားပေတော့၊ ကျွန်မကတော့ မြို့ထဲမှာ လုပ်စရာကလေးတွေ ရှိသေးတယ်"

ယိတာသည် ရုပ်ဆိုးမားချားအိုအသွင် အမြဲတမ်း ရုပ်ဖျက်ထားတတ်ပြီး မည်သည့်အခါမှလည်း မြင်းကိုးကောင်ကသော ရထားကို မစီးချေ။ တစ်ကိုယ်တည်း နေရာအနှံ့ လျှောက်သွားလေ့ရှိသည်။ ယခုလည်း မြင်းကိုးကောင်ကသော ရထားနှင့် လိုက်မလာချေ။ မြို့ထဲ၌ ကျန်ရစ်ခဲ့သည်။

မြင်းကိုးကောင်ကသော ရထားနှင့် အစဉ်အမြဲရှိသည်မှာ အဒေါ်ချန်ဖြစ်သည်။ သူမ ဘယ်သွားသွား ရ‌ေ ားလုံးကြီးက ပါစမြဲ။

ယခု ဟူအင်ချန်သည် ရထားလုံးကြီးဖြင့် ပါသွားပေပြီ။



ရထားလုံးကြီးမှာ မြွေခုနစ်ကောင်ကျောင်းတိုက်သို့ သွားရာတွင် ကွမ်ယုတို့ရွာဘက်မှ မသွားချေ။ ထိုရွာမှသွားလျှင် ရထားလုံးသွားရန်လမ်းမရှိချေ။ ထို့ကြောင့် တစ်ဖက်လမ်းမှ လှည့်သွားရလေ၏။ ရထားလုံးကြီးသည် အရှိန်ပြင်းစွာမောင်းနှင်ပြီးနောက် မြွေခုနစ်ကောင်ကျောင်းတိုက်ထဲသို့ ဝင်သွားသည်။ မကြာမီ မြင်းခွာသံများ တိတ်ဆိတ်သွားသည်။

မြွေခုနစ်ကောင်ကျောင်းတိုက်၏ အနောက်ဘက်တွင် လှိုဏ်ဂူကတ်ခါးမကြီး တစ်ခုရှိ၏။ ထိုတံခါးမကြီးအတိုင်း ဝင်လိုက်လျှင် မြေအောက်သို့ နိမ့်ဆင်းသွားသည့် လှေကားထစ်များ ရှိ၏။

ထိုလှေကားမှဆင်းပြီး ဂငယ်ကွေ့ကွေ့လိုက်သောအခါ အလွန်ခမ်းနားကျယ်ဝန်းသည့် မြေတိုက်အတွင်းသို့ ရောက်ရှိသွားတော့သည်။ မြေတိုက်အဆောက်အအုံဆိုသော်လည်း တကယ့်မြေပြင်ပေါ်မှ အခန်းကဲ့သို့ အကျအန ပြင်ဆင်ထားသည်။

အထက်မှ သဘာဝနေအလင်းရောင်ကို လုံလုံလောက်လောက် ရရှိစေရန် အလွန်သိမ်မွေ့သော ဗိသုကာပညာရပ်များကို အသုံးချထားလေရာ မြေတိုက်အဆောက်အအုံ အားလုံးတွင် သန့်ရှင်းသော နေရောင်ခြည်ကို ပြည့်ဝစွာ ရရှိနေသည်။

ထို့ေ ‌ ‌ င့် မြေတိုက်အဆောက်အအုံဆိုသော်လည်း မည်းမှောင်၍ မနေချေ။ ဤအဆောက်အအုံကြီးသည် မည်သည့်အတွက် တောထဲတောင်ထဲ၌ လာရောက်တည်ရှိနေရပါသနည်း။

 ‌ ‌သည်မှာ စဉ်းစားစရာ အကွက်တစ်ကွက် ဖြစ်သည်။ ဤအဆေ ‌ ‌ က်အအုံကြီး ဤတောထဲ၌ လာရောက်တည်ရှိနေသည်မှာ ဤသို့ ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေးနှစ်ပေါင်းများစွာက ဘုရင်မင်းမြတ်များသည် အလွန်အရေးကြီးသော အကျဉ်းသားများကို ချုပ်နှောင်ထားရန်နှင့် စစ်ဆေးရန်အတွက် အဆောက်အအုံကြီးတစ်ခုကို ဤမြေခုနစ်ကောင် တောတွင်း၌ လာရောက်တည်ဆောက်ထားခဲ့ပေသည်။

ထိုအဆောက်အအုံကြီးကို သမီးတော်ယီတာ၏ဖခင် ဘုရင်မင်းမြတ်သည်လည်း မသိရှိချေ။ သူ့အရင် ဘုရင်သုံးဆက်သည်လည်း ထိုအဆောက်အအုံကြီးရှိကြောင်း မသိရှိချေ။

ဘုရင့်သမီးတော်ယီတာသည် အလွန်ဉာဏ်ပညာထက်မြက်ပြီး မသိသေးသောအရာများကို စူးစမ်းရှာဖွေရန် ဝါသနာထုံသူတစ်ယောက် ဖြစ်သည်။

သူသည် အရွယ်ရောက်လာသည်နှင့် ဘုရင့်စာကြည့်ဆောင်ကို မွှေနှောက်တော့ရာ သားရေချုပ်မြေပုံတစ်ခုနှင့် သော့တွဲတစ်တွဲကို တွေ့ရှိရလေ၏။ သားရေချုပ်မြေပုံပေါ်၌ အဆောက်အအုံတစ်ခုရှိကြောင်း အမှတ်အသားတွေ ရှိသည်။ သခင်မလေးယီတာသည် ထိုအမှတ်အသားကို မတွေ့တွေ့အောင် ရှာဖွေသည်။

ထိုအခါ ထိုမြေခုနစ်ကောင်ကျောင်းတိုက်ကြီးကို တွေ့ရှိရတော့သည်။ သူတွေ့ရှိသောအခါ အဆောက်အအုံကြီး၏ ရှေ့ပိုင်းကို ပြုပြင်ထားပြီး သီလရှင်များ သီတင်းသုံးနေသည်ကို တွေ့ရှိရသည်။ သီလရှင်များသည် ကြီးမားသော အဆောက်အအုံကြီး၏ နောက်ပိုင်းကို ပြုပြင်နိုင်စွမ်း မရှိခဲ့ချေ။

သခင်မယီတာသည် အဆောက်အအုံကြီးကို တွေ့သောအခါ မယ်သီလရှင်များအား ဤအဆောက်အအုံမှာ ရှေးဘုရင်အဆက်ဆက်က အကျဉ်းထောင်အဖြစ် အသုံးချခဲ့သည့် အဆောက်



အအုံကြီးဖြစ်ကြောင်း၊ သို့သော်လည်း မယ်သီလရှင်များသည် အဆောက်အအုံကြီး၏ရှေ့ပိုင်းကို ကျောင်းအဖြစ် အသုံးပြုထားသဖြင့် သူမကလည်း ကျောင်းအဖြစ်ပင် ဆက်လက်အသုံးပြုခွင့်ပေးထားမည်ဖြစ်ကြောင်း၊ အဆောက်အအုံကြီး၏ နောက်ဘက်ပိုင်းကိုမူ သူမ အသုံးပြုမည်ဖြစ်ကြောင်းတို့ကို လျှောက်ထားတင်ပြလေ၏။

သီလရှင်များမှာ ယီတာ၏သဘောထားကြီးမှုအတွက် သာဓုခေါ်ကြလေ၏။ ပထမ၌ ယီတာသည် ထိုအဆောက်အအုံကြီး၏ မြေတိုက်အဆောက်အအုံကို မတွေ့ခဲ့ချေ။

သူမသည် မယ်သီလရှင်များ လိုအပ်မည့် ရိက္ခာများကို ထောက်ပံ့သည်။ မယ်သီလရှင်များသည် သခင်မယီတာအပေါ် အလွန်ကျေးဇူးတင်ကြသည်။

သူတို့သည် ရိက္ခာအတွက် မပူကြရတော့သဖြင့် စာပေသင်ကြားခြင်းနှင့် တရားအားထုတ်ခြင်းတို့ကို စူးစိုက်ကျင့်ကြံနိုင်ကြတော့သည်။ သခင်မလေးယီတာသည် အဆောက်အအုံကြီး၏ နောက်၌ ရစ်ပတ်တွယ်တက်နေသော ချုံနွယ်ပိတ်ပေါင်းများကို လူအင်အားများစွာနှင့် ရှင်းလင်းခုတ်ထွင်လေသည်။

သန့်ရှင်းရေး ပြုလုပ်၏။ ထို့နောက် အဒေါ်ချန်နှင့်အတူ သုံးရက်တိတိ ပိုက်စိပ်တိုက်ရှာသောအခါမှ လျှို့ဝှက်တံခါးမကြီးကို တွေ့ကြရသည်။ သော့တွဲနှင့် ဖွင့်သောအခါ ချေးအထပ်ထပ်ကပ်နေဖြင့် အလွန်ခက်ခဲစွာ ဖွင့်ရသည်။ ထိုအခါ အခန်းပေါင်းများစွာ ရှိနေသည့် မြေတိုက်အထပ်ကို တွေ့ကြရတော့၏။

ယီတာသည် နန်းတော်အတွင်းမှ ဘုရင်မင်းမြတ်အဆက်ဆက်မှ ကျန်ရစ်ခဲ့သော ဆေးကျမ်းများ၊ ဓာတ်ကျမ်းများ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



အားဆေးဖော်နည်းများ၊ သိုင်းကျမ်းဟောင်းများ၊ လျှို့ဝှက်သော ဂန္ထိရမှော်ပညာများ ရေးသားထားသည့် စာအုပ်များကို တိတ်တဆိတ်ယူဆောင်လာပြီး သူမ ကြိုးကိုင်မွေးမြူထားသည့် အဒေါ်ချွန်နှင့် အခြားအစေအပါးများကို ခေါ်ဆောင်လာလေ၏။

ထို့နောက် ပစ္စည်းများကို အခန်းတိုင်းတွင် စနစ်တကျထားပြီး အစေအပါးများကိုလည်း စနစ်တကျ ခိုင်းစေလေသည်။ သူမသည် တီထွင်လိုသည့် အရာများကို စမ်းသပ်လေ့လာတော့သည်။

ထိုမြေတိုက်ခန်းကြီးနှင့် ပတ်သက်၍ သတင်းပျံ့လွင့်ခြင်း မရှိစေရန် မယ်သီလရှင်အိုကြီးနှင့် မယ်သီလရှင်ကလေးများကို အထူးကြပ်မတ်ထားသည်။

ယိတာအား မယ်သီလရှင်များက ဘုရင့်သမီးတော်အဖြစ် သိမထားချေ။ ယိဘာကလည်း သူမအကြောင်းကို လျှို့ဝှက်ထားသည်။

ယိတာသည် မယ်သီလရှင်များ လိုအပ်သော ဝတ်ရုံ၊ ရိက္ခာ၊ အိပ်ရာထည်၊ ဆေးဝါးပစ္စည်းများနှင့် ရိက္ခာများကို အလျှဉ်မပြတ် လှူဒါန်းနေရာ ယိတာအား မယ်သီလရှင်ကလေးများက အလွန်စေတနာတရားထက်သန်သော သူဋ္ဌေးမလေးဟု သိထားပြီး အဆောက်အအုံနှင့်ပတ်သက်၍ လုံးဝလျှို့ဝှက်ကြပေသည်။

သီလရှင်များသည် သခင်မလေးယိတာအား လေးစား ချစ်ခင်သလောက် အဒေါ်ချွန်ကိုတော့ သူမတို့အားလုံး ရွံလည်းရွံ၊ ကြောက်လည်း ကြောက် ဖြစ်နေကြသည်။

အဘယ်ကြောင့်ဆိုသော် အဒေါ်ချွန်၏မျက်နှာထားမှာ အလွန်မျက်နှာကြောတင်းမာပြီး တစ်ကြိမ်တစ်ခါက မျက်စိလည်



လမ်းမှားရောက်လာသော ကျားပေါက်တစ်ကောင်အား သူတို့ရှေ့တွင် လက်ဝါးနှင့် ရိုက်သတ်ခဲ့သောကြောင့် ဖြစ်လေသည်။

အဒေါ်ချွန်၏ရှေ့တွင် မည်သည့်သီလရှင်ကလေးမျှ စကားကျယ်ကျယ် မပြောကြချေ။ မျက်လွှာချကာ ငြိမ်သက်စွာ သွားလာကြသည်။

ယခုလည်း မြွေခုနစ်ကောင် ကျောင်းတိုက်နောက်သို့ မြင်းကိုးကောင်ကသော ရထားလုံးကြီး အရှိန်ပြင်းစွာနှင့် ဝင်ရောက်သွားပြီ။ ရထားလုံးကြီးကို မည်သူမှ လှည့်မကြည့်ပေ။ မမြင်ဟန်ဆောင်ကြ၏။

ရထားလုံးကြီးထဲ၌ အဒေါ်ချွန်ပါလာမည်ကို အားလုံးက သိနေကြသည်။ တရားစာတစ်ပိုဒ်ကို ရွတ်ဆိုရင်း ထော့နင်း ထော့နင်း လျှောက်လာနေသော မယ်သီလရှင်ကလေး တစ်ပါးကသာ မျက်လုံးထောင့်ကပ်၍ ကြည့်လိုက်သည်။

သူမ၏အကြည့်တွင် ဒေါသရိပ်များ တရှိန်ရှိန်တောက်နေသည်။

အဘယ်ကြောင့် မယ်သီလရှင်ကလေးသည် ဒေါသဖြင့် ကြည့်နေရသနည်း။ အကြောင်းရှိပါသည်။ တစ်ဖက်နိမ့်နေရသော ခြေတစ်ချောင်းမှာ ထိုမြင်းကိုးကောင်ကသော ရထားလုံးနှင့် ပွတ်တိုက်မိ၍ သွင်သွင်ကျိုးခဲ့ရခြင်း ဖြစ်ပါသည်။

လူတစ်ယောက်လုံးကို တိုက်မိသွားသော်လည်း ရထားလုံးကြီးသည် ရပ်တန့်ခြင်းမရှိချေ။ ရထားလုံးပေါ်တွင် ပါသွားသော အဒေါ်ချွန်သည် ရထားလုံးကိုရပ်ပြီး ထိခိုက်သွားသူကို ပြုစုကုသခြင်း မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရထားလုံးကို မမြင်ရကောင်းလားဟု မြည်တွန်တောက်တီးသွားပေသေးသည်။

ထိုနေ့တွင်မှ မယ်သီလရှင်ကလေးသည် ရထားလုံးကြီးမောင်းနှင်လေ့ရှိသည့် လမ်းကြောင်းပေါ်သို့ စကြံလျှောက်မိခြင်း ဖြစ်သည်။ ရထားလုံးကြီး လာသောအခါ အရှိန်ပြင်းလွန်းသဖြင့် သူမရှောင်သော်လည်း မလွတ်တော့ပေ။

ထိုနေ့မှစ၍ မယ်သီလရှင်အိုကြီးသည် မည်သည့် မယ်သီလရှင်မျှ ရထားလုံးကြီး ဖြတ်သန်းသည့် လမ်းပေါ်၌ စကြံမလျှောက်ရဟု တားမြစ်ပိတ်ပင်လိုက်တော့သည်။

ထိုခြေထောက်ကို ထိခိုက်မိသွားသော မယ်သီလရှင်ကလေး၏အမည်မှာ ဝူဝေဖြစ်လေ၏။ ထိုဝူဝေကို မယ်သီလရှင်အိုကြီးကဆေးပင်ဆေးရွက်များဖြင့် ကျပ်စည်းပေးခဲ့သည်။

ပြန်လည်ကျန်းမာလာသောအခါ ဝူဝေမှာ ခြေထောက်ထောက်ဆာ ထောက်ဆာဖြင့် ကျန်ရစ်ခဲ့တော့၏။ ဤသည်မှာ မယ်သီလရှင်များအပေါ် အဒေါ်ချန်၏ ပြစ်မှုကျူးလွန်ချက်ပင်။

သို့သော် ခွေးရူးနှင့်ခွေးကောင်း ပြိုင်ကိုက်လျှင် ခွေးကောင်းများ နာမည်ဖြစ်၍ မယ်သီလရှင်များသည် အဒေါ်ချန်၏ပြစ်မှုကိုသိရှိကြသော်လည်း လျစ်လျူရှုလိုက်ကြလေသည်။

ဤသည်မှာ သူတို့အား ရက်ရောစွာ လှူဒါန်းနေသည့် ယီတာ့အပေါ် မျက်နှာထောက်၍ ဖြစ်သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် ခြေထောက်တစ်ဖက် ဒုက္ခိတဖြစ်ရသော ဝူဝေကတော့ အဒေါ်ချန့်အပေါ် လုံးဝ အခဲမကျေပါချေ။

အခွင့်အရေးရသည်နှင့် အဒေါ်ချန်အား လက်စားချေရန်



ဆုံးဖြတ်ထားခဲ့သည်။ သူမ၏စိတ်ခါတ် မည်မျှပြင်းထန်သနည်းဆိုသော် သူမ, အိပ်သော အိပ်ရာအောက်မှ လှို့ဝှက်ပေါက်တစ်ခု တူးလာသည်မှာ တစ်နှစ်ကျော်လေပြီ။

ယခုအခါ မြေအောက်ခန်းနှင့် ဆက်စပ်လျက်ရှိသည့် အခန်းများသို့ ပေါက်လျက်ရှိနေလေပြီ။

ယီတာနှင့်အဒေါ်ချန်တို့ မြေတိုက်ခန်းထဲသို့ မကြာခဏ ဝင်သည်ကို ကြည့်ပြီး ဘာလုပ်နေသည်ကို အလွန်သိလိုလှပေသည်။

ထိုသို့သိရလျှင် တစ်နည်းနည်းဖြင့် လက်စားချေနိုင်မည်ဟု ဝူဝေ ယူဆသည်။

ထို့ကြောင့် ညစဉ် အိပ်ရာအောက်သို့ တူးဆွသည်။

မြေစိုင်မြေခဲများကို ကျောင်းအပြင် တောအုပ်ထဲ၌ စနစ်တကျ စွန့်ပစ်သည်။ အလွန်ကျွမ်းကျင်သော မယ်သီလရှင်အိုကြီးပင် မရိပ်မိခဲ့ချေ။

ယခုအခါ မြေတွင်းသို့ ဥမင်ဖောက်ခြင်းအလုပ်မှာ အောင်မြင်ခဲ့ပေပြီ။

ယီတာနှင့် အဒေါ်ချန်တို့ ဘာလုပ်သည်ကို သိဖို့ပင် လိုတော့သည်။ နေ့လယ်နေ့ခင်း၌ မယ်သီလရှင်အားလုံး တစ်ရေးတမော အိပ်သောအကျင့်ရှိကြသည်။

ထိုအချိန်တွင် သူမ တူးထားသည့် ဥမင်အပေါက်အတိုင်းဆင်းပြီး ယီတာနှင့် အဒေါ်ချန်တို့ ဘာလုပ်နေသည်ကို ကြည့်မည်ဟု ဝူဝေ ကြံစည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၃၈)

## အစမ်းသပ်ခံ သတ္တဝါ

မြေအောက်ခန်းထဲတွင် အဒေါ်ချန်က ကြက်သွေးရောင် ဆေးရည်တစ်မျိုးကို ကြွေပန်းကန်ထဲ ထည့်ယူလာ၏။ ထိုပန်းကန်ကို စားပွဲပေါ် တင်ထားလိုက်၏။

ထူးဆန်းသောဆေးရည်များသည် ကြွေပန်းကန်ပေါ်၌ အငွေ့များ အုပ်ဆိုင်းလာ၏။ အဒေါ်ချန်က အငွေ့များကို လေနှင့် မှုတ်ထုတ်လိုက်သည့်အခါ ကြွေပန်းကန်ထဲမှ ဆေးရည်များသည် အဝါရောင်ဖြစ်နေသည်ကို တွေ့ရှိရလေ၏။

တစ်ဖန် အငွေ့များ ထပ်မံအုပ်ဆိုင်းလာပြန်သည်။ တစ်အောင့်လောက် ကြာသောအခါ အဒေါ်ချန်သည် အငွေ့များကို မှုတ်ထုတ်လိုက်ပြန်၏။

ကြွေပန်းကန်ထဲမှ ဆေးရည်သည် ပန်းနုရောင် ဖြစ်သွားလေသည်။ သည်တစ်ခါတော့ အငွေ့များတက်ခြင်း မရှိတော့ပေ။

ပကတိ ကြည်လင်နေသည်။ ကြည့်ရင်း ကြည့်ရင်း တစ်စ တစ်စ အရောင်ပြောင်းလဲသွားသည်။

မိုးရေကဲ့သို့ သန့်စင်ကြည်လင်လာ၏။

ဆေးရည်များ အရောင်မဲ့ကာ ကြည်လင်လာသောအခါမှ အဒေါ်ချန်သည် ဟူအင်ချန်ကို ပြောလိုက်၏။



"ကဲ ... အချိန်ရောက်ပြီ ဟူအင်ချန်၊ မင်း ဒီဆေးရည်ကို သောက်ရမယ်၊ ဒါ မင်းအတွက် သိုင်းပညာအဆင့်တစ်ဆင့် ထပ်မြှင့်ဖို့ လိုအပ်တဲ့ ဆေးပဲ၊ ဒီဆေးက အတွင်းအားကို တစ်မှုဟုတ်ချင်း မြင့်တက်အောင် စွမ်းဆောင်နိုင်တယ်၊ နောက်ထပ် လေ့ကျင့်ခန်းတွေနဲ့ ပေါင်းစပ်လိုက်ရင် မင်းခန္ဓာကိုယ်ထဲမှာ ဒီအတွင်းအားတွေ ခိုင်မာလာမယ်"

ဟူအင်ချန်သည် ထိုဆေးရည်ကို ငေးစိုက်ကြည့်နေ၏။

သူသည် အရောင်သုံးမျိုးပြောင်းသော ဆေးရည်ကို သောက်သုံးရန် မဝံ့မရဲ ဖြစ်နေသည်။ သူသည် ယောင်ယမ်း၍ နံဘေးဆီသို့ လှည့်ကြည့်မိလေသည်။

ထိုအချိန်တွင် သူသည် ဟန်ရှင်ကို အထူးသတိရနေမိသည်။ ကျောင်းအတွင်း၌ ကွမ်ယုကိုလည်း မမြင်ရသဖြင့် သူအားငယ်နေသည်။ ကွမ်ယုရှိနေလျှင် ကွမ်ယုသည် အဒေါ်ချန်ကို မကြောက်ချေ။

ထို့ကြောင့် ဤဆေးသောက်သင့်မသောက်သင့်ကို မေးမြန်းနိုင်ပေဦးမည်။ ယီတာသည် ကွမ်ယုကိုတော့ အထူးအရေးပေးသည်။

သူမှတစ်ပါး အခြားအားလုံးသော အစေအပါးများကို ကွမ်ယုသည် တန်းတူရည်တူ ဆက်ဆံနိုင်ခွင့်ရှိသည်။ ထို့ကြောင့် ကွမ်ယုကလည်း ယီတာမှတစ်ပါး အခြားသူများအားလုံးအပေါ် တန်းတူရည်တူဆက်ဆံသည်။

ယခုတော့ ကွမ်ယုလည်း သူ့အနား၌ ရှိမနေပေ။

သူငယ်ချင်းနှစ်ဦး အနားမှာမနေခြင်းသည် သူ၏ စိတ်အား ကို လျော့ကျစေသည်။ သူငယ်ချင်းများအနီးတွင် ရှိနေက ဤဆေး သော်မှ သောက်သုံးမိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟူအင်ချန် ... ငါမေးနေတယ်၊ မင်းဆေးသောက်ဖို့ အဆင်သင့်ဖြစ်ပြီလား"

အဒေါ်ချန်အသံက မာကျောလှသည်။ ဟူအင်ချန် မတတ်နိုင်တော့ပေ။ သူ၏ဆရာမက မှာကြားလိုက်သည် မဟုတ်ပါလား။

အဒေါ်ချန်၏စကားကို တိတိကျကျလိုက်နာရမည်ဟု သူသည် ဆရာမစကားကို မငြင်းပယ်ဝံ့ချေ။

"ကျွန်တော် အဆင်သင့်ဖြစ်ပါပြီ"

အဒေါ်ချန်သည် ကြွေပန်းကန်ရှိရာသို့ ကပ်သွားသည်။ အဒေါ်ချန် ကပ်သွားပုံမှာ ဟူအင်ချန်အတွက် တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်မှတ်မိသည်။

ဆေးပန်းကန်ဆီသို့ ကပ်သွားနေသော အဒေါ်ချန်၏ ခြေလှမ်းများမှာလည်း အလွန်နှေးကွေးလှသည်ဟု ထင်မိသည်။ အဒေါ်ချန်သည် ဆေးပန်းကန်ကို ကိုင်မိသွား၏။

သူမသည် ဆေးပန်းကန်ကို အသေအချာလှမ်းယူပြီး ဟူအင်ချန် လက်ထဲသို့ အသေအချာထည့်ပေးလိုက်၏။ ဟူအင်ချန်သည် ဆေးခွက်ကို လက်နှစ်ဖက်ဖြင့် ခံယူလိုက်သည်။

သူသည် ဆေးရည်ကို ကြည့်လိုက်၏။ ဆေးရည်မှာ မိုးရေကဲ့သို့ ကြည်လင်သန့်စင်လှသည်။ သို့သော် သူသည် ထိုဆေးရည်ကို သောက်သုံးရန်လွန်စွာ အခက်အခဲ ဖြစ်နေလေ၏။ အဒေါ်ချန်က ...

"ဟူအင်ချန် ... ဆေးကိုသောက်လိုက်"

အဒေါ်ချန်၏ အမိန့်ပေးသံက အေးစက်စက်ထွက်ပေါ်လာ၏။ ဟူအင်ချန်သည် ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ ပန်းကန်လုံးကို နှုတ်ခမ်းဝတွင်တေ့ပြီး မော့ချလိုက်သည်။



အဒေါ်ချန်သည် ဟူအင်ချန်ကို စောင့်ကြည့်နေသည်။ သူမသည် ဟူအင်ချန်၏ကျောပေါ်ရှိ သွေးကြောဆုံကို ဖိကိုင်လိုက်သည်။

ဟူအင်ချန်မှာ သိုင်းပညာ၏ လျှို့ဝှက်လမ်းခွဲတစ်ခုကို တွေ့ရှိအောင်မြင်ခဲ့သူဖြစ်၍ အဒေါ်ချန် ကိုင်လိုက်သည်နှင့် သူ၏ အတွင်းအားက တုံ့ပြန်မိလေ၏။

"အမယ် ..."

အဒေါ်ချန် အံ့ဩသွား၏။ သူမက ဆက်ပြောသည်။

"မင်းရဲ့အတွင်းအားက အတော့်ကိုကောင်းနေပါလား။ ဘယ်လိုကနေဘယ်လို အတွင်းအားတွေ ကောင်းနေရတာလဲ၊ ငါက စေတနာနဲ့ ကူညီတာပါ။ ဒီဆေးက နည်းနည်းပြင်းတော့ ဆေးအစာခံနိုင်အောင် ငါက အကူအညီပေးနေတာပါ"

အဒေါ်ချန်၏ လေသံမှာ အနည်းငယ်ပျော့ပျောင်းသွားသဖြင့် ဟူအင်ချန်သည် သူ၏အတွင်းအားကို လျှော့ချလိုက်ရသည်။ အဒေါ်ချန်၏လက်မှတစ်ဆင့် ခွန်အားတစ်ခု တိုးလာပြီး ရင်ခွင်တစ်ခုလုံးကို အကာအကွယ်ပေးသလို ဖြစ်သွား၏။

ဟူအင်ချန်က ဆေးရည်များကို မော့သောက်လိုက်သည်။ ဟူအင်ချန် အော်လိုက်၏။

အော်ရမည်လေ ... ဆေးက ပြင်းထန်လှသည်ကိုး။ ဆေးတန်ခိုးသည် ချက်ချင်းပြလေ၏။

ဆေး၏ပူလောင်မှုသည် တစ်ကိုယ်လုံးသို့ ချက်ချင်း ပျံ့သွား၏။ တစ်ကိုယ်လုံး၌ စူးရှနာကျင်မှု ဖြစ်ပေါ်လာသည်။

အဒေါ် ချန်က ...

www.burmeseclassic.com

www.burmeseclassic.com



"သတိထား ဟူအင်ချန်၊ ငါ လက်ကို လွှတ်ပေးလိုက်တော့မယ်"

ဟူအင်ချန် ထိတ်လန့်သွားသည်။ အခေါ်ချန်၏ အတွင်းအားသည် ရင်ဘတ်တစ်ဝိုက်တွင် ရှိနေသဖြင့် ဆေးတန်ခိုးသည် သူ့ရင်ဘတ်တစ်ဝိုက်တွင် တန်ခိုးမပြနိုင်ဘဲရှိသည်။ သို့အတွက် သူအတော်အတန် သက်သာနေသည်။

အခေါ်ချန်ကသာ လက်လွှတ်လိုက်ပါက တစ်ကိုယ်လုံးတွင် ခံစားနေရသော ဝေဒနာများသည် သူ့ရင်ဘတ်ဆီသို့ တိုးဝင်လာပြီး သူ့တစ်ကိုယ်လုံးကို တကယ်ဝါးမျိုသွားပေမည်။

"အခေါ်ချန် ... ခင်ဗျားလက်ကို မရုပ်သိမ်းပါနဲ့"

ဟူအင်ချန် အော်ချလိုက်သည်။ သူသည် အလွန်အလွန် ထိတ်လန့်သွားသည်။ သူ၏ပါးစပ်ဖွင့်၍ မရတော့ချေ။ အခေါ်ချန်သည် လက်ကို ဖြည်းညင်းစွာ ရုပ်သိမ်းလိုက်သည်။

"အခေါ်ချန်ရယ် ... ခင်ဗျားရဲ့လက်ကို မရုပ်သိမ်းပါနဲ့ဗျာ၊ ကျွန်တော် ရှိခိုးပြီး တောင်းပန်ပါတယ်"

သူတောင်းပန်နေသည်။ သို့သော် မရတော့ပေ။ အခေါ်ချန်၏လက်သည် လွှတ်သွားပေပြီ။

အလွန်ရှုံးရှသော နာကျင်မှုသည် ခန္ဓာကိုယ်အနှံ့ဆီမှ ရင်ဘတ်တစ်ဝိုက်ဆီသို့ စိမ့်ဝင်နယ်ချဲ့လာလေသည်။

"အား ..." ... "အား ..." ... "အား ..."

သူသည် စကားပြောရန် ပါးစပ်ဖွင့်၍ မရသော်လည်း နာကျင်မှုကို မခံနိုင်သည့်အခါတွင်မူ တအားအားဖြင့် အော်မိတော့သည်။



သူ ဘယ်နှစ်ကြိမ် အော်မိသည်ကို မသိတော့ချေ။ နောက်ဆုံးတွင် ဟူအင်ချန် သတိလစ်သွားလေ၏။ အဘယ်မျှ ကြာမြင့်သွားသည် မသိ။ နားထဲ၌ စကားသံတချို့ တိုးဝင်လာသည်။

သူ၏အသိဉာဏ်သည် ပွင့်လင်းစ ပြုလာသည်။ ရင်ဘတ်တွင်ကား တဒိန်းဒိန်း ခုန်နေသည်။ ခုန်ချင်သလိုလို ပျံ့ချင်သလိုလို မရိုးမရွစိတ်က သွေးကြောထဲမှ တိုးထွက်လာလေသည်။

"သူ သတိလစ်နေတာ တော်တော် ကြာပြီလား"

ယီတာ၏အသံ ဖြစ်သည်။

"အတော်ကြာနေပါပြီ သခင်မ၊ မကြာခင်မှာ ပြန်သတိရလာလိမ့်မယ်လို့ ထင်ပါတယ်"

အခေါ်ချန်က ပြောသည်။ ဟူအင်ချန်သည် သတိပြန်လည်လာသဖြင့် မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

ဟန်ရှင်နှင့်ကွမ်ယုရပ်နေသည်ကို မြင်လိုက်ရသည်။ သူသည် အလွန်အားတက်သွားသည်။

"ဟန်ရှင် ... ကွမ်ယု ..."

သူသည် အော်ခေါ်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ဟန်ရှင်နှင့် ကွမ်ယုသည် ပျောက်ကွယ်သွားကြလေသည်။ သူတို့အစား ဆရာမ ယီတာနှင့် အခေါ်ချန်တို့ကို မြင်ရသည်။

ဟူအင်ချန် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်နေ၏။ သူ အကြည့်မှားခြင်း ဖြစ်သည်။ သူစိတ်ထင်ခြင်းသာ ဖြစ်သည်။

ကွမ်ယုနှင့်ဟန်ရှင်တို့ ရှိမနေကြပါ။

"သတိရပြီလား ... ဟူအင်ချန်"

ယီတာက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခေါင်းညိတ်လိုက်သည်။ ထို့နောက် ဆက်၍ ပြောလိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် သစ်ပင်တွေပေါ် လျှောက်ပြေးချင်နေတယ်"

ဟူအင်ချန် ထရပ်လိုက်သည်။

'ချွင် ... ချလွင် ... ချလွင်'

သံကြိုးများ မြည်သွားသည်ကို ကြားလိုက်ရသည်။ ဟူအင်ချန် ရှေ့သို့ တိုးလိုက်ပြန်သည်။

တင်းခနဲ ဖြစ်သွားသည်ကို သတိပြုမိသည်။ ထိုအခါကျမှ သူ့ခြေထောက်ကို ငုံ့ကြည့်မိတော့သည်။

"အလိုလေး ... လေး"

သံခြေချင်းနှစ်ခုသည် သူ့ခြေထောက်နှစ်ဖက်အား ထူးခတ်ထားသလို ကြမ်းပြင်နှင့် တွဲချည်ထားသည်။

လက်နှစ်ဖက်ကိုလည်း သံကြိုးများဖြင့် ချည်နှောင်ထားလေသည်တကား။ ဟူအင်ချန် ဒေါသ မထွက်စဖူး ထွက်သွားသည်။

"ဒါ ... ဘာလုပ်တာလဲဗျ"

သူက ဆက်၍အော်သည်။

"ဒါ ... ကျုပ်ကို ချုပ်နှောင်တာပဲ၊ ဘာဖြစ်လို့ ကျုပ်ကို ချုပ်နှောင်ရတာလဲ"

"သတိထားပါ ဟူအင်ချန်"

အဒေါ်ချန်က သတိပေးလိုက်၏။ သူ၏စိတ်အာရုံများသည် ဝရုန်းသုန်းကား ဖြစ်နေ၏။ ခုန်ချင် ပျံချင် ပြေးချင် လွှားချင်စိတ်များကို ထိန်းသိမ်း၍ မရအောင် ဖြစ်နေသည်။



သံကြိုးများသည် ချွင်ခနဲ ချွင်ခနဲ မြည်နေလေ၏။ ခြေချင်းဝတ်နှစ်ဖက်နှင့် လက်ကောက်ဝတ်နှစ်ဖက်တို့မှ တင်းတင်းရင်းရင်း ဖြစ်သွားသည့် ဝေဒနာကို ခံစားလိုက်ရသည်။

ဟူအင်ချန် ထခုန်လိုက်လေ၏။ သူ ထခုန်သော်လည်း နေရာမှ ဝေးဝေးမရွေ့ချေ။ အကြောင်းမှာ သူ၏ခြေလက်များကို ကြီးမားလှသော သံကြိုးသံကွင်းများဖြင့် ချည်နှောင်ထားသော ကြောင့်တည်း။

"ငြိမ်ငြိမ်နေ ... ဟူအင်ချန်"

ယီတာက သူမ၏လက်ထဲမှ ရတနာကိုးပါးဖြင့် စီခြယ်ထားသော မြင်းနှင်တံကို မြှောက်ကာ ဟူအင်ချန်၏ ဒူးခေါက်ချက်တွင်ရှိသော အကြောကို ရိုက်ချလိုက်သည်။

ဟူအင်ချန် ထိတ်လန့်သွား၏။ ခြေထောက်မှ ခွန်အားများ ပျောက်ဆုံးသွားပြီး ပျော့ခွေကျသွား၏။ ယီတာက ပြောသည်။

"ဟူအင်ချန် ... ကျွန်မပြောတာကို သေသေချာချာ နားထောင်ပါ၊ အခု ရှင့်ကို တိုက်ကျွေးလိုက်တဲ့ ဆေးဟာ အတွင်းအားတွေ ထကြွပြီး ခုန်ချင် ပေါက်ချင် ပြေးလွှားချင်တဲ့စိတ်တွေ ထိန်းမနိုင် သိမ်းမရ ပေါ်ပေါက်လာတတ်တဲ့အတွက် ရှင့်ကို ခေတ္တထိန်းချုပ်နိုင်အောင် ခုလို သံကြိုးတွေနဲ့ တုပ်နှောင်ထားရတာပဲ၊ ဒါဟာ အဖြစ်မှန်ပဲ၊ ကျွန်မပြောတဲ့စကားတွေကို ရှင် နားလည်သလား ဟူအင်ချန်"

"ရှမ်း ..."

ယီတာသည် သူမလက်ထဲမှ မြင်းနှင်တံကို လေထဲ၌ ရမ်း ခတ်လိုက်၏။

ဟူအင်ချန်၏ရင်ထဲ၌ တုန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ... ကျွန်တော် ... နားလည် ... နားလည်ပါတယ် ဆရာမ"

ဟူအင်ချန်၏ရင်ထဲ၌ ရန်းကန်ထွက်ပြေးချင်စိတ်များ အလွန်အလွန် ဖြစ်ပေါ်နေသည်။ သူသည် ထိုစိတ်များကို မျိုသိပ်ရင်းသည်းခံ ဖြေကြားနေရလေ၏။

"ရှင့်ကိုယ်ထဲမှာ ခုန်ချင် ပျံချင် ပြေးလွှားချင်စိတ်တွေ ဖြစ်ပေါ်နေတယ်၊ ဒီစိတ်တွေ ပပျောက်သွားရအောင် ရှင့်ကို ဆေးတစ်ခွက် ထပ်တိုက်မယ်၊ ရှင် ... ကောင်းကောင်းသောက်မလား"

"ဟုတ်ကဲ့ ... သောက်ပါ့မယ်"

ဟူအင်ချန်ထံမှ အဖြေရသောအခါ ယီတာက အဒေါ်ကို ခေါင်းဆတ်၍ အချက်ပြသည်။ စားပွဲပေါ်၌ အညိုရောင်ဆေးရည်များ ထည့်ထားသော ကြွေပန်းကန်တစ်လုံးသည် အဆင်သင့် ရှိနေလေ၏။

ဟူအင်ချန်သည် ထိုဆေးရည်ခွက်ကို ကြည့်နေ၏။ အညိုရောင်ဆေးရည်များကို မြင်နေရသည်။ ဖြေဆေးဟုတော့ သူတို့က ပြောသည်။ ဟုတ်မဟုတ်တော့ မသိပေ။

အဒေါ်ချန်သည် ထိုကြွေပန်းကန် ယူလိုက်၏။ ဟူအင်ချန် မျက်နှာအနီးသို့ တိုးကပ်လာသည်။

"ဟူအင်ချန် ... ပါးစပ်ဟလိုက်"

အဒေါ်ချန်သည် ကြွေပန်းကန်ကို နှုတ်ခမ်းတွင် တေ့လိုက်သည်။ ဟူအင်ချန်သည် ကြွေပန်းကန်ကို ပါးစပ်နှင့် ကိုက်လိုက်ပြီး ဝှန်းခနဲ ထခုန်လိုက်၏။

ကြွေပန်းကန်ကို သံကြိုးချည်ထားသောလက်ဖြင့် ဆွဲယူပြီး အဒေါ်ချန်၏မျက်နှာကို ပစ်ပေါက်လိုက်သည်။



'ဗိုး ...'

ကြောက်စရာကောင်းလောက်သော အရှိန်အဟုန်ဖြင့် ကြွေပန်းကန်လုံးသည် အဒေါ်ချန်၏မျက်နှာဆီသို့ ပြေးဝင်သွားသည်။ အဒေါ်ချန်မှာ လျှပ်တစ်ပြက် ခေါင်းငုံ့ရှောင်လိုက်၏။

ဤသို့မရှောင်နိုင်လျှင် အဒေါ်ချန်၏မျက်နှာကြီးမှာ စုတ်ပြတ်ထွက်သွားပေမည်။ အညိုရောင်ဆေးရည်များသည် သူမ၏ ခန္ဓာကိုယ်တွင် စွန်းထင်း မည်းညစ်သွားလေ၏။

'ရွှမ်း ... ရွှမ်း ... ရွှမ်း'

ယီတာ၏လက်ထဲမှ မြင်းနှင်တံသည် ဆတ်ခနဲ ဆတ်ခနဲ လှုပ်ရှားသွားလေ၏။ အလွန်ပြင်းထန်သော ရိုက်ချက်များက ဟူအင်ချန်၏ကိုယ်ပေါ်မှ အကြောများအား တဖျပ်ဖျပ်ရိုက်သည်။

ဟူအင်ချန်၏ခန္ဓာကိုယ်ထဲမှ ခွန်အားများ ယူပစ်လိုက်သလို ပျောက်ဆုံးသွားပြန်လေ၏။ ဟူအင်ချန်သည် ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ပုံကျသွားလေ၏။

ခေါင်းက နောက်သို့လန်ကာ သတိလစ်သကဲ့သို့ ဖြစ်သွားလေ၏။ သို့သော် သူသတိတော့ မလစ်သေးပေ။ သူသည် မျက်လုံးအကြောင်သားဖြင့် ငေးကြည့်နေမိလေသည်။

ထိုအ[illegible]တွင် သူသည် အလွန်သေးငယ်လှသော အပေါက်ကလေးတစ်ခုမှ လှပရွှန်းစိုသော မျက်လုံးကလေးကို တိုက်တိုက် ဆိုင်ဆိုင် လှမ်း၍မြင်လိုက်ရလေ၏။

ယ်သီလရှင်ကလေး ဝူဝေသည် သူမအခန်းထဲ အိပ်ရာအောက်မှ ဥမင်ထဲသို့ဝင်ပြီး လျှို့ဝှက်ပေါက်ကလေးမှ ချောင်း၍ ကြည့်ရှုနေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူဝေ၏မျက်လုံးများထဲတွင် အလွန်ကြင်နာသနားသည့် ကရုဏာရိပ်များ လွှမ်းနေသည်ကို ဟူအင်ချန် မြင်ရသည်။

ထိုမျက်လုံးများကို တွေ့လိုက်ရသော ဟူအင်ချန်မှာ တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ဖြစ်သွားသည်။ ထိုမျက်လုံးလေးများကို မြင်လိုက်ရသည်။ တခဏအတွင်း ဟူအင်ချန်၏စိတ်များ အတော်အတန် တည်ငြိမ်သွားသည်။ မျက်လုံးများ၏ကရုဏာရိပ်က သူ့အား အေးချမ်းမှုကို အတော်ပေးသည်။ ယီတာ၏ အေးစက်စက် အသံ ပေါ်လာသည်။

"ဟူအင်ချန် ရှင် ဆေးကို အေးအေးဆေးဆေး သောက်မလား မသောက်ဘူးလား"

ဟူအင်ချန်သည် မျက်လုံးကလေးများကိုသာ ငေးနေသည်။ ယီတာ၏ အသံက ဆက်လက်ထွက်ပေါ်လာ၏။

"ရှင် ဆေးကောင်းကောင်း မသောက်ဘူးဆိုရင် ကျွန်မရဲ့ မြင်းနှင်တံက ဒီထက်ပိုပြီး ရှင့်ကို ရိုက်နှက်လိမ့်မယ်"

ဟူအင်ချန်သည် သူ၏ ကျောရိုးထဲမှ စိမ့်ထွက်လာသော ကြောက်စိတ်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရလေ၏။

ယခုအချိန်တွင် သူသည် ကျောပွတ်နှင့် အကြိမ်ကြိမ် ရိုက်နှက် လေ့ကျင့်ခံထားရသော တိရစ္ဆာန်တစ်ကောင်ပမာဖြစ်နေသည်ကို သူ့ကိုယ်သူ သိလိုက်မိသည်။

သူသည် ဆရာမယီတာကိုရော အဒေါ်ချန်ကိုပါ အကြီးအကျယ် ကြောက်ရွံ့နေသည်။ ယီတာက ...

"ဆေးသောက်မလား မသောက်ဘူးလား ... ပြော"

ဟူအင်ချန်က ကြောက်ရွံ့စွာ ပြောသည်။



"ကျွန်တော် ... ကျွန်တော် ... ဆရာမ တိုက်တဲ့ဆေးကို ကောင်းကောင်းသောက်ပါတော့မယ်"

"ထ ... ထ ... ရှင် ကျွန်မစကားကို ကောင်းကောင်း နားထောင်မယ်ဆိုရင် ထလိုက်"

ဟူအင်ချန် အားဟူ၍ မရှိတော့ချေ။ သူသည် ချည့်နဲ့ပင်ပန်းစွာ ထရပ်လိုက်သည်။ အပေါက်ကလေးမှ တွေ့ရသော မျက်ဝန်းအစုံကို ခေတ္တသတိမေ့သွား၏။ နောက်ထပ် ဆေးများ ဖြည့်တင်းထားသည့် ကြွေပန်းကန်အသစ်သည် ဟူအင်ချန် ပါးစပ်အနီးသို့ တိုးကပ်လာလေသည်။ သူသည် အားအင်မရှိတော့သဖြင့် ရုန်းကန်ရန်လည်း စိတ်မကူးမိ တော့ပါ။ သူသည် ပါးစပ်ကို အလိုက်သင့် ဟပေးမိသည်။

ပူပြင်းသော ဆေးရည်များ ပါးစပ်ထဲ ဝင်သွား၏။ အကုန်လုံး ကောက်မျိုချလိုက်သည်။ ခန္ဓာကိုယ်ထဲသို့ ဆေးတန်ခိုးများ ပျံ့နှံ့သွားသည်။ ချက်ချင်းလိုလိုပင် ပျံ့နှံ့သွားသောဆေးများကို ကိုယ်တွင်းမှ ဆေးအားတစ်ခုက ရုတ်တရက် အလွန်ကြီးမားသော အင်အားဖြင့် တွန်းထုတ်ပစ်လေ၏။

"အား ..."

ဟူအင်ချန်သည် မချိမဆံ့ အသံနက်ကြီးဖြင့် အော်ပြီး ပက်လက်လန် လဲကျသွား၏။ ဝုန်းခနဲ လဲကျသွားခြင်း ဖြစ်သည်။အမြှုပ်များ တစီစီထွက်ပြီး မဖော်ပြနိုင်လောက်သည့် ဝေဒနာကို လူးလိမ့်ခံစားနေရ၏။ ကြာသော် သတိလစ်သွားလေ၏။ ယီတာက သက်ပြင်းချပြီး ...

"အဒေါ်ချန်ရေ၊ ကျွန်မတို့ စမ်းသပ်ချက်ကတော့ အောင်မြင်ရာ မထင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ချွန်က ...

"ဘယ်လိုဖြစ်တာလဲ သခင်မ၊ ကျွန်မကို ရှင်းပြချင်စိတ်ရှိရင် နည်းနည်းလောက်တော့ ရှင်းပြစေချင်ပါတယ်"

"အဒေါ်ချွန်ရေ၊ ကျွန်မတို့ အခုတိုက်တဲ့ ဆေးက ပထမ တိုက်ထားတဲ့ ရင်ထဲကယန်ဆိုတဲ့ အားတိုးဆေး။ အတွင်းအားတိုးဆေး ရဲ့ အဆိပ်ဓာတ်ကို ပြေဖျောက်နိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် ရင်ထဲက ယန် အတွင်းအားတိုးဆေးဟာ စွမ်းအားနှစ်ဆတိုးလာပြီး သူ့ကို ဒုက္ခ ပေးတော့တာပဲ၊ ဒါကြောင့် သူ သတိလစ်သွားတာ၊ ကျွန်မပြောတာ ရှင်းရဲ့လား"

"ရှင်းပါတယ် သခင်မ"

"ကဲ ... ကဲ ... အဒေါ်ချွန်ရေ မတတ်နိုင်တော့ဘူး၊ အနက် ရောင်ဆေးကို ထပ်ထည့်လိုက်ပါဦး၊ သူ သတိရလာပြီး ခွန်အားတွေ ပြည့်လာရင် ကျွန်မတို့ ခုလို ထိန်းချုပ်မှ ထိန်းနိုင်တော့မယ်၊ ဒီတော့ အနက်ရောင်ဆေးကို ထပ်ထည့်လိုက်ပါဦး၊ သူ သတိရမလာခင် ကျွန်မတို့ သူ့ကို အနက်ရောင် ဆေးတစ်ခွက် ထပ်တိုက်ရမှာပဲ"

အဒေါ်ချွန်သည် ယီတာပြောသည့်အတိုင်း ပြင်ဆင်ထား လိုက်လေ၏။ အပေါက်ကလေးမှ စိုးရိမ်ပူပန်နေသော မျက်လုံး ကလေး တစ်စုံသည် စိုးရိမ်မှု လွှမ်းကဲစွာ ဆက်လက်စောင့်ကြည့်နေ လေ၏။ ထိုမျက်လုံးကလေးသည် မြင်ရချက် မသက်သာ ဖြစ်နေရှာ သည်။ ထို့ပြင် သူလည်း မည်သို့မျှ မကူညီနိုင် ဖြစ်နေရသည် မဟုတ် ပါလား။

▣▣▣



## (၃၉)

## အတတ်ပညာလမ်းခွဲ

ထိုစဉ် ဟူအင်ချွန်၏မျက်လုံးအစုံသည် ဖျတ်ခနဲ ပွင့်လာ သည်။ သူ့မျက်လုံးများသည် အလွန်ပြူးကျယ်နေပြီး မည်သည့်အရာ ကိုမျှ မမြင်သလိုဖြစ်နေသည်။ သူသည် ဆတ်ခနဲ ထထိုင်လေ၏။

အဒေါ်ချွန်သည် အလွန်သန်မာသော လက်တစ်ဖက်ဖြင့် ဟူအင်ချွန် ကို နောက်ဘက်မှ ချုပ်ကိုင်လိုက်၏။ အနက်ရောင်ဆေးကို တိုက်ကျွေးရန် ကြိုးစားသည်။

ဟူအင်ချွန်သည် ပါးစပ်မဖွင့်ဘဲ ဦးခေါင်းကို ခါယမ်းနေ သည်။ ထို့ကြောင့် နောက်ဘက်မှ လက်များကို ချုပ်ထားနိုင်သော် လည်း ပါးစပ်ကိုဖွင့်၍ ဆေးတိုက်ရန် အဒေါ်ချွန် မတတ်နိုင်ဘဲ ရှိနေ လေသည်။

"သခင်မ ... ကျွန်မ ဆေးတိုက်ဖို့ ခက်နေပါပြီ"

အဒေါ်ချွန်က အော်ပြောလိုက်၏။

"ကိစ္စမရှိဘူး ... အဒေါ်ချွန်၊ ကျွန်မ လုပ်လိုက်မယ်"

ယီတာသည် ရတနာကိုးပါးဖြင့် စီခြယ်ထားသော သည်။ မြင်းနှင်တံကို ပြောင်းပြန်လှည့်ကိုင်လိုက်၏။ သူမသည် မြင်းနှင်တံ အနောင့်ဖြင့် ဟူအင်ချွန်၏ပါးကို လှမ်းထောက်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

ခန္ဓာကိုယ်ရှိ အရိုးအကြောဖွဲ့စည်းထားပုံကို သမားတော်တစ်ပိုင်းဖြစ်နေသည့် ယိတာက သိရှိသည်။

သူမသည် ပန်းဥအကြောကို လှမ်းထောက်လိုက်ခြင်းဖြစ်၍ ဟူအင်ချွန်၏ပါးစပ်သည် ဟောင်းလောင်းပွင့်သွားလေသည်။

"ကဲ ... အဒေါ်ချွန် ... ရပြီ"

အဒေါ်ချွန်ကလည်း လက်လွတ်မခံပါ။ အခွင့်အရေးရသည်နှင့် အနက်ရောင် ဆေးရည်များကို ဟူအင်ချွန်၏ပါးစပ်ထဲသို့ အကုန်လောင်းထည့်လိုက်သည်။

ထို့နောက် အဒေါ်ချွန်သည် ဟူအင်ချွန်၏ လည်ပင်းကို ဖြူပြင်ပေးလိုက်ရာ အနက်ရောင်ဆေးရည်များသည် ဟူအင်ချွန်၏ ဝမ်းဗိုက်အတွင်းသို့ ဝင်သွားလေတော့၏။

မကြာမီ ဟူအင်ချွန်သည် အဒေါ်ချွန်၏လက်တွင်း၌ ပျော့ခွေကျသွား၏။ အဒေါ်ချွန်သည် လွှတ်ချလိုက်သည်။

ဟူအင်ချွန်သည် အဝတ်တစ်စကို ပုံချလိုက်သည့်အလား အောက်သို့ကျသွားလေ၏။

ယိတာက စိုးရိမ်တကြီး ခေါ်လိုက်၏။

"ဟူအင်ချွန် ... ဟူအင်ချွန်"

"အင် ..."

ဟူအင်ချွန်က မပွင့်တပွင့် ထူးလေ၏။ ယိတာက ...

"ဟူအင်ချွန် ... ရှင့်အားတွေ ယုတ်လျော့သွားပြီလား၊ အားထုတ်ကြည့်စမ်းပါဦး၊ ရှင် နည်းနည်းလောက်ကြိုးစားပြီး ရပ်ကြည့်ပါဦး"



သူမက ညင်သာစွာ ပြောလေ၏။ ဟူအင်ချွန်က စိုးရိမ်ထိတ်လန့်စွာ ပြောသည်။

"ဆ ... ဆ ... ဆရာမ ... ကျွန်တော် ဘယ်လိုဖြစ်သွားပြီလဲ မသိဘူး၊ ကျွန်တော့်အကြောအခြင်တွေ ကိုယ်ထဲမှာ မရှိတော့သလို ဖြစ်နေပြီ၊ ကျွန်တော့်အရိုးတွေ မရှိတော့သလို ဖြစ်နေပြီ၊ ကျွန်တော် ... ကျွန်တော် ... စကားတောင် သိပ်မပြောနိုင်တော့ပါဘူး၊ ကျွန် ... ကျွန်တော့်ကို ကယ်ပါ"

သူ့အသံမှာ တိုး၍ တိမ်ဝင်သွားသည်။ ယိတာ၏မျက်နှာ၌ စိုးရိမ်မှုများ အထင်းသားပေါ်လာ သည်။ သူမသည် အဒေါ်ချွန်ကို ကြည့်လိုက်၏။

"အဒေါ်ချွန် ... ဒီဆေးလည်း မမှန်ပြန်ဘူး"

"သခင်မလေး ... ဘယ်လိုလုပ်မလဲဟင်"

"ဒီတစ်ခါတော့ စိမ်းပြာရောင်ဆေးပဲတိုက်ရမှာပဲ၊ ဒါနောက်ဆုံးဆေးပဲ၊ အဒေါ်ချွန် မြန်မြန်လုပ်"

အဒေါ်ချွန်သည် စိမ်းပြာရောင်ဆေးရည်များကို အလျင်အမြန် ထည့်လေ၏။ သူသည် လျင်မြန်စွာ လုပ်ဆောင်သော်လည်း ဖိတ်စဉ်ခြင်း မဖြစ်ပေ။ ထို့နောက် ဟူအင်ချွန်၏နှုတ်ခမ်းတွင် ကြွေပန်းကန်ကို တေ့ပေးလေ၏။ ယိတာက ချော့မော့သောလေသံဖြင့် ...

"ဟူအင်ချွန် ... ပါးစပ်ကို နည်းနည်းဟပါ၊ ဒီဆေးရည်ကို မြန်မြန်သောက်လိုက်၊ ရှင် ဒီတစ်ကြိမ်မှာတော့ အမှန်ကို နေကောင်းသွားစေရမယ်"

ဟူအင်ချွန်မှာ ကြိုးစား၍ ပါးစပ်ဟလိုက်လေ၏။ အဒေါ်ချွန်က အလိုက်သင့်ပင် ဆေးရည်များကို တိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးသောက်ပြီးနောက် ဟူအင်ချန်သည် အတန်ကြာ မှိန်းနေသေး၏။ ထို့နောက် သူသည် ခေါင်းထောင်၍ ထထိုင်၏။

ထို့နောက် ခပ်ဖြည်းဖြည်း ထရပ်လေ၏။ ယီတာသည် စိုးရိမ်စွာ ကြည့်နေသည်။ ဟူအင်ချန် မတ်တတ်ရပ်နိုင်သည်ကို မြင်သောအခါ ယီတာ ဝမ်းသာသွားသည်။

"ဟုတ်ပြီ ... ဟုတ်ပြီ ... ဖြည်းဖြည်းထ၊ ရှင့်ခေါင်းထဲမှာ ပုံမှန်အတိုင်း စဉ်းစားလို့ ရပြီလား"

ဟူအင်ချန် ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် နေကောင်းသွားပါပြီ၊ ခေါင်းထဲမှာလည်း ကြည်လာတယ်၊ အစစအရာရာ ပုံမှန်အတိုင်း စဉ်းစားလာနိုင်ပါတယ် ဆရာမ"

ဟူအင်ချန်သည် သူ့ခန္ဓာကိုယ်၌ အတွင်းအားများ လွန်စွာ တိုးတက်နေကြောင်း ခံစားသိရှိနေရသည်။ ဤသို့ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးချေ။

ဤသည်မှာ ဆရာမယီတာ၏ ဆေးစွမ်းကြောင့် ဖြစ်ကြောင်း သူသိရှိလေသည်။ သူသည် လက်တစ်ဖက်ကို ဆတ်ခနဲ ရုပ်လိုက်သည်။

'ထောင်း ...'

သံကြိုးပြတ်သံသည် ထွက်ပေါ်လာသည်။ ဟူအင်ချန်သည် ဆေးအစွမ်းကြောင့် စိတ်ကြည်လင်နေပြီး အတွင်းအားများ လွန်စွာ တိုးတက်နေသဖြင့် သူသည် အချိန်အဆမှန်စွာ ဆောင့်ဆွဲနိုင်သည်။

သံကြိုးကြီးတစ်ကြိုးမှာ ပြတ်တောက်ထွက်သွားသည်။ ယီတာသည် အေးဆေးစွာပြောသည်။



"ဟူအင်ချန် ... ရှင်ဟာ အတွင်းအားတိုးဆေးအစွမ်းကြောင့် ရှင့်ကိုယ်ထဲမှာ ခွန်အားတွေ မြင့်မားနေပြီ၊ ရှင်စိတ်ကို ငြိမ်သက်အောင် ထိန်းချုပ်ထားပါ၊ ရှင့်လက်နဲ့ ခြေထောက်က ချုပ်နှောင်ထားတာ တွေကို ပြန်ဖြေပေးမယ်"

ယီတာသည် မြင်းရိုက်နှင်တံကို ထိုးညွှန်၍ ပြောခြင်းဖြစ်၏။ သူ့အသံမှာ လွန်စွာအသံသြဇာ ပြည့်ဝလှသဖြင့် ဟူအင်ချန်မှာ အမိန့်ကို နာခံရလေသည်။ ယီတာသည် ဤအတိုင်းပင် ဖြစ်သည်။

သူမ၏ ရတနာကိုးပါး စီခြယ်ထားသည့် မြင်းရိုက်နှင်တံကို အသုံးပြုပြောဆိုသည့်အခါတိုင်း တစ်ပါးသူမှာ သူမ၏အသံသြဇာ အောက်၌ ပြားပြားဝပ်သွားရသည်။

ယီတာသည် အဒေါ်ချန်ကို မေးဆတ်ပြသည်။ အဒေါ်ချန်သည် ဟူအင်ချန်၏ လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်မှ အချုပ်အနှောင် သံကြိုးများကို သော့ဖွင့်ပေးလေသည်။

သံကြိုးချည်း သက်သက် မဟုတ်ပေ။ သံကွင်းများကို သော့ဖြင့် ခတ်ထားခြင်း ဖြစ်သည်။ ယီတာသည် သူမ၏နှင်တံကို ပြန်ရုပ်သိမ်းလိုက်၏။ သူမသည် သာမန်လေသံနှင့် ပြောလေသည်။

"ကဲ ဟူအင်ချန် ... ရှင့်ကို မကြာခင်မှာ အိမ်ပြန်ပို့ပေးမယ်၊ အခုတော့ ဒီအခန်းထဲမှာပဲ ခဏနားနေဦး၊ နောက်ရက်သတ္တတစ်ပတ်လောက်တော့ ရှင်စောင့်ရမှာယ်၊ တစ်ပတ်ပြည့်တဲ့နေ့မှာ ရှင့်ရဲ့သိုင်းပညာကို ရှင့်အတွင်းအားနဲ့ ညီမျှအောင် အဆင်မြင့် သင်ကြားပေးမယ်၊ အခု ရှင့်အတွင်းအားကအရမ်းတိုးတက်နေပြီဆိုတော့ ရှင်ညီမျှတဲ့ ပညာကို သင်ပေးဖို့ တစ်ပတ်အတွင်းမှာ ကျွန်မက စဉ်းစားရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူအင်ချုန်မှာ သူ့အား သိုင်းပညာအဆင့်မြင့် သင်ကြားပေးမည်ဟု ကတိပေး ပြောကြားသဖြင့် သူခံစားခဲ့ရသည့် ဝေဒနာများကို မေ့သွားသည်။ သူကျေနပ်သွားသည်။

သူသည် ယီတာထံမှ သိုင်းပညာကို ကုန်စင်အောင် သင်ကြားပြီးလျှင် ဟန်ရှင်နှင့် ပြန်လည်ဆုံစည်းလိုလှပေပြီ။ ဟန်ရှင်ကို သူ သတိရလာသည်။ သူ့ဘဝ တစ်သက်တာအတွင်း ဟန်ရှင်ကို သတိရသလောက် မည်သူ့အားမျှ သတိမရခဲ့ချေ။

သူ့သံယောဇဉ်မှာ ဟန်ရှင့်အပေါ် ထူးထူးခြားခြား ကြီးမားလှသည်။ ဟူအင်ချုန်သည် နောက်မှီပါရှိသော သစ်သားထိုင်ခုံ တစ်လုံး၌ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။

"ကျွန်မတို့ သွားမယ်"

"ကောင်းပါပြီ ဆရာမ"

ဟူအင်ချုန်သည် အခန်းထဲ၌ ကျန်ရစ်ခဲ့သည်။

ယီတာနှင့် အဒေါ်ချုန်တို့သည် အခန်းထဲမှ ထွက်သွားကြသည်။ ဟူအင်ချုန်သည် သူမြင်လိုက်ရသည့် မျက်လုံးကလေးနှစ်လုံးကို သတိရပြီး လှမ်းကြည့်လိုက်သောအခါ မျက်လုံးကလေးနှစ်လုံးသည် လှစ်ခနဲ ပျောက်ကွယ်သွားပြီး အပေါက်လည်း ပြန်ပိတ်သွားတော့သည်။

ဟူအင်ချုန်သည် ထိုမျက်လုံးကလေးနှစ်လုံးကို မေ့မရတော့ချေ။ မြေခုနစ်ကောင်ကျောင်းထဲရှိ မယ်သီလရှင်တစ်ပါးပါး ဖြစ်ရမည်ကိုကား သူတွေးကြည့်ပြီး သိရှိလေသည်။

◻◻◻



(၄၀)

## ရှာပုံတော်ခရီး

ကျောင်းတိုက်ကြီး၌ အခန်းပေါင်း မြောက်မြားစွာ ရှိလေရာ တစ်ခုသော အခန်းတစ်ခုအတွင်း၌ အဒေါ်ချုန်သည် သူ့သခင်မကို ကြည့်ပြီး သခင်မယီတာက ခေါက်တုံ့ခေါက်ပြန် စကြီလျှောက်နေ၏။ ယီတာက ...

"အဒေါ်ချုန် ... ကျွန်မတို့ ကွမ်ယုအတွက် ဖြေဆေးတော့ တွေ့ပြီ၊ ဒါပေမဲ့ ကွမ်ယုပျောက်နေတာက ခက်နေတယ်၊ ကွမ်ယုကို ခြေရာခံပြီး တွေ့အောင်ရှာပေတော့"

အဒေါ်ချုန်က ...

"လွယ်တော့ မလွယ်ဘူးနဲ့တူတယ် သခင်မ၊ ကွမ်ယုက ယင်ထဲက ယန်ဆေးတွေကိုသောက်ပြီး စိတ်တွေ မထိန်းနိုင် မသိမ်းနိုင် မြေခုနစ်ကောင်တောကြီးထဲ ပြေးသွားတာမဟုတ်လား။ သူ သွားတဲ့ ဦးတည်ချက် ရည်ရွယ်ချက် မရှိဘူးလေ၊ ဒီတော့ သူ့ကိုရှာဖို့ ခက်တာပေါ့၊ ကောက်ရိုးပုံထဲက အပ်ကို ရှာရတာက လွယ်သိမ့်ဦးမယ်၊ မြေခုနစ်ကောင်တောကြီးထဲမှာ လူတစ်ယောက်ရှာဖို့ဆိုတာ ..."

ယီတာ တွေဝေငေးမောသွားလေ၏။ မှန်သည်။ ကွမ်ယု အတွင်းအားတိုးစေလိုသဖြင့် ယီတာက ယင်ထဲကယန်အတွင်းအား တိုးဆေးကို စမ်းသပ်တိုက်ကျွေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ထဲကယန်သည် အတွင်းအားကို တိုးပွားစေသည် မှန်သော်လည်း ဆေးထဲ၌ ပယ်ထုတ်မရသော အဆိပ်ရှိနေသည်။ ထိုအဆိပ်က ဆေးသုံးသူ၏စိတ်ကို ဖောက် ပြန်စေသည်။

ထို့ကြောင့် ကွမ်ယုသည် ခုနပေါက်ကျွမ်းပစ်လျက် တောနက်အတွင်း ဝင်ပြေးသွားခြင်းဖြစ်သည်။ ယင်ထဲက ယန်အတွင်း အားတိုးဆေးမှာ ယီတာ က ပထမဆုံးအကြိမ် ဆေးကျမ်းကိုဖတ်ပြီး ဖော်ထုတ်သောဆေးဖြစ်သည်။

သူမသည် ဤကဲ့သို့ ကွမ်ယု စိတ်ဖောက်သွားမည်ကိုလည်း ကြိုတင်မသိခဲ့ချေ။ သိလျှင် ဟူအင်ချန်လို ချုပ်နှောင်ခဲ့ခြင်းမျိုး စီစဉ်ထားမည် ဖြစ်သည်။

ကွမ်ယုအတွက် ဖြေဆေးကို ရှာဖွေရန် လိုအပ် လာသဖြင့် ယီတာက ဟူအင်ချန်ကိုခေါ်ပြီး ယင်ထဲကယန်ဆေးကို တိုက်ကျွေးခဲ့သည်။

ထို့နောက် ဖြေဆေးအမျိုးမျိုးကို စမ်းသပ်တိုက်ကျွေးခဲ့သည်။ စိမ်းပြာရောင်ဖြေဆေးသည် အဆိပ်ပြေရုံမက အတွင်းအားများလည်း တိုးပွားကြောင်း ယခု တွေ့ရှိရလေပြီ။

ထိုစိမ်းပြာရောင်ဖြေဆေးကိုအသုံးပြုပြီး ကွမ်ယု၏ စိတ်ဖောက်ပြန်မှုများကို ပြန်လည်ကုစားရမည်ဖြစ်၏။ ယခု ဖြေဆေးရလေပြီ။

သို့သော် ကွမ်ယုလည်း မရှိတော့ချေ။ ကွမ်ယုကို တွေ့အောင်ရှာဖွေရမည်ဖြစ်သည်။ ကွမ်ယုကို မည်သို့ရှာဖွေရမည်နည်း။

အခေါ်ချန်ပြောသည့်စကားမှာ ဟုတ်သည်။ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာလျှင် တွေ့ချင်တွေ့ဦးမည်။



မြွေခုနစ်ကောင် တောကြီးအတွင်း လူတစ်ယောက်ကို ရှာဖို့ဆိုသည်မှာ မလွယ်ချေ။ ယီတာသည် ဆုံးဖြတ်ချက်ချလိုက်၏။

"အခေါ်ချန် ... ရှင် ကွမ်ယုကို တွေ့အောင်ရှာရမယ်"

အခေါ်ချန်မှာ စိတ်လိုက်မာန်ပါ ပြောလိုက်သည့် သခင်မ ယီတာ၏စကားကြောင့် လန့်သွားသည်။

သူမသည် ယီတာ၏စကားကို မငြင်းပယ်ရဲချေ။

"ဟုတ် ... ဟုတ်ကဲ့ သခင်မ"

"ရှင်တစ်ယောက်တည်း ရှာရမှာ မဟုတ်ပါဘူး"

"ဟုတ် ... ဟုတ်ကဲ့"

"ရှင်ဟာ လူတစ်ယောက်အကူအညီနဲ့ ကွမ်ယုကိုရှာရမယ်၊ ငန်းကျားမြွေဘုရင် လူတင်းရဲ့ အကူအညီကိုရအောင် ကျွန်မ စီစဉ်ပေးမယ်"

အခေါ်ချန်သည် သက်ပြင်းချလိုက်၏။ မြွေခုနစ်ကောင် တောကြီးအတွင်း ကျင်လည်ကျွမ်းကျင်သူ ပါလာသဖြင့် တွေ့နိုင်ရန် လမ်းရှိပေသည်။

"အဲဒါဆိုရင်တော့ တောကြီးအတွင်း ပြန်တွေ့ဖို့အတွက် အများကြီး မျှော်လင့်ချက်ရှိသွားပါပြီ သခင်မ"

ယီတာက ခေါင်းညိတ်လိုက်၏။

"ကဲ ... ကဲ ...နောက် သုံးရက်မြောက်တဲ့နေ့မှာ ရှင့်ဆီကို ငန်းကျားမြွေဘုရင် လူတင်းရဲ့ အကူအညီရအောင် ကျွန်မ ဆောင်ရွက်ပေးမယ်၊ အခုလောလောဆယ်မှာတော့ ဟူအင်ချန်ကို အိမ်ပြန်ပို့ဖို့ ရှင်ပဲတာဝန်ယူပေတော့၊ ကျွန်မကတော့ စိမ်းပြာရောင်ဆေးကို အကောင်းဆုံးဖြစ်အောင် ထပ်ဖော်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးသည်နှင့် ယီတာသည် ဆေးဝါးပစ္စည်းများနှင့်သာ အလုပ်ရှုပ်နေတော့၏။

ယီတာ၏ ထူးဆန်းလှသော ဝါသနာမှာ အရာရာကို တီထွင်စမ်းသပ်လိုခြင်းပင် ဖြစ်ပေသည်။

အဒေါ်ချန်လည်း ဟူအင်ချန်ကို ပြန်ပို့ရန် အခန်းထဲမှ ထွက်သွား၏။ ယီတာသည် အဒေါ်ချန်ကို သတိမရတော့ချေ။

အမျိုးအမည် စုံလင်လှသော သဘာဝဆေးပစ္စည်းများထဲ၌ သူမ၏စိတ်အာရုံ နစ်ဝင်နေတော့သည်။

◘◘◘



(၄၁)

ယီတာပြောဆိုထားသည့် သုံးရက်မြောက်နေ့ ...။ အဒေါ်ချန်သည် အလွန်ပိန်လိုလှသော မြင်းတစ်စီးနှင့် မြေခုနစ်ကောင်တောင်တန်း၏ ဂယ်ကွေ့သုံးကွေ့တွင် ရပ်စောင့်နေလေ၏။

သူမသည် နံနက်စောစောမှ စောင့်နေရာ နေအတန်မြင့်လာသည့်အချိန်အထိ စောင့်နေရတုန်းပင်ရှိသည်။ သို့သော် အဒေါ်ချန်သည် စိတ်ရှည်သည်။ သူမ ယခုအထိ အသက်ရှည်ရှည်နေရသည့် အကြောင်းရင်းများတွင် စိတ်ရှည်မှုလည်း တစ်ကြောင်းပါဝင်သည်။

နေမွန်းတည့်လာသောအခါ မြင်းပိန်ကလေးသည် ရုတ်တရက် နှာမှုတ်ခြင်း၊ ခွာရှုပ်ခြင်း၊ ပတတ်ရပ်ခြင်း စသည့် ထူးခြားသောအမူအရာများ ပြုလုပ်လာသည်။

စောစောက ငြိမ်သက်နေသော မြင်းပိန်ကလေးသည် မည်သို့ဖြစ်သနည်း။ မြင်းပိန်ကလေးသည် ယီတာလာသည့်ဘက်သို့ ခေါင်းတည်ကာ ကြည့်နေသည်။

မြင်းပိန်ကလေး၏အမူအရာမှာ ပေကတ်ကတ်ကန်တန်တန် အမူအရာရှိပေသည်။ အဒေါ်ချန်ကလည်း သိသည်။ သူမ၏ မြင်းပိန်ကလေး၏ ထူးခြားမှုကို သိသည်။

ပတ်ဝန်းကျင်တွင် တစ်ခုခုထူးခြားလာတော့မည်ကို သိသည်။ ထို့ကြောင့် သူမ၏ခေါင်းမှ ဆံထိုးကိုးချောင်းအနက် ငါးချောင်းကို နုတ်ယူပြီး အသင့်ပြင်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံထိုးများမှာ သာမညလက်နက် မဟုတ်ပေ။ အလွန့်အလွန်အရေးကြီးသည့်အခါများတွင် အဒေါ်ချွန် ထုတ်သုံးသည့် လက်နက်ပုန်းများပေတည်း။

မကြာမီ တောလမ်းတစ်လျှောက်၌ ဆယ့်သုံးကောင်ထက် မနည်းသော မြွေအုပ်တစ်အုပ်သည် အလွန်လျှင်မြန်သည့်အဟုန်ဖြင့် ရွေ့လျားနေသည်ကို တွေ့ရလေသည်။

အဒေါ်ချွန်၏ မြင်းပိန်ကလေးသည်ပို၍ ဆောက်တည်ရာမရ ဖြစ်လာသည်။ သတ္တဝါများသည် ထူးခြားသည့် အနံ့အသက်များအရ အန္တရာယ်ကို ကြိုတင်သိတတ်ကြပေသည်။

မြင်းပိန်ကလေး ထူးခြားသည့် အမူအရာများပြုလုပ်ခြင်းမှာ ဤမြွေအုပ်ကြီး ဖြတ်သန်းလာ သောကြောင့် ဖြစ်လေသည်တကား။

အဒေါ်ချွန်သည် မြွေအုပ်ကြီးကို မာန်ဖီသည့်အကြည့်ဖြင့် ကြည့်နေမိ၏။ သူမသည် လက်ကိုမြှောက်လိုက်သည်။ ထိုအခါ ဆံထိုးများသည် ပစ်လွှတ်ရန် အသင့်အနေအထား ဖြစ်နေတော့သည်။

ငန်းတော်ကျားမြွေအုပ်ကြီးသည် တစ်ရှိန်ထိုးနီးကပ်လာရာ ရှေ့ဆုံးမှချီတက်လာနေသည့် အကြီးဆုံးမြွေကြီးသည် ခေါင်းတစ်ချက်ထောင်ကြည့်ပြီး တွန်သံတစ်ချက် ပြုလုပ်လိုက်၏။

'ရှီ ...'

မြွေတွန်သံနှင့်အတူ ရူးရှကျယ်လောင်လှသော လေချွန်သံ တစ်သံကို ကြားလိုက်ရသည်။

ထိုလေချွန်သံမှာ ရူးရှကျယ်လောင်လှသဖြင့် လူတစ်ဦးတစ်ယောက် ချွန်လိုက်သည့် လေချွန်သံဖြစ်မည်ဟု အဒေါ်ချွန် မှတ်ယူလိုက်သည်။



သူ၏လက်ထဲမှ ဆံထိုးများကိုလည်း ပို၍အသင့်အနေအထားသို့ တိုးမြှင့်လိုက်လေ၏။ ထိုအခါ မြွေအုပ်ကြီးသည် ထူးထူးခြားခြား ရပ်တန့်သွားလေ၏။

မြွေအုပ်ကြီးမှာ ဆယ့်လေးကောင်တိတိရှိသည်။ အဒေါ်ချွန်သည် သူမ၏လက်ကို လှုပ်ရှားလုနီးနီး ဖြစ်သွားသည်။

ငန်းတော်ကျားမြွေများကို ကြည့်ရာမှ တစ်စုံတစ်ရာကို သတိရလိုက်သဖြင့် သူမ၏လက်ကို မလှုပ်ရှားလိုက်ခြင်း ဖြစ်သည်။

ဤကဲ့သို့ မြွေများ အစုအအုပ်ဖြင့် လာခြင်းမှာ သူ့သဘာဝ မဟုတ်ပေ။

မြွေများကို ကျွမ်းကျင်နိုင်နင်းသူတစ်ယောက်က ခေါ်လာခြင်းသာ ဖြစ်ရမည်ဟု သူတွေးလိုက်မိသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အဒေါ်ချွန်သည် ရပ်တန့်နေသော မြွေအုပ်ကြီး၏နောက်ဘက်သို့ လှမ်းကြည့်လိုက်၏။ အဒေါ်ချွန် ထင်သည့်အတိုင်းပင် မြွေအုပ်ကြီး၏နောက်ဘက်တွင် ယီတာနှင့် မြင်းစီးလာသော လူတစ်ယောက်ကို တွေ့ရှိရလေပြီ။

ထိုလူမှာ အလွန်ပိန်ညှောင်ကာ အရပ်က ကလန်ကလားနှင့် ရယ်စရာကောင်းသော ပုံစံရှိလေ၏။ အနည်းဆုံး ထိုလူအား တွေ့ကြသူများမှာ ပြုံးမိကြပေလိမ့်မည်။

သူ့တစ်ကိုယ်လုံးတွင် မျက်နှာပါမကျန် ဆေးမင်ကြောင်များ ပြည့်နှက်အောင် ထိုးထားသည်။ မြွေဆေးများ ဖြစ်သည်။

တစ်ကိုယ်လုံး မြွေဆေးများပြည့်အောင် ထိုးထားသည်မှာ သိုင်းလောကတွင် မြွေဘုရင်လူတင်းတစ်ဦးတည်းသာ ရှိလေ၏။

ယီတာက အဒေါ်ချွန်ကို လက်မြှောက်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်မယိတာကို တွေ့လိုက်ရသဖြင့် အဒေါ်ချန် ဘဝင်ကျသွားသည်။ သူမသည် နေ့တစ်ဝက်လုံးလုံး သခင်မယိတာကို မျှော်လင့်နေရသည် မဟုတ်ပါလား။ မြွေဘုရင်လူတင်းက လေချွန်သံပြုလုပ်လိုက်ရာ ငန်းမြွေကြီးများသည် လမ်းနံဘေးသို့ ဖုံဆင်းကာသစ်ပင်ကြီးတစ်ပင်အောက်၌ သွားရောက် စုဝေးနေကြလေ၏။

မြွေများကို တကယ်နိုင်နင်းသော လူတင်းပါပေ။ ယိတာနှင့်မြွေဘုရင် လူတင်းတို့သည် အဒေါ်ချန်အနီးသို့ လျှောက်လာကြလေ၏။ ယိတာက ...

"အဒေါ်ချန် ... ဒါဟာ မြွေဘုရင်လူတင်းပဲ၊ ကျွန်မ ကွမ်ယုပျောက်သွားတဲ့အကြောင်း သူ့ကို ရှင်းပြပြီးပြီ၊ သူက ဦးဆောင်ပြီးကွမ်ယုကို ရှာဖွေပေးလိမ့်မယ်၊ အဒေါ်ချန်က ကွမ်ယုကို ကြည့်ရုံပါပဲ၊ သူက ရှာမှာပါ၊ အဲဒါ အဒေါ်ချန် သူနဲ့ လိုက်သွားပေတော့"

"ဟုတ်ကဲ့ ... သခင်မ"

မြွေဘုရင်လူတင်းက အဒေါ်ချန်ကို ပြုံးရယ်ပြသည်။

သူပြုံးပြမှ သူ့အသွင်မှာ တကယ်ထိတ်လန့်ရော ကောင်းကြောင်း အဒေါ်ချန် တွေ့ရတော့သည်။

ဆေးမင်ကြောင်များ ပြည့်နှက်နေသော မျက်နှာနှင့် သွားမည်းကြီးများကို ဖြဲ၍ ရယ်ပြလိုက်သော သူ၏သဏ္ဌာန်သည် လူတစ်ယောက်သေပြီး မြွေဘဝသို့ အကူးသည် လူလည်းမဖြစ်၊ မြွေဘဝသို့လည်း မရောက်ဘဲ လမ်းခုလတ်၌ မြွေတစ္ဆေတစ်ကောင်နှင့် တူလှသည်ဟု အဒေါ်ချန် တွေးနေ၏။ မြွေဘုရင် လူတင်းက ...

"ကျုပ်က ဘယ်လိုခေါ်ရမလဲ"

သူက အဒေါ်ချန်အား မေးလိုက်၏။ အဒေါ်ချန်က ...



"အဒေါ်ချန်လို့ ခေါ်ပါ"

သူမက ခပ်တင်းတင်း ဖြေသည်။ မြွေဘုရင်လူတင်းက ...

"ခင်ဗျား သိပ်မျက်နှာကြော မတင်းပါနဲ့၊ ကျုပ်က ကွမ်ယုကို ရှာရမှာပါဗျ၊ ခင်ဗျားက အဖော်လိုက်ရမှာပါ"

"ကျွန်မဘဝမှာ မိတ်ဆွေတစ်ယောက်မှ မရှိဖူးဘူး၊ ရန်သူတွေရယ် ကျွန်မရဲ့သခင်မရယ်ပဲ ရှိတယ်"

"ကျုပ်တို့ မိတ်ဆွေ ဖြစ်နိုင်ပါတယ်ဗျ"

"မိတ်ဆွေဖြစ်,မဖြစ်ဆိုတာကတော့ အချိန်ကာလတစ်ခုအထိ စောင့်ကြည့်ကြသေးတာပေါ့"

မြွေဘုရင်လူတင်းနှင့် အဒေါ်ချန်တို့မှာ သက်တူရွယ်တူခန့်ရှိမည်ဖြစ်သောကြောင့် အဒေါ်ချန်က ရှင်နှင့်ကျွန်မဟု သုံးစွဲခြင်း ဖြစ်သည်။ မြွေဘုရင်လူတင်းသည် အော်ဟစ်ရယ်မောလေတော့၏။

သခင်မယိတာသည် ဘေးမှ မျက်နှာသေကြီးဖြင့် စောင့်ကြည့်နေသည်။ ယိတာသည် သူတို့ပြောသည့်စကားများထဲမှ အားနည်းမည့်အချက်ကို ရှာဖွေနေသည်။

"အဒေါ်ချန် ... ခင်ဗျားကို ကျုပ်သိပ်သဘောကျသွားပြီ၊ ကျုပ်ဘဝမှာ ခင်ဗျားလို အမျိုးသမီးမျိုးကို သိပ်တွေ့ချင်နေတာ၊ အခုမှပဲ တွေ့ရတော့တယ်"

အဒေါ်ချန်၏ မျက်နှာကြီးမှာ ပို၍အေးစက်သွားလေသည်။

"ရှင် ဘာကိုဆိုလိုတာလဲ လူတင်း၊ ကျွန်မကို သဘောကျတယ်ဆိုတာ ဘာကို ဆိုလိုတာလဲ၊ စကားကို ရှင်းအောင်ပြော၊ ရှင့်စကား အဓိပ္ပာယ်တွေက ထွေလီကာလီဖြစ်လာပြီး ကျွန်မရဲ့ သံထိုးတွေဟာ လူမရွေးဘူးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ချန်က သံပြတ်နှင့် ပြောလေ၏။ မြွေဘုရင်လူတင်းသည် မရပ်မနားဆက်၍ ရယ်မောလေတော့၏။

"အမယ်လေး ... ရယ်ဖို့ကောင်းလိုက်တာဗျာ၊ ကလေးဘဝကတည်းက တစ်ခါမှ ဟက်ဟက်ပက်ပက် မရယ်မောခဲ့ရဘူး။ အခုမှပဲ ရယ်မောရတော့တယ်"

အဒေါ်ချန်၏ မျက်နှာသည် တင်းမာသွား၏။

"ရှင် ကျွန်မကို ရယ်စရာ ဟာသကြီးတစ်ခုလို့ ဆိုလိုတာလား"

"မဟုတ်ပါဘူး ချန်လေးရယ်၊ မင်းက မင်းဘဝမှာ မိတ်ဆွေတစ်ယောက်မှ မရှိခဲ့ဘူးဆိုလို့ ငါက ရယ်တာပါကွာ"

"ဘာ ... ဘာ ... ဘယ်လို ရှင် ... ရှင်က ကျွန်မကို ချန်လေးလို့ ခေါ်လိုက်တယ် ဟုတ်လား။ ကျွန်မ နားကြားများ မှားသလား"

"မင်း နားကြား မမှားပါဘူး ... ချန်လေးရယ်၊ ငါက မင်းကို ချန်လေးလို့ပဲ အသေအချာ ခေါ်လိုက်တာပါ"

အဒေါ်ချန်သည် ငေးငိုင်သွားသည်။

"ငါ့ကို စကားတစ်ခွန်းလောက် ပြန်ပြောစမ်းပါဦး ချန်လေးရယ်၊ မင်းဘဝမှာ တကယ်ပဲ မိတ်ဆွေတစ်ယောက်မှ မရှိခဲ့ဘူးလားဟင်"

မြွေဘုရင် လူတင်းက နူးညံ့စွာ မေးလိုက်သည်။ အဒေါ်ချန်မှာ ထစ်ထစ်ငေါ့ငေါ့ ပြောသည်။

"ရှိ ... ရှိ ... ရှိခဲ့ပါတယ်၊ မိတ်ဆွေထက်ပိုတဲ့ လူတစ်ယောက်ရှိခဲ့ပါတယ်၊ ကျွန်မ ငယ်ငယ်ကပေါ့။ ကျွန် ... ကျွန်မရဲ့ချစ်သူ ဆိုပါတော့၊ ဒါ ... ဒါပေမဲ့ သူ ... သူ သေဆုံးခဲ့ရှာပါပြီ"



"ချန်လေးရယ် ... မင်းချစ်သူ သေဆုံးခဲ့ပြီဆိုတော့ သေချာရဲ့လားကွယ်"

"ရှင် ကျွန်မကို ချန်လေး ... ချန်လေးလို့ မခေါ်ပါနဲ့"

"ဘာဖြစ်လို့ မင်းက တွန့်တို နေရတာလဲကွယ်"

"ခေါ်တာ မကြိုက်ဘူး။ ချန်လေးဆိုတဲ့ အခေါ်အဝေါ်က ကျွန်မချစ်သူကသာ ကျွန်မကို ခေါ်ခဲ့တာရှင့်၊ ကျွန်မဘဝတစ်သက်တာမှာ ဒီလိုခေါ်ခွင့်ကို သူတစ်ယောက်တည်းကိုသာ ပေးနိုင်မယ်၊ အခြားတစ်ယောက်ကို ဒီလိုခေါ်ခွင့် မပေးနိုင်ဘူး"

"မင်းဆန္ဒအတိုင်း ဖြစ်ရပါစေမယ် ချန်လေးရယ်၊ ဒီမှာကြည့်စမ်း ချန်လေး ... မင်း ဒါကို မှတ်မိသေးရဲ့လားဟင်"

မြွေဘုရင် လူတင်း၏ လျှာပေါ်၌ ထူးဆန်းသော အနီရောင်အစက်အပြောက်များကို ထင်ထင်ရှားရှား မြင်ရလေသည်။

"ဟင် ... ရှင် ... ရှင်ဟာ ကျွန်မရဲ့ သေဆုံးသွားခဲ့တဲ့ ကျွန်မချစ်သူပေါ့။ ကျွန်မရဲ့ ချစ်သူနာမည်က လီလီတင်း။ ရှင် ... ရှင်ဟာ လီလီတင်းများလား။ အို ... မဖြစ် ... မဖြစ်နိုင်တာ၊ ကျွန်မချစ်သူ လီလီတင်းဟာ စပါးကြီးမြွေတစ်ကောင်မျိုသွားလို့ သေဆုံးသွားခဲ့ပါပြီ"

ထိုအခါ မြွေဘုရင်လူတင်းသည် သူ၏ ကြေကွဲဖွယ်ရာ အဖြစ်အပျက်ကို ပြောပြလေတော့သည်။

"ချန်လေးရာ ... ငါမသေဘူး ချန်လေးရဲ့၊ ငါ့ကို စပါးကြီးမြွေတစ်ကောင်က မျိုတာ မှန်တယ်၊ အဲဒီအချိန်ကိုပဲ မင်း တွေ့လိုက်ရတာပါ။ မင်းကို ရန်သူတွေ ဖမ်းပြီးတဲ့နောက်တော့ ငါ့ကို မင်းမတွေ့တော့ပါဘူး။ အဲဒီမှာ ငါ့ကို လာကယ်တဲ့ ကယ်တင်ရှင်အဘိုးကြီးကို တွေ့တာပဲ၊ အဲဒီကယ်တင်ရှင်ကတော့ မြွေဓကေရာဇ်ဘုံးတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မြွေကေရာစ်ဟူးဟာ စပါးကြီးမြွေကြီးရဲ့ပါးစပ်ထဲက ငှါကို ကယ်ခဲ့တယ်၊ ပြီးတော့ သူနေထိုင်တဲ့ ဝေယူချမ်းတောင်ပေါ်ကို ခေါ်သွားပြီး ကျန်းမာအောင် ဆေးကုပေးခဲ့တယ်၊ ငှါအကြောင်း အသေးစိတ်ကိုတော့ မင်းကို ငါနောက်မှ ပြောပြမယ်၊ ငါကျန်းမာလာတော့ မင်းကို မြေပြန့်မှာ နှံ့အောင် လိုက်ရှာပါတယ်၊ ဘယ်မှာမှ ရှာမတွေ့ခဲ့ဘူး၊ နှစ်စဉ်နှစ်တိုင်းလည်း မင်းကို ရှာခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ငါက မေ့မရဘဲကိုး၊ အခုအထိပဲ ဆိုပါတော့၊ နှစ်ပေါင်းသုံးဆယ်ကျော်သွားပြီ ချန်လေး၊ မင်း ငှါကို မှတ်မိလား"

မျက်နှာသေကြီးဖြင့် အစဉ်အမြဲ တင်းမာနေခဲ့သော အဒေါ်ချန်၏ မျက်နှာကြီးသည် တစ်စတစ်စ ပျော့ပျောင်းလာလေသည်။

ထို့နောက် မျက်ရည်များ ပါးပြင်ပေါ်သို့ ကျလာ၏။

မြွေဘုရင်လူတင်း သည် မြင်းပေါ်မှဆင်းလာပြီး အဒေါ်ချန်ထံ ချဉ်းကပ်လာလေသည်။ အဒေါ်ချန်သည် မျက်ရည်စများကြားမှ အပြုံးတစ်ခု ရွှန်းရွှန်းစားစား ပေါ်ပေါက်လာသည်။

လုံးဝမပြုံးရယ်ခဲ့သော အဒေါ်ချန်သည် ယခုကဲ့သို့ ပြုံးရယ်လိုက်သောအခါ ပြန်လည်နုပျိုလန်းဆန်းသွားလေသည်။ အဒေါ်ချန်၏အပြုံးများ ပျောက်ကွယ်ခဲ့သည်မှာ နှစ်သုံးဆယ်မျှ ကြာမြင့်ခဲ့လေပြီ။ သူ၏တစ်ဦးတည်းသော ချစ်ဦးသူအတွက် ထားရှိသော အပြုံးပန်းသည် ညှိုးနွမ်းသွားခဲ့လေပြီ။

ယခု သူ၏ချစ်ဦးသူ ပြန်ပေါ်လာသောအခါ အပြုံးပန်းသည် ပြန်လည်လန်းလာခဲ့ရသည်။ အဒေါ်ချန်က မျက်စိစုံမှိတ်ကာ ကမ်းလင့်လာသော မြွေဘုရင်လူတင်း၏ လက်နှစ်ဖက်ကြားသို့ သူမ၏ခန္ဓာကိုယ်ကို မြင်းပေါ်မှ လျှောချပစ်ဝင်လိုက်သည်။



မြွေဘုရင် လူတင်းက အလိုက်သင့် ဆီးပွေ့ယူလိုက်၏။ အဖြစ်အပျက်များကို ကြားနေရသော သခင်မယီတာသည် သူ့ရှေ့မှ အဖြစ်အပျက်များကို တွေ့မြင်နေရသည်။

သို့သော် သူမသည် သတိဝင်သွားပြီး မျက်နှာလွှဲလိုက်၏။ တောတောင်သစ်ပင်တို့ကို လိုက်လံကြည့်ရှုနေသည်။

အတန်ကြာသည့်တိုင် အဒေါ်ချန်သည် မြွေဘုရင်လူတင်း၏ ရင်ခွင်ထဲမှ မထွက်ချေ။ ယီတာသည် သည်းမခံနိုင်တော့သဖြင့် ချောင်းဟန့်လိုက်ရတော့၏။

"အဟမ်း ..."

အဒေါ်ချန်သည် ထိုအခါကျမှ မြွေဘုရင် လူတင်း၏ရင်ခွင်ထဲမှ ခွာလိုက်သည်။ အဒေါ်ချန် ပြုံးနေ၏။ မြွေဘုရင် လူတင်းလည်း ပြုံးနေ၏။ မြွေဘုရင်လူတင်းက အဒေါ်ချန်အား လှည့်ပြော၏။

"ချန်လေး ... တို့များအကြောင်း တစ်ယောက်ကိုတစ်ယောက် ပြောရဦးမယ်၊ အခုတော့ အချိန်မရတော့ဘူး"

အဒေါ်ချန်က ခေါင်းညိတ်၏။ သူသည် ယီတာဘက်သို့ ကြည့်လိုက်ပြီး ...

"သခင်မလေး ... ကျုပ်တို့ ကွမ်မှာကို အခု အရှာထွက်ကြရမှာလား"

သူမေးလိုက်သည်။ ယီတာသည် ဤကဲ့သို့ ပြုံးရွှင်လန်းဆန်းနေသည့် အဒေါ်ချန်အား မမြင်ဖူးခဲ့သဖြင့် အဒေါ်ချန်ကိုသာ ငေးကြည့်နေမိသည်။ သူမ၏ လူမှန်းသိသောသက်တမ်း၌ အဒေါ်ချန်သည် ဤကဲ့သို့ မပြုံးချေ။ ချစ်မေတ္တာသည် အရွယ်ကြီးသူကိုသော်မှ နုပျိုနိုင်စေပါသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြွေဘုရင်လူတင်းက မေးသောအခါ ခေါင်းညိတ်ပြလိုက်၏။

"ကောင်းပြီ အဒေါ်ချန်၊ ကွမ်ယုကို တွေ့အောင်ရှာခဲ့ပါ၊ တွေ့တဲ့အခါမှာ ကွမ်ယုကို အထိအနိုက် နည်းနိုင်သမျှ နည်းအောင်လုပ်ပြီး ခေါ်လာခဲ့စေချင်ပါတယ်"

"ကောင်းပါပြီ သခင်မ"

အဒေါ်ချန်က ဦးညွှတ်ဂါရဝပြုပြီး တာဝန်ခံလိုက်လေသည်။ မြွေဘုရင် လူတင်းကလည်း ...

"စိတ်ချပါ သခင်မ၊ ကျုပ် မတွေ့တွေ့အောင် ရှာခဲ့ပါ့မယ်"

မြွေဘုရင် လူတင်းသည် ထိုသို့ ပြောပြီးသည်နှင့် အဒေါ်ချန်ဘက်သို့ လှည့်ကာ ဆေးရည်တစ်မျိုး လှမ်းပေးလေ၏။

"ချန်လေး ... ဒီဆေးရည်ကို မင်းကိုယ်မှာ လိမ်းလိုက်၊ မင်းရဲ့ မြင်းပိန်ကလေးကိုလည်း လိမ်းပေးလိုက်၊ ဒါ မြွေနိုင်ဆေးရည်ပဲ၊ အဲဒီဆေးရည် လိမ်းလိုက်ရင် မင်းကို ဘယ်မြွေသတ္တဝါမှ အန္တရာယ်မပြုနိုင်တော့ဘူး"

အဒေါ်ချန်သည် ဆေးရည်ကို လှမ်းယူလိုက်ပြီး မြွေနိုင်ဆေးရည်များကို သူမကိုယ်တွင် လည်းကောင်း၊ မြင်းပိန်ကလေး၏ခန္ဓာကိုယ်တွင်လည်းကောင်း သုတ်လိမ်းပေးလိုက်သည်။ မြွေဘုရင်လူတင်းက စောင့်ကြည့်နေသည်။ အဒေါ်ချန် ဆေးလိမ်းပြီးသောအခါ မြွေဘုရင်လူတင်းက လေတစ်ချက် ချွန်လိုက်၏။

'ရှီ ...'

မြွေအုပ်ကြီးသည် သစ်ပင်အောက်မှ ခေါင်းတထောင်ထောင်ဖြင့် ပြေးထွက်လာလေတော့၏။



"ကဲ ... သခင်မ၊ ကျုပ်တို့သွားမယ်"

မြွေဘုရင်လူတင်းက နှုတ်ဆက်သည်။ အဒေါ်ချန်က ဦးညွှတ်နှုတ်ဆက်သည်။ သခင်မယီတာ ခေါင်းညိတ်လိုက်၏။

မြွေဘုရင်နှင့် အဒေါ်ချန်တို့သည် မြွေအုပ်ကြီးကို ရှေ့တွင်ထားလျက် ဂငယ်ပုံကွေ့ကို ဖြတ်ကျော်ကာ မြွေခုနစ်ကောင်တောကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြတော့သည်။ ယီတာသည် သက်ပြင်းချလိုက်၏။

"သူတို့အဖြစ်က ခပ်ဆန်းဆန်းပဲ"

သူမသည် တီးတိုးရေရွတ်လိုက်သည်။ ယီတာသည် မြင်းနှင်တံနှင့် မြင်းကိုတို့ကာ မြွေခုနစ်ကောင်တောင်ကြောမှ ပြန်လည်ထွက်ခွာသွားတော့၏။

သူမဦးတည်ရာ အရပ်ကား ဟူအင်ချန်နေထိုင်သည့် ချာအိုချွမ်မြို့သို့ ဖြစ်လေ၏။ သူမသည် ဟူအင်ချန်အား သူ၏အတွင်းအားနှင့်ညီမျှသော သိုင်းပညာအဆင့် တိုးမြှင့်သင်ကြားပေးမည်ဟု ကတိပြုခဲ့သည် မဟုတ်ပါလား။

ယီတာ၏စိတ်ကူးမှာ တစ်မျိုးဖြစ်သည်။ ဟူအင်ချန်သည် သူမအတွက် တစ်နေ့တွင် အသုံးဝင်လာမည့် စမ်းသပ်သတ္တဝါတစ်ကောင်သာ ဖြစ်သည်။

သူမ၏မြင်းသည် အလွန်သန်စွမ်းသော မွန်ဂိုမြင်းမျိုးဖြစ်၏။ သူမသည် အရှိန်ပြင်းစွာဖြင့် ချာအိုချွမ်မြို့သို့ စီးနှင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄၂)

## တောကြီးမာယာ

မြွေဘုရင် လူတင်းနှင့် အဒေါ်ချန်တို့မှာ ပျားရည်ဆမ်းထွက်သည့် ချစ်သူနှစ်ဦးပမာ တောနက်ကြီးအတွင်းသို့ စကားတပြောပြောနှင့် ဝင်ရောက်လာကြသည်။

ဝါးပင်များ များစွာပေါက်ရောက်နေသည့် ဝါးစိမ်းတောသို့ ရောက်ရှိလာကြလေ၏။

"ချန်လေး ... ငါတို့အဖြစ်ကတော့ တကယ်ထူးခြားတာပဲ၊ ငါက မင်းကို အနှစ်သုံးဆယ်လုံးလုံး လိုက်ရှာခဲ့ပေမယ့် မတွေ့ရဘူး၊ ဒါပေမဲ့ မင်း မသေဘူး ဆိုတာကိုတော့ ငါ့စိတ်ထဲက အလိုလိုသိနေတယ်"

အဒေါ်ချန်က ...

"ကျွန်မလည်း ရှင်မရှိတော့ဘူးဆိုတော့ စိတ်ကြမ်းကိုယ်ကြမ်းဖြစ်ပြီး သိုင်းပညာချည်းလိုက်စားတော့တာပဲ၊ အချစ်သစ်လည်း တစ်ခါမှမရှာခဲ့ပါဘူး။ ကျွန်မ တောင်သုံးလုံး ခြသေ့်သရဖူပြိုင်ပွဲမှာ တောင် ရွှေခြသေ့်ခါးပတ်ရခဲ့ပါတယ်၊ ဒါပေမဲ့ မယူခဲ့ပါဘူး"

"သိပ်တော်တာပဲ ချန်လေး"

မြွေဘုရင် လူတင်းသည် လေတစ်ချက် ချွန်လိုက်လေသည်။

'ရှီ'



မြွေအုပ်ကြီးသည် ရှေ့ဆက်မသွားတော့ဘဲ ရပ်တန့်သွားသည်။ မြွေဘုရင် လူတင်းက ...

"ကွမ်ယုဝတ်စားထားတဲ့ အဝတ်ဟောင်းလေး ဘာလေးများ မပါဘူးလား"

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်မ ယူလာပါတယ် ဒီမှာ"

မြွေဘုရင် လူတင်းသည် ကွမ်ယု၏ အဝတ်အစားများကို ယူပြီး ငန်းတော်ကျား မြွေအုပ်ကြီး၏ရှေ့သို့ ပစ်ချပေးလိုက်သည်။

ငန်းတော်ကျားမြွေအုပ်ကြီးသည် ကွမ်ယု၏အဝတ်အစားကို ဦးခေါင်းများတိုးဝှေ့လျက် နမ်းကြလေ၏။ အားလုံးနမ်းပြီးသော် အကောင်အားလုံး နောက်ဆုတ်သွားကြ၏။

မြွေဘုရင်လူတင်းက လေသံရှည်ရှည်ဖြင့် လေချွန်လိုက်ရာ မြွေကြီးများသည် ဦးခေါင်းမော့ကာ ပါးပျဉ်းများထောင်ကာ လေထဲ၌ အနံ့ခံကြလေ၏။ မြွေများ၏ ဦးခေါင်းသည် ခါယမ်းနေကြတော့သည်။

ထို့နောက် မြွေကြီးပေါ်သို့ ဝပ်ချကာ နှာမှုတ်သံတရှူးရှူး ပြုလုပ်ကြသည်။ အဒေါ်ချန် နှာခေါင်းထဲ၌ မြွေကြီးများ၏အနံ့ကိုပင် ရရှိလာကြလေ၏။ ထို့နောက် မြွေအားလုံး တဒင်္ဂငြိမ်သက်သွားပြီး နောက် အကြီးဆုံးမြွေကြီးက ဦးဆောင်လျက် ဝါးစိမ်းတောင်ဘက်ဆီသို့ ချီတက်သွားလေတော့သည်။ မြွေဘုရင် လူတင်းက ...

"ချန်လေးရေ ... ငါ့ရဲ့မြွေလိမ္မာတွေကတော့ ကွမ်ယုရဲ့အနံ့ကို ရသွားပြီကွ၊ လာ ... လာ ... တို့ မြွေတွေနောက်က လိုက်ကြမယ်"

မြွေကြီးများသည် တောင်ကြောပေါ်မှ ဘေးသို့ ဖွဲဆင်းလာကာ မြရာပင်၊ တန့်တွေးပင်၊ စံကားစိမ်းပင်များ ပေါက်ရောက်သည့် ချုံတောကြီးကို ဖြတ်သန်းသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချုံတောကြီးမှာ အောက်ခြေတွင် ရှုပ်ထွေးနေလေရာ မြင်းများအတွက် အသွားရခက်နေ၏။ မြွေများအတွက်မူ အခက်အခဲမရှိလှချေ။ အဒေါ်ချုန်၏ မြင်းပိန်ကလေးမှာ မြွေဘုရင်လူတင်း၏ မြင်းထက် ပို၍သွားနိုင်သည်။ လုံးဝ မောပန်းခြင်း မရှိပေ။

"ချုန်လေး ... မင်းရဲ့ မြင်းဟာ ထူးခြားလှချည်လား၊ ပိန်ပေမယ့် အတော်အမောခံနိုင်သားပဲ"

"ဟုတ်တယ် ... လူတင်း၊ ဘယ်မြင်းနဲ့မဆို အပြေးသာတယ်၊ အမောခံနိုင်တယ်၊ အဲဒါထက် ထူးခြားတာက ဒီမြင်းဟာ လူ့စကားကို အများကြီး နားလည်တာပဲ၊ နောင်မှာ ဒီမြင်းရဲ့အစွမ်းကို ရှင် အများကြီး တွေ့ပါလိမ့်ဦးမယ်"

မကြာမီ သူတို့သည် သစ်ကြီးဝါးကြီးများသာ ပေါက်ရောက်သောနေရာသို့ ရောက်ရှိလာလေ၏။ ထိုနေရာတွင် အောက်ခြေရှင်းလင်းသဖြင့် မြင်းများသည် မြွေများကို အမီလိုက်နိုင်ကြသည်။

သူတို့သည် ရေစပ်စပ်ရှိသော စမ်းချောင်းကလေးတစ်ခုကို တွေ့ကြရ၏။ သူတို့သည် ထိုစမ်းချောင်းများကို ဖြတ်ကျော်ပြီးသောအခါ တစ်နေရာတွင် သစ်ပင်သစ်ကိုင်းများ ကျိုးပဲ့နေသည်ကို သတိပြုမိကြသည်။

ပင်စည်တစ်ခုတွင်လည်း လက်သီးရာတစ်ခု တွေ့ရသည်။ ကျောက်စိုင်ကျောက်သားတစ်ခုမှာလည်း ပုံကြွေလွင့်စဉ်နေ၏။ ဤအရာများကာ ကွမ်ယု ဖြတ်သန်းသွားသည့်နေရာ ဖြစ်ရပေမည်။

ကွမ်ယုသည် သူ၏ အတွင်းအားများ ကမောက်ကမဖြစ်ပြီး စိတ်မထိန်းနိုင်ဘဲ သစ်ကိုင်းပင်စည်များကို လက်ဝါးစောင်းခုတ်ခြင်း၊ ကျောက်စိုင် ကျောက်သားများကို လက်သီးဖြင့်ထိုးခြင်း။ ခုတ်ခွဲခြင်း၊



ခြေမှုခြင်းများကို ကွမ်ယုပြုလုပ်ခဲ့ပေလိမ့်မည်။

သို့သော် သဲလွန်စများမှာ လတ်လတ်ဆတ်ဆတ် မဟုတ်ပေ။ ရက်အတန်ကြာပြီဖြစ်ကြောင်း အကျိုးအပဲ့ ဟောင်းနွမ်းမှုက ဖော်ပြနေ၏။

ထို့ကြောင့် ကွမ်ယုကို တွေ့ရှိရန်မှာ ဤခရီးသည် အစသာဖြစ်ကြောင်း နောက်ထပ် ခရီးဆက်ရဦးမည်ဖြစ်ကြောင်း မြွေဘုရင်လူတင်း သိရှိလိုက်သည်။

သူတို့ ခရီးဆက်နေစဉ် အနောက်ဘက်မှ ပြေးလာသော လူရိပ်တစ်ခုသည် မြင်းနှစ်ကောင်ကို ကျော်ဖြတ်ကာ မြွေအုပ်ကြီးပေါ်မှ ခုန်လွှားသွားလေ၏။

ထို့နောက် မြွေအုပ်ကြီးရှေ့မှ ကာဆီးထားလိုက်သည်။ မြွေဘုရင်လူတင်းရော အဒေါ်ချုန်ပါ အံ့သြသွားကြသည်။

အဘယ်ကြောင့်ဆိုသော် အသက်ဆယ့်ခုနစ်နှစ်ခန့်ရှိပြီး အလွန်တရာချောမောလှပသည့် မိန်းမပျိုလေးတစ်ဦး ဖြစ်နေခြင်းကြောင့်ပင်တည်း။

သူမသည် မြွေအုပ်ကြီးရှေ့တွင် လက်ပိုက်လျက် ရပ်နေသည်။ သူမသည် အသက်ဆယ့်ခုနစ်နှစ်ခန့်သာ ရှိမည်ဖြစ်သော်လည်း တောတွင်းသူကလေး ဖြစ်ခြင်းကြောင့် အလွန်သန်စွမ်း ကြံ့ခိုင်လေသည်။

ကိုယ်ကာယမှာလည်း အလွန်လှပသည်။ မြွေများသည် ရှေ့ဆက်မသွားကြတော့ပေ။ သူမရှေ့၌ ရပ်တန့်နေကြလေ၏။ ရှေ့ဆုံးမှ မြွေကြီးသည် တွန့်သံပေးလိုက်ပြီး ထိုမိန်းမပျိုကို ပြေးခဲလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုက မြွေများကို ဂရုမစိုက်ချေ။ မြွေဘုရင်လူတင်းက စိုက်ကြည့်လိုက်၏။ သူမကိုယ်လုံးလှလှကလေးတွင် မြွေပါအရေခွံဖြင့် ချုပ်လုပ်ထားသော ဝတ်ရုံကို လွှမ်းခြုံထားလေ၏။ သူမက ...

"ကျွန်မနာမည် မြွေပါကျင်လင်ဖွဲ့ ခေါ်ပါတယ်၊ ဦးကြီးတို့ရဲ့ မြွေတွေက လှလွန်းလို့ ကျွန်မ နှစ်ကောင်လောက် ယူသွားပါရစေရှင်"

သူမ၏ အသံက ချိုသာလှသည်။ သူမသည် ကိုယ်ခန္ဓာကို ခွေခနဲ လှုပ်ရှားကာ မြွေအုပ်ထဲသို့ ခုန်ဝင်လိုက်၏။ မြွေများသည် ဝိုင်းပေါက်ကြ၏။ သူမသည် ခုန်ရှောင်၏။

သူမကို ပေါက်ချက်တစ်ချက်မျှ မထိပေ။ သူမ၏ လက်ထဲ၌ နှစ်ကောင်ပါသွားလေ၏။ သူမသည် မြွေနှစ်ကောင်ကို ဆုပ်ကိုင်ပြီး လေ၏လျှင်မြန်ခြင်းနှင့် ပြေးထွက်သွားသည်။

"ဟဲ့ ... ကလေးမ၊ ဟဲ့ ... ဟဲ့ ... ငါ့မြွေတွေ ဘာဖြစ်လို့ ယူပြေးသွားတာလဲ၊ ပြန်ထားခဲ့ ထားခဲ့"

မြွေဘုရင်လူတင်း၏ ဟန့်တားမှုမှာ အလွန်နောက်ကျနေပေပြီ။

◻◻◻



(၄၃)

သူအော်ပြောလိုက်သောအခါ မိန်းကလေး မရှိတော့ချေ။ မိန်းကလေး သူတို့ဦးတည်သွားနေသော တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။ မြွေကြီးဆယ့်နှစ်ကောင်သာ ကျန်ရစ်တော့သည်။

"ခက်ပြီ ဘယ်လိုမိန်းကလေးနဲ့ လာတွေ့ရမှန်း မသိတော့ဘူး။ ငါ့မြွေနှစ်ကောင် ဆုံးပြီ"

လူတင်းသည် ညည်းညူလိုက်လေ၏။ သူ့တွင် မြွေဆယ့်နှစ်ကောင်သာ ကျန်တော့သည်။ သူသည် ထိုမြွေအုပ်ကြီးကို ထိန်းကျောင်း၍ ခရီးဆက်လေတော့၏။ သူတို့သွားနေသည်မှာ တောလမ်းကလေး မဟုတ်ပေ။

တောကြီးမျက်မည်းကြီး ဖြစ်သည်။ ချုံနွယ်ပိတ်ပေါင်းများကို တိုးဝှေ့သွားနေရခြင်း ဖြစ်သည်။ အတန်ကြာသွားပြီးသောအခါ သစ်ကျားသီးပင်များနှင့် မွှင့်ဝေနေသော တောပန်းကလေးများကို တွေ့ကြရသည်။

ထိုနေရာသို့ရောက်သောအခါ ရှေ့ဆုံးမှသွားနေသော မြွေကြီးနှစ်ကောင်သည် မြေပေါ်၌ ထွန့်ထွန့်လူးနေတော့၏။ ကျန်မြွေဆယ်ကောင်လည်း ရှေ့သို့မတိုးတော့ချေ။

ရှေ့ဆုံးမှ မြွေနှစ်ကောင် လူးလိမ့်နေသဖြင့် လူတင်းသည် မြင်းပေါ်မှ ခုန်ဆင်းပြီး သူ၏မြွေများဆီသို့ ပြေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ချုန်လည်း မြေပေါ်သို့ ခုန်ဆင်းလိုက်၏။ အဒေါ်ချုန်က ...

"ဘယ်လိုဖြစ်တာလဲဟင်"

လူတင်းက အလွန်စိတ်ပူသောအသံဖြင့် ပြောလေ၏။

"ရှေ့တိုးမလာနဲ့ ချုန်လေး၊ ဒီနားမှာ အဆိပ်မှုန့်တွေကို တစ်ယောက်ယောက်က ဖြူးထားတယ်၊ ဒီနားမှာ လူလည်းမရှိဘူး၊ စောစောက ပြေးသွားတဲ့ ကောင်မလေးပဲ ဖြူးထားတယ်နဲ့တူတယ်"

မြွေကြီးများမှာ ခံစားနေရသော ဝေဒနာမှ အတန်ငယ် သက်သာသွားပုံရ၏။ အဘယ်ကြောင့်ဆိုသော် လူးလိမ့်နေမှုများ ရပ်တန့်သွားသောကြောင့် ဖြစ်လေ၏။

သို့သော် ထိုမြွေကြီးနှစ်ကောင်သည် အခြားမြွေများကို မစောင့်တော့ဘဲ တောထဲသို့ ဝင်သွားကြတော့သည်။ မြွေဘုရင်လူတင်းက ရှိခနဲ လေချွန်သံပြု၍ ထားလိုက်သည်။

မြွေကြီးနှစ်ကောင်မှာ မြွေဘုရင် လူတင်း၏လေချွန်သံကို လုံးဝဂရု မစိုက်တော့ဘဲ တောထဲသို့ ဝင်ရောက်သွားကြတော့သည်။

"ဘယ်လိုဖြစ်ကြတာလဲ လူတင်းရယ်၊ ရှင့်မြွေကြီးတွေက ရှင်ကို စွန့်ခွာသွားပါပြီကော"

"ငါတို့လာမဲ့လမ်းကို ဒီရန်သူက ကြိုတင်သိထားတယ်ကွယ့်၊ သူဟာ အဆိပ်မှုန့်တွေကို လမ်းမှာ ကြိုတင်ဖြူးထားတယ်၊ အဆိပ်မှုန့်တွေရဲ့ဒဏ်ကို မြွေကြီးနှစ်ကောင်ဟာ အပြင်းအထန်ခံစားလိုက်ရတယ်၊ ငါ အဆိပ်ဖြေဆေးနဲ့ ကုသပေးလိုက်လို့ အဆိပ်ဒဏ်က သက်သာသွားပေမယ့် ဒီမြွေကြီးတွေရဲ့ မှတ်ဉာဏ်ကတော့ ပျက်ပြယ်သွားပုံရတယ်၊ ငါ့ကို မမှတ်မိတော့ဘူး၊ အခြားအဖော်တွေဖြစ်တဲ့



သူတို့မြွေချင်းတောင် မမှတ်မိတော့ဘူး၊ ဒါကြောင့် တောထဲကို သူတို့ထွက်သွားကြတာ ငါ့မြွေကြီးတွေကို သိပ်နှမြောတာပဲ ချုန်လေးရယ်"

မြွေဘုရင်လူတင်းက ဝမ်းနည်းကြေကွဲသံကြီးနှင့် ပြောလိုက်သည်။ သူ့၌ မြွေဆယ်ကောင်သာ ကျန်တော့သည်။ အဒေါ်ချုန်က...

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတော့ ကွမ်ယုကို ဆက်ရှာရမယ်၊ ကျွန်မကို သခင်မ ငြိုငြင်သွားမှာကို ကျွန်မ မခံနိုင်ဘူး လူတင်းရယ်"

"စိတ်ချပါ ချုန်လေးရယ်၊ ဘယ်လိုအခက်အခဲတွေတွေ့တွေ့၊ ဘယ်လိုအတားအဆီးတွေတွေ့တွေ့ ကွမ်ယုကို တွေ့အောင်ရှာပေးမယ်လို့ ငါ ကတိပေးပါတယ်"

အဒေါ်ချုန် သက်ပြင်းချလိုက်မိသည်။ ကွမ်ယုကို ယင်ထဲက ယန်ဆေး တိုက်ကျွေးသည့်အခါကလည်း အဒေါ်ချုန်သည် သခင်မလေးဘေးတွင် ရှိနေ၏။ သခင်မလိုအပ်သည့်အရာများကို သူမ ယူပေးနေသည်။

ယင်ထဲက ယန်ဆေးကို တိုက်ကျွေးစဉ်အခါက ဤဆေးသည် စိတ်မချရသေးသော ဆေးဖြစ်ကြောင်း သခင်မက သူမကို အသိမပေးခဲ့ချေ။

ကွမ်ယု စိတ်ဖောက်ပြန်ပြီး ထွက်ပြေးသောအခါကျမှသာ သူသည် ဆေးစိတ်မချရသည်ကို သိတော့သည်။ ယခု ကွမ်ယုအတွက် ဖြေဆေးရရန် ဟူအင်ချုန်နှင့် စမ်းသပ်အဖြေရှာခဲ့သည်။

ဖြေဆေးကို တွေ့ရှိခဲ့ရလေပြီ။ သို့သော် ကွမ်ယုကိုကား မတွေ့ရသေးပေ။ မြွေဘုရင်လူတင်းက ...

"ချုန်လေး ဘာမှမပူနဲ့ ငါတို့ ကွမ်ယုကို ဆက်ပြီး ရှာကြတာ ပေါ့၊ ဒါပေမဲ့ အဆိပ်ဖြူးထားတဲ့ မြေကွက်လပ်ကိုတော့ မြေကွက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်နိုင်းလို့ မဖြစ်ဘူး။ အဲဒီနေရာကို ရွှေ့ရှောင်ရမယ်"

သူသည် သူ့မြွေအုပ်ကြီးကို ထိုမြေကွက်လပ်တွင် မဝင်စေရန်အတွက် ရွှေ့ရှောင်မောင်းသွားသည်။ သူတို့သည် မြင်းများပေါ်သို့ ပြန်တက်ကာ ခရီးဆက်ပြန်လေတော့သည်။

သူတို့ အတော်ခရီးပေါက်လာသည်။ လမ်းတွင် မည်သည့်အခက်အခဲကိုမျှ မတွေ့ရချေ။ မြွေများသည် ပါးပျဉ်း မကြာခဏထောင်လာသည်။ လည်တဆန့်ဆန့်ဖြစ်လာ၏။

ကွမ်ယုနှင့် နီးကပ်လာပြီဆိုသည့်သဘောပင်တည်း။ ထိုစဉ်မြန်းခနဲ သစ်ပင်တစ်ပင်ပေါ်မှ အသံတစ်သံကို ကြားလိုက်ရသည်။

"ရှင်တို့ ကွမ်ယုကို လိုက်ရှာနေကြတာ မဟုတ်လား၊ မရှာပါနဲ့ ရှင်တို့ပြန်ကြပါ၊ ရှေ့ဆက်လာရင် ရှင်တို့အတွက် အင်မတန်အန္တရာယ်ကြီးပါလိမ့်မယ်"

မြွေပါကျင်လင်ဟုခေါ်သော မိန်းမပျိုလေး၏ ချိုချိုသာသာအသံကလေးပင် ဖြစ်သည်။

သူမသည် မြွေဘုရင်လူတင်းနှင့် အဒေါ်ချန်တို့၏ဦးခေါင်းထက်ရှိ သစ်ပင်များပေါ်မှ တစ်ပင်ပြီးတစ်ပင် ခုန်ကူး၍ လိုက်ပါလာသည်။

"ရှင်တို့ကို ကျွန်မပြောနေတယ်၊ ရှင်တို့ ကွမ်ယုနောက်ကို လိုက်ရင် အန္တရာယ်တွေ့လိမ့်မယ်၊ ကျွန်မပြောတာကို ရှင်တို့မယုံဘူးလား"

မြွေဘုရင်လူတင်းနှင့် အဒေါ်ချန်တို့သည် ပါးစပ်ပိတ်လျက် မြွေအုပ်နောက်သို့သာ လိုက်နေကြသည်။ မြွေပါကျင်လင်ကို ဘာမျှမပြောပေ။



"ရှင်တို့ကို ဒုက္ခမပေးချင်လို့ ရှင်တို့ရဲ့မြွေတွေကို ကျွန်မ တားလိုက်တာ၊ ဒါကို ရှင်တို့သဘောမပေါက်တော့ ခက်တာပေါ့၊ ရှင်တို့သဘောမပေါက်တာကို ပေါက်အောင် ထပ်လိုက်ဖို့ကတော့ ရှင်တို့မြွေတွေ အကုန်လုံးကို ကျွန်မ ဖျက်ဆီးပစ်မှဖြစ်တော့မယ်"

မြွေဘုရင်လူတင်းသည် အဒေါ်ချန်ကို လှည့်ကြည့်၏။ သူမနှင့် စကားမပြောနှင့်ဟူ၍ မျက်နှာရိပ်မျက်နှာကဲ ပြလိုက်သည်။ အဒေါ်ချန်က ခေါင်းညိတ်ပြသည်။

သူတို့သည် မြွေအုပ်နောက်ကိုသာ စိုက်လိုက်မတ်တပ်လိုက်နေကြသည်။ သစ်ပင်တစ်ပင်မှတစ်ပင် ကူးကာသွားနေသော မြွေပါကျင်လင်အမည်ရှိသော မိန်းမပျိုသည် မြွေဘုရင်လူတင်းတို့အားနောက်ပြန်လှည့်ရန်သာ တိုက်တွန်းနေသည်။

"ကဲ ... ကျွန်မ ပြောလို့မရတော့ဘူး၊ ဒီတော့ ကျွန်မကိုအဆိုးမဆိုနဲ့၊ ရှင်တို့ကြိုက်တဲ့လမ်း ရှင်တို့ရွေးတာ၊ ရွေးတဲ့လမ်းဟာ မရဏလမ်းပဲရှင့်"

မြွေပါကျင်လင်သည် လျင်မြန်သော အရှိန်အဟုန်ဖြင့် ကွမ်ယုပြေးသကဲ့သို့ သစ်ပင်ထိပ်များမှ ပြေးလေတော့၏။ မကြာမီ မြွေပါကျင်လင်သည် ပျောက်ကွယ်သွားလေသည်။

"ငါ့အထင် မမှားဘူး၊ ငါတို့ကို ဒီမြွေပါကျင်လင်ဆိုတဲ့ကလေးမ နှောင့်ယှက်နေတာပဲ၊ နောက်ပြီး ဒီကလေးမကို သူစိမ်းတစ်ရံဆံလို့ ပြောလို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကွမ်ယုကို သိနေတယ်၊ မင်းတို့အသိထဲမှာ ဒီမြွေပါကျင်လင်ဆိုတဲ့ မိန်းကလေး ရှိသလား"

အဒေါ်ချန် ခေါင်းခါပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး။ ကျွန်မ သိထားတာကတော့ ကွမ်ယူအပြင် သူ့သူငယ်ချင်းနှစ်ယောက်ကိုပဲ သိထားတယ်၊ ဒီအထဲမှာ မြေပါကျင်လင် မပါဘူး"

"ဒီကောင်မလေးဟာ အဆိပ်ပညာနဲ့ ကိုယ်ဖော့ပညာတော့ အလွန်ကောင်းတာ တွေ့ရတယ်၊ သိုင်းပညာတော့ ဘယ်လိုနေမယ် မသိဘူး။ အဆိပ်ပညာသိပ်ကောင်းရင် သိုင်းပညာမှာ ညံ့တတ်တယ်၊ ဒါပေမဲ့ သူဟာ ကိုယ်ဖော့ပညာတော့ ကောင်းနေတယ်၊ ဒီတော့ သိုင်းပညာမှာ ညံ့မညံ့တောင်မှ ဆုံးဖြတ်ရခက်သွားတယ်"

"ကျွန်မစိတ်ထင် ခန့်မှန်းရတာတော့ သိုင်းပညာမှာလည်း သိပ်ခေပုံ မရပါဘူး"

"အင်း … ဟုတ်တယ်၊ ခေပုံမရဘူး။ သတိထားသင့်တယ်"

တစ်နေရာသို့ ရောက်သောအခါ ကျင်လင်ဖမ်းသွားသည့် ငန်းတော်ကျား မြေနှစ်ကောင် အသင့်စောင့်ကြိုနေလေ၏။ လူတင်းသည် အလွန်ဝမ်းသာသွား၏။ သူ့မြေနှစ်ကောင်ကို ပြန်လည်တွေ့ရသောကြောင့် ဖြစ်သည်။

"ဟိုမှာ … ချုန်လေး ငါ့မြေနှစ်ကောင်"

သူသည် စကားကို ဆုံးအောင်မပြောနိုင်ဘဲ လေချွန်လိုက်လေ၏။

'ရှိ …'

မြေနှစ်ကောင်ကလည်း ရှိခနဲ အသံပြုကြ၏။ လူတင်းလည်း စိတ်ချသွားလေ၏။

"ငါ့မြေတွေ ကျင်လင်လက်ထဲက တစ်နည်းနည်းနဲ့ ပြန်လွတ်မြောက်လာလို့ ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ်ရင် မြေနှစ်ကောင်ကို သူ



လွှင့်ပစ်လိုက်လို့ပဲ ဖြစ်ရမယ်၊ အခု ငါ့မြေတွေဟာ သူ့မြေအုပ်စုနဲ့ ပြန်ပေါင်းထုပ်သွားကြပြီ"

မှန်သည်။ မြေနှစ်ကောင်သည် မြေအုပ်ကြီးနှင့် ရောနှော လိုက်ပါလာကြသည်။ သူတို့သည် ရှေ့ခရီးကို ဆက်ကြပြန်သည်။ ယခုအခါ မြေများသည် ဆယ့်နှစ်ကောင် ဖြစ်လာသည်။

မြေများ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ခရီးဆက် နေကြသည်။ အတန် ခရီးသွားမိသောအခါ လူတင်း စီးနင်းလာသော မြင်းကြီးမှာ ခရီးပန်းမောဟိုက်ကာ အမြှုပ်များ တစီစီထွက်လာလေတော့၏။

အဒေါ်ချုန်က မြင်းကြီးကို ဂရုမထားမိသည့် လူတင်းအား ပြောလိုက်၏။

"လူတင်း … ရှင့်မြင်းကြီး အတော်မောနေပြီ၊ ခဏနားလိုက် ပါဦး"

ထိုအခါမှ လူတင်းသည် သူ့မြင်းကြီးကို ကြည့်လိုက်မိသည်။ မြင်းကြီး ခရီးပန်းနေပြီဖြစ်ကြောင်း လူတင်း သိရှိလိုက်သည်။

'ရှိ …'

သူသည် လေချွန်သံတစ်ချက်ပြုပြီး သူ၏မြေများကို ရပ်နားစေသည်။ သူသည် မြင်းပေါ်မှဆင်းပြီး သူ့မြင်းကြီးကို အနားပေးရလေ၏။ လူတင်းက …

"ချုန်လေးရေ … မင်းရဲ့မြင်းကတော့ အတော့်ကို ကြံ့ခိုင်ပုံ ရသကွယ့်၊ ခုထိ မောပန်းနွမ်းနယ်တာ မတွေ့ရသေးဘူး။ တော်တော် အံ့ဩဖို့ကောင်းတဲ့ မြင်းကြီးပဲ၊ ကြည့်လိုက်ရင် အခုပဲ လဲကျတော့မယ့် ပုံအတိုင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ချန်က ...

"ကျွန်မမြင်းကို ကြွံနိုင်တယ်လို့တော့ ပြောလို့မရပါဘူး၊ ကြွံနိုင်တယ်ဆိုတာက မျက်မြင်ပုံသဏ္ဌာန်အခံပေါ်ယံသဘောပဲ၊ ကျွန်မမြင်းကိုကြည့်လေ၊ မြင်းပိန်ကလေး ဘယ်မှာကြွံနိုင်လို့လဲ၊ ဒါပေမဲ့ အတွင်းအား အနှစ်သာရမှာတော့ ဘယ်တော့မှ မမောမပန်းတတ်တဲ့ သက်လုံမျိုးကို ပိုင်ဆိုင်ထားတယ်၊ ကျွန်မမြင်းဟာ မကြွံနိုင်ဘူး၊ ဒါပေမဲ့ သက်လုံတော့ ကောင်းပါတယ်"

မှန်ပေသည်။ အဒေါ်ချန်သည် မြင်းပိန်မလေးပေါ်မှဆင်းပြီး မြင်းဇက်ကို ပွတ်သပ်ပေးနေလေ၏။ မြင်းပိန်မလေးသည် မြက်များကို စားပြီး အမြီးတယမ်းယမ်းနှင့် ရွှင်လန်းနေဆဲဖြစ်သည်။

မြွေဘုရင်လူတင်းက ရိက္ခာခြောက်တွေကို ထုတ်လိုက်သည်။ အဒေါ်ချန်က ...

"ကျွန်မမှာလည်း ရိက္ခာခြောက်တွေပါတယ်"

"ထားလိုက်ပါလေ၊ ငါ့ဟာ ကုန်သွားတော့မှ မင်းဟာကို စားကြတာပေါ့ ချန်လေးရယ်"

"ဒီသစ်တောကြီးထဲမှာ ရိက္ခာပြတ်မှာ မစိုးရိမ်ပါဘူး လူတင်းရယ်၊ ကျွန်မ ရိက္ခာခြောက်လည်း စားပါ၊ ရှင့်ရိက္ခာခြောက်တွေလည်း ကျွန်မ စားမယ်"

ထိုအခါ နှစ်ယောက်စလုံး ကြည်ကြည်နူးနူး ရယ်မောမိတော့၏။ သူတို့သည် နားနားနေနေဖြင့် ရိက္ခာခြောက်များကို စားသောက်နေကြလေ၏။

▣▣▣



(၄၄)

ထိုစဉ် သူတို့၏ခေါင်းပေါ် သစ်ပင်တစ်ပင်သို့ လူရိပ်တစ်ရိပ်သည် ခုန်ပျံရင်း ချဉ်းကပ်လာသည်။ ထိုလူ သစ်ပင်တစ်ပင်မှ အခြားတစ်ပင်သို့ ပြေးကပ်လိုက်ပုံမှာ ရှဉ့်တစ်ကောင်ထက် လျှင်မြန်ပြီး တောက်တဲ့တစ်ကောင်ကဲ့သို့ ကပ်ရပ်နိုင်သဖြင့် သူတို့နှစ်ဦးစလုံး ထိုလူရိပ်ကို သတိမထားမိကြချေ။

ထိုလူရိပ်သည် အဆိပ်မှုန့်အချို့ကို လေထဲသို့ ပစ်လွှတ်လိုက်၏။ သူသည် သစ်ပင်အကိုင်းများပေါ်၌ ခိုတွယ်ပြေးထွက်သွားပြီး ဤသို့ အော်ဟစ်ပြောကြားသွားသည်။

"ရှင်တို့နှစ်ယောက် လာလမ်းအတိုင်းပြန်ကြပါ၊ မပြန်ရင် ရှင်တို့ ဒုက္ခတွေ့လိမ့်မယ်၊ ရှင်တို့နှစ်ယောက်အတွက် ရှေ့မှာ ဒုက္ခကကြိုတင်စောင့်ကြိုနေတယ်"

အဒေါ်ချန်သည် ဆတ်ခနဲ ထရပ်လိုက်သည်။

'ဟြဲ ... ဟီ ... ဟီ'

ထိုအချိန်မှာပင် မြင်းတစ်ကောင်၏ မချိမဆံ့ အော်ဟစ်လိုက်သော ဟီသံသည် ဘဝက်တိုင်သွားလေ၏။ မြွေဘုရင်လူတင်းမှာ သူ့မြင်းကြီးထံသို့ ပြေးလေတော့သည်။

သို့သော် သူပြေးသည်မှာ အရာမထင်တော့ချေ။ နောက်ကျခဲ့ပေပြီ။ မြွေဘုရင်လူတင်း၏ မြင်းကြီးသည် မြေပေါ်တွင် တုံးလုံးကြီး လဲကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်များမှာ ဆန့်ငင်ဆန့်ငင် အကြောဆွဲလျက် ချက်ချင်းပင် သေဆုံးသွားလေတော့၏။ လူတင်းမှာ မရှိမဆုံ ခံစားသွားရသည်။

"ချုန်လေးရေ ... ငါ့မြင်းတော့ အဆိပ်မိပြီး သေသွားပြီကွ၊ ဟင် ... အတော်ထူးဆန်းပါလား"

သူသည် မြက်စားမပျက် အမြီးတလှုပ်လှုပ် တယမ်းယမ်း ဖြစ်နေသော အဒေါ်ချုန်၏ မြင်းပိန်မလေးကို ကြည့်လေ၏။

"မင်းရဲ့မြင်းကတော့ မြက်စားတောင် မပျက်ဘူး၊ သူက တော့ အဆိပ်မမိဘူးလား"

အဒေါ်ချုန်က ...

"အဲဒါပြောတာပေါ့၊ ကျွန်မမြင်းဟာ တကယ်စွမ်းပါတယ်လို့ ကျွန်မမြင်းရဲ့ ထူးခြားတဲ့ စွမ်းရည်ထဲမှာ အဆိပ်ဟာ အစာထဲပါလာရင်လည်း သူသိတယ်၊ သူ ပြန်အန်မှာပဲ၊ လေထဲက အဆိပ်ကို ရှူမိရင်လည်း သူ မသေဘူး၊ ခံနိုင်ရည်ရှိတယ်၊ သူ့အသားကို ဖောက်ပြီး သွေးထဲ အဆိပ်ရောက်သွားရင်သာ သူ ခံနိုင်ရည်မရှိတာ၊ ကဲ ... ရှင့်မြင်း သေသွားပြီ မဟုတ်လား၊ ကျွန်မမြင်းနဲ့ပဲ ခရီးဆက်ကြတာပေါ့"

လူတင်းက ခေါင်းယမ်းသည်။

"ဟ ... ဒီလောက်ပိန်တဲ့ မြင်းကလေးကို ငါတို့နှစ်ယောက်စီးလို့မဖြစ်ပါဘူး၊ တို့နှစ်ယောက်တက်စီးရင် မြင်းပိန်ကလေး ခါးကျိုးသွားမှာပေါ့"

အဒေါ်ချုန်က ပြောသည်။

"လူတင်းရယ် ... ကျွန်မရဲ့မြင်းပိန်းကလေးရဲ့ အရည်အချင်းတွေကို ရှင် မသိသေးပါဘူး၊ ကဲ ... လာ လက်တွေ့စမ်းကြည့်ကြတာပေါ့၊ ဒါမှ ရှင် ကျွန်မရဲ့ မြင်းပိန်ကလေး အစွမ်းကို သိမယ်"



မြင်းပိန်လေးပေါ်သို့ နှစ်ဦးစလုံး တက်စီးကြသည်။ မြင်းပိန်မလေးသည် သူတို့နှစ်ဦးစလုံး တက်စီးကြသော်လည်း အမြီးယမ်းမပျက်၊ လည်ဆံမွေးခါခြင်း မပျက်ချေ။

"စီးမှာသာစီးပါ၊ နှစ်ယောက်မဟုတ်ပါဘူး သုံးယောက်စီးလို့တောင် ရပါတယ်"

အဒေါ်ချုန်က လူတင်းကို အားပေးလိုက်၏။

'ရှီ ...'

မြွေဘုရင်လူတင်းသည် သူ့မြွေများကို အချက်ပေးလိုက်သည်။ မြွေများသည် လေချွန်သံကြားသည်နှင့် ခေါင်းတယမ်းယမ်း ပါးပျဉ်းတခွက်ခွက်နှင့် ခရီးဆက်လေတော့၏။

လူတင်းနှင့်အဒေါ်ချုန်တို့သည် မြင်းပိန်လေးကို နှစ်ယောက်စီးကာ မြွေအုပ်နောက်မှ လိုက်ကြလေတော့၏။ ထိုအခါ သစ်ပင်များပေါ်မှ ခိုးခိုးခစ်ခစ် ရယ်သံများ ကြားလိုက်ရတော့သည်။

အဒေါ်ချုန်သည် သူမ၏ခေါင်းပေါ်မှ ဆံထိုးတစ်ချောင်းကို နုတ်ကာ လှစ်ခနဲ ပစ်ထည့်လိုက်၏။ အဒေါ်ချုန် ဆံထိုးကိုယူပြီး ပစ်ပုံမှာ လျှပ်ပြက်သကဲ့သို့ လျင်မြန်လှသဖြင့် ဆံထိုးနှင့် ပစ်လိုက်သည်ဟူ၍ပင် မထင်ရချေ။

'ဝိုး ...'

သစ်ပင်ပေါ်မှ အသံထွက်လာသည်။

"ပစ်ချက်ကတော့ အတော့်ကို တိကျတာပဲ၊ နှလုံး[illegible]တည့်တည့်ကို လာမှန်တာပဲ၊ အတော်ရက်စက်တဲ့ ပစ်[illegible]ပဲ၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှင့်လက်နက်ပုန်းက ကျွန်မရဲ့ မြေပြင်အရေခွံအကျီကို ထိုး မဖောက်နိုင်ဘူးရှင့်၊ ရော... ရှင့်ရဲ့ဆံထိုးလက်နက်ပုန်းကို ရှင့်ဘာသာ ပြန်ပယူဖမ်းနိုင်ရင် ဖမ်းပေါ့ရှင့်"

'ဗိုး ...'

လေတိုးသံသည် ထွက်ပေါ်လာ၏။

ဆံထိုးသည် ဝေ့ကာဝိုက်ကာ လင်းဆွဲငှက်တစ်ကောင်ပျံ သကဲ့သို့ အဒေါ်ချုန်ဆီသို့ ဖြတ်သန်းပြေးလွှားလာသည်။ ဆံထိုးသည် တန်းတန်းမတ်မတ် တစ်ဖြောင့်တည်းပြေးလာခြင်း မဟုတ်ပေ။

ဝေ့ဝိုက်ကာ ပြေးလာနေခြင်း ဖြစ်သည်။ ကျင်လင်၏ လက်နက်ပုန်း ပစ်ခတ်ခြင်း အတတ်ပညာသည် အဒေါ်ချုန်ထက် သာနေပေသည်။

အဒေါ်ချုန်သည် မြင်းဝိန်ကလေးကို ဘေးသို့ ဆွဲချလိုက်ရ သည်။ ထိုအခါ ဆံထိုး၏လမ်းကြောင်းကို ဆီးဖြူပင်ကြီးနှင့် ကာကွယ် လိုက်သကဲ့သို့ ဖြစ်သွားတော့သည်။

ဆံထိုးသည် လေချွန်သကဲ့သို့ အသံမြည်ကာ သူတို့နှင့် ခပ်လှမ်းလှမ်းမှ ဖြတ်သန်းသွားတော့သည်။ သစ်ပင်ပေါ်မှ ကျင်လင် ၏အသံသည် ပြန်လည်ထွက်ပေါ်လာလေ၏။

"ရယ်ရတယ် ... သိပ်ရယ်ရတယ် ... ခစ် ... ခစ်"

လူတင်းနှင့်အဒေါ်ချုန်တို့သည် မျက်မှောင်ကုတ်ပြီး သစ်ပင် ပေါ်သို့ မော့ကြည့်ကြသည်။

"လူသူမမြင်နိုင်တဲ့ ဒီတောကြီးအတွင်းမှာ မြင်းဝိန်မလေး တစ်စီးကို အသက်ကြီးကြီး အဘိုးကြီးနဲ့ အသက်ကြီးကြီး အဘွားကြီး က မညာမတာ တက်စီးလို့ အဘိုးကြီးရဲ့ခါးကို အဘွားကြီးကဖက်လို့



တောထဲတောင်ထဲမှာ ပျားရည်ဆမ်းအချစ်ခရီး ထွက်နေကြတယ်၊ ဟာ ... ဟ ... ဒီသတင်း သိုင်းလောကထဲ လျှောက်ပြောလိုက်ရရင် တော့ ရယ်စရာကောင်းလွန်းလို့ အူတက်သေတဲ့ သိုင်းသမားတွေ တောင် ပေါ်လာမယ်ထင်တယ်"

စကားသံဆုံးပြီးနောက် တခစ်ခစ်ရယ်သံ ထွက်ပေါ်လာလေ ၏။ လူတင်းနှင့် အဒေါ်ချုန်တို့သည် မျက်ကလဲဆန်ပျာနှင့် သစ်ပင် ပေါ် မော့ကြည့်ကြသည်။ သစ်ပင်ပေါ်မှလူရိပ်ကား ထွက်ပြေး ပျောက်ကွယ်သွားလေ၏။

"ကျင်လင်တော့ ထွက်သွားပြန်ပြီ၊ ဒီကောင်မလေး ငါတို့ကို လိုက်ပြီး ဒုက္ခပေးနေတာပဲ၊ ခုနလည်း ဆံထိုးနဲ့ပြန်ပစ်တာ ကံကောင်း လို့ မထိတယ်"

လူတင်းက ပြောလိုက်လေ၏။ အဒေါ်ချုန်၏ မျက်နှာမှာ နီရဲနေသည်။ သူမက တုန်ယင်သော အသံဖြင့် ပြောသည်။

"ဒီမှာ လူတင်း ... ဒီ ... ဒီ ... မြင်းတစ်ကောင်တည်းကို ကျွန်မတို့နှစ်ယောက် အတူစီးလို့မရတော့ဘူး။ ကျွန်မ အောက်ဆင်း လျှောက်မယ်၊ ရှင်စီးပါ"

"ဟ ... မဟုတ်တာကွာ၊ ငါက ယောကျ်ားပဲ၊ ငါအောက်က ဆင်းလျှောက်ပါ့မယ်"

အဒေါ်ချုန်က ...

"ဒီကောင်မလေးဟာ အတော်ဉာဏ်များပုံရတယ်၊ သူဟာ ကျွန်မတို့နှစ်ယောက်ထဲက တစ်ယောက်ကို အောက်ဆင်းအောင် လုပ်တာပဲ၊ သူ့မှာ ရည်ရွယ်ချက်ရှိပုံရတယ်"

"ဟုတ်တယ်၊ သူ တမင်ဆင်းအောင်လုပ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကျွန်မတို့ သိသိကြီးနဲ့ သူ့ထောင်ချောက်ထဲ ဝင်ရတော့မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့ ကျွန်မတို့သတင်းကို သိုင်းလောကထဲလွှင့်လိုက်ရင် ကျွန်မတို့နှစ်ယောက် အကြီးအကျယ် မျက်နှာပျက်သွားကြလိမ့်မယ်၊ သူများတွေ သားပုပ်လေလွှင့် ပြောစရာ ဖြစ်တော့မယ်"

"ငါ နားလည်ပါတယ် ချန်လေးရယ်၊ ဒါကြောင့် မင်းပဲ မြင်းပေါ်မှာနေပါ။ ငါ လမ်းလျှောက်လိုက်ရင်း အန္တရာယ်ကိုလည်း သတိထားပါမယ်၊ သူက မြေပြင်ပေါ်မှာ ထောင်ချောက်ဆင်မှာ မဟုတ်လား။ သူ့ထောင်ချောက်ဆိုတာက အဆိပ်ပဲဖြစ်မှာပါ၊ ငါက အဆိပ်အားလုံး ပြီးပါတယ်"

လူတင်းသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။ မြင်းတစ်ကောင်နှင့် လူနှစ်ယောက်။ တစ်ယောက်က မြေပြင်မှ ပြေးလိုက်လာသည်။

လူတင်းသည်လည်း အတွင်းအားပြည့်သူ ကိုယ်ဖော့ပညာကောင်းသူတစ်ဦး ဖြစ်ရာ သူသည် ပေါ့ပါးစွာ ပြေးလိုက်လာနိုင်သည်။

"ကိစ္စမရှိပါဘူး ချန်လေး။ ငါ ပြေးလိုက်နိုင်ပါတယ်၊ မောခြင်းပန်းခြင်း ငါ လုံးဝမဖြစ်နိုင်ပါဘူး။ ဒီလောက်ကလေးကတော့ အသာကလေး ပြေးနိုင်ပါတယ်"

အခေါ်ချန်သည် မြင်းပိန်ကလေးကို အရှိန်လျှော့လိုက်ချင်သည်။ သို့မှသာ လူတင်း ပြေးလိုက်နိုင်မည် မဟုတ်ပါလား။

သို့သော် သူမ ထင်တိုင်းလုပ်၍မရချေ။ မြွေအုပ်ကြီးက ရှိနေသေးသည်။ မြွေအုပ်ကြီးသည် ရှေ့သို့သာသွားနေရာ သူမက မြင်းပိန်ကလေးကို အရှိန်လျှော့၍မရချေ။



ထိုစဉ် ရှေ့တွင်လက်ပိုက်ရပ်နေသော ကျင်လင် ကို ဖြုန်းခနဲ မြင်လိုက်ရ၏။ သူမသည် သူမ၏လက်ကို ရိပ်ခနဲ လှုပ်ရှားလိုက်၏။ သူမ၏လက်ထဲမှ အလွန်သေးငယ်သော လက်နက်ပုန်းကလေးများသည် ပြေးထွက်လာလေ၏။

မြွေအုပ်ကြီးမှာ သူမ၏ရှေ့၌ တုံ့ခနဲရပ်သွား၏။ အခြားလူများကို ရန်ပြုမည်ဖြစ်သော်လည်း သူတို့သည် ကျင်လင်ကို ရန်မပြုဝံ့ဘဲ ရှိကြသည်။

"ဝို ... ဝို ... ဝို ..."

လက်နက်ပုန်းများ ပြေးထွက်လာသောအခါ လူတင်းသည် သူ၏ကျောမှ ဝတ်ရုံနက်ကြီးကို ခွာလိုက်ပြီး လက်နက်ပုန်းများကို ရိုက်ထုတ်ပစ်လိုက်သည်။

လက်နက်ပုန်းများသည် လျင်မြန်စွာ လွင့်စဉ်၍မသွားချေ။ ရိုက်ထုတ်လိုက်သည့် လူတင်း၏ ဝတ်ရုံနက်ကြီးကို ထွင်းဖောက်၍ ထွက်သွားကြသည်။ ဝတ်ရုံနက်ကြီးမှာ ဆန်ခါပေါက်ဖြစ်၍ ကျန်ရစ်သည်။

"အား ..." ... 'ဟီ ... ဟီ ... ဟီ ...'

လူအော်သံနှင့် မြင်းအော်သံများ ထွက်ပေါ်လာသည်။ အခေါ်ချန်နှင့် မြင်းပိန်မလေးမှာ လက်နက်ပုန်းများ ထိမှန်ပြီး ဝုန်းခနဲ ပစ်လဲကျသွား၏။

အခေါ်ချန်မှာလည်း မြင်းပိန်ကလေးဘေး၌ ခွေခွေကလေး လဲကျနေတော့သည်။ လူတင်းသည် အကြီးအကျယ် ဒေါသထွက်သွား၏။

ခက်ထန်မာကျောသော အမူအရာများ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကျင်လင်ကို ကြည့်လိုက်၏။

"ဟေ့ ... နင့်ကို ငယ်ရွယ်တဲ့မိန်းကလေးတစ်ဦးဆိုပြီး ငါက ညှာနေတာ နင် အတော်ရိုင်းပါလား။ နင် လူကြီးသူမတွေကို အတော် ကလေး စော်ကားနေတာပဲ၊ နင် လွန်နေပြီ"

ကျင်လင်က ...

"သိုင်းလောကမှာ အသက်ကြီးတာ အသက်ငယ်တာထက် ပညာကြီးတာ ပညာငယ်တာက ပို အရေးကြီးပါတယ်၊ သိုင်းပညာ ငယ်တဲ့လူက သိုင်းပညာကြီးတဲ့လူကို မစော်ကားမိဖို့ ပိုအရေးကြီးပါ တယ်"

"အောင်မာ ... ကြီးကြီးကျယ်ကျယ် နင်က သိုင်းပညာ ဘယ်လောက်တတ်လို့လဲ"

"ခစ် ... ခစ် ... ခစ် ... ကျွန်မ သိုင်းပညာ သိပ်မကြီးပါဘူး နော်၊ ဒါပေမဲ့ ဟိုမှာ အဘွားကြီး မြင်းပိန်လေးနဲ့လဲသလို ရှင်လည်း လဲနေမယ်နော်၊ ဦးကြီးလည်း သတိထား"

"သယ် ... နင်ကတော့ စော်ကားပြီးရင်း စော်ကားနေပါက လား။ ငါ့အကြောင်း ပြရသေးတာပေါ့"

"ကျွန်မကလည်း ကြည့်ရသေးတာပေါ့"

ဘူသည် လေကို နှစ်ချက်ဆင့် ခွန်လိုက်သည်။ ထိုအခါ ကျင် လင်၏ ပတ်ဝန်းကျင်တွင် ဝိုင်းနေသော မြွေဆယ့်နှစ်ကောင်အနက် ဆယ်ကောင်သည် ကျင်လင်ကို ရန်ပြုရန် တရှူးရှူး မာန်ဖီကြလေ သည်။

မြွေတို့သည် ပေါက်မည်တကဲကဲ ဟန်ပြင်နေကြသည်။



ကျင်လင်သည် ပါးစပ်မှ ငှက်အော်သံလိုလို အသံတမျိုး ထွက်လာသည်။ ထိုအခါ မြွေပါးအုပ်ထဲမှ မြွေနှစ်ကောင်သည် ပါးပျဉ်း ထောင်နေသော မြွေများကို ဝင်ရောက်ကိုက်ခဲကြတော့၏။

ထိုမြွေနှစ်ကောင်မှာ ကျင်လင် ဖမ်းယူသွားသည့် မြွေ နှစ်ကောင်တည်း။ သူမသည် ဆေးတစ်မျိုးဖြင့် ညှို့ထားပြီး သူမ၏ အမိန့်ကို နာခံအောင် စီမံထားသောကြောင့် မြွေဘုရင်လူတင်း၏ အမိန့်ကို မနာခံဘဲ ကျင်လင်စေခိုင်းသည့်အတိုင်း အခြားမြွေများကို ရန်ပြုတိုက်ခိုက်ခြင်း ဖြစ်သည်။

မြွေနှစ်ကောင်၏ ဝင်ရောက်နှောင့်ယှက်မှုကြောင့် မြွေ အုပ်ကြီးမှာ အချင်းချင်း လုံးထွေးကိုက်ခဲကုန်ကြသည်။ ရှုပ်ရှုပ် ထွေးထွေး ဖြစ်သွားတော့သည်။

မြွေဘုရင်သည် လေချွန်ပြီး မြွေများကို အမိန့်ပေးသော် လည်း အမိန့်မနာခံကြတော့ပေ။ အချင်းချင်း ကိုက်ခဲလုံးထွေး၍သာ နေတော့သည်။ လူတင်းသည် ကျင်လင်ကို မကြည့်နိုင်ပေ။

အလွန် ဒေါသဖြစ်ပြီး ခုန်ပေါက်နေသည်။ သူသည် မြွေများ လုံးထွေးကိုက်ခဲနေရာသို့ ပြေးသွားပြီး မြွေများကို တောင်မြောက် ဝဲယာသို့ တစ်ကောင်စီ လွှင့်ပစ်သည်။

မြွေများသည် တစ်ကောင်နှင့်တစ်ကောင် ကွဲကွာသွားသော အခါမှ မာန်ဖီမှုများ လျော့ကျသွားသည်။ သို့သော် သူတို့တွင် အချင်း ချင်း ကိုက်ခဲထားမှုများကြောင့် ဒဏ်ရာဒဏ်ချက်များ ရှိနေပြီ ဖြစ် သည်။

လူတင်းသည် သူ၏မြွေကြီးများကို စိတ်မကောင်းစွာ ကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မြွေကြီးများအားလုံး ဒဏ်ရာကိုယ်စီ ရနေကြပြီမဟုတ်လား။ သူ့ဒေါသမီးသည် မြွေများ ကွဲကွာသွားသောအခါမှ ကျင်လင်ဘက်သို့ ကူးစက်လောင်ကျွမ်းတော့သည်။

"ဟင် ..."

ကျင်လင်သည် သူမရပ်သည့်နေရာ၌ မရှိတော့ချေ။

"သူ ဘယ်ရောက်သွားသလဲ"

သူသည် ကျင်လင်ကို လျှောက်ရှာသည်။ မတွေ့ချေ။ သူ့မျက်လုံးများသည် သူ ... ချန်လေးဟု ခေါ်နေသည့် အဒေါ်ချန်ဆီသို့ ရောက်သွားလေသည်။

"ဟင်"

မြင်းပိန်ကလေး နံဘေးတွင် လဲကျနေသော အဒေါ်ချန်သည် မရှိတော့ချေ။ သူ့ရင်ထဲတွင် ဟာသွားသည်။

"ချန်လေး ... ချန်လေး ... မင်း ဘယ်မှာလဲ"

"ချန်လေး ... ချန်လေး ... မရှိတော့ပါလား"

သူမ ဘယ်ကို ရောက်သွားသနည်း။ သူမသည် မည်သို့မျှ မပြေးနိုင်ချေ။

ကျင်လင် သယ်ပြေး၍သာ ဤသို့ ပျောက်ဆုံးနေရခြင်း ဖြစ်ပေမည်။ လူတင်းသည် မည်သည့်အရာကိုမျှ သတိမရတော့ပေ။

သူ့ဇောသည် ချန်လေးဟုခေါ်သော် အဒေါ်ချန်ဆီသို့သာ ရောက်နေတော့သည်။ သူ၏ မြွေများကိုလည်း သတိရတော့ပေ။ မြင်းပိန်မလေးကိုလည်း သတိမရတော့ချေ။

"ချန်လေးရေ ... ချန်လေးရေ"

သူသည် တကြော်ကြော် အော်ဟစ်ပြီး လှမ်းခေါ်သည်။



အဆိပ်အပ်များထိပြီး သတိလစ်နေသူသည် အဘယ်မှာလျှင် ပြန်ထူးနိုင်မည်နည်း။ ယခု ဤနေရာအထိ ရောက်လာခဲ့သည့် လူတင်း၏ လုံခြုံရေးစီမံကိန်းသည် အားလုံး ပြိုကွဲသွားခဲ့လေပြီ။

ပထမ မြွေများ အဆိပ်မိသည်။ နောက် မြွေနှစ်ကောင် ပျောက်သည်။ သူ့မြင်းကြီး အဆိပ်မိ၍သေသည်။ အဒေါ်ချန် အဆိပ်အပ်မိပြီး လဲကျသည်။ မြင်းပိန်မလေး လဲကျသည်။

မြွေများအချင်းချင်း ကိုက်ခဲပြီး သူလွှင့်ပစ်သဖြင့် တကွဲတပြားစီ ဖြစ်ကုန်သည်။ ထို့နောက် အဒေါ်ချန် ပျောက်သွားသည်။ အထင်ကရဆို၍ သူ့ကိုယ်သာ ရှိတော့သည်။

သသည်လည်း ကျင်လင်နှင့် တကယ်တိုက်လျှင် အသက်ရှင်ချင်မှရှင်မည်။ ကွမ်ယုရှာဖွေရေး အစီအစဉ်ကား ပျက်ပယ်သွားချေပြီ။

"ချန်လေးရေ ... ချန်လေး"

သူသည် တကြော်ကြော် အော်ဟစ်ရင်း ကျင်လင်ပြေးထွက်သွားသည့် တောနက်ကြီးအတွင်းသို့ ပြေးလွှားလိုက်ပါသွားလေတော့သည်။ လူတင်း၏အော်သံကြောင့် တောတွင်းရှိ သတ္တဝါငယ်များ ကျေးငှက်များသည် ထိတ်လန့်တကြား ဖြစ်သွားသည်။

လူတင်းမှာ အော်ဟစ်ရင်း ပြေးသွားခြင်းဖြစ်ရာ နံဘေး တစ်ဖက်တစ်ချက်စီ၌ရှိသော တောကောင်များသည် ကြောက်အားဖြင့် ပြေးသွားကြလေသည်။ တောတစ်လျှောက်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေတော့သည်။

◻ ◻ ◻

www.burmeseclassic.com

www.burmeseclassic.com



## (၅၅)

## တစ်ကိုယ်တော်၏မာန

ကျင်လင်သည် အဒေါ်ချန်၏ ခန္ဓာကိုယ်ကို ပေါ့ပါးစွာ ထမ်းယူခဲ့ပြီး တောနက်ကြီးအတွင်းရှိ နန်းတော်ဟောင်းကြီးအတွင်းသို့ ပြေးဝင်ခဲ့ပေသည်။ နန်းတော်ကြီးအား နှစ်ပရိစ္ဆေဒ ကြာမြင့်စွာက တည်ရှိခဲ့သော နန်းတော်ကြီး ဖြစ်လေ၏။

နန်းတော်ကြီးကား ကြီးမားလှသည်။ သို့သော် အဆောင်များသည် ပြိုပျက်ကျနေလေပြီ။ တိုင်ကြီးများ၊ မုခ်ဦးကြီးများက ယခင်က နန်းတော်ကြီး မည်မျှကြီးကျယ်သည်ကို သက်သေပြနေသယောင်ပင်။

မည်သည့်မင်းအဆက်ဆက် အုပ်စိုးခဲ့သည်ကိုလည်း မသိနိုင်တော့ပေ။ ကျင်လင်သည် ဗဟိုကွက်လပ် ရင်ပြင်ထဲသို့ ဝင်လိုက်လေသည်။

ကျင်လင်က အဒေါ်ချန်အား ကျောက်သားရင်ပြင်ပေါ်သို့ ချလိုက်သည်။ ရင်ပြင်အလယ်တွင် သံလှောင်ချိုင့်ကြီးတစ်ခု ရှိနေသည်။

ယင်းသံလှောင်ချိုင့်ကြီးမှာ ရှေးယခင်အခါက ဘုရင်မင်းမြတ်များ စိတ်အပန်းဖြေ ကြည့်ရှုရန် ခြင်္သေ့ကြီးများ ထည့်သွင်းသိုလှောင်ထားသည့် သံလှောင်ချိုင့်ကြီးများ ဖြစ်ပေသည်။



ယခုအခါကား ခြင်္သေ့များ မရှိတော့ပါ။ ခြင်္သေ့များအစား လူတစ်ယောက် ရောက်ရှိနေပါသည်။ ဤလူကား ကွမ်ယုပေတည်း။ ကျင်လင်သည် တောတွင်းတစ်နေရာ၌ ကွမ်ယုကို တွေ့ရှိ ခဲ့ရသည်။

ကွမ်ယုသည် အတွင်းအားများ ဖောက်ပြန်လျက် တွေ့ရာမြင်ရာကို တိုက်ခိုက်ဖျက်ဆီးနေကြောင်း တွေ့ရသည်။ ကွမ်ယု၏ ကြံ့ခိုင်သော ကိုယ်လုံး၊ ခန့်ညားချောမောသော ရုပ်ရည်ကို မြင်တွေ့သောအခါ ကျင်လင်သည် တစ်ဖက်သတ်ကြိုက်သွားလေ၏။

ကွမ်ယု၏ရုပ်ရည်မှာ မိန်းကလေးတိုင်း ကျလောက်အောင် ချောမောခန့်ညားသည်။ ကျင်လင်သည် ကွမ်ယုကိုဖမ်းယူပြီး သူမနေထိုင်သော နန်းတော်အတွင်း၌ ချုပ်နှောင်ကာ အပိုင်ရယူလိုသော ဆန္ဒများ ဖြစ်ပေါ်လာ၏။

ချစ်ခြင်းဆိုသည်မှာ ရယူပိုင်ဆိုင်လိုခြင်း မဟုတ်ပါလား။ သူမသည် သိုင်းပညာ အလွန်အဆင့်မြင့်သည်။ ကွမ်ယုအလစ်တွင် ဝင်ရောက်တိုက်ခိုက်လျက် အကြောပိတ် ဖမ်းဆီးလိုက်သည်။

ခက်ခက်ခဲခဲ ဖမ်းဆီးရခြင်း ဖြစ်သည်။ ကွမ်ယုကို ထမ်းပိုးပြီး သယ်ယူလာစဉ်တွင် ကွမ်ယုမှာ နှစ်ကြိမ်တိုင်တိုင် ပြန်လည်အကြောများ ပွင့်သွား၏။

ကျင်လင်သည် ကွမ်ယုကို ပြန်လည်အကြောပိတ်ခဲ့ရသည်။ ကွမ်ယု၏ အတွင်းအားများမှာ အလွန်ကောင်းမွန်သောကြောင့် ကြာကြာသတိလစ်နေအောင် သူမ မတတ်နိုင်ချေ။

ကွမ်ယု၏အတွင်းအားများမှာ လွန်စွာ တိုးပွားနေသဖြင့် ကွမ်ယုမှာ သူ့ခန္ဓာကိုယ်၌က မခံမရပ်နိုင် ဖြစ်နေရရှာသည်။ ကျင်လင်သည် ကွမ်ယုကို နန်းတော်ဆောင်ကြီးဆီသို့ ခေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်လှောင်သော လှောင်ချိုင့်အတွင်း ထည့်ထားလိုက်သောအခါ ကွမ်ယု မည်မျှသောင်းကျန်းသောင်းကျန်း ဂရုစိုက်စရာ မလိုတော့ချေ။

ကွမ်ယုသည် အမြဲတမ်း ထိုသို့ ဖောက်ပြန်နေသည် မဟုတ်ချေ။ တစ်ခါတစ်ရံ သတိကောင်းစွာရသည်။ ထိုအခါ ကျင်လင်နှင့် ကောင်းစွာစကားပြောဆိုနိုင်သည်။

ကျင်လင် ကယ်တင်ထားသည့်အဖြစ်ကိုလည်း သူသိရှိသွားသည်။ ကွမ်ယုသည် ကျင်လင်အား အကြောင်းစုံ ပြောပြသည်။

သူသည် သခင်မယီတာ တိုက်ကျွေးသည့် ယင်ထဲက ယန်ဆေးကြောင့် သူ့အတွင်းအားများ အဆမတန် တိုးတက်ဖောက်ပြန်နေခြင်းဖြစ်ကြောင်း တိုတိုပြောပြသည်။

ကျင်လင်အနေဖြင့် ကွမ်ယုရောဂါကို အလွန်ပျောက်ကင်းစေလိုသည်။ သစ်ဥသစ်ဖု ဆေးမျိုးစုံကို ရှာကြံ၍ တိုက်ကျွေးသည်။

အနည်းငယ်သာ သက်သာရာရသည်။ လုံးဝပျောက်ကင်းခြင်းတော့ မရှိချေ။ တစ်ခါတစ်ရံတွင် ကွမ်ယု စိတ်ကောင်းဝင်သည့်အခါရှိသည်။

သူသည် သခင်မယီတာအကြောင်း၊ အဒေါ်ချန်အကြောင်းများကို စိကာပတ်ကုံး ပြောပြတတ်သည်။ သခင်မယီတာအကြောင်း ပြောလျှင် မည်သည့်အခါမျှ အကောင်းမပါဝင်ချေ။

▣▣▣



(၄၆)

သို့သော် ယခု သူ ဒုက္ခဖြစ်ရသည်မှာမူ သခင်မယီတာ၏ ဆေးကြောင့် ဖြစ်ကြောင်း ပြောပြလေ၏။ ယီတာ့ထံ၌ ဖြေဆေးရှိရမည်ဖြစ်ကြောင်း ကွမ်ယုက ပြောပြသည်။ ကွမ်ယုသည် မြွေခုနစ်ကောင်ကျောင်းတိုက်ကြီးအကြောင်း ထိုကျောင်းမှ မယ်သီလရှင်များအကြောင်းကိုလည်း ပြောပြလေ၏။ ကျင်လင်သည် ကွမ်ယုထံမှ အကြောင်းစုံသိရသောအခါ သူမ ဘာလုပ်ရမည်ကို သိရှိသွားလေ၏။

သူမသည် မြွေခုနစ်ကောင်တောကြီးကို သူမ၏အိမ်ပမာ လှည့်လည်သွားလာနေထိုင်သူ ဖြစ်သဖြင့် ကွမ်ယုပြောသည့် ကျောင်းတိုက်ကြီးကိုလည်း သိသည်။ မယ်သီလရှင်များကို သိသည်။

သို့သော် မယ်သီလရှင်များနှင့် အကျွမ်းတဝင် မနေခဲ့သောကြောင့် သူမသည် ချဉ်းကပ်ရန် ကြိုးစားရတော့သည်။

သူသည် သခင်မယီတာကိုလည်းကောင်း၊ အဒေါ်ချန်ကိုလည်းကောင်း၊ မယ်သီလရှင်များကိုလည်းကောင်း စောင့်ကြည့်နေ၏။ မယ်သီလရှင်များမှာ သူမ,တွေ့ဆုံရန် အလွယ်ကူဆုံးသူများဖြစ်မည်ကို သိသဖြင့် တောတွင်းမှ သစ်သီးဝလံများ၊ သစ်ဥသစ်ဖုများ၊ ဆေးမြစ်များ လှူဒါန်းပေးပို့ခြင်းဖြင့် သူမသည် ရင်းနှီးမှုကို ရယူပေသည်။

သူမသည် မယ်သီလရှင်များနှင့် ရင်းရင်းနှီးနှီး ပြေပြေသင်း ကြည့်သောအခါ ဂူဝေ၏ အဒေါ်ချန်အပေါ် မုန်းတီးမှုကိုသူမ တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



ရတော့သည်။ ထိုအခါ သူမသည် ပွဲဝေနှင့်သာ အပေါင်းအသင်းပြု လုပ်တော့သည်။ မယ်သီလရှင်လေး ပွဲဝေသည် မြေအောက်ခန်းထဲ၌ ချောင်းမြောင်းကြည့်ရှုခဲ့ရသောကိစ္စများ၊ သခင်မယိတာနှင့် အဒေါ်ချွန်တို့ ကြံစည်သည့်ကိစ္စများ၊ နောင်ဆောင်ရွက်မည့်ကိစ္စများကို ကျင်လင်အား အပြည့်အစုံ ပြန်ပြောပြခဲ့သည်။ ကျင်လင်သည် ပြုံးမိသည်။

သူသည် ရန်သူသတင်းများကို ကြိုတင်ရနေပြီ မဟုတ်ပါလား။ အဒေါ်ချွန်သည် လူတင်းနှင့်အတူ တောတွင်းသို့ လာရောက်ပြီး ကွမ်ယုကို ရှာဖွေမည့်အကြောင်း ကျင်လင်က ကြိုတင်သိရှိနေခဲ့ပေသည်။ သူမသည် တောတွင်းမှ ကြိုတင်စောင့်နေခဲ့ပြီး လူတင်းတို့အား အမျိုးမျိုး နှောင့်ယှက်ဖျက်ဆီးတော့သည်။

လူတင်း၏ အစီအစဉ် ပျက်စီးသွားလေပြီ။ အဆိပ်အပ်လက်နက်ပုန်း ထိမှန်နေသော အဒေါ်ချွန်ကိုလည်း သွေးကြောပိတ်ပြီး ခေါ်ဆောင်နိုင်ခဲ့လေပြီ။ သူမသည် တစ်ယောက်တည်းသမားဖြစ်သည်။

လူတင်းတို့အား မည်သို့တားဆီးရမည်ကို သူမ ကြံဆသည်။ တောကြီး၌ ကျွမ်းကျင်မှုက သူမအား အသာစီးရခဲ့သည်။ နန်းရင်ပြင် ဟောင်း၌ လဲကျနေသော အဒေါ်ချွန်ထံမှ ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာသည်။

“ဟင်း ... ဟင်း ... ဟင်း”

ကျင်လင်သည် လာရောက်ကြည့်ရှုလေ၏။ အဒေါ်ချွန်သည် လဲကျနေရာမှ ကျင်လင်အား ကြည့်လိုက်သည်။

“ဒီမှာ သူငယ်မ”

“ဘာတုံး ...”



“ငါ့ကို အကြောဖွင့်ပေးပါကွယ်၊ အင်မတန် နေရထိုင်ရခက်ခဲပြီး ဝေဒနာ ခံစားနေလို့ပါကွယ်၊ နောက်ပြီး အဆိပ်အပ်တွေလည်း ထိထားတယ် မဟုတ်လား၊ အား ... အမယ်လေး”

ကျင်လင်သည် အဒေါ်ချွန်အား အံ့ဩစွာ ကြည့်လိုက်သည်။

“အမယ် ... ရှင်က အာဂလူပါလား”

“ဘာဖြစ်လို့လဲ ကလေးမရယ်”

“ကျွန်မက ဗဟိုအကြောမကြီးကို ပိတ်ထားတာရှင့်၊ ရှင်လုံးဝ စကားမပြောနိုင်အောင် ကျွန်မက သွေးကြောပိတ်ထားတာ၊ အခု ရှင်က အကြောဖွင့်ပြီး စကားတောင်ပြောနေနိုင်ပြီ၊ ကဲ ... ကျွန်တဲ့အကြောတွေကိုလည်း ရှင့်ဘာသာ ဖွင့်ပေတော့”

ထိုအခါ အဒေါ်ချွန်က ပျာပျာသလဲ တောင်းပန်လေသည်။

“အမယ်လေးလေး ... ဒီလိုတော့ မလုပ်လိုက်ပါနဲ့၊ အဒေါ် ပညာက သူငယ်မပညာကို ခြေဖျားတောင် မမီပါဘူး”

ကျင်လင်က ...

“ရှင် ဗဟိုသွေးကြောမကြီးကိုတောင် ဖွင့်နိုင်သေးတာပဲ”

“ဖွင့်နိုင်တာ မဟုတ်ပါဘူးကွယ်၊ သူ့အလိုအလျောက် ဖြစ်သွားတာပါ။ အဒေါ်စွမ်းအားနဲ့ အကြောစုံအောင် မဖွင့်နိုင်ဘူးဆိုတာ သူငယ်မ ကောင်းကောင်းသိပါတယ်ကွယ်၊ ကိုယ့်ထက် အသက်ကြီးတဲ့လူကို ကရုဏာထားပြီး ‘အကြောဖွင့်ပေးပါကွယ်”

အဒေါ်ချွန်သည် ခယယ ,တောင်းပန်လေ၏။ ကျင်လင်၏ စိတ်သည် အနည်းငယ် ပျော့သွား၏။

“ကောင်းပြီလေ၊ ဒါဆိုရင် ရှင့်ကို ကျွန်မ အကြောတချို့ကို ဖွင့်ပေးမယ်၊ ကျွန်မ ဖွင့်ပေးမှာက ကိုယ်အထက်ပိုင်းက သွေးကြော

www.burmeseclassic.com

www.burmeseclassic.com



တွေကိုပဲ၊ ခန္ဓာကိုယ်အောက်ပိုင်း သွေးကြောတွေကိုတော့ ကျွန်မ ဖွင့်မပေးနိုင်ဘူး"

"ဘာဖြစ်လို့လဲ သူငယ်မရယ်"

"ဘယ်ဖွင့်ပေးလို့ ဖြစ်မှာလဲ၊ ရှင် ထွက်ပြေးသွားမှာပေါ့"

ထိုအချိန်တွင် သံလှောင်ချိုင့်ထဲမှ ကွမ်ယုသည် ဝုန်းခနဲ ခုန်ထလာလေ၏။ သံလှောင်ချိုင့်ကြီးကို တကျွမ်းကျွမ်း ကိုင်လှုပ်သည်။ ထို့နောက် ကျယ်လောင်စွာ လှမ်းအော်လိုက်လေတော့၏။

"သွေးကြော ဖွင့်မပေးနဲ့"

"သွေးကြော ဖွင့်မပေးနဲ့"

"သွေးကြော ဖွင့်မပေးနဲ့"

သူသည် လေးတွဲတွဲအသံကြီးဖြင့် အော်နေတော့၏။ ကျွင်လင်သည် အသိကင်းမဲ့စွာ အသံကြားရုံဖြင့် စွတ်အော်နေသော ကွမ်ယုကို စိတ်မကောင်းစွာဖြင့် တစ်ချက်ကြည့်လိုက်၏။

ပါးစပ်ထဲ၌ ပြောမိပြောရာကိုသာ အကြိမ်ကြိမ်အဖန်ဖန် ပြောဆိုနေတော့သည်။ ကျွင်လင်သည် ကွမ်ယု ထိုသို့ အော်လိုက်သဖြင့် စိတ်ပြောင်းသွားသည်။ သူသည် အဒေါ်ချန်၏ သွေးကြောများကို ဖွင့်မပေးတော့ဘဲ ထွက်ခွာသွားရန် ဟန်ပြင်သည်။

"သူငယ်မရယ် ရှိကြီးခိုးပါရဲ့၊ အဒေါ့်ကို သွေးကြောဖွင့်ပေးပါကွယ်၊ အဒေါ် မခံနိုင်လွန်းလို့ တောင်းပန်တာပါ"

"ဟင်း ..."

ကျွင်လင်သည် သက်ပြင်းချလိုက်၏။

သူသည် လှည့်မထွက်တော့ဘဲ အဒေါ်ချန်၏ ကိုယ်ခန္ဓာ အထက်ပိုင်းကို သွေးကြောများ ဖွင့်ပေးလေ၏။ သွေးလမ်းလေလမ်း



များပွင့်၍ စီးဆင်းစပြုချိန်၌ အဒေါ်ချန်သည် ငြိမ်သက်စွာ နေလိုက်သည်။ သွေးလည်ပတ်မှု မှန်ကန်သွားသောအခါ အဒေါ်ချန်က ကျွင်လင်ကိုတော့ ကျေးဇူးတင်စကားပြောသည်။

"ကျေးဇူးတင်ပါတယ် သူငယ်မရယ်"

ကျွင်လင်က ...

"ကျွန်မကို သူငယ်မ သူငယ်မလို့ မခေါ်ပါနဲ့ နာမည်ရှိတယ် ကျွင်လင်ရှင့်"

"အေးကွယ် ကျွင်လင်ရေ ... ငါမေးစမ်းပါရစေဦး၊ မင်းက ကွမ်ယုကို ဘာဖြစ်လို့ ဖမ်းရသလဲ၊ ငါ့ကိုလည်း ဘာဖြစ်လို့ အန္တရာယ်ပေးနေရတာလဲဟင်"

ကျွင်လင်က မဲ့လိုက်၏။

"ကျွန်မဟာ တချို့မေးခွန်းတွေကို ပြန်ဖြေဖို့ လုံးဝစိတ်မဝင်စားဘူး"

ထိုအခါ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားတော့သည်။

တစ်ဦးကိုတစ်ဦး စကားမပြောဘဲရှိကြသည် မဟုတ်ပါလား။ ကျွင်လင်သည် ကွမ်ယုရှိရာသို့ သွားလေ၏။ အဒေါ်ချန်သည် တစ်စုံတစ်ခုကို သတိရသွားသည်။ ထိုအခါ ရုတ်တရက် ကွမ်ယုကို လှမ်းအော်သည်။

"ကွမ်ယု ... ငါ အဒေါ်ချန် မင်းဆီ လိုက်လာတယ်၊ မင်းရဲ့ဆရာမ သခင်မယီတာကို သိတယ်မဟုတ်လား၊ သခင်မယီတာက မင်းကို အမိန့်ပေးလိုက်တယ်၊ အဲဒီသံလှောင်ချိုင့်ကြီးကို ချိုးဖဲ့ဖျက်ဆီးလိုက်၊ မင်းရဲ့အတွင်းအားတွေ အရမ်းတိုးတက်နေတယ်၊ ဒီလှောင်ချိုင့်ကို မင်းအသာလေး ချိုးဖဲ့ပစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယုသည် ဆတ်ခနဲ တုန်ခါသွား၏။ သူ၏ မသိစိတ် အတွင်း ဝင်ရောက်နေသည့် သခင်မယီတာကို ရေရွတ်တမ်းတတော့ သည်။

"ဆရာမ ... ဆရာမ ... သခင်မယီတာ ယီတာ"

သူသည် ထိုသို့ တမ်းတရေရွတ်ပြီး သံလှောင်ချိုင့်ကြီးကို တကျိန်းကျိန်းနှင့် ခေါင့်ကာ လှုပ်ယမ်းလေတော့၏။ ရုတ်တရက် ထိတ် လန့်သွားသော ကျောင်လင်သည် မှင်တက်မိသွားသည်။ သူသည် ကွမ် ယု၏ သောင်းကျန်းမှုကို တအံ့ငေးမောကြည့်မိလေ၏။ ကျောင်လင် ကွမ်ယုကို ကြည့်နေမိသည်။ တခဏအချိန်ကလေးကို အခွင့်ကောင်းယူ ကာ အဒေါ်ချန်သည် သူမ၏ရင်ခွင်အကြားမှ တစ်စုံတစ်ခုကို ဆွဲထုတ် လိုက်၏။ သူသည် အသာအယာ လေထဲသို့ မြှောက်တင်လိုက်၏။

သူမ မည်သည့်အရာကို မြှောက်တင်သနည်း။ ငှက် တစ်ကောင် ...။ သူမ မြှောက်တင်လိုက်သည်မှာ ငှက်တစ်ကောင်သာ ဖြစ်ပါသည်။ ထိုငှက်ကို သူမသည် ကြာမြင့်စွာပင် ရင်ခွင်ကြားထဲ ထည့်ထား၏။ ထိုသို့ ထည့်ထားနိုင်ရန်လည်း အလေ့အကျင့်လုပ်ထား ခဲ့သည်။ ငှက်နက်ကလေးသည် အလွန်လျင်မြန်စွာ ပျံသွားလေသည်။ ကျောင်လင်သည် အလွန်လျင်သည်။ လေဟပ်သံကြားကြားချင်း လှည့်ကြည့်၏။ ထိုအခါ ငှက်နက်ကလေး မရှိတော့ပေ။ ကျောင်လင်က အဒေါ်ချန်ကို သက်ဘမကင်းဟန်ဖြင့် ကြည့်လိုက်ပြီး ရုတ်တရက် အဒေါ်ချန်ဆီသို့ ရိုက်ချလိုက်သည်။

◘◘◘



(၄၇)

'ရှမ်း ...'

အဒေါ်ချန်သည် ကော့သွားလေသည်။

"အား ..."

သူမသည် အလွန်ပြင်းထန်သော ဝေဒနာကို မချိမဆံ့ ခံစား လိုက်ရသည်။ ကျောင်လင်သည် ကျာပွတ်ကြီးဖြင့် ရိုက်ချလိုက်ခြင်းဖြစ် ၏။

သူမ၏ ကျာပွတ်အဖျားတွင် အဆိပ်အပ်ကလေးများ တန်းစီမြှုပ်နှံထားရာ ခန္ဓာကိုယ်ထဲ စိုက်ဝင်ပွတ်ဆွဲသွားလျှင် ကျောပြင်တွင် သွေးလမ်းကြောင်း ဖြစ်သွားရုံမက အဆိပ်ဒဏ်က လူအား အလွန်တရာ နာကျင်စေပေမည်။ ထိုအဆိပ်မှာ အခြား အန္တရာယ်မရှိပေ။ ကျောင်လင်က ...

"အဒေါ်ချန် ... ခုချက်ချင်း ကွမ်ယုကို ငြိမ်ငြိမ်သက်သက် နေအောင် နိုင်းလိုက်ပါ၊ ကွမ်ယုကို မငြိမ်နိုင်းရင် မြွေပါကြီးကျာပွတ် နောက်တစ်ချက်လာမယ်၊ ဒီတစ်ခါတော့ ကျောပေါ်ကို မဟုတ်တော့ ဘူး မျက်နှာပေါ်ကိုပဲ"

ကျောင်လင်သည် ပြောသည့်အတိုင်း လုပ်မည့်သူ ဖြစ်၏။ သူ ၏ နှုတ်ခမ်းများမှာ ပါးလျားပြီး စိတ်ဓာတ်အလွန်ပြတ်သားသည့် မိန်းမစားမျိုး ဖြစ်သည်။ အဒေါ်ချန်မှာ ထိတ်လန့်ပြီး မျက်နှာကို လက်နှင့်ယောင်ယမ်း၍ ကာမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ချန်သည် မျက်နှာကိုဝှက်ရင်း ...

"ကွမ်ယု ... ကွမ်ယု ... ရပ်တော့၊ မင်းဆရာ ယီတာက အမိန့်ပေးလိုက်တယ်၊ ရပ်တော့တဲ့၊ သခင်မယီတာရဲ့အမိန့် ... ရပ်တော့"

သံလျောင်ချိုင့်ကြီးကို တကျွမ်းကျွမ်း ခါယမ်းနေသော ကွမ်ယုသည် ပြန်လည် ငြိမ်သက်သွားလေသည်။

"ဟင်း ..."

အဒေါ်ချန်ကလည်း သက်ပြင်းချသည်။ ကျင်လင်မှာမူ ကွမ်ယုအား ကြည့်ပြီး တွေဝေနေမြဲ တွေဝေနေသည်။ သူမသည် ကွမ်ယုအတွက် ဘာလုပ်ပေးရမည်ကို စဉ်းစားနေဟန်တူသည်။

သူမသည် အဒေါ်ချန်ဘက်သို့ လှည့်လာလေသည်။ သူမသည် ကျာပွတ်ကို မြှောက်လိုက်သည်။ အဒေါ်ချန်သည် မျက်နှာကို ကာကွယ်ရင်း ...

"မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"

ငယ်သံပါအောင် အော်လိုက်သည်။ အသံသည် နန်းတော်ပျက်ကြီးတစ်ခုလုံးကို ဟိန်းသွား၏။ ကျင်လင်က ...

"အဒေါ်ချန် ... ကွမ်ယုအတွက် ဖြေဆေးကို ရှင်ယူလာခဲ့သလား"

"ဘာဖြေဆေးလဲ"

"ကွမ်ယုအတွက် ဖြေဆေးလေ"

"ငါမသိဘူး"

"ဟင်း ... ဟင်း ... ရှင်တို့ ကြံစည်တာ ကျွန်မ မသိဘူးများ ထင်နေလို့လား"



"ငါတို့က ဘာများ ကြံစည်လို့လဲ"

"ကွမ်ယုကို အတွင်းအားတိုးဆေးတွေကို တိုက်ကြတာလေ၊ ကွမ်ယုရဲ့ ခန္ဓာကိုယ်အတွင်းမှာ အတွင်းအားတွေ ဖောက်ပြန်ပြီး ထွက်ပြေးတော့မှ ဖြေဆေးကို ရှင်တို့ အလောတကြီး ဖော်စပ်ကြတာလေ၊ ကျွန်မ သိပြီးပါပြီ၊ ဖြေဆေးဖော်လို့ ရပြီဆိုတာလည်း ကျွန်မသိတာပဲ၊ ကဲ ... ဖြေဆေးပါလာတယ် မဟုတ်လား ... ထုတ်စမ်း"

အဒေါ်ချန်သည် ကျင်လင် အားလုံးသိသွားပြီကို သိရှိလိုက်သည်။ လိမ်၍ မရတော့ချေ။

"ဆေးက သခင်မယီတာဆီမှာပဲ ရှိပါတယ်၊ ငါ့ကို ကွမ်ယုကို လိုက်ရှာခိုင်းတာပါ၊ ကွမ်ယုကိုတွေ့ရင် ငါက ခေါ်သွားရမှာပါ၊ ငါ့မှာ ဘာဆေးမှ ပါမလာပါဘူး၊ ကွမ်ယုကို ခေါ်ဆောင်ရမယ့် တာဝန်သက်သက်သာ ငါ့မှာ ပါလာတာပါ"

ကျင်လင်သည် မြှောက်ထားသည့်လက်ကို ပြန်ချလိုက်၏။

"ကျွန်မလည်း ဒီအတိုင်းပဲ ထင်ထားတာ"

သူမသည် အဒေါ်ချန်နှင့် တိုင်ပင်ဆွေးနွေးလိုဟန်ဖြင့် စတင်စကားပြောတော့သည်။

"အဒေါ်ချန် ... ရှင့်ဆီက ကျွန်မ အကြံဉာဏ်တောင်းချင်တယ်၊ ကွမ်ယုအတွက် ဖြေဆေး ကျွန်မ ဘယ်လိုရနိုင်မလဲ၊ ဖြေဆေးကိုရရင် ရှင်လိုချင်တာ ဘာမဆို ဖြည့်ဆည်းပေးမယ်လို့ ကျွန်မ ဆုံးဖြတ်ထားပါတယ်၊ ကျွန်မကို အကြံဉာဏ်လေး ဘာလေးပေးစမ်းပါဦး"

အဒေါ်ချန်သည် သခင်မယီတာဆီသို့ အကြောင်းကြားခဲ့ပြီးပြီ။ သခင်မယီတာနှင့် သူမသည် အစီအစဉ် လုပ်ထားပြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ အန္တရာယ်ကျရောက်လျှင် ငှက်နက်ကလေးကို သခင်မယီတာထံပို့ရန် ဖြစ်သည်။ ယခု ငှက်နက်ကလေးကို သခင်မယီတာထံ ပို့ပြီးပေပြီ။

သို့သော် ငှက်နက်ကလေးသည် သခင်မယီတာထံသို့ ရောက်ရှိမည် မဟုတ်သေးချေ။

သခင်မယီတာကလည်း ငှက်နက်ကလေးကို တွေ့ပြီးနောက် ငှက်နက်ကလေး ဦးဆောင်လမ်းပြသည့်နေရာသို့ ခရီးပြင်းနှင်၍ လိုက်ပါလာရဦးမည်။

တော်တော်နှင့် ဤနေရာသို့ ရောက်လာမည် မဟုတ်ချေ။ ထို့ကြောင့် သခင်မယီတာ ဤနေရာသို့ရောက်ရှိရန် အချိန် လိုအပ်ပေဦးမည်။

◙◙◙



(၄၈)

အဒေါ်ချန်သည် ကျင်လင်ကို အချိန်ဆွဲရန် ဆုံးဖြတ်လိုက်သည်။ အဒေါ်ချန်က ...

"သခင်မယီတာက အတော့်ကို စိုးရိမ်နေတာ"

"ဘာကိုစိုးရိမ်နေတာလဲ"

"ကွမ်ယုအတွက်လေ ... ဖြေဆေးမရရင် ကွမ်ယု ဒုက္ခရောက်သွားမယ် မဟုတ်လား"

'ရှင့်သခင်မတင် စိုးရိမ်တာ မဟုတ်ပါဘူး၊ ကျွန်မကလည်း စိုးရိမ်တာပါပဲရှင်'

ထိုစကားများကို ကျင်လင်နှုတ်မှ ပြောလိုက်ခြင်း မဟုတ်ပါ။ ရင်တွင်းမှ ပြောလိုက်ခြင်း ဖြစ်ပါသည်။ ကျင်လင်က ...

"အဲဒီလိုဆိုရင် ရှင်က ရှင့်သခင်မယီတာဆီက ဖြေဆေးကို တောင်းပေးနိုင်မလား၊ အချိန်မကုန်ခင် ကွမ်ယုကိုဆေးတိုက်နိုင်တာပေါ့"

"ကျင်လင် ... မင်းက ကွမ်ယုကို ငါနဲ့ထည့်လိုက်ရင် သူ့အတွက် အချိန်မီ ဖြေဆေးတိုက်နိုင်တာပေါ့"

ထိုအခါ ကျင်လင်က ခါးခါးသီးသီးပြောလေ၏။

"အို ... ရှင်ဘာတွေ လာပြောနေတာတုန်း၊ ကျွန်မက ကွမ်ယုကို ရှင့်လက်ထဲ ထည့်ပေးလိမ့်မယ်များ ထင်နေသလား ... ဝေးသေးတယ်၊ ကွမ်ယုကို ကျွန်မ လုံးဝအဆုံးရှုံးမခံနိုင်ဘူး၊ ရှင်တို့

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲကို လုံးဝပြန်ထည့်မပေးဘူး"

အဒေါ်ချုန်က ခေါင်းယမ်းလိုက်၏။

"ဟင်း ... ငါသိတယ် ... ငါသိတယ်"

"ဘာသိတာလဲ"

"သခင်မယိတာကလည်း ကွမ်ယုအပေါ် သံယောဇဉ်ရှိနေတာပဲ၊ ဒါကို ငါသိတာပေါ့။ ဖြေဆေးဖော်တုန်းကများ ဆိုရင် သူဟာ သိပ်စိုးရိမ်နေတာပဲ၊ သူဟာ ကွမ်ယုအပေါ် တော်တော်သံယောဇဉ်ရှိတယ်၊ ကွမ်ယုကို မင်းဆီမှာ ဘယ်နည်းနဲ့မှ ထားမှာမဟုတ်ဘူး၊ မရရအောင် သူ ပြန်ခေါ်မှာပဲ"

ကျင်လင်က မှဲ့ပြုံးပြုံးလိုက်၏။

"စမ်းကြည့်ကြသေးတာပေါ့၊ သူက ကျင်လင့်လက်ထဲက ကွမ်ယုကို လုသွားနိုင်မလား၊ ကျင်လင်ကပဲ ကွမ်ယုကို ထိန်းထားနိုင်မလားဆိုတာ ကြည့်ကြရသေးတာပေါ့၊ လာပေစေဦး ... ရှင့်သခင်မယိတာလာမှ ကျင်လင်ရဲ့အစွမ်းကို ပြလိုက်ရဦးမယ်"

"မင်းဟာ အတော်ဘဝင်မြင့်တာပဲ"

"ဘဝမြင့်တာ မဟုတ်ပါဘူး၊ ရှင်က ယှဉ်ရမယ့်လူကို ထုတ်ပြောလို့ ကျွန်မက ပြောရတာ"

"မင်း ... မကြားဖူးဘူးလား၊ သိုင်းလောကမှာ စကားပုံတစ်ခုရှိတယ်လေ"

"သိုင်းလောကမှာ စကားပုံတွေက အများကြီးပဲ"

"ဒါပေမဲ့ ဒီစကားပုံကတော့ တစ်ခုတည်း ရှိပါတယ်၊ တောင်တစ်လုံးထက်မြင့်သော အခြားတောင်တစ်လုံးသည် အမြဲရှိ၏ဆိုတဲ့ စကားပုံလေ"



"ဟင်း ... ဟင်း ... ဟင်း ... ကျွန်မကတော့ ဘယ်လောက်မြင့်မလဲ၊ အဲဒီမြင့်တယ်ဆိုတဲ့ တောင်ရဲ့အပေါ်ကတောင်ပဲ၊ ကျွန်မက အမြင့်ဆုံးတောင်ရှင့်"

"ဟင်း ... ဟင်း ... ဟင်း ... အတော် ကြီးကျယ်လိုက်တဲ့ စကားပါလား၊ နလုံးလေရိုက်ပြီး သေနေပဦးမယ်၊ သတိထားပါဦး"

"ကြည့်ပါဦးလေ ... လေလုံးလား လက်တွေ့လားဆိုတာ ရှင့်သခင်မယိတာကို ကျွန်မ တွေ့လိုက်ရဦးမှာပေါ့၊ အဲဒီတော့မှ ဘယ်လိုဆုံးမပြမယ်ဆိုတာ ရှင်တွေ့ရမယ်"

ထိုအချိန်တွင် နန်းတော်ပျက်ကြီးထဲသို့ ငှက်နက်ကလေးတစ်ကောင် ပျံသန်းဝင်ရောက်လာ၏။ ငှက်နက်ကလေးသည် အဒေါ်ချုန်၏လက်ပေါ်သို့ လာနားသည်။ အဒေါ်ချုန်က ငှက်နက်ကလေးအား ရင်ခွင်ထဲထည့်လိုက်သည်။

"ဘယ်ကငှက်လဲ"

ကျင်လင် မေးလိုက်၏။ ထိုစဉ် ...

"အဒေါ်ချုန် ... ကျွန်မရောက်လာပြီ ရှင်ဘယ်မှာလဲ"

ကြည်လင်သော အသံတစ်သံသည် နန်းတော်ပျက်ကြီးအတွင်း ပဲ့တင်ထပ်၍ ပေါ်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## (၄၉)

## အဆိပ်ပရိယာယ်

"ဒီမှာပါ သခင်မ"

အဒေါ်ချွန်က ပြန်အသံပေးလိုက်၏။ သခင်မယီတာသည် လွှားခနဲ ဝင်ရောက်လာလေသည်။ သူမ ဝင်ရောက်လာခြင်းနှင့်အတူ ကြိုးခြောက်ချောင်းသည် မြွေခြောက်ကောင်ကဲ့သို့ လျှောခနဲ ပြေးဝင်လာသည်။ ကျင်လင်သည် လက်ထဲက မြွေပါမြီးကျာပွတ်ဖြင့် ရိုက်ချလိုက်သည်။

'ရှမ်း ...'

ကျာပွတ်သည် ကြိုးခြောက်ချောင်းစလုံးကို မရိုက်နိုင်ချေ။ လေးချောင်းကိုသာ ရိုက်နိုင်သည်။ ကြိုးလေးချောင်းသည် အောက်ကျသွား၏။ ကြိုးနှစ်ချောင်းသည် ကျင်လင်၏ခန္ဓာကိုယ်ကို ပြေး၍ ပတ်သည်။ ကျင်လင်သည် သူမ၏ဘယ်ဘက်လက်ကို လှစ်ခနဲ လှုပ်ရှားလိုက်၏။

သံမဏိစေးရောင်များ ဝင်းပြက်သွားသည်။ ခန္ဓာကိုယ်အား ရစ်ပတ်လာသည့်ကြိုးများမှာ အပိုင်းပိုင်း ပြတ်တောက်သွားတော့သည်။ ထို့နောက် ကျင်လင်သည် ကျွမ်းပစ်၍ ထွက်သွားလေသည်။

သူမသည် ကွမ်ယုအား ထည့်လှောင်ထားရာ သံလှောင်အိုင်ကြီးအနီးသို့ ရောက်ရှိသွားလေ၏။



ယီတာသည် အဒေါ်ချွန်ထံသို့ လွှားခနဲ ခုန်ပျံရောက်ရှိသွားလေ၏။

"အဒေါ်ချွန် အကြောပိတ်ခံထားရသလား"

ယီတာက စိုးရိမ်စွာ မေးလေ၏။ အဒေါ်ချွန်က ...

"ဟုတ်တယ် သခင်မ ... ခါးအောက်ပိုင်းမှာပါ"

ယီတာသည် လျင်မြန်စွာ အကြောဖွင့်ပေးသည်။ ယီတာသည် အဒေါ်ချွန်အား သွေးကြောများ ဖွင့်ပေးနေစဉ် ကျင်လင် ဝင်မလာနိုင်အောင် သူမခေါင်းမှ ဆံထိုးများနှင့် မနားတမ်း ပစ်ခတ်တိုက်ခိုက်နေ၏။

အဒေါ်ချွန့်အတွေးမှာ မှန်သည်။ ကျင်လင်သည် ဆံထိုးများကို မခုခံရလျှင် ယီတာကို ဝင်ရောက်တိုက်ခိုက်မည်သာ ဖြစ်သည်။ ယခုသော် သူမသည် ဆံထိုးများကို မြွေပါမြီးကျာပွတ်နှင့် တစ်ခုမကျန် ရိုက်ချနေရသည်။

ထို့ကြောင့် ယီတာသည် အဒေါ်ချွန် ခါးအောက်ပိုင်းကို သွေးကြောဖွင့်ပေးနိုင်သည်။ အဒေါ်ချွန်သည် သွေးကြောများ ပွင့်သွားပြီး ထခုန်လိုက်သည်။ ကျင်လင်က ယီတာနှင့် အဒေါ်ချွန်ကိုကြည့်ပြီး ခပ်တိုးတိုးရယ်သည်။

"ဟင်း ... ဟင်း ... ဟင်း"

ယီတာက ... "ညည်း ဘာရယ်တာလဲ"

"ရှင်တို့ ဖြစ်ပျက်နေပုံကို ကျွန်မ သဘောကျလို့ပါ"

"ငါ သွေးကြောဖွင့်ပေးတာ ရယ်စရာမှမဟုတ်ဘဲ"

"ကျွန်မ အဒေါ်ချွန်ကို ဘာမှမလုပ်ဘဲထားတာ အကြောင်းရှိလို့ဆိုတာ ရှင် မစဉ်းစားမိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ညည်း ဘာကိုဆိုလိုတာလဲ"

"ဟင်း ... ဟင်း ... တကယ်တော့ ရှင်တို့ဟာ ခပ်တုံးတုံးပဲ"

"ပြောမှာ ပြောစမ်းပါ"

ယိတာက စိတ်မရှည်နိုင်သဖြင့် ဝေါက်လိုက်၏။

▣▣▣



## (၁၀)

ကျင်လင်က ရယ်ရင်း ...

"ကျွန်မက ရှင့်ကို လိုချင်နေတာ၊ ဒါကြောင့် အခေါ်ချန်ကို ဖမ်းခဲ့တာပေါ့၊ သူက ပြောတယ်၊ သူ့ကိုယ်အထက်ပိုင်းကို သွေးကြော ဖွင့်ပေးပါတဲ့၊ ကျွန်မ ဖွင့်ပေးလိုက်တယ်"

ယိတာသည် ငြိမ်၍ နားထောင်နေ၏။

အခေါ်ချန်သည် ထို့အတူပင်။

"သူက ကျွန်မကို အာရုံပြောင်းအောင် ကွမ်ယာကို လှောင် ချိုင့်ကြီး လှုပ်နိုင်းတယ်လေ၊ ကျွန်မက သူခင်းပေးတဲ့ လမ်းကို လိုက် နင်းတယ်၊ သူ အာရုံဝင်စားချင်သလို ကျွန်မဝင်စားပြလိုက်တယ်၊ ဒီ အခါမှာ အခေါ်ချန်က သူ့ရင်ဘတ်ထဲက ငှက်နက်ကလေးကို ရှင့်ဆီ ဆက်သွယ်ဖို့ လွှတ်လိုက်တယ်၊ အဲဒီအခါမှာလည်း ကျွန်မ မမြင်ဟန် ဆောင်ခဲ့တာပဲ"

"ဩော် ... ညည်းက အားလုံးသိနေတာကိုး"

သခင်မယိတာက ပြောလေ၏။

ကျင်လင်က ...

"ဟုတ်တယ်...အားလုံးကို သိနေတယ်၊ ဒါပေမဲ့ ရှင် အခုလို မြန်မြန်ဆန်ဆန် ရောက်လာလိမ့်မယ်လို့တော့ မထင်ခဲ့ဘူး။ ရှင် ရောက်လာတာ အတော်မြန်တယ်၊ ဘယ်လိုမြန်တာလဲဆိုတာ ကျွန်မ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျင်လင်က ရှင်းပြ၏။

"မြန်ဆို ငါက အဒေါ်ချန့်တို့နောက်ကို စိတ်မချလို့ လိုက်လာခဲ့မိတာကိုး"

အဒေါ်ချန် အံ့အားသင့်သွား၏။

"သခင်မလေးက ဘာလို့ စိတ်မချတာလဲ"

"အဒေါ်ချန့်ကိုလေ"

"ဟင် ... ကျွန်မ ... ကျွန်မ"

"ဒီလိုပါ ... ရှင့်ကို အရင်က အစစအရာရာ စိတ်ချခဲ့တယ်၊ အားလုံးကို တိုင်ပင်ပြီး ကျွန်မ လုပ်ဆောင်တာကို ကြည့်ပါလား၊ အခု စိတ်မချတာက လူတင်းနဲ့ ရှင်နဲ့ ချစ်သူဟောင်းတွေ ဖြစ်နေမှန်း သိရတော့ ကျွန်မအပေါ် သစ္စာပျက်လေမလားလို့ ထင်ပြီး ကျွန်မ နောက်က လိုက်လာတာပါ"

အဒေါ်ချန်သည် သူ့အသက်ကို သခင်မယီတာက ကယ်တင်ခဲ့သည့်အတွက် ယီတာထံ၌ အမှုထမ်းရန် ကတိသစ္စာပြုခဲ့ခြင်း ဖြစ်ပေသည်။

အဒေါ်ချန်က ...

"ဩော် သခင်မရယ် ... ကျွန်မက ကတိတစ်လုံးကို တစ်သက်လုံး မဖျက်ပါဘူး"

"မပြောနိုင်ဘူးလေ၊ လူဆိုတာ အခြားအကြောင်းတွေနဲ့ ကတိမပျက်ပေမယ့် အချစ်အတွက်ဆိုရင်တော့ ကတိပျက်ဖို့လည်း ဝန်မလေးတတ်ကြဘူး မဟုတ်လား"

"အခုတော့ သခင်မလေး ကျွန်မကို ယုံသွားပြီပေါ့"

"အင်း ... ယုံပြီဆိုပါတော့"



"ယုံပါ သခင်မလေးရယ်၊ ကျွန်မအသက်ကို သခင်မလေးက ကယ်တင်ထားတာပဲ၊ ကျွန်မဟာ သခင်မလေးအပေါ် တစ်သက်လုံး သစ္စာမပျက်ပါဘူး"

ထိုအခါ ကျင်လင်က ...

"ကဲ ... ကဲ ... ရှင်တို့ အချင်းချင်း သဘောထားချင်း ညှိနှိုင်းလို့ပြီးရင် ကျွန်မနဲ့ သဘောထားချင်း ညှိနှိုင်းကြရအောင်"

ကျင်လင်၏စကားကိုကြားသောအခါ ယီတာက ကြည့်သည်။

"ငါက ညည်းနဲ့ ဘာဖြစ်လို့ ညှိနှိုင်းရမှာလဲ၊ ငါက ညည်းနဲ့ ညှိနှိုင်းစရာအကြောင်း မရှိဘူး၊ ရှင် ကွမ်ယုကို ငါ့လက်ထဲပြန်အပ်ပါ၊ ဒါပဲ ငါပြောစရာရှိတယ်"

ကျင်လင်က ...

"ယီတာ ... ရှင့်မှာရှိတဲ့ အဆိပ်ဖြေဆေးကိုသာ ကျွန်မကို ပေးခဲ့ပါရှင်"

"ဘာပြောတယ်၊ ငါက ဘာကြောင့် အဆိပ်ဖြေဆေးကို ပေးခဲ့ရမှာလဲ"

"ဘာကြောင့်လဲဆိုတော့ ကျွန်မက ရှင့်ကို အနိုင်ယူနိုင်မှာမို့ပေါ့"

"ရယ်စရာကောင်းလိုက်တာ၊ ညည်း သိုင်းပညာက မိုးလောက်ကြီး မမြင့်သေးပါဘူး၊ မိုးထိအောင်မြင့်နေတယ်ဆိုရင်တော့ ငါက အရှုံးပေးတန် ပေးရမှာပေါ့"

"ရှင့်အတွက် ကျွန်မဟာ မိုးထိလောက်မြင့်တဲ့လူလို့ သဘောထားလိုက်ပါ"

"ဒီလိုဆိုလည်း စမ်းကြည့်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ... ရှင် ကျွန်မနဲ့ မတိုက်ခိုက်ဘဲ ပြန်ကို မပြန်ရဘူး"

"ကြားတယ် ... အခုပဲ ယှဉ်ပြိုင်လိုက်ကြရအောင်"

◘◘◘



(၅၁)

"ကြာတယ် ... အခုပဲ ယှဉ်လိုက်ကြရအောင်"

"မလောနဲ့လေ ... နေပါဦး၊ ကျွန်မ ပြောစရာရှိသေးတယ်"

"ဘာလဲ မြန်မြန်ပြော"

"ကျွန်မရဲ့ ဖခင်ဟာ စမ့်ဟူးဆိုတာ ရှင့်ကို ကြိုတင်အသိပေးပါရစေ"

ကျင်လင်၏စကားကို ကြားလိုက်ရသောအခါ ယီတာသည် ဦးခေါင်းကို မိုးကြိုးရှစ်စိတ် ထိမှန်တဲ့သူလို တုန်လှုပ်ချောက်ချား၏။ အတန်ကြာမှ ...

"မင်းသားကြီးစမ့်ဟူးဟာ ညည်းအဖေကိုး"

သူမသည် ဆက်၍ပြောလိုက်လေ၏။

"ငါ ညည်းအဖေကို လေးစားပါတယ်၊ အဆိပ်မင်းသားကြီးစမ့်ဟူးကို သိုင်းလောကမှာ မသိသူမရှိပါဘူး။ ဒါပေမဲ့ ညည်းနဲ့ငါက တော့ မတိုက်လို့ မဖြစ်တော့တဲ့ အခြေအနေ ရောက်နေပြီ"

"ဟုတ်တယ်"

"အဆိပ်မင်းသားကြီးစမ့်ဟူးဟာ သူ့သမီးကို တရားမျှတစွာ ယှဉ်ပြိုင်တိုက်ခိုက်တဲ့ကိစ္စကို ဘာသာတဖွဲ့ လုပ်လိမ့်မယ်လို့တော့ ငါမထင်ဘူး"

ယီတာက ပြောလိုက်ခြင်း ဖြစ်သည်။ သူမသည် အဆိပ်မင်းသားကြီးစမ့်ဟူးကိုတော့ အတော်ကြောက်ရွံ့ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် အဲဒီလို ထင်စရာအကြောင်း လုံးဝမရှိဘူး။ ကျွန်မအဖေက သမီးကို ဝင်စွက်တတ်တဲ့ အဖေမျိုး မဟုတ်ဘူး။ ကျွန်မ အဖေ့နာမည်ကို ထုတ်ပြောရတာက ကျွန်မကို ကလေးကချေ ထင်သွားမှာစိုးလို့၊ အညတရမိန်းကလေးလို့ ထင်သွားမှာစိုးလို့၊ တော်ကြာ အသက်ထွက်သွားတာတောင် ကိုယ်နဲ့တိုက်တဲ့ မိန်းကလေးဟာ ဘယ်လိုအမျိုးအစားမှန်းမသိဘဲ အသက်ထွက်သွားမှာစိုးလို့ရှင့်"

အဒေါ်ချန်က ဝင်တောက်ခေါက်ပြီး ပြောသည်။

"တောက် ... အတော် အပြောကြီးတဲ့ကောင်မပဲ၊ လူပုံက ဝါးခြမ်းပြားမို့ပဲ၊ သူများလို ဝဝဖြိုးဖြိုးသာဆိုရင် ဘယ်လောက်လေလုံးထွားမလဲ မသိဘူး"

အဒေါ်ချန်က ဝါးခြမ်းပြားမို့ဟုသာ ပြောသည်။ တကယ်တော့ ကျင်လင်၏ပုံမှာ ဝါးခြမ်းပြားပုံ မဟုတ်ပါ။ ကျစ်ကျစ်လျစ်လျစ်နှင့် တောင့်တင်းဖြောင့်စင်းသော ခန္ဓာပိုင်ရှင်ဖြစ်ပါသည်။

အဒေါ်ချန် က စကားနိုင်လုရှ် နှိမ်ချပြောကြားလိုက်ခြင်းဖြစ်ပါသည်။ ကျင်လင်သည် အဒေါ်ချန်၏စကားကို လုံးဝစိတ်မဆိုးချေ။ ရယ်မောရှုပင် နေသေးသည်။

"ကျွန်မက ရှင့်သခင်မလို ဘုတ်အိုးကြီး မဟုတ်ဘူးရှင့်"

သခင်မယီတာသည် ဘုတ်အိုးကြီး မဟုတ်ပါ။ သွယ်လျသော ကိုယ်ခန္ဓာရှိသူ ဖြစ်ပါသည်။

"ဒါပေမဲ့ ရှင်ပြောသလို ဝါးခြမ်းပြားဆိုတာလို ကျွန်မ မဟုတ်ဘူးဆိုတာ ကျွန်မသိတယ်၊ ဒါက အရေးမကြီးပါဘူးလေ၊ အခု ကျွန်မတို့နှစ်ယောက် သဘောတူလိုက်ကြမယ် မဟုတ်လား။ အဲဒီအခါမှာ အဒေါ်ချန်က ယီတာဘက်က တိုက်ဖို့လိုတယ်၊ ဒါမှတရားမျှတမှု



ရှိလိမ့်မယ်၊ သိုင်းလောကမှာ ပြောကြတယ်လေ၊ တစ်ယောက်ချင်း နှစ်ယောက်ချင်း ညီမျှခြင်းဆိုတာ"

"ငါ ကတိပြုပါတယ် ကျင်လင်၊ အဒေါ်ချန်ဟာ ငါ့ဘက်က လုံးဝဝင်ကူမတိုက်ရဘူးလို့ ကတိပြုပါတယ်"

"ကောင်းပြီ ... ခုလို ကတိပြုတဲ့အတွက် ကျေးဇူးတင်တယ်၊ ရှင်နဲ့ကျွန်မနဲ့ မတိုက်ခင် ကျွန်မက ကတိတစ်ခုပေးပါတယ်"

"ဘာကတိလဲ"

"ကျွန်မ ကတိပေးတာက ကျွန်မ ရှင်နဲ့ ပြိုင်လို့ရှုံးရင် ရှင်နဲ့ ကွမ်ယုအတွက် အဆိပ်ဖြေဆေးကို ကျွန်မက ထုတ်ပေးရမယ်"

"ဘာပြောလိုက်တယ် ... ငါနဲ့ ကွမ်ယုအတွက်အဆိပ်ဖြေဆေးကို ပေးမယ် ... ဟုတ်လား"

"ဟုတ်တယ် ... ရှင်မသိဘူးလား၊ ရှင့်ကိုယ်ထဲမှာ အဆိပ်မြူတွေ မိနေတယ်လေ ... ရှင်မခံစားရဘူးလား"

ယီတာ ကြက်သေသေသွားသည်။ သူမ မည်သည့်အချိန်က အဆိပ်မြူမိသွားသနည်း။ အဆိပ်မြူ ...။ သိုင်းလောကၡ အသိမ်မွေ့ဆုံး အဆိပ်။ အဆင့်အမြင့်ဆုံး အဆိပ်ပါ။

ထိုအဆိပ်အတွက် ဖြေဆေးက မရှိဟုပြောရလောက်အောင် ရှားသည်။ အလွန့်အလွန် ရှားပါးသောအဆိပ်ကို အမိခံလိုက်ရသည်ဟု ကျင်လင်က ပြောသည်။ ဤသည်မှာ ဖြစ်နိုင်သည်။

◘◘◘

www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

သူ၏အတွင်းအားကို စောစောစီးစီး ထင်လိုက်သလို အတွင်းအားများက မတည်မငြိမ် ဖြစ်နေသည်။ စုစည်း၍ မရဘဲ ရှိသည်။ ယခင်က ထိုသို့ တစ်ခါမျှ မဖြစ်ဖူးချေ။ ထို့ကြောင့် သူမသည် သူမကိုယ်သူမ သက်ာမကင်း ဖြစ်နေခဲ့သည်။

မိမိကိုယ်မိမိ ပြန်လည်စစ်ဆေးနိုင်ရန် သူမသည် ကျင်လင့်ကို စကားပြောခြင်းဖြင့် အချိန်ဆွဲနေခဲ့ခြင်း ဖြစ်သည်။ ကျင်လင်နှင့် စကားပြောနေစဉ်အတွင်း သူမ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးခဲ့သည်။

သို့သော် အဆိပ်မြူသည် အလွန်သိမ်မွေ့သည်။ အခြားအဆိပ်များကဲ့သို့ အဆိပ်မိလျှင်မိချင်း မသိနိုင်ပေ။ သူမ စစ်ဆေးခဲ့သော်လည်း မတွေ့ခဲ့ပေ။ ကျင်လင်သည် သူမအား သက်သက်ခြိမ်းခြောက်ခဲ့သည်လား။

သို့သော် ဤကလေးမသည် ငယ်ရွယ်သူဖြစ်၍ ပရိယာယ်မာယာစကားများကို အလကားပြောနေမည်မဟုတ်။ တကယ်ဟုတ်မှ တကယ်ပြောမည့်သူ ဖြစ်သည်။

ထိုသို့ ယုံကြည်သည့်အလျောက် ယီတာသည် အတွင်းအားကို မြှင့်တင်ပြီး နှလုံးလမ်းကြောင်းကို စစ်ဆေးကြည့်လိုက်သည်။ မတွေ့။ လက်မောင်းတစ်လျှောက်ကို သွေးပြန်ကြောများကို စစ်ဆေးသည်။ တွေ့ပြီ ... အဆိပ်မြူ။

မိမိသည် မည်သည့်အချိန်က အဆိပ်မြူမိခဲ့ပါသနည်း။



"မင်း ငါ့ကို ဘယ်အချိန်မှာ အဆိပ်ခတ်လိုက်တာလဲ"

ယီတာသည် အလွန်အံ့အားသင့်နေသည်။ ကျင်လင့်ကို လုံးဝ အထင်သေး၍မရချေတကား။ အသက်ငယ်သလောက် ပရိယာယ်မာယာ များလှသူဖြစ်သည်။ ကျင်လင်က တစ်ချက်ရယ်လိုက်သည်။

"ရှင့်ကို အဆိပ်ခတ်လိုက်တာ သူပေါ့"

သူမသည် အဒေါ်ချန်ကို လက်ညှိုးထိုးပြလိုက်သည်။ အဒေါ်ချန် မျက်လုံးပြူးသွားသည်။ အကြီးအကျယ် ချောက်ချားသွားသည်။

"ညည်း ... ညည်း ... မဟုတ်တာမပြောနဲ့"

ကျင်လင်က သဘောကျစွာ ရယ်သည်။

"နေပါဦး ... စကားကိုဆုံးအောင် နားထောင်ပါဦး ... အဒေါ်ချန့်ကို သွေးကြောပိတ်ပြီး ကျွန်မ သယ်လာခဲ့တယ် မဟုတ်လား။ ဒီရောက်တော့ အဒေါ်ချန်ရဲ့သွေးကြောဖွင့်ရမယ့်နေရာတွေမှာ အဆိပ်မြူတွေကို သုတ်လိမ်းပေးခဲ့တာပေါ့၊ ရှင်က အဒေါ်ချန် မြန်မြန်သွေးကြောဖွင့်ဖို့ကိုပဲ စိတ်လောနေတော့ အဆိပ်မြူကို ဘယ်သတိထားမိမလဲ၊ သတိထားလည်း အဆိပ်မြူသုတ်လိမ်းထားကြောင်း ရှင်မသိနိုင်ပါဘူးလေ၊ အဆိပ်က အဒေါ်ချန့်ကိုယ်ပေါ်က ရှင့်ကိုယ်ထဲကို အလွယ်တကူ ပျံ့နှံ့ရောက်ရှိသွားတာပေါ့ ... ဒီမှာတွေ့လား"

ကျင်လင်သည် သူမလက်တွင် စွပ်ထားသည့် ဝက်ဝံသားရေလက်အိတ်ကို မြှောက်ပြသည်။ ဝက်ဝံသားရေလွယ်အိတ်သည် ထူသည်။ အတွင်းသို့ အဆိပ်များ စိမ့်ဖောက်မဝင်နိုင်ချေ။ ထို့ကြောင့် အဆိပ်များ သုတ်လိမ်းရာတွင် ဝက်ဝံသားရေလက်အိတ်ကို အသုံးပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ကမူ သူမကို မည်သို့မျှ အန္တရာယ်မပြုနိုင်ပေ။ အဒေါ်ချန်သည် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားလေသည်။ အဘယ်ကြောင့် အဒေါ်ချန် တုန်လှုပ်ရသနည်း။ သူမသည် သေရမည်ကို မကြောက်သူ မဟုတ်ပါလော။ မှန်သည် ... ယခင်အခါများက အဒေါ်ချန်တစ်ယောက် သေမှာကို မကြောက်ရွံ့ချေ။

သို့သော် ယခုတော့ အဒေါ်ချန်သေမှာကို ကြောက်ရွံ့နေပေသည်။ အကြောင်းရှိသည်။ သူမသည် ဤတစ်သက်၌ ပြန်တွေ့နိုင်မည် မဟုတ်ဟု ထင်ခဲ့သော ချစ်သူဟောင်း လူတင်းခေါ် လီလီတင်းကို အမှတ်မထင် ပြန်ဆုံခွင့်ရသောကြောင့် ဖြစ်သည်။

ထို့ကြောင့် သူမအနေဖြင့် ယခုအခါ မသေဝံ့ မသေရဲတော့ချေ။ ချစ်သူနှင့် အတူတကွ အသက်ရှည်စွာ ပေါင်းဖက်လိုပါသည်။ အသက်ကိုစွန့်ပြီး ယခင်ကလို မိုက်ကန်းရဲတင်းစွာ မတိုက်ဝံ့တော့ချေ။ တိုက်ပွဲဟူသည်မှာ ထူးဆန်းလှသည်။

မသေရဲသဖြင့် တိမ်းရှောင်ခြင်း အမှုကိုပြုလေ ထိုသူသည် အရှုံးမြန်လေပင် ဖြစ်သည်။ အနိုင်ရဖို့ကား ဝေးလှသည်။ မည်သို့ပင်ဖြစ်စေ အဒေါ်ချန်သည် သေမှာကို အခြားအရပ်သူအရပ်သားများကဲ့သို့ ကြောက်လန့်နေချေပြီ။

သူသည် လူတင်းနှင့် မပေါင်းရမှာကို အလွန် ကြောက်နေသည်။ အဒေါ်ချန်က တုန်ယင်သောလေသံဖြင့် ...

"ကျင်လင် ... ညည်း ... ညည်း ... ငါ့ကိုပါ အဆိပ်နဲ့သုတ်လိမ်းထားတယ်ပေါ့၊ အဆိပ်တွေ တစ်ကိုယ်လုံးကို စိမ့်ဝင်ကုန်ပြီပေါ့၊ ရက်စက်လိုက်တာအေ ... ညည်းနဲ့ငါ ဘယ်တုန်းက ရန်ငြိုးရန်စများရှိလို့လဲ"



ကျင်လင်က လက်ကာပြလိုက်သည်။

"မစိုးရိမ်ပါနဲ့ အဒေါ်ချန်"

"ဟုတ်တယ် ... ညည်းကတော့ ပြောအားရှိတာပေါ့၊ ငါတို့က အဆိပ်မိထားတဲ့လူကွယ့်၊ နေ့သေမလား ညသေမလား ကြောက်နေရတယ်"

သခင်မယီတာသည် မကြောက်စဖူး အကြောက်ထူးနေသော အဒေါ်ချန်ကို အံ့သြစွာကြည့်နေသည်။ ဘာမျှတော့မပြောပေ။

⊡⊡⊡

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# (၁၃)

ကျင်လင်က ...

"ဘာမှမစိုးရိမ်ပါနဲ့ အဒေါ်ချုန်၊ ယီတာက ကျွန်မကို အနိုင်တိုက်နိုင်တာနဲ့ အဆိပ်ဆေးကိုရော ကွမ်ယုကိုပါ ချက်ချင်းရမှာပါ"

အဒေါ်ချုန်၏နဖူး၌ ချွေးသီးချွေးပေါက်များ စီးကျလာလေ၏။ သူမသည် ပထမက ကျင်လင်ကို အထင်မကြီးခဲ့ချေ။

သို့သော် အဆိပ်မင်းသားကြီး စမ့်ဟူးဆိုသောအမည်ကို ကြားလိုက်ရသောအခါ ကျင်လင်ကို ကျောရိုးထဲမှ စိမ့်တက်ပြီး ကြောက်ရွံ့သွား၏။

ယီတာ ကြောက်သွားသည်ကိုလည်း သူသိလိုက်သည်။ အကယ်၍ ယီတာသာ မနိုင်ခဲ့ပါက အဒေါ်ချုန်၏ရင်ထဲ၌ ယုံကြည်မှုများ လျော့ပါးလာနေသည်။

ယီတာသည် အဒေါ်ချုန်၏မျက်နှာကိုကြည့်ပြီး အဒေါ်ချုန်၏ အတွင်းစိတ်သဘောကို သိရှိလိုက်သည်။ ထို့ကြောင့် သူမသည် သက်ပြင်းချလိုက်လေ၏။

"ကျင်လင် ... ညည်းကို ငါတစ်ခုပြောမယ်"

"ပြော"

"အကယ်၍-ငါရှုံးရင် ညည်းပိုင်ပြီ၊ ကွမ်ယုအတွက် အဆိပ်ဖြေဆေးကိုလည်း ညည်းကိုပေးခဲ့မယ်၊ ငါ တစ်ခုတောင်းဆိုချင်တာက အဒေါ်ချုန်အတွက်ပဲ"

BURMESE CLASSIC .com



"အဒေါ်ချုန် ဘာဖြစ်လို့လဲ"

"ညည်းနဲ့ငါနဲ့ ပြဿနာဖြစ်ကြတယ်၊ တကယ့်ရန်သူတွေက ညည်းနဲ့ငါပဲ၊ ဒီကြားထဲ အဒေါ်ချုန်က ကန့်လန့်ကန့်လန့် ပါနေတယ်"

"ရှင်က လွှတ်လိုက်တာကိုး"

"ငါကလည်း ဒီလိုဖြစ်မှန်းမသိလို့ လွှတ်လိုက်တာပေါ့၊ ဒါကြောင့် ငါရှုံးရင် အဆိပ်မြှုဒဏ်ကို ငါခံမယ်၊ ခံယူရဲတယ်၊ ဒါပေမဲ့ အဒေါ်ချုန်ကတော့ ကြားလူပါ။ အများကြီး နစ်နာသွားမယ်၊ သူ့ကို တော့ အဆိပ်မြှုဖြေဆေးပေးစေချင်ပါတယ်"

ကျင်လင်က ခေါင်းညိတ်၏။

"ကောင်းပြီ အဒေါ်ချုန်၊ ရှင့်အတွက် ကျွန်မ အဆိပ်ဖြေဆေး ပေးမယ်၊ ဒါပေမဲ့ ရှင်က ကတိတစ်ခုတော့ ပြုရမယ်"

အဒေါ်ချုန်က မေးလိုက်၏။

"ဘာကတိလဲ"

"ရှင် ကတိပြုရမှာက ကျွန်မရဲ့ အဆိပ်ဖြေဆေးကို သောက်ပြီးတဲ့နောက် ကျွန်မကို လက်စားချေခြင်း၊ လက်တုံ့ပြန်ခြင်း၊ ရန်ပြုခြင်း၊ အသေသတ်ဖို့ မတော်မတရားကြံစည်ခြင်း စတဲ့ အမှုတွေကို လုံးဝမလုပ်ရဘူးဆိုတာပဲ"

အဒေါ်ချုန်က ယီတာကို လှမ်းကြည့်သည်။

ယီတာက ခေါင်းညိတ်ပြလေ၏။ အဒေါ်ချုန်သည် တုံ့နှေးစွာ ပြောလိုက်သည်။

"ငါ ကတိပြုပါတယ် ကျင်လင်၊ ဒါပေမဲ့ ညည်းရဲ့လက်ချက်နဲ့ ငါ့သခင်မယီတာ သေဆုံးသွားရင်တော့ ညည်းကို လက်စား[illegible]ကို ချေရမှာ ဖြစ်တယ်၊ ဒါကြောင့် ညည်းနဲ့ သခင်မတိုက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားရင်တော့ ငါ့ကို ဖြေဆေးမပေးနဲ့တော့၊ ငါ သခင်မနဲ့အတူ လိုက်သေပါ့မယ်"

သခင်မယီတာသည် အဒေါ်ချန်၏သစ္စာစောင့်သိမှုကို သိရသောအခါ မျက်ရည်လည်သွားသည်။ ကျင်လင်က ...

"ကောင်းပြီ ... အဒေါ်ချန်၊ အဒေါ်ချန် ပြောတဲ့အတိုင်း ဖြစ်စေရမယ်၊ ကျွန်မ ရှင့်သခင်မကို အသက်အန္တရာယ်မဖြစ်အောင် သတိထားတိုက်ခိုက်ပါ့မယ်၊ ရာခိုင်နှုန်း ကိုးဆယ်အသက်မသေစေရဘူး။ ကျန်တဲ့ ဆယ်ရာခိုင်နှုန်းကတော့ ကုသိုလ်ကံပဲ၊ ကျွန်မတို့ရဲ့ တိုက်ပွဲမှာ ဒိုင်လူကြီးလိုတယ်၊ ဒီတော့ ရှင်ပဲ ဒိုင်လူကြီးလုပ်ပေတော့"

အဒေါ်ချန်သည် ခေါင်းညိတ်လိုက်ရလေ၏။

BURMESE CLASSIC .com

တစ်ဝဲ (၂) ပြီး၏။

တစ်ဝဲ (၃) ကို ဆက်လက်ပတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com